http://www.cherrythitsar.org



http://www.cherrythitsar.org



http://www.cherrythitsar.org

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

# အင်ပါယာ

စာပေ


- တိုက် ၂၁ အခန်း ၁၁
  ဗိုလ်မှူးဗထူးအခန်းဝန်ထမ်းအိမ်ယာ
  ဦးဝိစာရလမ်း ရွှေဂုံတိုင်
  ဖုန်း - ၇၂၅၂၄၄
  P.O. Box 234

- တိုက် ၉၁ တာဝါဘေးလယ် (ခ)
  ယုဇနလမ်း ဝင်းတော်ရှိမြို့နယ်
  ယုဇနဥယျာဉ်မြို့တော်
  ဖုန်း - ၃၉၃၂၈၅
  E-mail empirecentk@mptmail.net.mm

http://www.cherrythitsar.org



[illegible]

[illegible]

[illegible]

[illegible]

[illegible]

ပုံနှိပ်သူ

[illegible]

[illegible]

http://www.cherrythitsar.org



စာမူခွင့်ပြုချက် - ၃၅၁ / ၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက် - ၆၄၄ / ၂၀၀၃ (၆)
ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၀၃ ဇူလိုင်လ
အုပ်ရေ ၊ တန်ဖိုး - ၅၀၀ ၊ ၁၀၀ ကျပ်

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်၊

စည်းကမ်းကိုက်ညီ ဘေးကင်းသည်၊

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်၊

# ပြည်သူ့သဘောထား

◎ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

◎ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

◎ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

◎ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

◎ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

◎ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

◎ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

◎ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

◎ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

◎ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

◎ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

◎ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

◎ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

◎ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

◎ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

◎ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

http://www.cherrythitsar.org

ကိုစစ

# လှိုင်းဖြတ်လမ်း

ပင်လယ်ပြင်မှာ  လှိုင်းမရှိပါဘူးလို့
ဘယ်သူပြောသလဲ။
ပင်လယ်ပြင်ရဲ့သက်ဝင်ခြင်းဟာ
လှိုင်းတွေပါပဲ။
ဒီလိုပါပဲ....
နှလုံးသားရဲ့သက်ဝင်ခြင်းဟာ
အချစ်တွေပါပဲ။

# ▪ ၈ ▪

"ရှင် . . . ဘယ်သူလဲ"

ရင်ထဲတွင် ဆူပွက်နေသည့်ဒေါသကြောင့် သူမ၏ လေသံက မာကျောပြင်းထန်နေ၏။ ကမ်းခြေအား မရပ်မနား အရှိန်ပြင်းစွာ ရိုက်ခတ်နေသည့်လှိုင်းသံ၊ ပင်လယ်လေ တိုးဝှေ့နေသဖြင့် အုန်းလက်တို့ အချင်းချင်း ရိုက်ခတ်သည့် အသံတို့ကိုပင် ကျော်လွှမ်းသွားသည်။

နိုင်ဇော်ဟု သူ့ကိုယ်သူပြောနေသည့် ထိုလူကို လှုလွန်းဆွေ မျက်နှာမလွှဲတမ်း စူးစူးဝါးဝါး ကြည့်နေမိသည်။

"ရှင်ဟာ ဘယ်နည်းနဲ့မှ ကိုနိုင်ဇော်မဖြစ်နိုင်ဘူး၊ ရှေ့ဆက်ပြီး လိမ်ညာဖို့ မကြိုးစားပါနဲ့၊ ရှင် . . . ဘယ်သူလဲဆိုတာ ကျွန်မ သိချင်တယ်၊ ပြီးတော့ ဘာကြောင့် ကိုနိုင်ဇော်အဖြစ်နဲ့ ဟန်ဆောင်နေတာလဲ ဆိုတာလည်း သိချင်တယ်၊ ကျွန်မပြောတာ ရှင်ကြားပါတယ်နော် . .၊ မကြားသလို မသိသလို မလိမ့်တပတ်လုပ်မနေစမ်းပါနဲ့ . . . "

ပြောနေရင်းက သူမ၏တစ်ကိုယ်လုံးသည် စိတ်ဆိုး ဒေါသ တို့ကြောင့် တုန်တုန်ရီရီဖြစ်လာသော်လည်း သူကမူ အနည်းငယ်မှ တုန်လှုပ်ခြင်းမရှိ။ သူမကိုပင် အံ့အားသင့်သည့်အကြည့်နှင့် ပြန်ကြည့် နေသေးသည်။

http://www.cherrythitsar.org


"နေစမ်းပါဦး . . . တို့က နိုင်ဇော်မဟုတ်ဘူးလို့ မင်းက ဘာကို ကြည့်ပြီးပြောနေတာလဲ"

"ဘာကိုမှ ကြည့်စရာမလိုဘူး၊ ရှင်ဟာ ရုပ်ရည်လေး သနားကမားနဲ့ စိတ်ဓါတ်က အရမ်းအောက်တန်းကျလွန်းတယ်၊ ဒီကိစ္စကို သေးသေးမွှားမွှား မထင်ပါနဲ့၊ ဒီဟာ ရာဇဝတ်မှုတစ်ခုပဲ၊ ဒီလုပ်ရပ်ကြောင့် ကျွန်မဆန္ဒရှိရင် ရှင့်ကို ထောင်ထဲပို့ပစ်လို့ရတယ် . . . ရှင်နားလည်ရဲ့လား"

သူက သူမ၏မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ပြုံးသည်။

"လက်စသတ်တော့ မင်းက ငါ့ကို ခြိမ်းခြောက်နေတာကိုး. . ."

"ခြိမ်းခြောက်နေတာ မဟုတ်ဘူး၊ ကျွန်မ တကယ်ပြောနေတာ၊ ရှင် ဘယ်သူလဲ၊ အမှန်အတိုင်း ဝန်ခံစမ်းပါ၊ ကိုယ့်အမှားကို အမြန်ဆုံး ပြင်ဆင်ပြီး တောင်းပန်မယ်ဆိုရင် ခွင့်လွှတ်ဖို့ ကျွန်မ စဉ်းစားမယ်၊ နို့မဟုတ် ဆက်ပြီးညာနေဦးမယ်ဆိုရင် ကျွန်မပြောတဲ့အတိုင်း လုပ်ရလိမ့်မယ်၊ ရှင်သိထားဖို့က ဒီနေရာဟာ ကျွန်မရဲ့နေရာ၊ ရှင်တို့ ကျင်လည်ကျက်စားတဲ့ ရန်ကုန် မဟုတ်ဘူး၊ ဒီဝန်းကျင်မှာ ကျွန်မ ဘာပဲလုပ်လုပ် လုပ်လို့ရတယ် . . ."

မှောင်ရိပ်ကျနေသည့် ပင်လယ်ပြင်ဘက်သို့ မျက်နှာမူကာ သူ ခေါင်းကို ခါယမ်းလိုက်သည်။

"ငါဟာ ငါပဲပေါ့ကွာ၊ ငါက ဘယ်သူဖြစ်ရဦးမှာလဲ၊ ငါ့နာမည်က အမေမွေးကတည်းက ဒီနာမည်ပဲ၊ အခုလည်း ဒီနာမည်ပဲပေါ့"

"ရှင် . . . ခုချိန်ထိ ခေါင်းမာနေတုန်းပဲလား"

"ဟင့်အင်း . . . ငါ ခေါင်းမမာပါဘူး၊ မင်းက အမှန်အတိုင်း ပြောဆိုလို့ ပြောနေတာ၊ ငါ့နာမည် နိုင်ဇော်ပဲ"

"တောက် . . . " ဟု ခံပြင်းဒေါသနှင့် တောက်ခေါက်မိသည်။

သည်းခံနိုင်မှု အတိုင်းအတာ အကြွင်းမရှိ ကုန်ခန်းသွားပြီ။ သူ့ကို နိုင်ဇော်ဟု မသိရှိခင်က ရင်ခုန်လှုပ်ရှားမှုတွေပင် ဘယ်ဆီ ရောက်ကုန်ပြီ မသိ။ ရှည်လျားသောဆံပင်နှင့် ချောမောပြေပြစ်သော သူ့မျက်နှာကို ယခုအချိန်၌ အကျည်းတန်ဆုံးအဖြစ် မြင်တွေ့နေရ ပေပြီ။ ပြုံးရယ်လိုက်တိုင်း သဘောကျစရာကောင်းသည့် သူ့မျက်နှာကို ယခုအချိန်ဝယ် မည်သို့မျှကြည့်မရအောင် ဖြစ်နေသည်။

"ဒီမယ် . . . ရှင့်နာမည်က နိုင်ဇော်ဆိုတာ ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊ ဒါပေမယ့် ကျွန်မရဲ့အစ်ကို . . . နိုင်ဇော် မဟုတ်ဘူး၊ ဒီလို နာမည်တူရုံနဲ့ ကျွန်မကို လာလိမ်လို့ မရဘူး"

"ငါက မင်းရဲ့အစ်ကိုမှ မဟုတ်တာ၊ မင်းနဲ့ငါက ဘာမှ သွေးသားမတော်စပ်ပါဘူး"

"ရှင် . . . အဲဒီလိုနားလည်ရင် အကောင်းသားပဲ၊ ရှင့်အတွက် အကောင်းဆုံးက ဒီနေရာက အမြန်ဆုံးထွက်သွားဖို့ ပဲ"

"ငါကလည်း သွားဖို့ စိတ်ကူးပြီးသားပါ၊ ငါ့မှာ ဘာမှ လုပ်စရာ မရှိတော့ပါဘူး၊ ငါ့အဖေအတွက် ငါ ဘာမှ လုပ်မပေးနိုင်ခဲ့ဘူး၊ မင်းက အဖေ့အတွက် တာဝန်ကျေခဲ့တဲ့လူပါ၊ ဒါတွေကို မင်း ပိုင်ဆိုင်သင့်ပါတယ်"

ယခုအချိန်ထိ အမှားကို ဝန်ချတောင်းပန်ခြင်းမရှိဘဲ သူမ၏ မိသားစုအကြောင်းကိုပင် စကားထဲ ထည့်ပြောနေသေးသည်။

"ရှင် . . . အဖေ့အကြောင်းကို လုံးဝ ဆွေးနွေးစရာ အကြောင်း မရှိဘူး၊ ဒီဟာက ကျွန်မတို့မိသားစု အတွင်းရေးပါ၊ ရှင်က ဒီအားနည်းချက်ကို အသုံးချဖို့ ကြံစည်နေတဲ့လူ၊ ရှင့်ရဲ့ ယုတ်မာလွန်းတဲ့ အကြံ

http://www.cherrythitsar.org


အစည်ကို ရပ်တန်းက ရပ်လိုက်ပါ၊ အရှက်မရှိတဲ့ လူညာတစ်ယောက်နဲ့ ကျွန်မ ဆက်ပြီး စကား မပြောချင်တော့ဘူး”

သူ့မျက်နှာက တစ်ချက်ပျက်ယွင်းသွားပြီး . . .

“မင်းရဲ့စကားတွေက သိပ်စော်ကားလွန်းနေပြီ . . လှလွန်းဆွေ၊ ငါ ဘာတွေ လုပ်ခဲ့သလဲ၊ ငါ နိုင်ဇော်မဟုတ်ဘူးလို့ မင်း ဘာကြောင့်ထင်နေတာလဲ၊ အဲဒါ ငါ သိချင်တယ်၊ ငါ့ကို ရှင်းပြစမ်းပါဦး”

❖ ❖ ❖ ❖

# အခန်း ( ၁ )

http://www.cherrythitsar.org

■ ၁ ■

အချိန်တစ်နာရီအတွင်း ရာသီဥတုအပြောင်းအလဲကို ကြုံတွေ့ရသည်မှာ လေယာဉ်ခရီးစဉ်ပဲ ဖြစ်ပါသည်။ ယခု လှလွန်းဆွေသည် ပင်လယ်ကမ်းခြေဒေသမှ ရန်ကုန်သို့ ရောက်လာခြင်းဖြစ်သည်။ ပင်လယ်ကမ်းခြေဒေသတွင် နေရောင်မပွင့်ဘဲ မည်းမှောင်သည့် မိုးသားတိမ်တိုက်များ လွှမ်းခြုံနေပြီး၊ မိုးစက်တို့ သည်းထန်စွာ ရွာသွန်းနေခဲ့၏။

ရန်ကုန်မြေမှာတော့ မိုးရွာဖို့နေနေသာသာ တိမ်မျှင်တိမ်ရိပ်တစ်စမှမရှိဘဲ ပြာလွင်၍ ပူပြင်းသည့် ကောင်းကင်ကိုပဲ တွေ့ရသည်။ တကယ်ပင် နွေရာသီထဲ ရောက်ရှိသွားသကဲ့သို့ ခံစားရ၏။

အန်တီမေတို့ဆီ ဖုန်းကြိုဆက်ထားပေမယ့် မိမိကို လာ၍ မကြိုပါနှင့်ဟု ပြောထားခဲ့သည်။ ရန်ကုန်သည် သူမအတွက် သိပ်မစိမ်းတော့ပါ။ နှစ်စဉ်လို အမြဲရောက်နေကျ ဖြစ်သဖြင့် မိမိဘာသာ သွားတတ်လာတတ်ပါသည်။ ထို့ကြောင့် လက်ဆောင်ပစ္စည်းများနှင့် အထုပ်အပိုးတို့ကို ဆွဲယူရင်း လေဆိပ်ထဲမှ ထွက်လာခဲ့သည်။

ဂိတ်တံခါးမှအထွက်တွင် "မဆွေ" ဟု ခေါ်သံနှင့်အတူ အပြေးရောက်လာသည့် ကိုစိုးစိုးကို မြင်လိုက်ရသည်။

"ဘာဖြစ်လို့ လာကြိုရတာလဲ ကိုစိုးစိုးရယ်၊ အားနာစရာကြီး"

ဟု သူမ ဆီးကြို၍ ပြောလိုက်သည်။

"ဒီအချိန်ဆိုရင် ကျွန်တော်တို့အိမ်မှာ ဘယ်သူမှမရှိဘူး . . .

http://www.cherrythitsar.org


မဆွေ၊ အိမ်ဖော်က အိမ်တံခါးပိတ်ပြီး နေမှာ၊ မဆွေရောက်သွားရင် အခက်အခဲဖြစ်နေမှာ စိုးတယ်၊ အဲဒါကြောင့် မေမေက ကျွန်တော့်ကို အကြိုခိုင်းလိုက်တာ"

"ကျေးဇူးတင်ပါတယ်ရှင် . . . "

"ကျေးဇူးတင်နေရမယ့် လူတွေမှ မဟုတ်တာ . . . မဆွေရယ်၊ ပေး . . . ကျွန်တော့်ကို အိတ်ပေး"

ဟုပြောကာ လက်ထဲမှအိတ်ကို လှမ်းယူသည်။

ထို့နောက် . . .

"ပစ္စည်းတွေ အိမ်မှာထားပြီးရင် ဆိုင်ကို လိုက်လာခဲ့ဖို့ မေမေ ပြောလိုက်တယ်"ဟုဆက်၍ပြောရင်း ကားဆီလျှောက်လာခဲ့ကြသည်။

❖ ❁ ❖

အန်တီမေ၏ အထည်ဆိုင်က အရောင်းစာရေး အမျိုးသမီးဝန်ထမ်း ရှစ်ယောက်လောက်နှင့် လက်မလည်အောင် ရောင်းချနေရ သည့်ဆိုင် ဖြစ်သည်။ ထို့အပြင် မြန်မာပြည်အနှံ့ လက်လီလက်ကား ဖေါက်သည် များဆီသို့လည်း ပေးပို့ ဖြန့်ဝေရသည်။

ထိုဖေါက်သည်ဆိုင်များထဲတွင် လှလွန်းဆွေ၏ဆိုင်လည်း ပါဝင် သည်။ ထို့ကြောင့် ရန်ကုန်ရောက်သည့်အခါတိုင်း အန်တီမေတို့အိမ်မှာ တည်းခိုရခြင်း ဖြစ်သည်။

ဆိုင်သို့ သူမ, ရောက်သွားသည့်အခါ အန်တီမေက အလုပ်များ နေသည့်ကြားမှ သူ့အနီးတွင် ထိုင်ခိုင်းပြီး ဧည့်ခံစကား ပြောပါသည်။

http://www.cherrythitsar.org


"သမီးက အလုပ်ကိစ္စရှိတော့မှပဲ ဒီကိုလာတော့တယ်၊ နို့မဟုတ်ရင် တယ်လီဖုန်းထဲကပဲ အသံကို ကြားနေရတာ၊ တခြားအလည်အပတ်၊ ဘုရားဖူးတို့ရှိရင်လည်း လာပါကွယ်၊ အန်တီတို့က သမီးကို ဆွေမျိုးသားချင်းလို ခင်တာပါ၊ အချိန်မရွေး လာနိုင်ပါတယ်"

"သမီးသိပါတယ် . . . အန်တီ၊ သမီးမှာလည်း အလုပ်က တကယ် မအားလို့ပါ၊ သမီးတစ်ယောက်တည်းက အထည်ဆိုင်ရယ်၊ စားသောက်ဆိုင်ရယ်၊ အုန်းခြံရယ် လုပ်နေရတာဆိုတော့ အခုလို ထွက်လာဖို့ မလွယ်ပါဘူး၊ သမီး အရမ်းလာချင်ပါတယ်"

သူမ၏ ဖြေရှင်းချက်ကို အန်တီမေ နားလည်သည့်အသွင်ဖြင့် ခေါင်းညိတ်လိုက်သည်။

"အင်း . . . သမီးမှာလည်း ဘယ်ဘဝက ကံလဲ မသိဘူး၊ တစ်ကောင်ကြွက်လို ဖြစ်နေတယ်၊ သမီးရဲ့အစ်ကိုဆိုတာ ခုချိန်ထိ ဘာသတင်းမှ မကြားရသေးဘူးလား"

"ဟုတ်ကဲ့ . . . ဘာမှကို မကြားသိရတာ"

အန်တီမေက စိတ်မကောင်းသည့်အသွင်ဖြင့် လှမ်းကြည့်သည်။

"အေးကွယ် . . . သေသောသူ ကြာရင်မေ့တယ် ပျောက်သောသူ ရှာရင်တွေ့တယ်ဆိုတာ ရှိတယ်မဟုတ်လား၊ သမီး ဒီလောက်နှစ်တွေချီပြီး ရှာလာခဲ့တာ တစ်နေ့တော့ တွေ့ရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ . . သမီးလည်း အဲဒီလိုပဲ ယုံကြည်ပါတယ် အန်တီ"

"ကဲ . . . သမီး ဘာမှ မစားလာခဲ့ရသေးဘူး ထင်တယ်၊ စိုးစိုးနဲ့ အတူ ဒီနားက သမီးတို့ကြိုက်တဲ့ဆိုင်တစ်ဆိုင်မှာ သွားစားကြ၊ အန်တီတော့ ဘယ်လိုမှ ဧည့်ခံပြီး မကျွေးမွေးနိုင်ဘူးကွယ်၊ အလုပ်က သမီးမြင်တဲ့အတိုင်းပဲ"

"သမီး မဆာသေးပါဘူး၊ ရပါတယ် . . ."

"ဟင့်အင်း . . . မလုပ်နဲ့" ဟုပြောကာ ကိုစိုးစိုးဘက်သို့ လှည့်ပြီး . . . "သား . . . စိုးစိုး . . . သမီးကို တစ်ခုခု လိုက်ကျွေးလိုက်ပါ ကွယ်၊ သမီးက အားနာတတ်တယ်၊ မရမက ခေါ်သွား" ဟု လှမ်းပြော လိုက်သည်။

❖ ❁ ❖

"ဒီနေ့တော့ ကျွန်တော် ဖုန်းဆက်ထားလိုက်မယ်၊ မနက်ဖြန်မှ ကားကို လိုက်ကြည့်ပေါ့၊ မဆွေ စိတ်ကြိုက်တွေ့ရင် ဈေးစကားပြောလေ . ." ဟု ကိုစိုးစိုးက ရှင်းပြသည်။

"ကျွန်မက ကားအကြောင်း သိပ်မသိဘူး . . . ကိုစိုးစိုး၊ ကားရဲ့ အပြင်ပန်းလောက်ပဲ ကြည့်လို့ရမယ် ထင်တယ်၊ ကိုစိုးစိုး ကူကြည့်ပေးမှ ဖြစ်မှာ . . ."

"ကျွန်တော် နားလည်ပါတယ် မဆွေ၊ ဒါနဲ့ မဆွေ လက်ရှိစီးနေတဲ့ ကားကရော ဘယ်လိုလုပ်မလဲ . . ."

"အင်း . . . ဟိုမှာပဲ ဝယ်မယ့်လူကို ရောင်းလိုက်တော့မယ်၊ တကယ်တော့ ကားက စက်သိပ်မကောင်းတော့ဘူး၊ ကျွန်မက ဖေဖေ စီးခဲ့တဲ့ကားဆိုတဲ့ သံယောဇဉ်နဲ့ တွယ်တာပြီး ဖြစ်ညှစ်စီးနေခဲ့တာ၊ ဖေဖေချန်ထားရစ်တဲ့ အမွေပစ္စည်းတွေကို မပျောက်ပျက်ချင်ဘူးလေ"

သူမ အအေးဘူးကို အကြောင်းမဲ့ ငေးစိုက်ကြည့်နေမိသည်။ ဖေဖေချန်ထားရစ်သည့် ကားကို ရောင်းထုတ်ပစ်ရန် အချိန်များစွာ

http://www.cherrythitsar.org


စဉ်းစားချင့်ချိန်ခဲ့ပါသည်။ ကားက ဤအတိုင်း ဆက်ပြီးစီးနေ၍ မဖြစ် တော့၊ တွန်း၍ နှိုးမှ နိုးတော့သည်။

ယောက်ျားလေးတစ်ယောက်အတွက် တွန်းပြီးနှိုးရသည့် ပြဿနာက ကိစ္စမရှိပေမယ့် မိန်းမသားဖြစ်သည့်သူမအတွက် မလွယ်ကူပါ။ ထို့ကြောင့် နောက်ဆုံး မဖြစ်တော့မှ ကားအသစ်တစ်စီးဝယ်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

တစ်ဆက်တည်းပင် ကားသစ်ဝယ်သည့် စာချုပ်စာတမ်းနှင့် ငွေတန်ဖိုး၊ ကားဟောင်းရောင်းချရသည့် စာချုပ်နှင့် တန်ဖိုးတို့ကို စနစ်တကျ သိမ်းဆည်းထားရပေလိမ့်မည်။ ဖေဖေဆုံးပြီးသည့်နောက် အရာရာကို စာရင်းဇယားနှင့် အသေအချာ ကိုင်တွယ်ထားရ၏။ တစ်ချိန်ချိန်တွင် မသေမပျောက်ဘဲ ကိုနိုင်ဇော် ပြန်ရောက်လာခဲ့လျှင် ထိုစာရင်းဇယားတို့နှင့် ရှင်းပြရမည်ဖြစ်သည်။

"ကိုစိုးစိုးဆီကပဲ အကူအညီ တစ်ခုပြီးတစ်ခု တောင်း နေရတယ်၊ ကြာတော့ ပြောရမှာတောင် အားနာလာတယ်၊ ဒါပေမယ့် ရန်ကုန်မှာ အသိမိတ်ဆွေက သိပ်မရှိဘူးလေ . . .၊ ကိုစိုးစိုးက အပေါင်းအသင်း များတဲ့လူဆိုတော့ သတင်းလေး ရမလားလို့ . . " ဟု သူမ တစ်ချက် မော့ကြည့်ပြီး စကားထောက်လိုက်သည်။

"မဆွေရဲ့အစ်ကိုအကြောင်းလား . . . "

"ဟုတ်ပါတယ် . . . ကိုစိုးစိုး"

ကိုစိုးစိုးက အအေး တစ်ငုံလောက် သောက်လိုက်ပြီး . . .

"နိုင်ငံခြားထွက်တဲ့ ကျွန်တော့်အပေါင်းအသင်းတွေကတစ်ဆင့် အမြဲတမ်း သတိတရနဲ့ စုံစမ်းကြည့်တာပဲ၊ အဲဒီနာမည်နဲ့ တူတဲ့လူ နှစ်ယောက်လောက်တော့ စုံစမ်းလို့ရပါတယ် . . . "

http://www.cherrythitsar.org


သူမ၏မျက်ဝန်းများက မျှော်လင့်ချက်တို့ကြောင့် လင်းလက်လာသလိုပင်။

"ဒါပေမယ့် မဟုတ်ဘူးထင်တယ်၊ ကိုနိုင်ဇော်ဆိုတဲ့ နာမည်နဲ့ တစ်ယောက်က တောင်ကိုရီးယားမှာ၊ နောက်တစ်ယောက်က စင်္ကာပူမှာ၊ တစ်ယောက်က အသက်လေးဆယ်လောက်ရှိပြီဆိုတော့ မဖြစ်နိုင်ဘူး၊ မဆွေရဲ့အစ်ကိုက မဆွေ ပြောသလောက်ဆိုရင် အသက်သုံးဆယ်ဝန်းကျင်ပဲ ရှိနိုင်တယ်မဟုတ်လား၊ အဲဒါကြောင့် အဲဒီလူကို မစဉ်းစားတော့ဘူး၊ နောက်တစ်ယောက်က အိမ်ထောင်သည် . . .၊ ကလေးတစ်ယောက်တောင် ရနေပြီ၊ ဒါပေမယ့် သူကလည်း မိဘအစုံအညီ ရှိတယ်၊ ကျွန်တော်စုံစမ်းကြည့်တော့ သူ့မိဘတွေကို တကယ်ဟုတ်မှန်း သိရတယ်၊ အဲဒါကြောင့် ကျွန်တော် ဆက်ပြီး မစုံစမ်းတော့ဘဲ စာရင်းဖျက်ပစ်လိုက်ရတယ်"

သူမ နှုတ်ခမ်းကို ဖိကိုက်ရင်း စိတ်ပျက်အားလျော့မှုကို တင်းထားသည်ထင်၏။

"ကျွန်တော် မသေချာဘဲနဲ့ မပြောချင်ဘူးလေ၊ တော်ကြာ မဆွေကို သက်သက် မျှော်လင့်ချက်ပေးသလို ဖြစ်နေမှာ စိုးလို့ပါ"

"နောက်ကော . . . မရှိတော့ဘူးလား ကိုစိုးစိုး"

ကိုစိုးစိုးက သက်ပြင်းကို အသာအယာ ချလိုက်သည်။ ထို့နောက် နှုတ်နှင့်အဖြေမပေးချင်သည့်ပုံစံဖြင့် ခေါင်းကိုသာ ခါယမ်း ပြလေ၏။

ထိုစဉ် သူမ၏နောက်ကျောမှ တစ်စုံတစ်ယောက် ပွေ့ဖက်လာသည်။ မထင်မှတ်ဘဲ ရုတ်တရက်ပွေ့ဖက်ခံလိုက်ရခြင်းကြောင့် လန့်ဖျပ်သွားသည်။ ထို့ကြောင့် ဆက်ခနဲ မော့ကြည့်လိုက်သည်။

http://www.cherrythitsar.org


"မီးမီး . . . လန့်လိုက်တာ" ဟု သူမ ရေရွတ်လိုက်သည်။

မီးမီးက သူမကို နောက်ပြောင်လိုက်ရသည့်အတွက် ပျော်နေဟန်တူသည်။ သဘောကျစွာ တဟားဟား ရယ်ရင်း . . .

"မေမေက ကိုစိုးနဲ့ မဆွေတို့ ဒီဆိုင်သွားကြတယ်လို့ ပြောလို့ မီးမီးလိုက်လာတာ၊ ကဲ . . . ပြော . . . နှစ်ယောက်တည်း ဘာတွေ တိုင်ပင်နေကြတာလဲ"

ရှက်ရွံ့ခြင်းကြောင့် သူမ၏မျက်နှာ အနည်းငယ် နီမြန်းသွားသည်။

"မဆွေကို နင့်အကြောင်းတွေ ရှင်းပြနေတာလေ . . . မီးမီး၊ မြန်မာနိုင်ငံမှာ ရှိသမျှသင်တန်းတွေ မပြီးမစီးနိုင်အောင် လိုက်တက်ပြီး ကြိုးစားနေတဲ့ အကြောင်းလေ၊ ကိုယ့်သင်တန်းဆင်းလက်မှတ်တောင် ကိုယ်မေ့ပြီး ပြန်တက်မိတဲ့ ကောင်မလေးတစ်ယောက်အကြောင်းပေါ့"

ကိုစိုးစိုးက ကြားထဲမှဝင်ရောက်၍ ပြောလိုက်သည်။

"ကိုစိုးနော် . . . " ဟု မီးမီးက စိတ်ဆိုးစွာ လှမ်းအော်သည်။

"ကမ္ဘာ့ဂင်းနစ်စာအုပ်ထဲမှာ သင်တန်းအတက်နိုင်ဆုံးဆိုတဲ့လူ အဖြစ် မကြာခင် မှတ်တမ်းတင်ခံရတော့မှာ သိလား မဆွေ . . . "

ထိုအခါတွင် မီးမီးသည် သူ့အစ်ကိုဖြစ်သည့် ကိုစိုးစိုး၏ ကျောပြင်ကို တဘုံးဘုံး ထုရိုက်လေတော့သည်။

ဤသည်မှာ မိသားစုတစ်ခု၏ ပျော်ရွှင်စရာလေးများ ဖြစ်သည်။ ညီအစ်ကိုမောင်နှမ စကြ ပြောင်ကြ စိတ်ဆိုးစိတ်ကောက်ကြနှင့် အင်မတန် ချစ်စရာကောင်းသည်ဟု လှလွန်းဆွေ မဆီမဆိုင် တွေးနေမိသည်။

❖ ❖ ❖ ❖ ❖

# ■ ၂ ■

ရန်ကုန်မြို့၏လမ်းမပေါ်တွင် ထောင်,သောင်းချီ၍ စီးဆင်းနေသည့် လူပင်လယ်ကြီးထဲမှ တစ်စုံတစ်ယောက်ကို ရုတ်ခြည်းမျက်မှန်းတန်း မိကာ မှတ်မိဖို့ဆိုသည်မှာ အင်မတန် မဖြစ်နိုင်သည့်ကိစ္စ ဖြစ်ပါသည်။ အထူးသဖြင့် ယောကျ်ားတစ်ယောက်ကို ဖြစ်သည်။

မှတ်မိသရွေ့ မည်သည့်အခါကမှ ဤသို့ သတိပြုမိခြင်းမျိုး မရှိခဲ့ဖူးပါ။

မီးမီးက ညနေခင်းထွက်တတ်သည့် လမ်းဘေးအသုတ်ဆိုင် တစ်ဆိုင်မှ အသုတ်က ကောင်းသည်ဟု ပြောဆိုစည်းရုံးပြီး သူမကို ခေါ်လာခဲ့ခြင်းဖြစ်သည်။ မီးမီးက ဤသို့ပင် ရှာရှာဖွေဖွေ မှတ်ထား တတ်ပြီး၊ စိတ်ကူးပေါ်သည့်အချိန်၌ သွား၍ ဝယ်စားတတ်သည့် အကျင့် ရှိ၏။ ကလေးဆန်သည်ဟုပဲ ပြောရမည်ထင်သည်။

အသုတ်ဆိုင်နှင့် နီးကပ်သည့်နေရာတွင် ကားရပ်ရန် ပြင်ဆင် လိုက်သည်။ ညနေခင်းဈေးတန်းဖြစ်သဖြင့် ကားရပ်ရန်နေရာက ရှား ပါးလွန်းသည်။ ထိုအထဲမှ ကံကောင်းထောက်မစွာ နေရာလွတ်တစ်ခု တွေ့လိုက်ရသည်။

မီးမီးက ကားနောက်ဆုတ်ပြီး ထိုနေရာကို ဝင်ရောက်လိုက် သည်။ သူမက လူတစ်ယောက်ရပ်နေသည်ကို လှမ်းမြင်လိုက်သဖြင့်

http://www.cherrythitsar.org


. . . "မီးမီး . . . လူရှိတယ်" ဟု သတိပေးလိုက်၏။

ထိုလူသည် ကားနောက်ဆုတ်လာခြင်းကို မြင်ဟန်မတူချေ။

မီးမီးက ဟွန်းတီးလိုက်တော့မှ ကားကိုမြင်သွားပြီး ချက်ချင်း ဘေးဖယ်ပေးသည်။ အမှတ်တမဲ့ ထိုလူကို ငဲ့စောင်းကြည့်လိုက်၏။ ထိုလူငယ်ကလည်း လှမ်းအကြည့်နှင့် မျက်လုံးချင်းဆုံတွေ့သွားသည်။

အတန်ငယ်ရှည်လျားသည့်ဆံပင်နှင့် ချောမောပြေပြစ်သည့် မျက်နှာကို မီးရောင်အောက်တွင် သတိတမူနှင့် မှတ်မိလိုက်၏။

အကြမ်းပတမ်းခံနိုင်သည့် အနက်ရောင်ဘောင်းဘီရှည်နှင့် တီရှပ်အဝါရောင်ကို ဝတ်ဆင်ထားသည်။ သူမ သတိထားမိသည်က ဤအဝတ်အစားနှင့် ဤရုပ်ရည်ထက် သူ့မျက်လုံးများကို ဖြစ်ပါသည်။ ဘာကြောင့်မှန်း မသိ။ ဤမျက်လုံးများသည် သူမ ရင်းရင်းနှီးနှီး သိနေသည့် မျက်လုံးများဟု ထင်မြင်မိသည်။ ရုတ်ခြည်း စဉ်းစားမရ။ စိတ်ထဲတွင် ထူးဆန်းသွားသည်။

သူမတို့ အသုတ်ဝယ်ပြီး ပြန်လာသည့်အချိန်ထိ ထိုကား၏အနီးတွင် သူ ရပ်နေတုန်းပင်။ တစ်စုံတစ်ယောက်ကို ရပ်စောင့်နေသည်လား မသိ။ သူ့အကြည့်တို့က လမ်းမတစ်လျှောက် ဝေ့ဝဲ၍ ကြည့်နေသည်။

အနီးသို့ သူမတို့ ရောက်လာချိန်၌ ဖျတ်ခနဲ လှည့်ကြည့်သည်။

ဤတစ်ကြိမ်လည်း အကြည့်ချင်း ဆုံသွားခဲ့သည်။

သူမ၏ရင်ထဲတွင် လှိုက်ခနဲ တုန်ရီသွားသည်

မဖြစ်သင့်။ အကြောင်းမဲ့ စိတ်မလှုပ်ရှားသင့်။

နောက်ထပ်မကြည့်မိအောင် ကြိုးစားပြီး ကားပေါ်သို့ လှမ်းတက်လိုက်၏။ ကားထွက်လာသည့်အချိန်ထိ လှည့်မကြည့်ခဲ့ပါ။

❖ ❖ ❖ ❖

# ■ ၃ ■

ကားပွဲစားက ကိုစိုးစိုးအား ကားသော့လှမ်းပေးရင်း . . .

"ကျွန်တော် ပြောတဲ့ဈေးနဲ့ ဒီကားက မများပါဘူး၊ ကိုစိုးစိုးလည်း ကျွန်တော့်ဆီက ဝယ်ဖူးတဲ့လူပဲ . . . သိမှာပါ၊ ကဲ . . . စိတ်ကြိုက် မောင်းကြည့်ပါ၊ ကျွန်တော် ဒီကပဲ စောင့်နေမယ်" ဟု ပြောဆိုသည်။

ကိုစိုးစိုးက သူမအား တစ်ချက်လှမ်းကြည့်ပြီး . . . "မဆွေ . . . ကားပေါ်တက်" ဟု ပြောသဖြင့် သူမလည်း ကားတံခါးဖွင့်ပြီး တက်ထိုင်လိုက်သည်။

ကိုစိုးစိုးက ကားကို မောင်းထွက်ရင်း . . . "သူတို့ပြောတဲ့ ဈေးက များတယ်လို့ မဆိုနိုင်ဘူး . . . မဆွေ၊ ကားက ကောင်းပါတယ်၊ ဒီကားပုံစံရော ကြိုက်ရဲ့လား" ဟု လှည့်ပြီး ပြောပြသည်။

"ဒီနေ့ကားဈေးတော့ ကျွန်မ နားမလည်ဘူး . . ကိုစိုးစိုး၊ ကျွန်မ အတွက်တော့ ဒီလောက်ပဲ စီးချင်တယ်၊ ဖေဖေ ချန်ထားရစ်တဲ့ ပိုက်ဆံတွေကို အပိုသိပ်မသုံးချင်ဘူးလေ၊ ပြီးတော့ အကြာကြီး အချိန်ပေးပြီး စောင့်ဝယ်ဖို့ကလည်း ကျွန်မအတွက် မဖြစ်နိုင်ဘူးလေ . . . "

ကိုစိုးစိုးက ခေါင်းတစ်ချက်ညိတ်ပြီး . . .

"ကျွန်တော် နားလည်ပြီ၊ ကားကို တစ်ပါတ်မောင်းကြည့်ပြီးရင်

ကျွန်တော် ဈေးစကား ပြောတော့မယ် . . .၊ မဆွေက ခပ်လှမ်းလှမ်း က စောင့်ကြည့်နေ၊ ကျွန်တော် သူတို့ နဲ့ မဆွေရဲ့ကြားမှာ ညှိပေးသလို နဲ့ ဈေးဖြတ်မယ်၊ ကျွန်တော့်ဆီကို မဆွေ မလာနဲ့၊ မဆွေဆီကိုပဲ ကျွန်တော်လာပြီး စကားပြောမယ်၊ ကျွန်တော်ပြောတာ နားလည်တယ် မဟုတ်လား”

သူမ သဘောကျစွာ ရယ်မောရင်း . . .

“ကိုစိုးစိုးက ဝယ်လက်ရဲ့ပွဲစားဆိုပါတော့ . . . ဟုတ်လား”

“မဆွေ သဘောပေါက်သားပဲ၊ ဒီလိုဆိုရင် အလုပ်ဖြစ်ပါပြီ၊ သူတို့ ပွဲစားတွေက သိပ်ပြီး ယုံကြည်ရတဲ့လူတွေမှ မဟုတ်တာ၊ ဒီလိုတစ်ဆင့် ခံထားမှ ဖြစ်လိမ့်မယ်၊ ကဲ . . အဆင်ပြေရင် ဒီနေ့ပဲ အရောင်းအဝယ် ဖြစ်ပါလိမ့်မယ်”

“ခုလို တကူးတက ကူညီတဲ့အတွက် ကျေးဇူးပါပဲ”

ကိုစိုးစိုးက ခေါင်းကို ခါယမ်းပြီး . . . “ကျေးဇူး အရမ်းမတင်နဲ့ဦး လေ၊ အရောင်းအဝယ်မှ မဖြစ်သေးတာ” ဟု ပြန်နောက်သည်။

❖ ❖ ❖

ဒီမယ် ကိုကျော်ဦး . . ခင်ဗျားပြောတဲ့ ဈေးအတိုင်း ကျွန်တော့်ဘက်က ပေးပါ့မယ်ဆိုတော့မှ ငါးသိန်းထပ်ပြီး တိုးတောင်းတာ ဘာသဘောလဲ၊ ခုချက်ချင်း ဈေးပြင်ပြီး ပြောတာက မဟုတ်သေးဘူးထင်တယ်၊ အဲဒါ ကျွန်တော် ဘယ်လိုမှ လက်မခံနိုင်ဘူး၊ ဒီကားကိုလည်း မယူတော့ဘူး”

ဟု ကိုစိုးစိုးက ဒေါသတကြီးနှင့် ပြောထည့်လိုက်သည်။

http://www.cherrythitsar.org


ကိုကျော်ဦးဆိုသည့် ကားပွဲစားက ဟမ်းဖုန်းကိုင်ထားသည့် လက်နှင့် တောင်းပန်သကဲ့သို့ လက်ကာပြသည်။

“ခဏလေး . . . စောင့်ပါဦး ကိုစိုးစိုး၊ ကျွန်တော် သူ့အဘိုးကြီးဆီ တိုက်ရိုက်ဖုန်းဆက်ကြည့်ပါဦးမယ်၊ ငါးသိန်း တိုးတောင်းတာက ဒီကားပိုင်ရှင် ချာတိတ်ပါ၊ ဒီကောင်က ကျွန်တော့်ကို သက်သက်မဲ့ ကျပ်လိုက်တာ၊ ဒီကောင်နဲ့ ကျွန်တော် တွေ့ဦးမယ်”

“ခင်ဗျားတို့ဘာသာ တွေ့ချင်လည်း တွေ့၊ ကျွန်တော်တော့ ဒီပုံစံကို လုံးဝလက်မခံဘူးနော်၊ ကျွန်တော်တို့ ထပြန်ရုံပဲ ရှိတယ် . . . ”

“ကျွန်တော် တောင်းပန်ပါတယ် . . ကိုစိုးစိုး၊ သူ့အဖေက ကားဝယ်ရောင်းလုပ်ဖို့ ဒီကောင့်ကို ကျွန်တော့်လက်ထဲ အပ်ထားတာပါ၊ ဈေးမဆိုင်ခင်တုန်းက ကျွန်တော် ဖုန်းလှမ်းဆက်ပြီးမေးတုန်းက ဒီဈေးနဲ့ လွှတ်မယ်ပြောတယ်၊ တကယ်အရောင်းအဝယ်ဖြစ်ပြီဆိုမှ ငါးခု ထပ်တိုးလိုက်တာ၊ ဒီကောင် အကြောင်းသိလျက်သားနဲ့ လူလည်ကျတယ်၊ ခဏလေးဗျာ . . . ကျွန်တော် ဖုန်းဆက်ကြည့်ပါဦးမယ်၊ အကယ်၍ ဒီဈေးအတိုင်းဆိုရင် ကိုစိုးစိုး မဝယ်ပါနဲ့၊ ကျွန်တော်လည်း ဒီကားကို ပြန်အပ်လိုက်တော့မယ်၊ ဒီကောင်နဲ့ အလုပ်ဆက်လုပ်စရာ မရှိတော့ဘူး”

ကိုကျော်ဦးကလည်း စိတ်ဆိုးဒေါသထွက်နေသည့်အသွင် ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်နေ၏။

“ကောင်းပြီ ကိုကျော်ဦး၊ ခင်ဗျားကို ခင်မင်တဲ့စိတ်နဲ့ ကျွန်တော် ခဏစောင့်ကြည့်မယ်” ဟု ကိုစိုးစိုးက မျက်နှာထားတင်းတင်းနှင့် ပြန်ပြောသည်။

လှလွန်းဆွေက ဘာမှဝင်မပြောဘဲ အခြေအနေကို စောင့်ကြည့်

http://www.cherrythitsar.org


နေမိသည်။

ကိုကျော်ဦးက စိတ်လှုပ်ရှားစွာဖြင့် ဟမ်းဖုန်းမှ နံပါတ်အချို့ကို နှိပ်နေသည်။ ဖုန်းခေါ်၍ မရသေး။

ဖြစ်နေသည်မှာ သူမတို့ဘက်က ပြောသည့်ဈေးအတိုင်း ဝယ်ယူတော့မည်ဆိုမှ စာချုပ်, ချုပ်ရန် ကားပိုင်ရှင်ဆီ ဖုန်းဆက်ပြီး လှမ်းခေါ်၏။ ထိုအချိန်ကျမှ ကားပိုင်ရှင်က ထိုဈေးကို ပြင်ဆင်လိုက်သဖြင့် ပြဿနာတက်ကြခြင်း ဖြစ်သည်။

ထိုစဉ် သူမတို့ထိုင်နေသည့် စားသောက်ဆိုင်ထဲ လူတစ် ယောက် လှမ်းဝင်လာသည်ကို မျက်စိထောင့်စွန်းမှ ရိပ်ခနဲ မြင်လိုက်ရ ၏။ ဆတ်ခနဲ ငဲ့အကြည့်တွင် သူမ အံ့အားသင့်မိသလို ဖြစ်သွားသည်။

မနေ့ညက ကားရပ်သည့်နေရာတွင် တွေ့ခဲ့သည့်လူ။

ယခုအချိန်ထိ အဝတ်အစားပုံစံ ပြောင်းလဲခြင်းမရှိသည့်အတွက် ချက်ချင်း မှတ်မိသည်။ ကိုကျော်ဦးက . . . "ဟော့ . . . သူငယ်ချင်း" ဟု လှမ်းခေါ်သည်။ ထိုလူက စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး . . .

"မင်း . . . ဒီမှာရှိတယ်ဆိုလို့ လိုက်လာတာ၊ ဘယ်လိုလဲ ငါပြောထားတာ အဆင်ပြေတယ်မဟုတ်လား" ဟု နှစ်ကိုယ်ကြားသိသည့် စကားနှင့် လှမ်းမေးသည်။

"အေး . . . ဖြစ်ပါတယ်၊ နောက်မှ ငါပြောမယ်၊ လောလောဆယ် ဒီမှာ လုပ်စရာရှိသေးလို့"

"လုပ်ပါ . . . ငါ စောင့်ပါ့မယ်" ဟု ပြောကာ သူမကို တစ်ချက် ငဲ့ကြည့်သည်။

ထို့နောက် သူက ခပ်လှမ်းလှမ်း စားပွဲလွတ်တစ်ခုဆီ ထွက်သွား

http://www.cherrythitsar.org


သည်။ သူမ မကြည့်ပေမယ့် မြင်နေရသည့် အနေအထား။

ထိုသူက စားပွဲထိုးအား တစ်စုံတစ်ခု လှမ်းမှာသည်။ မကြာခင် ဘီယာတစ်ခွက် လာချပေးသွားသည်။ အချိန်က နေ့လယ်နှစ်နာရီခန့်သာ ရှိသေးသဖြင့် တခြားအအေးတစ်ခုခု မသောက်ဘဲ ဘီယာ မှာသောက်နေခြင်းက ထိုသူ၏အခြေအနေ ဆိုးဝါးကြောင်း ပြသနေ သည်ထင်၏။ ဘာကြောင့်မှန်းမသိ စိတ်ပျက်ချင်သလိုလို ဖြစ်မိသည်။

ကိုကျော်ဦး ဖုန်းဆက်သည့်အသံကို ကြားတော့မှ ထိုလူဆီ ရောက်နေသည့် အာရုံကို ပြန်လည်ရုပ်သိမ်းမိသည်။

"ဟဲလို . . . ကိုကြီးလား၊ ကျွန်တော် ကျော်ဦးပါ"

". . . . . . . . . . ."

"ဒီလို . . . ကိုကြီးရဲ့သားပေါက်စက ကျွန်တော့်ကို လုပ်ချသွားတယ်၊ အရောင်းအဝယ်ဖြစ်ပြီဆိုမှ ငါးခုထပ်တိုး တောင်းတယ်၊ အဲဒါ . . . ကျွန်တော့် ပွဲစားသက်တမ်းတစ်လျှောက်မှာ တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်ပဲ . . . အခု ဝယ်လက်က ဒေါကန်နေပြီ . . . "

". . . . . . . . . ."

"ဟုတ်ကဲ့ . . . ကျွန်တော်တော့ ပေါက်စနဲ့ ဆက်ပြီး အလုပ်, လုပ်လို့ မဖြစ်တော့ဘူး၊ ကိုကြီးပဲ ဝင်မှဖြစ်မယ်၊ ကျွန်တော် ဒီမှာ မျက်နှာပျက်နေရပြီ၊ အဲဒါ . . . ဘယ်လို လုပ်မလဲ"

". . . . . . . . . ."

"ကောင်းပြီ၊ ပေါက်စကို မလွှတ်လိုက်နဲ့၊ သူနဲ့ မဖြစ်ဘူး၊ ဖြစ်နိုင်မယ်ဆိုရင် ကိုကြီးပဲ လိုက်လာခဲ့ပါ . . . "

". . . . . . . . . ."

"ဟုတ်ကဲ့၊ အဲဒါဆို အဆင်ပြေပါပြီ၊ ကျွန်တော် . . . ဆိုင်က

http://www.cherrythitsar.org


စောင့်နေမယ် . . . ဒါပါပဲ”

ဖုန်းဆက်ပြီးသည့်နောက် ကိုကျော်ဦးက သူမတို့ဘက်သို့ ပြန်လှည့်ကြည့်ပြီး . . . “သူ့အဖေနဲ့ စကားပြောတော့မှ ရှင်းသွားတော့တယ်၊ နို့မဟုတ်ရင် ကျွန်တော်က ကြားထဲက ရိုက်သလိုဖြစ်နေမယ်၊ ကိုစိုးစိုး ကြားတဲ့အတိုင်းပဲ၊ နဂိုပြောတဲ့ဈေးနဲ့ အရောင်းအဝယ်ဖြစ်မှာပါ၊ စိတ်ချပါ၊ မကြာခင် သူ့အဖေ လိုက်ချလာလိမ့်မယ် . . . ”

“ကောင်းပြီ . . . အဆင်ပြေရင်ပြီးတာပဲ ကိုကျော်ဦး”

“အဆင်ပြေပါတယ်၊ နောက်နာရီဝက်လောက်ဆိုရင် လာပါလိမ့်မယ်”

ယခုမှ ပြဿနာက ပြေလည်သွားသဖြင့် သူမ စိတ်အေးသွားသည်။ သို့မဟုတ်လျှင် သူမကိုယ်စား ဆောင်ရွက်ပေးနေသည့် ကိုစိုးစိုးနှင့် စကားများပြီး ရန်ဖြစ်ကြမှာကိုတွေး၍ ပူပန်ကြောင့်ကြနေရ၏။

ကိုစိုးစိုးက စကားဆက်မပြောတော့ဘဲ မျက်နှာမှုန်မှုန်နှင့်ထိုင်နေ၏။ ကိုကျော်ဦးကတော့ လမ်းမဘက်သို့ မျက်နှာမူထားသည်။ နာရီဝက်ပင် မကြာလိုက်ဘဲ အသားဖြူဖြူ ခပ်ဝဝလူကြီးတစ်ယောက်ရောက်လာ၏။ ထို့နောက် စာချုပ်, ချုပ်ပြီး ငွေချေလိုက်သည်။

ကိုကျော်ဦးက ကားသော့နှင့် သက်ဆိုင်ရာစာရွက်စာတမ်းအချို့ကို လှမ်းပေးပြီး . . . “နောက် . . . ဒီလိုမဖြစ်စေရပါဘူး၊ ဒီတစ်ခါမမျှော်လင့်ဘဲ ဖြစ်သွားရတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်” ဟု စကားဆိုသည်။

ထိုအခါမှ ကိုစိုးစိုးက “ရပါတယ်” ဟု ပြောကာ မျက်နှာပြင်ပြီး ရယ်ပြုံးလိုက်သည်။ သူမကို “သွားကြမယ်” ဟု ခေါင်းဆတ်ပြပြီးမှ . . . “ဟာ . . . မဖြစ်ဘူး၊ မဆွေက ရန်ကုန်မှာ ကားမောင်းတတ်မှာ

http://www.cherrythitsar.org


မဟုတ်ဘူး၊ ဒီတော့ ကားကို ကိုကျော်ဦးပဲ လိုက်မောင်းပြီး ပို့ပေးဗျာ . . . ”

“ကျွန်တော် ပို့ပေးပါ့မယ်၊ ခဏနော် . . . ကျွန်တော့်သူငယ်ချင်းကို သွားပြောလိုက်ဦးမယ် . . ” ဟု ကိုကျော်ဦး ပြောတော့မှ ထိုလူကို သူမ သတိရတော့သည်။

သတိတမူ လှည့်ကြည့်မိသည့်အခါ သူ့စားပွဲပေါ်တွင် ဖန်ခွက်လွတ်သုံးခု ရှိနေပေပြီ။ နောက်တစ်ခွက်ကို သောက်နေဆဲ။

ကိုကျော်ဦးက သူ့ဆီ ထသွားပြီး . . . “ငါ ကားသွားပို့ပေးလိုက်ဦးမယ်၊ မင်း ဒီကပဲ စောင့်နေ၊ ငါ ပြန်လာခဲ့မယ်” ဟု အသိပေးအကြောင်းကြားသည်။ သူက ရပါတယ် ဆိုသည့်သဘောနှင့် ခေါင်းညိတ်ပြသည်။ ထို့နောက် သူမကို လှမ်း၍ကြည့်သည်။

ဤဆိုင်တွင် ထိုင်နေသည့် တစ်ချိန်လုံး သူမတို့ကို အကဲခတ်ပြီးကြည့်, ကြည့်နေဟန် တူ၏။ သူမ မျက်နှာလွှဲလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်၏။

❖ ❁ ❖

ကားထွက်သည်နှင့် . . .

“ဒီပွဲစားဆိုတဲ့လူတွေက ဘာကိုမှ ယုံကြည်ရတဲ့လူတွေ မဟုတ်ဘူး . . . မဆွေ၊ ခုလည်း . . . မဆွေမြင်တဲ့ကြားတဲ့ အတိုင်းပဲ၊ ဒီငွေငါးသိန်း ထပ်တောင်းတာက သူ့လက်ချက်မဟုတ်ဘူးလို့ ဘယ်ပြောနိုင်မှာလဲ၊ ရမလားလို့ စမ်းကြည့်တာ”

http://www.cherrythitsar.org


ကိုစိုးစိုးသည် ကြိတ်မှိတ်မျိုသိပ်ထားရာမှ ပွင့်ထွက်လာတော့သည်။

"ကိုစိုးစိုးလို အသိအကျွမ်းမပါရင် ကျွန်မ ဘာလုပ်ရမှန်းတောင် သိမှာမဟုတ်ဘူး၊ သူတို့ ကြည့်ရတာက တကယ်ပြောနေသလိုပဲနော်"

"အင်း . . . အိုက်တင်တွေ . . . ကျွန်တော် မယုံဘူး"

"ကိုစိုးစိုးတို့က ကားကို မကြာခဏ ပြောင်းစီးနေတာဆိုတော့ ဒီလူတွေနဲ့ပဲ ဆက်ဆံနေရမှာပေါ့နော် . . ."

"ဟုတ်တယ် . . . မဆွေ၊ မဆက်ဆံချင်လို့ ဘယ်ရပ့ါမလဲ"

"ဒုက္ခပဲနော် . . ."

ဟု သူမ မှတ်ချက်ချလိုက်သည့်အခါ ကိုစိုးစိုး သဘောကျစွာ ရယ်တော့သည်။

"ဒါနဲ့ ကျွန်မ ဒီကားကို ဟိုအထိပို့ပေးဖို့ လူလိုမယ်ထင်တယ် . . . ကိုစိုးစိုး၊ ရှိုးမလမ်းကတစ်ဆင့် ပို့ပေးရမှာ၊ ကျွန်မက လေယာဉ်နဲ့ပဲ ပြန်မှာလေ . . ."

ကိုစိုးစိုးက ခေါင်းညိတ်ပြီး တစ်ခဏ စဉ်းစားလိုက်သည်။

"စိတ်ချပါ . . . မဆွေ၊ ကျွန်တော် စီစဉ်ပေးပ့ါမယ်"

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၄ ■

ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပြီးသည့်နောက် ဝတ်ပြုရန် ထိုင်ချလိုက်၏။

ညအမှောင်ထုထဲတွင် ရွှေရောင်ဝင်းလက်၍ မားမားစွင့်စွင့် တင့်တယ်လှသည့် ရွှေတိဂုံစေတီကို မော့ကြည့်ကာ အာရုံပြုလိုက်သည်။ ထို့နောက် အစဉ်အမြဲတောင်းနေကျ ဆုကို တောင်းလိုက်မိသည်။

"အရှင်ဘုရား . . . တပည့်တော်မ၏ ဖခင်နှင့် မမြင်လိုက်ရသော မိခင်တို့အားလည်းကောင်း၊ ဖခင်ရင်းတမျှ ကျွေးမွေးစောင့်ရှောက်ခဲ့သည့် မွေးစားဖခင်အားလည်းကောင်း ကောင်းမွန်ရာဘုံဘဝသို့ ရောက်ပါစေခြင်း အကျိုးငှာ ဤကောင်းမှုကုသိုလ်အား ပြုလုပ်ပါသည်။ ဤစကား မှန်ကန်ပါက . . . အဖေဆန္ဒရှိခဲ့သည့်အတိုင်း သားဖြစ်သူ ကိုနိုင်ဇော်သည် ဘေးမသီရန်မခဘဲ မိမိ၏ ရပ်ရွာနေသို့ အလျင်အမြန် ပြန်ရောက်လာနိုင်ပါစေ . . . ဘုရား"

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

# ▪ ၅ ▪

လှလွန်းဆွေသည် ကျွတ်ကျွတ်အိတ်ထဲမှ ယောက်ျားလေး ရှပ်အင်္ကျီ နှစ်ထည်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ကိုစိုးစိုးအား လှမ်းပေးရင်း . . . "ကျွန်မ ကိုစိုးစိုးအတွက် ဝယ်လာတာ၊ ဒီလက်ဆောင်ကို လက်ခံပါ" ဟု ပြောလိုက်သည်။

"ဟာ . . . မဟုတ်တာ မဆွေရယ်၊ ကျွန်တော့်ကို မပေးပါနဲ့"

ကိုစိုးစိုးက လှမ်းမယူဘဲ အားနာစွာဖြင့် ငြင်းဆန်လိုက်သည်။ အနီးတွင်ရပ်နေသည့် မီးမီးက . . . "ယူလိုက်ပါ . . . ကိုစိုးရယ်၊ မဆွေက မီးမီးကို တိတ်တိတ်လေးခေါ်သွားပြီး စူပါမားကတ်က ဒီအင်္ကျီတွေ ဝယ်လာတာ၊ ကိုစိုးကြိုက်တတ်တဲ့ ဒီဇိုင်းကိုပဲ မီးမီးတို့နှစ်ယောက် ရွေးလာကြတာ" ဟု ဝင်၍ တိုက်တွန်းသည်။

"ကျွန်မ ရန်ကုန်ရောက်တဲ့အခါတိုင်း ကိုစိုးစိုး ကူညီခဲ့တာ များပါပြီ၊ ဒီတစ်ခါ ကားဝယ်ပေးတာကို ဘယ်လိုကျေးဇူး တုံ့ပြန်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ၊ ကျွန်မရဲ့ ကျေးဇူးတင်တာကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံပါ . . ."

"မလုပ်ပါနဲ့ဗျာ . . . မဆွေ ပြန်ယူသွားလိုက်ပါ"

သူမ ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

http://www.cherrythitsar.org


"ကျွန်မမှာ ဒီယောက်ျားအင်္ကျီတွေကို ဝတ်မယ့် အဖေတို့ အစ်ကိုတို့မှ မရှိတာပဲ၊ ကျွန်မက ကိုစိုးစိုးကို အစ်ကိုတစ်ယောက်လို သဘောထားပြီး ဝယ်လာခဲ့တာ၊ မငြင်းပါနဲ့၊ ကျွန်မကို ခင်မင်ရင် လက်ခံပါရှင်"

ကိုစိုးစိုးက ယူရကောင်းနိုး၊ ငြင်းရကောင်းနိုး ချီတုံချတုံ ဖြစ်နေ၏။

မီးမီးက ကိုစိုးစိုး၏လက်ကို အတင်းဆွဲယူပြီး အင်္ကျီများကို ထည့်ပေးလိုက်သည်။ တစ်ဆက်တည်းပင် . . . "ကိုစိုးကလည်း ဘာမှန်း မသိဘူး၊ ဟိုမှာ မဆွေစိတ်မကောင်းတောင်ဖြစ်နေပြီ၊ ရော့ . . . လက်ဆောင်ပေးတဲ့လူ ပိုပြီး စိတ်ချမ်းသာသွားအောင် တစ်ခါတည်းသာ ဝတ်ပစ်လိုက်စမ်းပါ" ဟု ဝင်ကူတော့မှ ကိုစိုးစိုး လက်ခံလိုက်သည်။

"ကိုစိုး ဝတ်ပြလိုက်ဦးလေ . . ."

ဟု ကလေးတစ်ယောက်ကို ပြောသကဲ့သို့ မီးမီးက ပြောလိုက်သည့်အခါ ကိုစိုးစိုးက ရှက်ရယ်ရယ်ပြီး . . .

"နင် ကြော်ငြာမဝင်စမ်းပါနဲ့" ဟု လှမ်းဟန့်လိုက်၏။

လှလွန်းဆွေက မောင်နှမနှစ်ယောက်၏အဖြစ်ကို ကြည့်ကာ ရယ်လိုက်မိသည်။

❖ ❖ ❁ ❖ ❖

http://www.cherrythitsar.org

# ။ ၆ ။

လေယာဉ်ပေါ်မှ စီးကြည့်လျှင် ဧရာဝတီမြစ်သည် မိုးတွင်းကာလ စီးဆင်းနေသည့် မြောင်းငယ်တစ်ခုကဲ့သို့ သေးငယ်စွာ မြင်ရ၏။

မိုးထိမတတ် မြင့်မားသည်ဟု ထင်ရသော ရိုးမတောင်သည်လည်း ခပ်မြင့်မြင့် ကုန်းငယ်တစ်ခုကဲ့သို့ ထင်ရ၏။ မြို့ကြီးများနှင့် ကြားကွက်လပ်ရှိ လယ်ကွင်းများ၊ တောတောင်များကိုလည်း ချုံပုတ်တွေ၊ မြေကွက်လပ်လေးတွေ၊ အရုပ်ဆွဲထားသည့် မြို့ငယ်လေးတွေ သဖွယ် မြင်တွေ့ရသည်။ ထိုသည်တို့၏အထက်တွင် ဝါးဂွမ်းဆုပ်များ သဖွယ် တွဲလွဲခိုနေသည့် တိမ်တိုက်များကို ဟိုတစ်ကွက်ဒီတစ်ကွက် တွေ့ရပြန်၏။

အန်တီမေနှင့် မီးမီးတို့က မည်သည့်အကြောင်းပြချက်နဲ့ ဆွဲခေါ်ထားသည်ဖြစ်စေ၊ သူမက မိမိဒေသသို့ ပြန်ရမည်သာ ဖြစ်သည်။ ရန်ကုန်သည် မိမိ၏နေရပ် မဟုတ်ပါ။ ကားပို့ပေးဖို့ကိစ္စကလည်း ကိုစိုးစိုးတာဝန်ယူထားလိုက်သဖြင့် စိတ်မပူရတော့။ ဤအချိန် ဤကာလ၌ သူမ၏ စိတ်အစဉ်သည် အတိတ်၏ခြေရာဘက်သို့ လမ်းကြောင်းပြောင်းကာ ပြန်လည်အောက်မေ့မိတော့သည်။

❖ ◉ ❖

http://www.cherrythitsar.org


ထိုစဉ်က သူမ၏အသက် ဆယ်နှစ်ခန့် လေးတန်းကျောင်းတက်နေသည့်ကာလ ဖြစ်သည်။ သူမ၏အားကိုးရာဖြစ်သည့် ဖေဖေသည် လယ်ထဲမဆင်းနိုင်တော့ဘဲ တရှောင်ရှောင်နှင့် အိပ်ရာထဲလဲနေတော့၏။

သူမ၏ မှတ်ဉာဏ်ထဲတွင် ပြတ်ပြတ်ထင်ထင် ရှိနေသည်က သူမတို့၏ ခနော်ခနဲ့အိမ်ရှေ့သို့ လှပသည့်ကားတစ်စီး ရောက်လာခြင်းကိုဖြစ်သည်။ ထိုကားအမျိုးအစားကို ထိုအချိန်က သူမ တစ်ခါမှ မမြင်ဖူးပါ၊ ထို့ကြောင့် အထူးအဆန်းသဖွယ် ကြည့်နေမိ၏။

ထိုကားပေါ်မှ အသားညိုညိုနှင့် ဖေဖေနှင့် သက်တူရွယ်တူခန့်ရှိမည်ထင်ရသော လူတစ်ယောက်က ဆင်းလာပြီး . . . "သမီး . . . ဒီဟာ ဘတင့်အိမ် မဟုတ်လား" ဟု သူမကို လှမ်းမေးသည်။

"ဟုတ်ပါတယ်ရှင့်၊ ဖေဖေ အိမ်ပေါ်မှာ ရှိပါတယ်"

"ဒါနဲ့ . . . သမီးက ဘတင့်ရဲ့သမီးလား"

"ဟုတ်ပါတယ်ရှင့် . . . "

ထိုလူကြီးသည် သူမကို သနားဂရုဏာနှင့် တစ်ချက် ငေးစိုက်ကြည့်ပြီး၊ အိမ်ပေါ်သို့ လှမ်းတက်သွားသည်။ သူမလည်း မယောင်မလည်နှင့် တံခါးနားသို့ ချည်းကပ်၍ နားထောင်မိသည်။

"သူငယ်ချင်း . . . မင်းရောက်လာတာ ဝမ်းသာတယ်ကွာ၊ ငါလည်း အားတင်းပြီး စောင့်နေတာ၊ ငါ့အခြေအနေက သိပ်မကောင်းတော့ဘူးကွ . . . "

ဟု ဖေဖေ၏စကားသံကို အလျင်ဦးဆုံး ကြားလိုက်ရသည်။

ထို့နောက် ဗည့်သည်လူကြီး၏အသံကို ဆက်ပြီး ကြားရသည်။

"မင်း ဒီလောက်ဖြစ်နေမှန်း ငါမသိဘူးကွာ၊ အစောကြီး ကတည်းက ငါ့ကိုအကြောင်းကြားရင် ငါ ဆေးရုံတင်ပြီး ကုပေးမှာပေါ့။ အခုလည်း အားမလျှော့ပါနဲ့ဦး၊ ငါ မင်းကို ခေါ်သွားပါ့မယ်"

"ငါ မင်းနဲ့ မလိုက်နိုင်တော့ပါဘူး နိုင်ထွန်း၊ ငါ့အကြောင်း ငါ သိပါတယ်၊ မင်း ငါ့သမီးကိုသာ ခေါ်သွားပါတော့ကွာ . . .၊ ဒီသမီး လေးကို သူ့အမေက အသက်ပေးပြီး မွေးပေးခဲ့တာ၊ ဘယ်ဆွေမျိုး လာတောင်းတာကိုမှ ငါ လက်မခံခဲ့ပါဘူး၊ ငါ့အချစ်ဆုံး . . . ငါ့မျက်စိ အောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့တာ"

"အော် . . . မဦးက မီးတွင်းထဲမှာ ဆုံးသွားတာ ဟုတ်လား"

"အေး . . . ဟုတ်တယ် နိုင်ထွန်း၊ ငါဟာ အရင်ကလည်း ဇ, ရှိတဲ့အကောင်ဆိုတော့ ဒီနယ်တစ်ဝိုက်မှာ နာမည်ဆိုးနဲ့ ကျော်ကြား တယ်လေ၊ ဘယ်သူမှ ငါတို့ကို အဖက်မလုပ်ဘဲ ရွံ့ကြောက်ကြီး ဖြစ် နေတယ်၊ အခုတော့ . . . ငါ့မှာ မင်းကလွဲပြီး ဘယ်သူ့ကိုမှ အားကိုးရာ မမြင်တော့ဘူး၊ ဒီတော့ ငါ့သမီးကို ငါသေရင် မင်းခေါ်သွားပါတော့"

"ငါ ကတိပေးပါတယ်၊ မင်းသမီးဟာ ငါ့သမီးပေါ့၊ ငါ မင်းရဲ့ သမီးကို တရားဝင်အမွေစားအမွေခံအဖြစ် မွေးစားပါ့မယ်"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်၊ ငါတို့နှစ်ယောက် ငယ်ငယ် တုန်းက ဆိုးခဲ့ပေခဲ့တာတွေ သတိရတယ်ကွာ"

"အေးပါ . . . ငါ မမေ့ပါဘူး"

"မင်း ဒီည ဒီမှာအိပ်ပါလား၊ ငါ မင်းရဲ့လက်ထဲကို သမီးကို ထည့်ပေးလိုက်မယ်"

ထိုစကားတို့၏ အဓိပ္ပာယ်ကို ထိုစဉ်က သူမ တချို့တစ်ဝက်သာ

http://www.cherrythitsar.org


နားလည်ခဲ့သည်။ ထိုညက ဖေဖေဆုံးခဲ့သည်။

❖ ❖

တစ်ခါမှ မမြင်ဖူးသည့် တိုက်တာအိမ်ခြေများကို ငေးမောကြည့်ရင်း အဖေ့ကိုလွမ်းသည့်စိတ်နှင့် ငိုဖို့ကိုပင် မေ့သွားသည်။ သူမ,နေခဲ့သည့် ရွာတွင် အုတ်ခံ၊ သွပ်မိုး ပျဉ်ထောင်အိမ်က အကြီးဆုံးဖြစ်သည် မဟုတ်လား။

ဦးနိုင်ထွန်းသည် ကားမောင်းရင်းက သူမကို သတိထားကြည့်နေ၏။ မကြာခင် အုန်းပင်များ၏အလယ် လှပသေသပ်စွာ ဆောက်ထားသည့် နှစ်ထပ်အိမ်ရှေ့သို့ မောင်း ဝင်လာခဲ့၏။ ကားကိုရပ်တန့်ပြီး ဦးနိုင်ထွန်း ဆင်းလိုက်၏။

"ဒီအိမ်ဟာ သမီးနေရမယ့် အိမ်ပဲ၊ သမီးက ဖေဖေ့ရဲ့ မွေးစားသမီး ဖြစ်သွားပြီမို့ ဒီအိမ်ကိုလည်း သမီးပိုင်သွားပြီပေါ့ ကွယ် . . . ကဲ . . . ဆင်းကြည့်လေ"

ဦးနိုင်ထွန်းက သူမကို ခေါင်းဆတ်ပြသည်။ သူမ၏ စိတ်ထဲတွင် အိပ်မက်တစ်ခုလို ထင်မြင်နေမိသည်။ မယုံရဲယုံရဲနှင့် ဆင်းကြည့်လိုက်၏။

ပင်လယ်ကမ်းခြေနှင့် တစ်ဆက်တည်းဖြစ်နေသောကြောင့် ခြံဝင်းအတွင်းရှိ မြေပြင်ကလည်း သဲတွေအဖွေးသားနှင့်။

ဦးနိုင်ထွန်းက သူမ၏ခေါင်းကို ကြင်နာစွာ ပွတ်သပ်ရင်း . . .

"ဒီနေ့ ဒီအချိန်ကစပြီး သမီးကို ဘယ်သူပဲမေးမေး ဦးနိုင်ထွန်းရဲ့

http://www.cherrythitsar.org


သမီးလို့ ပြောရမယ်နော်၊ ဘယ်သူ့ကိုမှ မကြောက်ရဘူး၊ ရဲရဲသာ ပြော၊ ဖေဖေကလည်း ဒါဟာ ငါ့သမီးလို့ ပြောမှာပဲ၊ သမီးကလည်း ဒီအချိန်ကစပြီး ဖေဖေ့ကို ဦးလို့ မခေါ်ရဘူးနော် . . .၊ သမီးရဲ့ အဖေရင်းတစ်ယောက်လို ဖေဖေလို့ပဲ ခေါ်ရမယ်၊ သမီး နားလည်ရဲ့လား”

သူမ မဝံ့မရဲနှင့် ခေါင်းညိတ်လိုက်မိသည်။

❖ ❁ ❖

ပင်လယ်ပြင်ကို လှမ်းမြင်ရပြီးဖြစ်သဖြင့် မကြာခင် လေယာဉ်ကွင်းထဲ ဆင်းသက်တော့မည်ဟု သိလိုက်၏။ လှလွန်းဆွေသည် ပြာမှိုင်း၍ မိုးကုတ်စက်ဝိုင်းအဆုံးထိ ခုံးထနေသည့် ပင်လယ်ပြင်ကို ငေးကြည့်ရင်း အတွေးစကို ရုပ်သိမ်းလိုက်၏။

လေယာဉ်သည် ကွေ့ပတ်နေရင်းက တဖြည်းဖြည်းချင်း နိမ့်ဆင်းသွားသည် ထင်၏။ မိမိတို့မြို့ကို ပီသစွာ မြင်ရလေပြီ။

❖ ❖ ❁ ❖ ❖

# ■ ၇ ■

နေ့စဉ် ဝတ္တရားမပျက်ဆောင်ရွက်ခဲ့သည့်အတိုင်း နံနက်စောစောပင် စားသောက်ဆိုင်မှ ငွေသိမ်းရန် သူမ, လာခဲ့သည်။ ဆိုင်၏ ဘေးတံခါးပေါက်မှ မန်နေဂျာရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် စားပွဲပေါ်တွင် စာရင်းလုပ်နေသော ဦးလေးခင်ကို တန်း၍ တွေ့ရလေသည်။

"မနေ့ကတည်းက မဆွေ ပြန်ရောက်တယ်ဆိုတာ ဦးလေးခင်ကြားတယ်၊ ဖုန်းဆက်ဦးမလားလို့ ဦးလေးခင် စောင့်နေသေးတယ်"

ဟု ဦးလေးခင်က ဆီးကြို၍ ပြောသည်။

"ကျွန်မ သတိရပါတယ်၊ ဒါပေမယ့် အဲဒီအချိန်ဆို ဦးလေးခင်တို့က အလုပ်ရှုပ်နေမှာစိုးလို့ ဖုန်းမဆက်တာ၊ ဘယ်လိုလဲ . . . ဦးလေးခင်၊ ကျွန်မ ခရီးသွားနေတုန်း ဘာတွေ ထူးခြားသေးလဲ"

ဦးလေးခင်က စာရင်းနှင့်ငွေကို လှမ်းပေးရင်း . . .

"ဒီဆိုင်မှာ ထူးခြားတာဆိုလို့ မဆွေရဲ့လေးလေး တစ်ယောက်ပဲ ရှိတာကလား"

ဟု ပြောကာ တဟားဟားရယ်သည်။ သူမလည်း ရောယောင်၍ ရယ်ပြုံးရင်း . . . "ဘာဖြစ်လို့လဲ . . . ဦးလေးခင်" ဟု သိလိုစိတ်နှင့် မေးကြည့်လိုက်သည်။

http://www.cherrythitsar.org


"ဟိုတမြန်နေ့က လာစားကြတဲ့ လူတွေထဲက မိန်းကလေးတစ်ယောက်ကို မဆွေနဲ့ မှားပြီး သမီး . . . သမီးနဲ့ လိုက်ခေါ်နေလို့ စိတ်ချ . . . တစ်ဆိုင်လုံးကို လေးလေး ကြည့်ထားတယ်၊ သမီး ဘာမှ လှည့်ကြည့်စရာ မလိုဘူးလို့ ပြောတယ်၊ ဟိုမိန်းကလေးက ကြောင်နေတာပေ့ါ၊ အဲဒါ ဦးလေးခင် မြန်မြန်ဆန်ဆန် ဝင်ရှင်းပေးလိုက်ရတယ်၊ ဒါတောင် မဆွေရဲ့လေးလေးက . . ဟုတ်ပါတယ်ကိုခင်ရယ် ကျွန်တော် လူမမှားပါဘူးလို့ မူးမူးနဲ့ ပြောနေသေးတယ်"

သူမ စိတ်မသက်မသာနှင့် နားထောင်နေပြီးမှ . . .

"အင်း . . . လေးလေးကတော့ အရက်သောက်တာ အရမ်းများနေပြီ၊ ကြာရင် ဒီထက်ပိုပြီး မှတ်ဉာဏ်တွေ ထိခိုက်လိမ့်ဦးမယ်"

ဟု မှတ်ချက်ချလိုက်သည်။ ဦးလေးခင်က သဘောတူသည့်အနေနှင့် . . .

"ဟုတ်တယ် . . . ခုတလော အရမ်းမေ့, မေ့နေသလိုပဲ၊ ကိုယ်ထမင်းစားပြီးမှန်း ကိုယ်မသိအောင် ဖြစ်လာတယ်"

"ဦးလေးခင်က လေးလေးကို ကြည့်ထိန်းပေးပါဦး"

"ဦးလေးခင် သူ့ကို ဂရုစိုက်ပါတယ်ကွယ်၊ ဦးလေးခင် မသိဘဲ အရက်တွေ ယူမသောက်မိအောင် သတိထား ကြည့်ပါတယ်"

ထိုသို့ သူမနှင့် ဦးလေးခင်တို့ စကားပြောဆိုနေကြစဉ် . . . "ကိုခင် . . . ကိုခင်" ဟု လေးလေး၏ ခေါ်သံကိုကြားလိုက်ရသည်။ ထို့ကြောင့် နှစ်ယောက်သား နောက်ကျောဘက်ဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

ထင်မှတ်ထားသည့်အတိုင်းပင် နောက်ကျောဘက် တံခါးပေါက်မှ လေးလေး လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။ ကြည့်ရသည်မှာ

http://www.cherrythitsar.org


စောစောစီးစီး ရေချိုးမှန်နေသည့် အသွင် ရှိ၏။ ယိုင်တိယိုင်တိုင်နှင့် အခန်းထဲသို့ ဝင်လာပြီး . . .

"အော် . . . ကိုခင်က ဧည့်သည်နဲ့ စကားပြောနေတာကိုး"

ဟု သူမကို အသေအချာကြည့်ပြီး လှမ်းပြောသည်။ လေးလေး၏မျက်လုံးထဲတွင် သူမကို မည်သူဟု မြင်နေသည် မသိ။

"ကျွန်တော် ထမင်းချက်လိုက်ရတော့မလား၊ အဲဒါ လာမေးတာ"

"ဟာ . . . အစောကြီး ရှိပါသေးတယ် ကိုထွေးရာ၊ ထမင်းချက်ရတော့မယ်ဆိုရင် ငါလာပြီး ပြောမှာပေါ့"

"ဟုတ်ပြီ၊ အဲဒါဆိုရင် ကျွန်တော် ခဏပြန်အိပ်လိုက်ဦးမယ်"

ဦးလေးခင်က လှည့်ထွက်သွားသော လေးလေးကို သူမ ရောက်နေသည့်အကြောင်း ပြောရန်ဟန်ပြင်လိုက်သည်။

"ကိုထွေး . . . ဒီမှာ . . . " ဟုပဲ ပြောရသေးသည်။ သူမက လက်ကာပြပြီး ဟန့်တားလိုက်သဖြင့် ထိုစကားလုံးနှင့်ပင် ပြီးဆုံးသွားလေ၏။

ဤအချိန်၌ လေးလေးကို ဘာမှပြော၍ဆို၍ ရမည့်ပုံ မရှိချေ။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၁ ■

သူမ၏အထည်ဆိုင်က မြို့၏အချက်အချာဖြစ်သော ဈေးရှေ့တွင် ဖြစ်သည်။ နှစ်ထပ်တိုက်တန်းလျား၏ အောက်ထပ်တွင် အခန်းကျယ်ဖွင့်ထားသည်။ ဤသည်မှာ ဖေဖေ၏ သဘောတူညီချက်အရ သူမစိတ်တိုင်းကျ လုပ်ကိုင်ခဲ့သည့် တစ်ခုတည်းသောလုပ်ငန်း ဖြစ်သည်။

နံနက်ကိုးနာရီ ဆိုင်ဖွင့်ချိန်မှစပြီး ညနေရှစ်နာရီအထိ ဤဆိုင်မှာပဲ သူမ, ရှိနေတတ်သည်။ ဤဆိုင်က သူမ၏သိုက်မြုံ။ သူမ၏ခိုနားရာ။

ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဆိုင်တွင် ခန့်အပ်ထားသည့်အရောင်းဝန်ထမ်းမိန်းကလေးများက ပြေးလာ၍ ကြိုကြသည်။ "မမ ရန်ကုန်မှာ အလုပ်အဆင်ပြေရဲ့လား" "မမ နည်းနည်းပိန်သွားသလိုပဲ" "မမ ကားဝယ်ခဲ့တယ်ဆို" စသည်ဖြင့် တစ်ယောက် တစ်ပေါက်ဝိုင်းမေးကြတော့သည်။

"အလုပ်တွေ အဆင်ပြေပါတယ်၊ ကားလည်း ဝယ်ဖြစ်ခဲ့တယ်၊ နောက်လေးငါးရက်ဆို ဒီကို ရောက်လာလိမ့်မယ်၊ မမရဲ့အသိမိတ်ဆွေက တာဝန်ယူပြီး ပို့ပေးမှာ . . .၊ မမက ရိုးမလမ်းက မသွားချင်ဘူး၊ အဲဒါကြောင့် ကားကို သူတို့ပဲ မောင်းလာကြလိမ့်မယ်၊ ကားရောက်

http://www.cherrythitsar.org


လာရင် တို့တွေ ဆိုင်ကို တစ်ရက်နှစ်ရက်ပိတ်ပြီး ဘုရားဖူးထွက်ကြ တာပေါ့"

ဟု သူမပြောလိုက်သည့်အခါ အားလုံးပျော်ရွှင်စွာ အော်ဟစ်ကြသည်။

❖ ❖ ❖ ❖

# - ၆ -

အိမ်ဖော်ကောင်မလေးကို ဦးလေးခင်အတွက် ကော်ဖီ ဖျော်လာခဲ့ရန် မှာကြားလိုက်သည်။ ထို့နောက် သူမသည် ဦးလေးခင်အား မျက်နှာချင်းဆိုင်လိုက်ပြီး . . .

"ဘာကိစ္စ ပြောစရာရှိလို့ လာခဲ့တာလဲ . . . ဦးလေးခင်"

ဟု မေးလိုက်သည်။ ဦးလေးခင်က လည်ချောင်းရှင်းသလို ချောင်းတစ်ချက် ဟန့်လိုက်ပြီး . . .

"ဒီလို မဆွေ . . . ဒီမှာလာပြီး ရေလုပ်ငန်း လုပ်နေတဲ့ ကုမ္ပဏီတစ်ခုက ဦးလေးခင်တို့ စားသောက်ဆိုင်နေရာကို အရမ်းသဘောကျနေကြတယ်၊ အဲဒါ မယုံကြည်နိုင်လောက်အောင် ဈေးပေးပြီး ဝယ်ချင်တယ်လို့ ပြောလာတယ်"

"ကျွန်မ ဖေဖေဆုံးကတည်းက လာဝယ်ကြတဲ့လူတွေ အများကြီးပဲ၊ ဘယ်သူ့ကိုမှ မရောင်းခဲ့တာ ဦးလေးခင် အသိပဲ မဟုတ်လား"

"သိပါတယ်ကွယ် . . . ဒါပေမယ့် အခု သူတို့ပေးတဲ့ ဈေးက အရင်ကလူတွေပေးတဲ့ဈေးထက် အရမ်းကို များနေတယ်လေ၊ သူတို့က ဒီမြို့ကဈေးနှုန်းနဲ့ မစဉ်းစားဘဲ ပေးဝယ်ကြတာ၊ နောက် . . . ဒီဈေးမျိုး မရနိုင်ဘူးလို့ ပြောနေကြတယ်၊ အဲဒါကြောင့် ဦးလေးခင်

http://www.cherrythitsar.org


မဆွေကို လာပြီး အကြောင်းကြားတာပါ”

“သူတို့ပေးတဲ့ဈေးက ဒီမြို့မှာ မရှိတဲ့ဈေးဆိုတာ ကျွန်မ သိပါတယ် . . . ဦးလေးခင်၊ အခွင့်အရေးကြုံကြိုက်တုန်း ရောင်းသင့်တာလည်း အမှန်ပါပဲ၊ ဒါပေမယ့် ဒီဆိုင်နဲ့ ဒီအိမ်ယာနဲ့ ပိုင်ဆိုင်သမျှကို ကျွန်မစိတ်ထဲမှာ ကျွန်မပိုင်တယ်လို့ကို မထင်ဘူး၊ ကျွန်မက ယာယီသဘောနဲ့ ထိန်းသိမ်းထားတယ်လို့ပဲ ယူဆတယ်၊ တကယ့်ပိုင်ရှင်ဖြစ်တဲ့လူ ရောက်မလာသေးသရွေ့ ကျွန်မ ဘာကိုမှ မရောင်းနိုင်ဘူး”

ဝရန်တာပေါ်မှ ကျော်လွန်၍ ကမ်းခြေဘက်သို့ သူမ ငေးကြည့်မိသည်။ လှိုင်းခေါင်းဖြူများက တလိမ့်လိမ့် ပြေးတက်လာနေ၏။

“မဆွေရဲ့သဘောထားကို ဦးလေးခင် လေးစားပါတယ်၊ တကယ်ဆိုရင် ဒီဆိုင်မရောင်းရ . . . ဘာဖြစ်လဲ၊ ဦးလေးခင် အလုပ်မြဲနေမှာပေါ့၊ ဒီကုမ္ပဏီဝယ်လို့ကော ဦးလေးခင်တို့ကို အလုပ်ပြန်ခန့်မှာမှ မဟုတ်တာ၊ ဦးလေးခင်က ဒီဆိုင်ကို ဦးစီးနေတဲ့ မဆွေကို အားနာလို့ပါ၊ မဆွေက မိန်းကလေး၊ ဒီဆိုင်နဲ့ ဘယ်လိုမအပ်စပ်ဘူး မဟုတ်လား၊ ဦးလေးခင် ပွင့်ပွင့်လင်းလင်းပြောရရင် မဆွေ အိမ်ထောင်ပြုလိုက်တာ ကောင်းတယ်၊ ဒါမှ ယောကျ်ားသားတစ်ယောက်က ဒီဆိုင်အလုပ်ကို ဦးစီးနိုင်မှာ”

သူမ သဘောကျစွာ ရယ်မောလိုက်သည်။

“ဒါနဲ့ မဆွေရဲ့အစ်ကိုရဲ့သတင်းကော ဘာတွေကြားခဲ့သလဲ၊ ဒီလောက် ဆယ့်သုံးလေးနှစ်ကြာတဲ့အထိ သတင်းအစအန မရတာလူ့လောကမှာ ရှိမှရှိသေးရဲ့လား၊ ဦးလေးခင်ကတော့ တစ်နေရာရာမှာ သေသွားပြီလို့ထင်တယ်”

“ကျွန်မ ဒီလိုအတွေးမျိုး ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး၊ သတင်း

http://www.cherrythitsar.org


အတိအကျ ခိုင်ခိုင်လုံလုံ မရသေးသရွေ့ ကျွန်မ မယုံကြည်ပါဘူး”

သူမ ထိုင်နေရာမှထပြီး ဝရန်တာလက်တန်းတွင် သွားရပ်နေလိုက်၏။

http://www.cherrythitsar.org

## ■ ၁၀ ■

ည . . . ကိုးနာရီခန့်တွင် ရန်ကုန်မှ ကိုစိုးစိုးက ဖုန်းလှမ်းဆက်သည်။

“ဟဲလို . . . မဆွေ နေကောင်းတယ်နော်”

“ဟုတ်ကဲ့ရှင့် . . . ဒါနဲ့ ကိုစိုးစိုးကော . . . ”

“ကျွန်တော် နေကောင်းပါတယ်ဗျာ၊ မဆွေက ကိုယ့်မြို့ကို ပြန်ရောက်သွားပြီဆိုတော့ မေ့များမေ့သွားပြီလားလို့”

“အဲဒီလိုသဘောမျိုး မဟုတ်ပါဘူး၊ ကျွန်မ ဖုန်းမဆက်တာက ကားပို့ပေးမယ့်ကိစ္စကို လောတယ်ထင်မှာ စိုးလို့ပါ . . . တကယ်ပါ၊ ကျွန်မ အားလုံး သတိရပါတယ်”

ကိုစိုးစိုး၏ခပ်အုပ်အုပ်ရယ်မောသံကို ကြားလိုက်ရ၏။

“အခု . . . ဖုန်းဆက်တာလည်း ကားကိစ္စပါပဲ . . .၊ မဆွေရဲ့ ကားကို ကျွန်တော် ပို့ပေးလိုက်ပြီ၊ မနက်ဖြန်လောက် ရောက်လိမ့်မယ် ထင်တယ် . . . ”

“ဘယ်လိုပို့လိုက်တာလဲ . . . ကိုစိုးစိုး” ဟု သူမ အံ့ဩ ဝမ်းသာစွာဖြင့် မေးလိုက်သည်။

“ကျွန်တော် ရိုးမအထက်ထိ လိုက်ပို့ပေးလိုက်တယ်၊ အဲဒီကားကို မောင်းလာမယ့်လူက ဂျင်မီတဲ့၊ မဆွေ မှတ်ထားနော် . . .၊ သူက

http://www.cherrythitsar.org


တခြားမဟုတ်ဘူး၊ ကားပွဲစားကိုကျော်ဦးရဲ့ တပည့်တစ်ယောက်ပဲ . . ."

"ဟင် . . ."

"မဆွေ အံ့ဩသွားမယ်ထင်တယ်"

"ဟုတ်တယ်၊ ဘယ်လိုဖြစ်ပြီး ကိုကျော်ဦးနဲ့ ပတ်သက်ရတာလဲ"

"ဒီမှာတော့ ဒီလိုပါပဲ . . .၊ ကားဝယ်တဲ့ကိစ္စတုန်းက ကိုကျော်ဦးကို ကျွန်တော် မကြိုက်တာအမှန်ပဲ၊ ဒါပေမယ့် ဒီလို လမ်းကြမ်းတွေ . . . ခရီးဝေးတွေ မောင်းပို့ပေးမယ့်လူက ရှာရတာမလွယ်ဘူး၊ သူတို့ပဲ နယ်စပ်တွေ ကားပို့ပေးနေကျ မဟုတ်လား၊ သူတို့ဆီမှာ ဒရိုင်ဘာ ကောင်းကောင်းက ရှိတာ၊ ဒီတော့ ပြန်ပြီး ပတ်သက်ရတာပေ့ါ၊ ဒါပေမယ့် စိတ်ချ . . . ကျွန်တော် ရိုးမအထက်ထိ လိုက်ပို့ပေးလိုက်တယ် . . . သူတို့က ကားကို ဂရုတစိုက်နဲ့ ခပ်ဖြည်းဖြည်းမောင်းကြမှာဆိုတော့ မနက်ဖြန်လောက် ရောက်လာလိမ့်မယ်၊ လမ်းက ကြမ်းတယ်လေ၊ ကားမနာအောင် ဒီလိုပဲ မောင်းရတယ်"

"ကျွန်မ နားလည်ပါပြီ ကိုစိုးစိုး၊ အခုလို ကူညီတဲ့အတွက် ကျေးဇူးပဲနော်"

"ကျေးဇူးဆိုတဲ့စကားပဲ လက်ခံတယ်နော်၊ အကျိုးတွေ ဘာတွေတော့ ဝယ်မပို့လိုက်နဲ့ဦး"

ဟု ကိုစိုးစိုးက ပျော်ရွှင်စွာ နောက်လိုက်သေးသည်။

သူမ ရှက်ရယ်, ရယ်လိုက်မိ၏။

"ဂျင်မီရောက်လာရင် ကားပို့တဲ့စရိတ်ပဲ ပေးလိုက်၊ သူ့ဘာသာသူ ပြန်သွားလိမ့်မယ်၊ အော် . . . ဂျင်မီနဲ့အတူ နောက်တစ်ယောက်လည်း ပါသေးတယ်၊ သူက ကိုကျော်ဦးရဲ့ သူငယ်ချင်းပဲ၊ သူက လမ်းကြုံလိုက်လာတာ၊ ကားနဲ့ ဘာမှ မပတ်သက်ဘူး"

http://www.cherrythitsar.org


"ဟုတ်ကဲ့" ဟု ပြန်ပြောရင်း ဆံပင်ရှည်နှင့်လူကို ဖျတ်ခနဲ မြင်ယောင်မိသည်။

ကိုကျော်ဦး၏ သူငယ်ချင်းဆိုသည်မှာ ဒီလူပဲဖြစ်မလားမသိ။ ကိုစိုးစိုးအား မေးမြန်းကြည့်ရန်ကိုမူ သူမ စိတ်မကူးပါ။ တော်ကြာ ကိုစိုးစိုးက တစ်မျိုးထင်မြင်နေဦးမည်။

ထိုညက သူမ၏အတွေးထဲတွင် ထိုလူရောက်လာ၏။

❖ ❖ ❖ ❖

http://www.cherrythitsar.org

## ■ ၁၁ ■

အတွေးထဲမှ ပုံရိပ်က သက်ဝင်လှုပ်ရှားလာသကဲ့သို့ပင်။ ညနေခင်း ဝင်လုဆဲနေ၏ နီစွေးစွေးအလင်းရောင်က သူ့မျက်နှာပေါ် ရိုက်ခတ်နေသည်။ အင်္ကျီနှင့်ဆံပင်တို့တွင် ဖုန်အလိမ်းလိမ်း ကပ်ငြိနေသည်။

ဖေဖေရှိစဉ်က ညနေခင်း ခုံနှင့် ဆင်းထိုင်နေတတ်သည့် အုန်းပင်အနီးတွင် ထိုလူ ရပ်နေပြီး ပင်လယ်ဘက်ဆီသို့ လှမ်းကြည့်နေ၏။

ခြံဝင်းထဲသို့ ကားဝင်လာသည်နှင့် အိမ်ဖော်ကောင်မလေးက သူမကို လာ၍အကြောင်းကြားသည်။ ထို့ကြောင့် သူမ လုပ်လက်စ အလုပ်ကို ထားရစ်ခဲ့ပြီး ထွက်ကြည့်မိ၏။ ရိုးမလမ်းကြမ်းကို ဖြတ်မောင်းလာခဲ့သဖြင့် ကားမှာ ဖုန် အထပ်ထပ်နှင့်။ နဂိုအဖြူရောင်ပင် ဝါကျင်ကျင်ဖြစ်ချင်နေ၏။

ကားကို မောင်းလာသည့်သူက သူပဲဖြစ်သည်။

သူ၏နံဘေးတွင် အဖော်တစ်ယောက် ပါလာ၏။ အသား မည်းမည်း၊ ဆံပင်ကောက်ကောက်နှင့် ပါးစပ်က ကွမ်းဝါးလျက်ဖြစ်၏။

ကားက အိမ်ရှေ့နား အုန်းပင်ကြားတွင် ရပ်တန့်ပြီး သူတို့ ဆင်းလာကြ၏။ အဦးဆုံး သူ့အကြည့်က သူမဆီသို့ ရောက်လာ၏။ အကြည့် သည် ရင်းနှီးသိကျွမ်းသည့်အရိပ်အသွင်ကို ဆောင်သည်

http://www.cherrythitsar.org


ထင်၏။ ယခင်လို စိမ်းသည့်အကြည့် မဟုတ်။

"ဒီက ကိုစိုးစိုး ကားပို့ခိုင်းလိုက်တဲ့ ကိုဂျင်မီ ထင်ပါတယ်နော်" ဟု သူမက ပျူငှာစွာ နှုတ်ဆက်လိုက်သည်။

"ဂျင်မီက သူပါ . . ."

သူက အသားမည်းမည်း၊ ဆံပင်ကောက်ကောက်နှင့် လူကို လက်ညှိုးထိုးပြသည်။

"ကျွန်တော် ဂျင်မီပါ၊ ကိုစိုးစိုး ကားပို့ခိုင်းလိုက်တဲ့လူပါ၊ ဒီကားက ဒေါ်လှလွန်းဆွေရဲ့ကားလို့ ပြောလိုက်ပါတယ်"

သူမ အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ . . .

"လှလွန်းဆွေဆိုတာ ကျွန်မပါ . . ."

ထိုအခါတွင် ဂျင်မီဆိုသည့်လူက အံ့အားသင့်ဟန်ဖြင့် . . .

"အား . . . ကိုစိုးစိုးက နောက်တယ်ဗျာ၊ ကျွန်တော် ဒေါ်လှလွန်းဆွေဆိုတာ လူကြီးတစ်ယောက်မှတ်လို့၊ ဒီလို ငယ်ငယ်ရွယ်ရွယ်လေးကို ဒေါ် . . . တပ်ပြီး ပြောရတယ်လို့၊ တော်တော်ဆိုးတာပဲ . . ."

သူမ တစ်ချက်ပြုံးလိုက်ပြီး . . . "ကဲ . . . ကိုဂျင်မီတို့ အိမ်ထဲ ဝင်ပါဦး၊ အအေးလေး တိုက်ရအောင်၊ ပြီးတော့ ကျသင့်ငွေ ပေးတာပေါ့" ဟု ယဉ်ကျေးစွာ ဖိတ်ခေါ်လိုက်၏။ သူတို့အိတ်များ ဆွဲချနေစဉ် သူမ အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။

ငွေယူပြီး ပြန်ထွက်လာသည့်အခါ ကိုဂျင်မီတစ်ယောက်တည်း ဧည့်ခန်းထဲတွင် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

"နောက်တစ်ယောက်ရော ဒီကိုခေါ်လိုက်ဦးလေ . . ."

"သူ အပြင်ကပဲ စောင့်နေမယ်လို့ ပြောပါတယ်၊ သူက လမ်းကြုံလို့ အဖော်လိုက်လာတာပါ၊ ကားပို့တာနဲ့ မပတ်သက်ပါဘူး"

http://www.cherrythitsar.org


"အော် . . . ရှင်တစ်ယောက်တည်း ငွေရှင်းပေးရမယ်ပေါ့"

"ဟုတ်ပါတယ်"

သူမက ကားပို့စရိတ်အပြင် နောက်ထပ် ငွေငါးထောင် အပိုပေးလိုက်သည့်အခါ ကိုဂျင်မီ ဝမ်းသာအားရနှင့် ကျေးဇူးတင်တော့သည်။

"ကားက ဘာမှ အထိအခိုက်မရှိပါဘူး၊ လမ်းမှာ ကျွန်တော် သတိထားပြီး ဖြည်းဖြည်းချင်း မောင်းလာတာပါ၊ ဒေါ်လှလွန်းဆွေ စစ်ဆေးနိုင်ပါတယ်၊ ကားက ဖုန်တွေနဲ့မို့ ညစ်နေတယ်၊ ရေဆေးလိုက်ရင် သန့်သွားမှာပါ"

ကိုဂျင်မီက နှုတ်ဆက်စကားပြောပြီး အိတ်ကိုကောက်ယူလိုက်၏။ သူမက တံခါးဆီထွက်ပြီး ထိုလူကို ရှာဖွေကြည့်လိုက်၏။

ထိုလူသည် အုန်းပင်ကို ကျောမှီရပ်ပြီး ခြံဝင်းအနှံ့ ကြည့်နေသည်။ ကျနေ၏ ပုဇွန်ဆီအသွေးက ခြံဝင်းကို ဆေးချယ်ထားသကဲ့သို့ ဖြစ်နေ၏။ ဤအချိန်သည် အလှဆုံးအချိန်ဖြစ်၏။ ပင်လယ်လေနှင့် ပင်လယ်ရနံ့က လူကို လန်းဆန်းသွားစေသည်။

သူမ သိလိုစိတ်ကို ချိုးနှိမ်မရတော့ဘဲ . . .

"ကိုဂျင်မီ . . . သူက ဘယ်သူလဲ" ဟု မေးကြည့်လိုက်မိသည်။

"ကိုနိုင်ကြီးကို မေးတာလား၊ သူက ကိုကျော်ဦးရဲ့ သူငယ်ချင်း၊ ဒါပေမယ့် သူက ကိုကျော်ဦးတို့လို ကားပွဲစားမဟုတ်ဘူး၊ သင်္ဘောသားတစ်ယောက်ပဲ"

ထို့နောက် ကိုဂျင်မီက သူ့ကိုလှမ်းခေါ်ပြီး နှစ်ယောက်သား ထွက်သွားကြသည်။ အိတ်ကို ညာလက်နှင့်ဆွဲကိုင်ထားသည့် သူ့ပုံစံကို ဂရုတစိုက် ကြည့်နေမိ၏။

❖ ❖ ❖ ❖ ❖

# ■ ၁၂ ■

ည . . . ကိုးနာရီခန့်တွင် ကိုစိုးစိုးဆီသို့ ဖုန်းဆက်လိုက်သည်။ ကားရောက်လာပြီဖြစ်ကြောင်း အသိပေး ပြောကြားလိုက်သည်။ ထို့နောက် ကော်ဖီတစ်ခွက်ဖျော်ပြီး စာဖတ်ရန် ပြင်ဆင်လိုက်သည်။

ည၏တိတ်ဆိတ်ခြင်းကြောင့် စိတ်အာရုံတို့ ပျံ့လွင့်နေချင်သည်။

စာအုပ်ထဲသို အာရုံရောက်အောင် ကြိုးစားနေစဉ်မှာပင် ဖုန်းမြည်သံ ကြားလိုက်ရ၏။ ဘယ်က ဆက်သည်မသိ။ ညဖက်တွင် သူမဆီသို့ ဖုန်းဆက်မည့်သူ မရှိ။ ဖုန်းမှားပြီ ထင်၏။ ဖုန်းကောက်ကိုင်လိုက်ပြီး . . . "ဟဲလို. . ဘယ်က ဆက်တာပါလဲရှင်" ဟု မေးလိုက်သည်။

"မဆွေ . . . ဦးလေးခင်ပါ" ဟု ဦးလေးခင်၏အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် စိတ်ပူသွားသည်။ စားသောက်ဆိုင်ဆိုသည်က ညဖက်တွင် သောက်ကြစားကြသူများကြောင့် ပြဿနာ ဖြစ်တတ်သည်။ သေးသေးမွှားမွှား ပြဿနာဆိုလျှင် သူမကိုပင် အသိမပေးဘဲ ဦးလေးခင် ကိုင်တွယ်ဖြေရှင်းတတ်ပါသည်။ ယခုလည်း ဘာပြဿနာ တက်နေပြီ မသိ။

"ဆိုင်မှာ ဘာဖြစ်လို့လဲ ဦးလေးခင်" ဟု အလောတကြီး မေး

http://www.cherrythitsar.org


လိုက်သည်။

"ဆိုင်မှာ ဘာမှမဖြစ်ပါဘူး၊ ဒီမှာ မဆွေရဲ့လေးလေးက မူးပြီး ရစ်နေလို့ . . . "

"ဒုက္ခပါပဲ . . . လေးလေးက ပြဿနာပဲ"

တစ်ဖက်က စိတ်အေးရပေမယ့် လေးလေး ဘာလုပ်သည်ကို သိချင်နေသည်။

"သူက မဆွေဆီကို ဖုန်းဆက်မယ်လုပ်နေတယ်၊ ဖုန်း မဆက်ရရင် ဒီအတိုင်းသွားမယ်လို့ ပြောနေလို့၊ ဒီအချိန်ဆို လမ်းကလည်း မှောင်နေပြီ၊ ပြီးတော့ သူကလည်း မူးနေတော့ မဖြစ်ဘူး၊ ဦးလေးခင် မလွှတ်ရဲဘူး၊ အဲဒါကြောင့် ဖုန်းဆက်ရတာပဲ . . . "

"လေးလေးက ဘာပြောချင်လို့လဲ"

ဟု သူမ စိတ်ညစ်ညစ်နှင့်ပြန်မေးလိုက်သည်။

"သူ့တူ နိုင်ဇော် ပြန်ရောက်နေပြီတဲ့၊ အဲဒါ မဆွေကို ဒီည အသိပေးမှဖြစ်မယ်တဲ့၊ ဘယ်လိုလဲ သူ့ကို ဖုန်းပေးလိုက်ရမလား၊ သူ ဒီမှာ ရပ်စောင့်နေတယ်"

နိုင်ဇော် ရောက်နေပြီဆိုသဖြင့် ရုတ်တရက် ရင်ထဲတွင် လှုပ်ရှားသွားသည်။ သို့ရာတွင် လေးလေးလို ဆိုင်ထဲက ဆိုင်ပြင်မထွက်ဘဲ အချိန်ရှိသရွေ့ မူးနေသည့် လူတစ်ယောက်က ဘယ်လိုလုပ်ပြီး သိရသည်လဲ။

မဖြစ်နိုင်။ လေးလေး တရားလွန် မူးနေပြီ ထင်သည်။

"ဒီမှာ ဖုန်းတောင်းနေတယ် . . . မဆွေ၊ ဘယ်လိုလုပ်ရမလဲ"

သူမ စိတ်တိုတိုနှင့် . . . "ပေးလိုက်ပါ . . . " ဟု ခပ်ဆတ်ဆတ်ပြောလိုက်မိသည်။

http://www.cherrythitsar.org


ထို့နောက် ဖုန်းထဲမှ "သမီးလား" ဟု လေးလေး၏ လှမ်းမေးသည့်အသံကို ကြားရသည်။ လေလုံးက သိပ်မကွဲချင်။ ရေချိန်လွန်နေသည့် အသံ။

"ဟုတ်ပါတယ်၊ လေးလေး ဘာပြောချင်လို့လဲ၊ ဒီလို အချိန်မတော်ကြီး တစ်ခါမှ ဖုန်းမဆက်ဖူးပါဘူး"

"သမီးရေ . . . အံ့ဩစရာကြီးကွာ၊ တူကြီးလေ လေးလေးဆီ ရောက်လာတယ်၊ တူကြီးက လေးလေးကို အရက်တွေဘာတွေ တိုက်သွားသေးတယ်၊ ဘယ်လိုလဲ သမီး ဝမ်းမသာဘူးလား"

သူမ ဝမ်းမသာနိုင်ပါ၊ စိတ်ညစ်နေသည်။

"လေးလေး ဘယ်သူ့ကို ပြောနေတာလဲ"

"သမီးရေ . . . တူကြီးက အရင်ကအတိုင်းပဲ၊ လေးလေးကို အရမ်းချစ်တာ သိလား၊ ခုလိုတွေ့လိုက်ရ တော့ လေးလေး တူကြီးကို ဖက်ပြီး ငိုမိတယ်၊ စကားတွေလည်း ပြောကြတယ်၊ အဲဒါ သမီးကို ပြောချင်လို့၊ အခု . . . တူကြီးက အိမ်ကိုရောက်နေပြီလား"

သူမ,မေးသည့် မေးခွန်းကို မဖြေဘဲ ပြောချင်ရာ လျှောက်ပြောနေသည်။

"လေးလေး ဘာတွေ ပြောနေတာလဲ၊ အိမ်ကို ဘယ်သူမှ ရောက်မလာဘူး၊ လေးလေးမူးရင်လည်း အိပ်ပါတော့လား"

"သမီးရေ . . . တူကြီး အိမ်ပြန်ရောက်နေပြီလား"

"လေးလေး . . ." ဟု သူမ အော်လိုက်သည်။

"သမီးရေ . . . တူကြီး အိမ်ပြန်ရောက်နေပြီလား၊ လေးလေး ဝမ်းသာတယ်ကွာ၊ ခုလို . . . တို့တွေ မသေလို့ ပြန်ဆုံရတာကိုလေ"

"လေးလေး . . . တော်ပြီ၊ ဖုန်းချလိုက်တော့မယ်၊ နောက်ထပ်

http://www.cherrythitsar.org


ဖုန်းမဆက်နဲ့” ဟုဆိုကာ ဖုန်းကို စိတ်ပျက်လက်ပျက်နှင့် ချလိုက်မိ သည်။

လေးလေးက ပြဿနာပဲ။ မည်သို့ ထိန်းသိမ်းရမည် မသိ။ ဤပုံစံ အတိုင်း ဆက်သွားလျှင် လေးလေး အသက်တိုတော့မည် ထင်၏။ မနက်ဖြန် လေးလေး အိပ်ရာကထသည့် အချိန်တွင် ပြောစရာရှိတာ သွားပြောရမည်။ သတိပေးတန် ပေးရမည်ဟု စိတ်ကူးမိသည်။

လေးလေး၏စိတ်ထဲတွင် သူ့တူ . . . ကိုနိုင်ဇော် ပြန်ရောက်နေ ပြီဟု အထင်မှားခြင်းဖြစ်နေသည်မှာ ကောင်းသောလက္ခဏာ မဟုတ် ချေ။ အတွေးမှား၊ အမြင်မှားတွေ ဖြစ်ပြီး သတိလွတ်သွားမှာ စိုးရိမ် ပူပန်မိသည်။

❖ ❖ ❁ ❖ ❖

# ■ ၁၃ ■

ဖေဖေသည် ဤအိမ်၌ သူမ နေပျော်စေရန်အတွက် အဝတ်အစား၊ အသုံးအဆောင်တို့နှင့် ရေဒီယိုကက်ဆက်၊ ဗီဒီယိုပြစက် စသည်ဖြင့် လိုအပ်သရွေ့ ဝယ်ယူဖြည့်ဆည်းပေးခဲ့သည်။ ထို့အပြင် သူမရင်ထဲ၌ ကွက်လပ်ဖြစ်နေသော မေတ္တာကိုလည်း ပေးခဲ့ပါသည်။

သူမ စိတ်ဝင်စားနေသည်က ဖေဖေ၏အိပ်ခန်းထဲရှိ ဓါတ်ပုံများနှင့် အိမ်ရှေ့ဧည့်ခန်းဗီရိုထဲမှ ဓါတ်ပုံတို့ ဖြစ်သည်။

ဖေဖေနှင့်အတူ အမျိုးသမီးတစ်ယောက်၏ပုံ။ ပြီးတော့ ရင်ခွင်ပိုက်ကလေးငယ်နှင့်ပုံ။ သူမနှင့် သက်တူရွယ်တူ ယောကျ်ားလေး ဓါတ်ပုံ။ နောက် . . . သူမထက် အသက်ကြီး၍ လူပျိုအရွယ်ပုံတို့ ဖြစ်၏။

ဖေဖေက သူမ၏ပခုံးကို ပွေ့ဖက်ပြီး ရှင်းပြခဲ့သည်။

"အဲဒါ ဖေဖေ့ရဲ့ဇနီး၊ ဒီယောကျ်ားလေးကတော့ ဖေဖေ့ရဲ့သား၊ ဖေဖေ့မှာ သမီးအရင်က ဒီသားတစ်ယောက်တည်း ရှိတာ၊ ခုတော့ နှစ်ယောက်ပေါ့"

"သူတို့လည်း ဒီအိမ်မှာ မတွေ့ပါလားဖေဖေ"

"ဘယ်တွေ့မလဲ သမီးရဲ့၊ ဖေဖေ့ဇနီးက ဆုံးသွားတာ ကြာပြီ

http://www.cherrythitsar.org


လေ၊ သားကြီးက ရန်ကုန်မှာ ကျောင်းတက်နေလေရဲ့၊ သားရဲ့ နာမည်က နိုင်ဇော်လို့ခေါ်တယ်၊ သမီးမှတ်ထားရမယ်နော် . . .၊ သမီးရဲ့အစ်ကိုလို သဘောထားရမယ် ဟုတ်လား"

"ဟုတ်ကဲ့"

"သားကြီးကလည်း သမီးနဲ့ ဘဝချင်းတူတယ်၊ သူ့အမေက လည်း သူခပ်ငယ်ငယ်ကတည်းက ဆုံးသွားလို့ အမိမဲ့သား ဖြစ်ခဲ့ရ တယ်၊ ဘဝဆိုတာ ဒီလိုပါပဲကွယ်၊ ကိုယ်ဖြစ်ချင်သလို ဘယ်ဖြစ်ပါ့မလဲ၊ ဒါပေမယ့် သားတို့သမီးတို့မှာ ဖေဖေတစ်ယောက်လုံး အနီးမှာ ရှိနေ တာပဲ မဟုတ်လား၊ ဘာမှ အားငယ်စရာ မလိုပါဘူး"

ဖေဖေက သူမ၏ ခေါင်းကို ခပ်ဖွဖွ နမ်းလိုက်သည်

❖ ❖ ❖

သူမ ကျောင်းဆင်းကျောင်းတက်ကို ကြိုပို့ပေးရသည့်လူမှာ လေးလေး ဖြစ်သည်။

ဖေဖေက ကိုထွေးဟုပဲ ခေါ်သည်။

ထိုစဉ်က သူမအတွက် စကားပြောဖော်အရဆုံးလူမှာ လေးလေး ပဲဖြစ်သည်။ သိချင်၍ မေးသမျှကို ဖြေတတ်သည်။ ညနေခင်းဆိုလျှင် လေးလေးက အရက်ထွေထွေနှင့် သူမဆီ ရောက်လာမြဲဖြစ်၏။ နှစ်ယောက်သား ကမ်းခြေသောင်ပြင်တွင် ဆော့ကစားသည့်အခါ ကစား၊ ထိုင်၍ စကားပြောသည့်အခါ ပြောနှင့် ပျော်စရာပင်။

"လေးလေးက သမီးနဲ့ ဘာတော်သလဲ"

http://www.cherrythitsar.org


"ဦးလေးတော်တာပေါ့ သမီးရဲ့"

"ဒီလိုဆိုရင် ဖေဖေနဲ့ ဘယ်လိုတော်တာလဲ"

"လေးလေးက သမီးဖေဖေရဲ့ ယောက်ဖတော်တယ်"

"ယောက်ဖ . . ."

"ကဲ . . . သမီးနားလည်အောင် လေးလေးရှင်းပြမယ်၊ သမီးဖေဖေမှာ မိန်းမရှိတယ် မဟုတ်လား၊ ဧည့်ခန်းထဲက ဓါတ်ပုံမှာ သမီးမြင်ဖူးမှာပါ၊ လေးလေးက အဲဒီမိန်းမရဲ့မောင်လေးပေါ့"

"အင်း . . . သမီး နားလည်ပြီ၊ ဒီလိုဆိုရင် ဓါတ်ပုံထဲက ကိုနိုင်ဇော်က လေးလေးအစ်မက မွေးတဲ့သားပေါ့"

"ဟုတ်တယ်လေ . . . နိုင်ဇော်က လေးလေးရဲ့တူပေါ့ . . . သမီးရဲ့၊ သူကလည်း လေးလေးကို သမီးခေါ်သလိုပဲ လေးလေးလို့ ခေါ်တယ်"

"အော် . . . ဒါဖြင့် ကိုနိုင်ဇော်က ဒီအိမ်မှာ မနေဘဲ ဘာဖြစ်လို့ ရန်ကုန်မှာ သွားနေရတာလဲ၊ ရန်ကုန်မှာ ဘယ်သူရှိလို့လဲ၊ ဒီကနေ အဝေးကြီးလို့ ပြောတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . သမီးရဲ့၊ ရန်ကုန်ဆိုတာက အဝေးကြီးမှာ၊ ဒီကနေ လေယာဉ်ပျံနဲ့ သွားရတယ်၊ နောက်ဆိုရင် အဲဒီကို သမီးလည်း ရောက်မှာပါပဲ . . .၊ သူ ဘာဖြစ်လို့ ရန်ကုန်မှာ ကျောင်းသွားနေရတယ်ဆိုတာပြောရင် ရှုပ်ကုန်လိမ့်မယ်၊ ဒါပေမယ့် သမီးနားလည်အောင် အတတ်နိုင်ဆုံး လေးလေးရှင်းပြမယ်"

သူမ စိတ်ဝင်စားလာသဖြင့် မေးကို လက်ထောက်ပြီး နားစွင့်မိသည်။

"လေးလေးရဲ့အစ်မ ဆုံးသွားပြီးတဲ့နောက် လေးငါးနှစ်ကြာ

http://www.cherrythitsar.org


တော့ သမီးရဲ့ဖေဖေမှာ နောက်မိန်းမ ထပ်ရတယ်၊ အဲဒီမိန်းမနဲ့ နိုင်ဇော်က မတည့်ကြဘူးကွဲ့၊ အဲဒါနဲ့ နိုင်ဇော်က ရန်ကုန် ကျောင်းသွားတက်ရတယ်၊ အစကတည်းက သမီးရဲ့ဖေဖေက သားကို ပညာတတ်ကြီးဖြစ်စေချင်တော့ ဒီထက် စောစောကပဲ ရန်ကုန်မှာ ပို့ထားတာပါ၊ နောက် . . . ကျောင်းပိတ်ရက်တွေ လာရင်လည်း ခဏပါပဲ၊ ဒီနှစ်ဆယ်တန်းအောင်ပြီး သားအဖချင်း စကားများကြတယ်လို့ ကြားတယ်၊ အဲဒါနဲ့ ပြန်မလာဘူး”

“အဲဒီမိန်းမက ဖေဖေ့ရဲ့မိန်းမ မဟုတ်လား”

“ဟုတ်တယ်”

“သူ သေသွားပြီဆို . . . လေးလေး”

“ဟုတ်တယ် . . . သေတာက တစ်ယောက်၊ ဒါက နောက်တစ်ယောက်”

“ဒါဖြင့် ဘယ်မှာလဲ”

“အခု မရှိတော့ဘူး၊ သမီးရဲ့ဖေဖေနဲ့ ကွာရှင်းလိုက်ကြပြီ၊ သူက ပိုက်ဆံမက်ပြီး ယူတာကို နောက်မှသိရတယ်၊ ဒီတော့ ကွဲကြရော . . . သူလိုချင်တဲ့ပိုက်ဆံတော့ ပေးလိုက်ရတယ်”

ထိုအချိန်က လေးလေးပြောသမျှစကားကို သူမ နားမလည်ခဲ့ပါ။

သူမ သိသည်မှာ ဖေဖေနှင့် လေးလေး၊ ပြီးတော့ ဖေဖေရဲ့သား ထိုသုံးယောက်ကိုသာ ဖြစ်ပါသည်။

❖ ❖ ❖ ❖

# ■ ၁၄ ■

နံနက်ခင်းနေရောင်တန်းတို့က အုန်းပင်၏အရိပ်ကို ရှည်လျားစွာ ဆန့်ထုတ်ပေးထားသည်။ သို့ရာတွင် ဝန်းကျင်ရှိလေထုကိုတော့ ပူနွေးအောင် မတတ်နိုင်သေးပါ။ လေထုထဲတွင် အအေးငွေ့က ဝေ့ဝဲနေဆဲဖြစ်၏။

မနေ့ညက ဆေးကြောသန့်စင်ထားသဖြင့် ကား၏ အဖြူရောင်က လင်းလက်တောက်ပနေလေ၏။ ကားကို မြင်သည်နှင့် ကားလာပို့ပေးခဲ့သူ ကိုဂျင်မီနှင့် ကိုနိုင်ဆိုသည့်လူတို့ကို ဖျတ်ခနဲ သတိရလိုက်၏။

ယခုအချိန်၌ မနက်တိုင်း ရန်ကုန်သို့ ခရီးသည်တင် မှန်လုံကားများ ထွက်တတ်ပါသည်။ ကိုဂျင်မီက ဤနေ့မနက်ပင် ပြန်လိမ့်မည်ထင်သည်။ ကိုနိုင်ဆိုသည့်လူကရော ကိုဂျင်မီနှင့်အတူ ပြန်လိုက်သွားပြီလား။ ခရီးကြုံ၍ အလည်သက်သက်ပဲဆိုလျှင် တစ်ရက်နှစ်ရက်ခန့် နေချင်နေလိမ့်မည် ထင်၏။

သူမသည် ဘာကြောင့်မှန်းမသိ . . . ထိုလူအပေါ်၌ စိတ်ဝင်စားနေမိသည်။

သူမ အတွေးတို့ကို ရပ်တန့်လိုက်ပြီး၊ ကားစက်နှိုးကာ မောင်းထွက်လိုက်သည်။ ဤနေ့တော့ ကားနှင့်ပတ်သက်၍ စိတ်ပူစရာ

http://www.cherrythitsar.org


မရှိတော့။ ယခင်ကားဟောင်းနှင့်ဆိုလျှင် ဘယ်နေရာတွင် ကားစက် ပျက်မည်ကို စိတ်တထင့်ထင့်နှင့် မောင်းနေရ၏။

ကားက ခြံဝင်းမှအထွက်တွင် မျက်နှာချင်းဆိုင် ဝင်လာသည့် ဆိုက္ကားတစ်စီးနှင့် တည့်တည့်ကြီးဖြစ်သွားသည်။

ဆိုက္ကားပေါ်တွင် လိုက်ပါလာသည့်လူက လေးလေးဖြစ်နေသည်။

နီမြန်း၍ ပွယောင်းယောင်းဖြစ်နေသည့်မျက်နှာနှင့်၊ ခေါင်းကလည်း ခပ်ငိုက်ငိုက်။ စောစောစီးစီး ဤသို့ တွေ့ရလိမ့်မည်ဟု မထင်။ သေချာသည်မှာ သူမဆီသို့ လာနေခြင်းပင် ဖြစ်သည်။

ကားကိုရပ်တန့်ပြီး . . . "လေးလေး" ဟု ခေါ်လိုက်သည်။

မကြား။ နောက်တစ်ခွန်းထပ်ခေါ်လိုက်တော့မှ "ဟေ" ဟု ဆိုကာ လှည့်ကြည့်သည်။

"လေးလေး ဘယ်သွားမလို့လဲ"

"သမီးဆီကို လာတာလေ၊ ဆိုက္ကားဆရာ . . . ရပ် . . . ရပ်၊ ဒီမှာ တွေ့နေပြီ" ဟု ဆိုကာ ဆိုက္ကားပေါ်မှ ခပ်ယိုင်ယိုင် ဆင်းလာ၏။ အရက်သောက်ထားမှန်း သိသာပါသော်လည်း သိပ်ပြီး မူးသေးဟန်မတူ။

"လေးလေး ညက သမီးဆီကို ဖုန်းဆက်တာ မှတ်မိသေးလား"

"ဟေ . . . လေးလေး ဖုန်းဆက်လို့လား"ဟု ခေါင်းကုတ်ရင်း ဇဝေဇဝါနှင့် ပြန်မေးသည်။

"လေးလေး မမှတ်မိတော့ဘူး မဟုတ်လား၊ လေးလေး ဒီလိုပဲ သောက်နေမူးနေရင် ဘယ်ကောင်းပါ့မလဲ၊ လေးလေးကြောင့် စိတ်ညစ်ပါတယ်"

http://www.cherrythitsar.org


“အေးပါကွယ်၊ နောက်ကို သမီး စိတ်မညစ်စေရပါဘူး၊ လေးလေး လျှော့ပါ့မယ်”

“လျှော့မယ် . . . လျှော့မယ်နဲ့ပြောတာ ဘယ်နှစ်ခါရှိပြီလဲ၊ ဒီနေရာ ဒီအရပ်မှာ ပြေးကြည့်မှ ခင်တွယ်စရာဆိုလို့ လေးလေး တစ်ယောက်ပဲ ရှိတော့တာ”

ထိုအခါမှ လေးလေး တစ်စုံတစ်ခုကို သတိရသည့်ဟန်ဖြင့် . . .

“သမီးပြောမှ လေးလေး သတိရတော့တယ်၊ ညက လေးလေး ဆီ နိုင်ဇော်ရောက်လာတယ်၊ လေးလေးဖြင့် အံ့သြလိုက်တာ၊ သူ့ကို ရုတ်တရက် ဘယ်မှတ်မိပါ့မလဲ၊ လေးလေးတို့ မတွေ့ကြတာ ဆယ်နှစ် ကျော်နေပြီ မဟုတ်လား . . . ဒီကောင်ကြီး တကယ့်ကို လူကြီး တစ်ယောက် ဖြစ်နေပြီကွ . . . ဟိုအရင်ကပုံစံနဲ့ တခြားစီပဲ . . .”

ညက အထင်အမြင်မှားမှုသည် ဒီမနက်ထိ လေးလေး၏ စိတ် ထဲတွင် စွဲနေဟန်တူ၏။ သူမ စိတ်ပျက်စွာဖြင့် မျက်မှောင်ကျုံ့ပြီး ကြည့် နေလိုက်၏။

“သမီး နိုင်ဇော်ရောက်လာတာ ဝမ်းမသာဘူးလား၊ သူ သမီးဆီ ကို ရောက်နေပြီ မဟုတ်လား၊ အခု . . . သူ ဘယ်မှာလဲ”

“နေစမ်းပါဦး . . . လေးလေးရယ်၊ ကိုနိုင်ဇော်နဲ့ ဘယ်မှာ တွေ့ခဲ့တာလဲ၊ လေးလေး မူးမူးရူးရူးနဲ့ အထင်မှားနေပြီ ထင်တယ်”

“အားပါး . . . လေးလေး အသေအချာ တွေ့လိုက်တာ၊ စကား တွေတောင် အများကြီး ပြောလိုက်သေးတယ်”

“သမီးမေးနေတာက လေးလေး ဘယ်မှာတွေ့လိုက်တာလဲ၊ ဘယ်အချိန်တုန်းက တွေ့လိုက်တာလဲ၊ လေးလေး ဖြေလေ . . .” ဟု သူမ စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။

http://www.cherrythitsar.org


"အင်း . . . သူနဲ့တွေ့လိုက်တာ ဆိုင်မှာပဲပေါ့၊ မနေ့က ဖြစ်မယ် ထင်တယ်၊ ဘယ်အချိန်လဲဆိုတာ လေးလေး မပြောတတ်ဘူး"

တွေ့သည့်အချိန်သာမက နေ့ရက်တွေပင် မမှတ်မိဟု ဆိုမှတော့ သွားပါပြီ။ လေးလေးနှင့်ဆက်ပြီး စကားပြောဆိုနေ၍ အကြောင်းထူး လိမ့်မည် မထင်တော့။ ထို့ကြောင့် . . . "ကဲ . . . လေးလေး ကား ပေါ်တက်၊ သမီးလည်း ဆိုင်ကို သွားမှာ၊ တစ်ခါတည်း သွားရအောင်" ဟု ပြောလိုက်ရသည်။

❖ ❖ ❖ ❖

## ■ ၁၅ ■

ညနေ (၃) နာရီလောက်တွင် ဦးလေးခင်က ဖုန်းဆက်ပြီး၊ လေးလေး ပျောက်နေသည့်အကြောင်း အသိပေး တိုင်ကြားလာသည်။

"မနက်ကိုးနာရီလောက်မှာ ကိုထွေးကို လူတစ်ယောက် လာခေါ် သွားတယ်၊ အဲဒီတုန်းက ဦးလေးခင် မသိလိုက်ဘူး၊ နောက်တော့မှ ကိုထွေးကို မမြင်လို့ မေးမြန်းကြည့်တော့မှ လူတစ်ယောက် ခေါ် သွားတာလို့ သိရတယ်၊ အခုအချိန်ထိ ကိုထွေးပြန်မရောက်သေးဘူး၊ ကိုထွေးက ဆိုင်ထဲက ဆိုင်ပြင်ကို သိပ်ထွက်တဲ့လူ မဟုတ်ဘူးဆိုတာ မဆွေလည်း သိသားပဲ၊ ဒီမနက်ကစပြီး ဗွေဖေါက်လာတယ်၊ မနက်က မဆွေဆီ မပြောမဆိုနဲ့ထွက်သွားလို့ မဆွေကပဲ ကားနဲ့ပြန်ပို့ပေးခဲ့ရ တယ် မဟုတ်လား"

ပုံမှန် အသိစိတ်ရှိသည့် လူတစ်ယောက်ဆိုလျှင် ကိစ္စမရှိ။ သို့ရာ တွင် လေးလေးက အချိန်ပြည့်သောက်ပြီး မူးနေတတ်သည့်သူ။ ဦးလေးခင်က ကလေးတစ်ယောက်လို ထိန်းကျောင်းနေသဖြင့် သူမ သက်သာနေခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လေးလေးအတွက် သူမတွင် တာဝန်ရှိသည်။ လေးလေး တစ်စုံတစ်ခုဖြစ်သွားမှာကို မလိုလားပါ။ ထို့ကြောင့် . . .

http://www.cherrythitsar.org


"ဘယ်သူ မြင်လိုက်သလဲ . . . ဦးလေးခင်"

"သူတို့ကို မြင်လိုက်တာက စားပွဲထိုးကောင်လေးတစ်ယောက်ပဲ"

"လေးလေးကို ခေါ်သွားတဲ့လူကို မှတ်မိလိုက်သလား"

"ကောင်လေးကို ဦးလေးခင် သေသေချာချာ မေးကြည့်ထားပါတယ်၊ ခေါ်သွားတဲ့လူက ဆံပင်ခပ်ရှည်ရှည်နဲ့ လူရွယ်တစ်ယောက်ပဲ၊ ဘောင်းဘီဝတ်ထားတယ်တဲ့၊ သူတို့အပြောအရက အရမ်းမိုက်တဲ့ ဒီဇိုင်းနဲ့တဲ့ ဦးလေးခင် နားမလည်ဘူး"

"ကျွန်မတို့မြို့က လေးလေးရဲ့အသိမိတ်ဆွေတစ်ယောက်များလား"

"ဦးလေးခင် မပြောတတ်ဘူး၊ ဒါပေမယ့် အဲဒီလူကို တစ်နေ့က မြင်ဖူးလိုက်သလိုရှိတယ်တဲ့၊ အဲဒါနဲ့ ကောင်လေး တွေကို အနီးအနား ရှာကြည့်ခိုင်းပါသေးတယ်၊ ကိုထွေးရဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး"

"မနက် ကိုးနာရီကတည်းက ထွက်သွားတာဆိုတော့ တော်တော်ကြာပြီပဲ"

"ဟုတ်တယ်၊ အချိန်သိပ်ကြာနေလို့ ဦးလေးခင် စိတ်ပူပြီး မဆွေကို အကြောင်းကြားတာ၊ တော်ကြာ ဦးလေးခင် တာဝန်မကင်းဘူး ဖြစ်နေမယ် . . ."

"ဘယ်တတ်နိုင်ပါ့မလဲ ဦးလေးခင်ရယ်၊ လေးလေးက ကလေးတစ်ယောက်မှ မဟုတ်ဘဲ၊ ဘယ်သူက အချိန်ပြည့် မျက်လုံးဒေါက်ထောက်ကြည့်နေနိုင်မှာလဲ၊ ဒါပေမယ့် နောက်ဆိုရင်တော့ ပိုပြီး သတိထားပြီး ကြည့်ရှုပေးစေချင်တယ်"

"ဦးလေးခင် ဘာဆက်လုပ်ရမလဲ . . . မဆွေ"

http://www.cherrythitsar.org


"ကောင်လေးတစ်ယောက်လွှတ်ပြီး ရှာခိုင်းလိုက်ပါဦး၊ ဦးလေးခင်ကတော့ ဆိုင်မှာပဲ စောင့်နေပေ့ါ၊ လေးလေး ပြန်လာရင် နည်းနည်းပါးပါး ဆူပူလိုက်ပါဦး၊ ကျွန်မလည်း မြို့တစ်ပါတ်လောက် လိုက်ရှာကြည့်ဦးမယ်၊ လေးလေးရောက်လာရင် ဒီကို ဖုန်းဆက်ပြီး အသိပေးပါဦး ဦးလေးခင်၊ ဒါပါပဲ . . ."

သူမ ဖုန်းကို အလျှင်အမြန် ချပစ်လိုက်သည်။

ထို့နောက် လက်ကိုင်အိတ်ကို ကောက်ယူပြီး ထိုင်ရာမှ ထရပ်လိုက်၏။

အထည်ရောင်းနေသည့် မိန်းကလေးတွေကို အပြင်ဘက် ခဏသွားမည်ဟုပြောဆိုကာ ချက်ချင်း ထွက်လာခဲ့သည်။

❖ ❁ ❖

မြို့လယ်ကို ခဏအတွင်း ဖြတ်မောင်းလိုက်သည်။ သူမ၏ ဦးတည်ရာသည် မြို့ပြင်ဘက်၊ ချောင်းမြောင်းပေါသည့်နေရာ ဖြစ်သည်။

သူမ သိရလောက် ပြောရလျှင် . . . လေးလေးတွင် အသက်အန္တရာယ် ပေးနိုင်လောက်သည့် ရန်ငြိုးရန်စ မရှိ။ လေးလေးသည် ပျော်တတ်ရွှင်တတ်ပြီး၊ ခင်မင်စရာကောင်းသည့်လူ ဖြစ်သည်။ ဖေဖေက လေးလေးလိုမဟုတ်။ သတ္တိကောင်းပြီး မဟုတ်လျှင် ငုံ့မခံတတ်သည့် လူစား၊ ထို့ကြောင့် ဖေဖေတွင် ရန်များသည်။ မကျေနပ်သူတွေရှိခဲ့သည်။

ဤလူတွေက လေးလေးကို ဖေဖေ၏ရန်ငြိုးကြောင့် ဒုက္ခပေးချင်

http://www.cherrythitsar.org


ပေးနိုင်သည်။ လေးလေးတွင် ပစ္စည်းဥစ္စာရှိသူ မဟုတ်သဖြင့် ငွေကြေးကြောင့် ဒုက္ခမဖြစ်နိုင်ပါ။ မည်သို့ပင်ဆိုစေ ယခုအချိန်၌ လေးလေးတွင် အမုန်အမှား စဉ်းစားဆုံးဖြတ်နိုင်စွမ်း သိပ်ရှိလှသည် မဟုတ်သဖြင့် အမှားတစ်စုံတစ်ခုဖြစ်မှာ စိုးရိမ်ပူပန်မိသည်။

ချောင်းစပ်၊ ချောင်းရေပြင်ထဲနှင့် ခြုံပုတ်များ ထူထပ်သည့်နေရာများကို သူမ ကားရပ်ပြီး စေ့စေ့စပ်စပ် ကြည့်မိသည်။ တော်ကြာ မူးမူးနှင့် ရေထဲကျပြီး သေနေနိုင်သည် မဟုတ်လား။

သူမ စဉ်းစားမရသည်က လေးလေးကို လာခေါ်သွားသည့်လူဖြစ်သည်။ တွေ့မြင်လိုက်ရသည့် စားပွဲထိုးကောင်လေး၏ အပြောအရဆိုလျှင် ဤလူက လေးလေးနှင့် သက်တူရွယ်တူ မဟုတ်။ ထို့အပြင် ပုံစံကလည်း ခေတ်မီသည် ဆို၏။

ဤအချက်များက သူမကို စဉ်းစားရကျပ်စေသည်။

❖ ❁ ❖

"မဆွေ . . . ကိုထွေး ပြန်ရောက်လာပြီ"

ဟု ဦးလေးခင်က ဖုန်းဆက်ပြောတော့မှ တစ်နေ့လုံး ပူပန်သောကရောက်နေခြင်းမှ စိတ်ဆိုးဒေါသဖြစ်ခြင်းသို့ ကူးပြောင်းသွားလေသည်။

"တစ်နေ့လုံး ကျွန်မ စိတ်ပူလိုက်ရတာ၊ ဘယ်မှာလဲ . . . လေးလေးကို ဖုန်းကိုင်ခိုင်းလိုက်ပါ၊ ကျွန်မ ပြောစရာ ရှိတယ်"

"မဆွေ ဒီအချိန်မှာ ပြောလို့မရဘူး၊ သူက မူးပြီး မှောက်နေပြီ

http://www.cherrythitsar.org


. . .”

ကောင်းရော . . . ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။

“ဦးလေးခင် . . . လေးလေး ဘယ်အချိန် ပြန်ရောက်လာတာလဲ”

“အခုလေးတင်ပဲ၊ ဆိုက္ကားနဲ့ ပြန်လာတာ၊ အိတ်ထဲမှာလည်း ပိုက်ဆံတွေနဲ့၊ ဘယ်သူပေးလိုက်သလဲ မသိပါဘူး၊ တရားလွန် မူးနေလို့ ဆိုက္ကားပေါ်က လူတွဲချပြီး အိပ်ရာထဲ သိပ်ထားလိုက်ရတယ် . . .”

စားပွဲတင်နာရီကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ည . . . ရှစ်နာရီ ရှိနေပြီ။ မနက်ကိုးနာရီလောက်ကတည်းက ထွက်သွားခြင်းဖြစ်သဖြင့် ဤမျှအချိန်ကြာကြာ ဘာတွေလုပ်နေသည် မသိ။ တော်တော်ခေါင်းခြောက်စရာ ကောင်းသည်။

“ကောင်းပြီ၊ ဒီနေ့တော့ ထားလိုက်တော့၊ မနက်ကျမှ ကျွန်မနဲ့တွေ့မယ်”

အမှန်တကယ်ပင် စိတ်ဆိုးနေမိပေပြီ။ ဒီတစ်ကြိမ်တော့ လေးလေးကို ခွင့်လွှတ်၍မရတော့။ ပြောစရာရှိတာ အပြတ်ပြောမှ ဖြစ်တော့မည်။

❖ ❖ ❖ ❖

# ■ ၁၆ ■

ဒီမနက်ကလည်း လေးလေးကို သူမ ဖမ်းမမိလိုက်ပါ။

စောစောပင် အိပ်ရာထပြီး ထွက်သွားနှင့်လေပြီ။ သို့ပေမယ့် ဤအကြိမ်တွင် ဦးလေးခင်က လေးလေးသွားသည့် နောက်မှ ခြေရာခံ၍လိုက်နိုင်ခဲ့ပါသည်။

"လိုက်ကြည့်ခိုင်းတဲ့ကောင်လေးက ကိုထွေး ရွှေကမ်းခြေဟိုတယ်ထဲ ဝင်သွားတယ်လို့ ပြောတယ်၊ ခုချိန်ထိ အဲဒီမှာ ရှိနေသေးတယ်တဲ့ . . ."

ရွှေကမ်းခြေဟိုတယ်က သူမ၏အိမ်အနီးတွင် ရှိသည်။ သူမ, ထင်မှတ်ထားသည်က တခြားတစ်နေရာ ခပ်ဝေးဝေးကို ဖြစ်သည်။ စင်စစ် နီးကပ်လျက်နှင့် ပုန်းရှောင်နေသည့်အဖြစ်။

"လေးလေး ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မ မျက်မြင်တွေ့ချင်တယ်"

ဟုပြောကာ ကားကိုနောက်ကြောင်းပြန်လှည့်ပြီး မောင်းလာခဲ့သည်။

❖ ❁ ❖

ဟိုတယ်၏ မျက်နှာစာရှေ့တွင် ကားထိုးရပ်လိုက်သည်နှင့် ပြေးလာ၍ ကြိုသော ဟိုတယ်ဝန်ထမ်းကို . . .

"တို့ လူတစ်ယောက် လာရှာတာ၊ တခြားကိစ္စ မရှိဘူး၊ တို့က မင်းတို့ဟိုတယ်ပိုင်ရှင်နဲ့ သိတယ်၊ တို့နာမည် လှလွန်းဆွေ"

"ဟုတ်ကဲ့ . . . ကျွန်တော် သိပါတယ်၊ မမက ဟိုဘက် အုန်းခြံ က မဟုတ်လား"

"အေး . . . အဲဒါ တို့အိမ်ပဲ၊ ဒါနဲ့ ခပ်စောစောလေးကတင် အသက်ငါးဆယ်လောက်လူကြီးတစ်ယောက် ဒီအထဲကို ဝင်လာတယ်၊ အသားညိုညို၊ ခပ်ဝဝ၊ အရက်သောက်တဲ့မျက်နှာပွပွကြီးနဲ့ မင်း တွေ့လိုက်သလား"

"ကျွန်တော် တွေ့ပါတယ်၊ သူက နည်းနည်းမူးနေတယ် ထင်တယ်"

"အေး . . . အချိန်ပြည့်မူးနေတဲ့ပုံပဲ . . . "

သူမမှာ ရှက်ရွံ့စိတ်ရော ဒေါသပါ တစ်ပြိုင်နက်ဖြစ် နေမိသည်။

"အဲဒီဦးလေးက ဘန်ဂလို ၅/A က ဧည့်သည်ဆီ လာ တာ၊ ကျွန်တော်ပဲ လိုက်ပို့ပေးလိုက်တယ်"

"ဒါဖြင့် တို့ကိုလည်း အဲဒီကို လိုက်ပို့ပေးစမ်းပါ" ဟု ပြောပြော ဆိုဆိုနှင့် ကားပေါ်မှဆင်းပြီး ဧည့်ခန်းဆောင်၏ နောက်ကျောဘက်သို့ သွားလိုက်ကြသည်။

တည်းခိုဆောင်၏ ဝရန်တာငယ်လေးပေါ်တွင် ခင်းကျင်းထား သည့် ဆက်တီတွင် လေးလေးထိုင်နေသည်ကို တွေ့လိုက်ရ၏။ လေးလေးနှင့်အတူ ထိုင်နေသည့်လူမှာ တခြားလူမဟုတ်။ ရန်ကုန်မှာ

http://www.cherrythitsar.org


ကတည်းက သူမ သတိပြုမိခဲ့ သည့် ဆံပင်ရှည်နှင့်လူ။ ကိုနိုင်ဆိုသည့် လူ၊ သူမ အံ့အားသင့်သလိုပင် ဖြစ်သွားသည်။

ထိုလူက ချက်ချင်းပင် သူမကို သတိတမူ စူးစူးကြည့်သည်။

သူမ၏စိတ်ထဲတွင် ဘာကြောင့်မှန်း မသိ . . . မကျေနပ်စိတ်တွေ အုံကြွလာသည်။ လက်စသတ်တော့ လေးလေးကို ခေါ်သွားသည့်သူမှာ ဒီလူပဲဖြစ်မည်။

"လေးလေး . . . ဒါက ဘာလုပ်နေတာလဲ"

လေးလေးက သူမ၏စကားကို သဲသဲကွဲကွဲ မကြားဟန်တူ၏။ အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ စားပွဲပေါ်တွင် အရက်ပုလင်း ရှိနေ၏။

"လေးလေး . . ." ဟု သူမ စိတ်တိုတိုနှင့် အသံကိုမြှင့်ပြီး ခေါ်လိုက်တော့မှ ချာခနဲ လှည့်ကြည့်လေသည်။

"သမီးလား . . ."

"ဟုတ်တယ် . . . ဒီမှာ သေချာကြည့်ပါဦး"

သူမ လှေကားထစ်အနီးတွင် ရပ်နေ၏။

"အေး . . . ရုတ်တရက်ဆိုတော့ မမှတ်မိသလိုဖြစ်သွားတယ်၊ သမီးရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ ကြည့်စမ်းပါဦး၊ တူကြီး နိုင်ဇော်လေ၊ သမီး မမှတ်မိဘူးလား၊ တူကြီး ဒီကို ပြန်လာခဲ့ပြီလေ"

"လေးလေး အရက်မူးပြီး ဘာတွေပြောနေတာလဲ"

"လေးလေး ပျော်လို့ နည်းနည်းသောက်တာပါ၊ မမူးပါဘူး"

"မမူးရင် ကျွန်မနဲ့ ခုချက်ချင်း ပြန်လိုက်ခဲ့၊ ဘာဖြစ်လို့ ကိုယ်မသိတဲ့ သူစိမ်းတွေနဲ့ လာပေါင်းနေရတာလဲ"

လေးလေးက ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်ပြီး

http://www.cherrythitsar.org


. . .

"သူစိမ်း မဟုတ်ဘူး၊ လေးလေးတို့လိုက်ရှာနေတဲ့ နိုင်ဇော်လေ၊ ဒီဟာ သမီးရဲ့အစ်ကိုပဲ"

"ဒုက္ခပါပဲ" ဟု သူမ စိတ်ညစ်စွာ ငြီးတွားလိုက်မိသည်။

ထို့နောက် . . . "ကဲ . . . လေးလေးကျေနပ်အောင် ကျွန်မ မေးကြည့်မယ်၊ ရှင်က ကျွန်မရဲ့ကားကို လာပို့ပေးတဲ့လူ မဟုတ်လား" ဟု သူ့ဘက်လှည့်ပြီး မေးလိုက်သည်။

"ဟုတ်ပါတယ် . . ."

"ရှင့်ရဲ့အမည်က ဘယ်လိုခေါ်လဲ"

"နိုင်ဇော် . . ."

သူမ အနည်းငယ် ကြောင်သွားသည်။ ထူးထူးခြားခြား နာမည်ချင်း လာတူနေသည့်အဖြစ်။

"မဟုတ်ဘူးလေ၊ ကျွန်မ သိချင်တာက ရှင် ဘယ်သူလဲ၊ လေးလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"သူက တို့ရဲ့ဦးလေးပဲ၊ ဆုံးသွားပြီဖြစ်တဲ့ တို့အမေရဲ့ မောင်တော်ပါတယ်"

တကယ့်ကို ခပ်အေးအေးပြောနေခြင်း ဖြစ်သည်။ သို့ရာတွင် သူမ၏ရင်ထဲတွင် မီးလျှံဟပ်သကဲ့သို့ ပူပြင်းတောက်လောင်သွားသည်။

❖ ❖

http://www.cherrythitsar.org


"ရှင်က ကိုနိုင်ဇော်အစစ်ပဲပေါ့နော်"

"လှလွန်းဆွေက နိုင်ဇော်အတုကို တွေ့ခဲ့ဖူးလို့လား"

သူမ၏နာမည်ကို သူ သိနေ၏။ အံ့သြစရာတော့ မဟုတ်ပါ။ မည်သူ့ဆီက မေးကြည့်မေးကြည့် နာမည်ကို သိနိုင်သည်ပဲ။

"ဟင့်အင်း . . . ကျွန်မ မတွေ့ဖူးပါဘူး၊ ကျွန်မဆိုလိုတာက ရှင်ဟာ ဦးနိုင်ထွန်းရဲ့သား နိုင်ဇော်ဖြစ်တယ်လို့ ဝန်ခံနိုင်သလား"

သူ နှုတ်ခမ်းတွန့်ရုံ ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

"လေးလေး ရှိနေတာပဲ . . . ကျွန်တော်ငယ်ငယ်က အကြောင်းတွေ လေးလေးအသိဆုံးပဲ"

ထိုအခါတွင် လေးလေးက ခေါင်းတညိတ်ညိတ်နှင့် . . .

"သမီးရယ် . . . တူကြီးက မွေးကတည်းက လေးလေးရဲ့လက်ပေါ်မှာ ကြီးပြင်းလာတာပါ။ လေးလေးမသိဘဲ ရှိပ့ါမလား၊ ဒီကောင် ငယ်ငယ်တုန်းက သူများကလေးတွေလို အငိုအရယ် မရှိခဲ့ဘူး၊ အရမ်းနည်းတယ်၊ ဒါပေမယ့် လိမ္မာတယ် မထင်နဲ့၊ သူ့စိတ်ထဲ ထင်ရာ လျှောက်လုပ်တတ်တယ်၊ အင်မတန် ခေါင်းမာတယ်"

ဟု ကြားထဲမှ ဝင်ပြောနေသဖြင့် သူမ၏အတွေးကို ရှုပ်ထွေးသွားစေသည်။ သူမက နိုင်ဇော်ဟု သေချာအောင် စုံစမ်းကြည့်ချင်နေသည်။

"လေးလေး . . . သမီးစကားပြောနေတုန်း ဝင်မပြောပါနဲ့နော်၊ ခဏလောက် ပါးစပ်ပိတ်ပြီး တိတ်တိတ်လေး နေပေးစမ်းပါ၊ ဒီမှာ ကိုနိုင်ဇော့်ကို မေးစရာရှိလို့ . . ."

ဟု တောင်းပန်လိုက်ပြီး သူ့ကို ဆက်၍မေးရသည်။

"ကျွန်မ ကိုနိုင်ဇော်ကို နာမည်ပဲကြားဖူးတာ၊ လူကို တစ်ခါမှ

http://www.cherrythitsar.org


မမြင်ဖူးဘူး၊ အဲဒါကြောင့် ကျွန်မ,မေးတဲ့ မေးခွန်းအတွက် ဘယ်လိုမှ မအောက်မေ့စေချင်ဘူး၊ ကိုနိုင်ဇော်မှာ ခိုင်လုံတဲ့အထောက်အထား ရှိမယ်ထင်တယ်”

“လှလွန်းဆွေက မှတ်ပုံတင်ကို ကြည့်ချင်တယ်ထင်တယ်၊ တို့ရဲ့ မှတ်ပုံတင်ကို ဟိုတယ်က သိမ်းထားတယ်၊ ကြည့်ချင်ရင် သွားကြည့်နိုင်ပါတယ်”

သူမအနေဖြင့် ဤတစ်နည်းသာ ရှိတော့သည်။ တခြားရွေးချယ်စရာ မရှိ။

“ကောင်းပြီလေ၊ ကျွန်မ ယူကြည့်လိုက်ပါ့မယ်”

❖ ❖ ❁ ❖ ❖

# ■ ၁၇ ■

မယုံကြည်နိုင်လောက်သည့် အိပ်မက်တစ်ခုကို မက်နေသည် ထင်၏။

ထိုလူကို ကားပွဲစားကိုကျော်ဦး၏ အပေါင်းအသင်း သူငယ်ချင်း တစ်ယောက်ဟု သူမ စွဲစွဲမြဲမြဲ သိထားခဲ့သည်။ သူမနှင့် မသက်ဆိုင်သည့် တခြားတစ်ယောက်အဖြစ် သူ၏ နေထိုင်မှု၊ ဝတ်စားမှုပုံစံက သီးသန့်ဆန်လွန်းသည် ထင်၏။ သူမ၏မျက်စိထဲတွင် မြင်ယောင်ထားသည့် ကိုနိုင်ဇော်ပုံရိပ်နှင့် တခြားစီ။

ဟိုတယ်ကောင်တာမှ မှတ်ပုံတင်သွားယူကြည့်သည့် အချိန်ထိ သူမ၏စိတ်ထဲက တခြားမှတ်ပုံတင်တစ်ခုကို တွေ့ရလိမ့်မည်ဟု ထင်နေသေးသည်။ တခြားမှတ်ပုံတင်ကို တွေ့ရလျှင်လည်း သူမအံ့သြလိမ့်မည် မဟုတ်ပါ။ ယခုတော့ တကယ့်နိုင်ဇော်၏ မှတ်ပုံတင်ဖြစ်နေသည်။ တကယ်ပင် အံ့အားသင့်စရာ ကောင်းလှသည်

လွန်ခဲ့သည့်ဆယ်နှစ်ကျော်ကာလ ရိုက်ထားခဲ့သည့် ဓါတ်ပုံ၊ အဖြူအမည်းပုံ။ ဆေးသားများပင် မှိန်ဖျော့နေသည်။ ထိုဓါတ်ပုံက အိမ်တွင်ရှိနေသည့် ဓါတ်ပုံများနှင့်တူနေသဖြင့် ဤမှတ်ပုံတင်ကို အစစ်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင် ထိုဓါတ်ပုံများက ဤလူနှင့်မတူဟု ထင်သည်။ သူမ၏စိတ်ထဲတွင် မည်သို့မှ အလျှော့အတင်းလုပ်၍

http://www.cherrythitsar.org

ဦး ကြိုး

မရှုပါ

ဤသည်ပင် ဘိမ်မောက်ဆိုးတာဝ်ခု ဖြစ်ပါသည်။

http://www.cherrythitsar.org

## ■ ၁၈ ■

ဖေဖေ၏နောက်ဆုံးအချိန်သည် သိပ်မဝေးတော့ဟု သူမ၏ စိတ်ထဲက သိရှိခံစားနေရသည်။ ရန်ကုန်တွင် ဆေးကုသခံယူပြီး မိမိ ၏အိမ်သို့ ပြန်ရောက်လာချိန်မှစ၍ ဖေဖေသည် ချေးငှားထားသည့် ငွေကြေးများ၊ စပ်တူရှယ်ယာ လုပ်ထားသည့် ငွေကြေးများကို ပြန် လည်ထုတ်ယူဖို့ ကြိုးစားလာသည်။ လက်ရှိစားသောက်ဆိုင်နှင့် အုန်းခြံလောက်သာ ချန်ထားရစ်ခဲ့မည့်အသွင် ရှိသည်။ သူမအတွက် ဖွင့်လှစ်ပေးထားသည့် အထည်ဆိုင်ကို ပို၍ခိုင်မာအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလာသည်။

ဖေဖေသည် ခံစားနေရသည့်ဝေဒနာကို ကြိတ်မှိတ်ပြီး သည်းခံနေဟန်တူ၏။ အိပ်ရာထဲတွင် လူမမာတစ်ယောက်ကဲ့သို့ လဲလျောင်းနေရခြင်းကို မနှစ်ခြိုက်ဟန်တူသည်။ ညနေခင်းရောက်သည့် အချိန်တိုင်း ပင်လယ်ကမ်းခြေတွင် ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း တွေးတောနေတတ်သည်။

တစ်နေ့တွင် ဖေဖေသည် သူမအား ခေါ်ယူပြီး . . .

"ဟိုအရင်တုန်းက ဖေဖေဟာ ငါလုပ်ရင်ဖြစ်ရမယ်လို့ ထင်ခဲ့တဲ့ လူပါ၊ ဒါပေမယ့် သားကြီးက ဖေဖေရဲ့ထင်မြင်မှုကို မှားယွင်းကြောင်း

http://www.cherrythitsar.org


ကောင်းကောင်းကြီး သက်သေပြသွားတယ်၊ ဒီနေ့ဒီအချိန်ထိ သားကြီး ဖေဖေ့ဆီ ပြန်ရောက်လာမှာပဲ ယုံကြည်ခဲ့ပေမယ့် လုံးဝပြန်မရောက် ခဲ့ဘူး၊ သေသလားရှင်သလားတောင် မသိရတဲ့အထိ အဆက်အသွယ် ပြတ်တောက်သွားတယ်၊ ဘာသတင်းမှ မကြားမိဘူး၊ အခုတော့ ဖေဖေ့ ရဲ့ယုံကြည်ခဲ့မှုတွေကို စွန့်လွှတ်လိုက်ပြီသမီးရယ် . . ၊ တကယ်တော့ ငါလုပ်ရင်ဖြစ်ရမယ်ဆိုတာ ဒီကမ္ဘာကြီးအတွက် မဟုတ်ဘူး၊ ဒီလောက ကြီးအတွက် မဟုတ်ဘူး၊ တခြား လူတွေအတွက်လည်း မဟုတ်ဘူး၊ ကုန်ကုန်ပြောရင် ကိုယ့်သား၊ ကိုယ့်သမီးအတွက်တောင် မဟုတ်ပါ ဘူးကွယ်၊ တကယ်တော့ ငါ့အတွက်ပါ၊ ကိုယ့်အတွက် ကိုယ့်အတွက် ကိုယ်လုပ်ရင် ဖြစ်နိုင်တာကို ပြောတာပါ၊ ဒီအချိန်မှာ ဒီစကားကို သားကြီးရှိနေရင် ဖေဖေ ပြောပြလိုက်ချင်တယ်"

"ဖေဖေရယ် . . . ကိုနိုင်ဇော် ပြန်လာတဲ့အချိန်ထိ ဖေဖေရှိနေ မှာပဲ၊ ဘာဖြစ်လို့ အားလျော့တဲ့စကား ပြောနေရတာလဲ၊ ဖေဖေ့ ကျန်းမာရေးက ဒီလောက်မဆိုးသေးပါဘူး"

ဖေဖေသည် သူမ၏နှစ်သိမ့်စကားကို ကျေနပ်ဟန်ဖြင့် ပြုံးလိုက် သည်။

"သမီးက ဖေဖေ့အနားမှာနေပြီး အားပေးဖေါ်ရတဲ့အတွက် ဖေဖေ ဝမ်းသာပါတယ်ကွယ်၊ ဖေဖေ ဘာကိုမှ စိတ်မပူပါဘူး၊ သမီး လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်နေပြီပဲ၊ သမီးက ဘွဲ့ ရပြီ၊ သမီးရဲ့အထည်ဆိုင်ကလည်း အောင်မြင်နေပြီပဲ၊ ပြီးတော့ သမီး က စဉ်းစားဆင်ခြင်နိုင်စွမ်းရှိပြီး လိမ္မာတဲ့လူပါ၊ သမီးအတွက်ဖေဖေ ဘယ်တုန်းကမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဘူးဆိုတာ ဒီအချိန်မှာ သမီးကို ပြောပြခဲ့ချင်တယ်"

http://www.cherrythitsar.org


ဖေဖေသည် ဝေ့ဝဲလာသည့် မျက်ရည်စများနှင့် ပင်လယ်ပြင်ဆီ အကြာကြီး လှမ်းကြည့်သည်။ ဤသည်မှာ နောက်ဆုံးကြည့်ခြင်းဟု သူမ မသိခဲ့ပါ။

"ဖေဖေ ရှေ့နေကြီးကို ခေါ်ထားပြီး ဖေဖေပိုင်ဆိုင်သမျှအားလုံးကို ဒီနေ့ပဲ သမီးရဲ့လက်ထဲမှာ အပ်လိုက်မယ်၊ တစ်နေ့နေ့ အကယ်၍များ သားကြီးပြန်ရောက်လာခဲ့ရင် တစ်ဝက်ကို ခွဲပေးလိုက်ပါ၊ ဒါမှမဟုတ် သားကြီး သေခဲ့ပြီဆိုရင်တော့ ဒါတွေအားလုံးကို သမီးပဲ ယူလိုက်ပါ"

"ဟင့်အင်း . . . သမီး လက်မခံချင်ဘူး . . . ဖေဖေ၊ ဒီစကား သမီး မကြားချင်ဘူး"

ဟု ဆိုကာ ဖေဖေ၏လက်မောင်းကို ဆွဲကိုင်ပြီး ငိုချလိုက်မိသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၁၉ ■

အတွေးထဲတွင် မည်မျှ မျောပါနေသည်မသိ၊ ဖုန်းမြည်သံကိုပင် လန့်ဖျပ်သွားသည်။ ထိုတော့မှ အထည်ဆိုင်၏ အရောင်းစားပွဲတွင် သူမ, ထိုင်နေသည်ကို ပြန်လည်သတိပြုမိ၏။

"ဟဲလို . . . လှလွန်းဆွေနဲ့ စကားပြောချင်ပါတယ်" ဟု သူမ၏ နားတွင် စိမ်းသောအသံတစ်ခုကို ကြားလိုက်ရသည်။

"ကျွန်မ စကားပြောနေတာပါရှင်"

"တို့ နိုင်ဇော်ပါ၊ မင်းအနေနဲ့ လက်ခံယုံကြည်မလားတော့ မသိဘူး"

သူမ ရုတ်တရက် ဘာမှမပြောမိ။ ယုံကြည်သည်ဟု ပြောရလောက်အောင် သူမ၏ဘက်က အဆင်သင့် မဖြစ်သေးပါ။

"မင်း ဘာဖြစ်လို့ ပြန်မလာတာလဲ၊ မင်းပြန်လာမယ် ထင်ပြီး စောင့်နေသေးတယ်၊ ကောင်တာမှာ မှတ်ပုံတင်တော့ မင်း တောင်းကြည့်သွားသေးတယ် မဟုတ်လား"

ဟုတ်ပါသည်။ မှတ်ပုံတင်ကို ယူကြည့်ပြီးသည့်နောက် စိတ်တွေ ရှုပ်ထွေးလာသဖြင့် ထိုဟိုတယ်မှ အမြန်ဆုံး ပြန်ထွက်လာခဲ့သည်။ အထည်ဆိုင်တွင် တစ်နေ့ခင်းလုံး ထိုင်နေပြီး သူ့ဆီ အကြောင်းပြန်

http://www.cherrythitsar.org


အသိပေးဖို့ပင် မေ့လျော့နေသည်။

"ကျွန်မ အချိန်သိပ်မရလို့ ပြန်မဝင်ခဲ့တော့ဘူး၊ ကျွန်မရဲ့ အထည်ဆိုင်မှာ အရောင်းအဝယ်ကိစ္စတစ်ခု ချိန်းထားတာ ရှိနေတယ်"

ဟု သူမ လိမ်ညာပြီး ဖြေလိုက်သည်။

"အော် . . . တော်တော်အရေးကြီးတဲ့ကိစ္စပဲ၊ အချိန်တစ်မိနစ်လောက်တောင် မပေးနိုင်လောက်အောင် ကြီးကျယ်မယ်ထင်တယ်"

"ရှင် ရိသလိုခနဲ့သလို မပြောပါနဲ့၊ ကျွန်မ မကြိုက်ဘူး၊ ကျွန်မရဲ့အလုပ်အကြောင်းကို ကျွန်မပဲ သိတယ်၊ ရှင်နဲ့ မသက်ဆိုင်ဘူး"

"တို့ကလည်း ဆိုင်ပါတယ်လို့ မယူဆပါဘူး၊ ဒါပေမယ့် မင်း နည်းနည်းပါးပါး ဝင်ပြောခဲ့ဖို့ကောင်းတယ်၊ တို့က မင်း ပြန်လာနိုးနိုးနဲ့ လေးလေးကို ထိန်းထားရတယ်၊ အခုတော့ . . . မစောင့်နိုင်တာနဲ့ လေးလေးကို တို့ကိုယ်တိုင်ပဲ ပြန်ပို့ပေးလိုက်ရတယ်"

ထိုအခါမှ လေးလေးကို သွားခေါ်ခဲ့ခြင်းကို သတိရသည်။ သို့ရာတွင် မကျေနပ်စိတ်ကြောင့် ခေါင်းငုံ့မခံချင်ပါ။

"လေးလေးကို ရှင်ပဲ ခေါ်ထားတာ မဟုတ်လား၊ အခုမှ ပြန်ပို့ပေးတယ်ဆိုပြီး မငြီးပြစမ်းပါနဲ့၊ ကျွန်မက လေးလေးကို တစ်သက်လုံး ထိန်းသိမ်းလာတာ၊ ဘယ်တုန်းကမှ အခုလို ဗွေမဖေါက်ခဲ့ဖူးဘူး"

"ငါ့ကြောင့်လို့ အပြစ်တင်ချင်တယ်ပေါ့"

"အဲဒါတော့ ကျွန်မ မသိဘူး"

"လေးလေး ငါနဲ့တွေ့တာ နှစ်ရက်တည်း ရှိပါသေးတယ် . . . လှလွန်းဆွေ၊ ဒီနှစ်ရက်တည်းနဲ့ လေးလေး အခုလို သောက်တတ်သွားတာ မဖြစ်နိုင်ဘူးထင်တယ်၊ မင်း စဉ်းစဉ်းစားစားလည်း ပြောပါဦး"

http://www.cherrythitsar.org


"ရှင် ဘယ်လိုရည်ရွယ်ချက်နဲ့ ခေါ်တယ်ဆိုတာ ရှင် အသိဆုံး ဖြစ်မှာပါ၊ ကျွန်မ ဘယ်သိနိုင်ပါ့မလဲ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ဒါပေမယ့် ငါ မင်းနဲ့တော့ စကားပြောစရာ ရှိနေတယ် . . . လှလွန်းဆွေ၊ မင်း စကားပြောနိုင်မလား"

သူနှင့် စကားပြောဖို့၊ တွေ့ဖို့ လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ယခုအချိန်ထိ ထိုလူ့ကို နိုင်ဖော်အဖြစ် မည်သို့မျှ လက်ခံ၍ မရအောင် ဖြစ်နေမိသည်။

❖ ❖ ❖ ❖

# ■ ၂၀ ■

ခြံအဝင်လမ်းဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ယခုအချိန်ထိ သူ၏ အရိပ်အယောင် မမြင်ရသေး။ အုန်းပင်များနှင့် သရက်ပင်ပျိုတို့ ကြားမှ နေရောင်က လမ်းပေါ်သို့ ကွက်တိကွက်ကျား ကျနေ၏။

ငါးနာရီမထိုးမီ မိနစ်ပိုင်းမျှအလိုတွင် ခြံတံခါးဝသို့ သူ ရောက်လာသည်။ သူမ, ချိန်းဆိုထားသည့်အချိန် အတိအကျပင် ဖြစ်သည်။

တီရှပ်လက်ရှည်အဖြူရောင်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ သူ့အရပ်က အတန်သင့် မြင့်မားသူမို့ အုတ်တံတိုင်းကို ကျော်လွန်သယောင် ထင်ရ၏။ သူ့ကိုမြင်သည်နှင့် သူမ၏ရင်ထဲက မွန်းကျပ်သွားသကဲ့သို့ ခံစားရသည်။ ဤပုံစံမဟုတ်ဘဲ သာမန်ရိုးရိုးသားသား လူတစ်ယောက်ဆိုလျှင် မည်မျှ ကောင်းလိုက်မည်နည်း။

သူမသည် ပြတင်းပေါက်မှ ခိုးကြည့်နေသလို ဖြစ်နေ၏။ ထို့ကြောင့် ချက်ချင်းနောက်ဆုတ်ပြီး အနီးတွင်ရပ်စောင့်နေသည့် အိမ်ဖော်ကောင်မလေးကို "ညီမ . . . ဧည့်ခန်းထဲမှာ ဖုန်ခါသလို သန့်ရှင်းရေးလုပ်သလို နေနော်၊ ဧည့်သည်က မမကိုမေးရင် အထဲကို လာခေါ်လှည့်" ဟု လျင်မြန်စွာ မှာကြားကာ နောက်ဘက်အခန်းဘက်သို့ လှမ်းဝင်နေလိုက်သည်။

http://www.cherrythitsar.org


ခဏအကြာတွင် . . . "လှလွန်းဆွေ ရှိလား၊ သူနဲ့ ချိန်းထားလို့" ဟု သူ့အသံကို ကြားရသည်။ အိမ်ဖေါ်ကောင်မလေးက ခဏစောင့်ခိုင်းထားပြီး သူမကို လာခေါ်သည်။

ထိုအခါမှ သူမသည် မျက်နှာကို အနည်းငယ်တင်းလိုက်ပြီး ဧည့်ခန်းထဲသို့ ထွက်လိုက်သည်။

သူက ဧည့်ခန်းထဲတွင် ဝင်ထိုင်မနေဘဲ အိမ်အပြင်က ရပ်စောင့်နေသည်။

ထို့ကြောင့် သူမအနည်းငယ် အံ့အားသင့်သွားသည်။

"အော် . . . ကိုနိုင်ဇော် ရောက်လာပြီကိုး၊ ဧည့်ခန်းထဲကို ဝင်လာခဲ့လေ" ဟု သူမ စိတ်မပါ့တပါ ဖိတ်ခေါ်လိုက်သည်။

"နေပါစေ . . . လှလွန်းဆွေ၊ တို့အပြင်မှာပဲ ပြောကြရအောင်"

မည်သည့်အကြောင်းကြောင့် သူ အိမ်ထဲသို့ မဝင်သနည်း။

"ကောင်းပြီလေ၊ ရှင်က အပြင်မှာပဲ ပြောချင်တယ်ဆိုတော့ ပြောကြတာပေါ့"

"ဟိုကမ်းစပ်က ခုံတန်းလျားဆီ သွားကြရအောင်"

ဟု ပြောပြီး ဦးဆောင်ကာ ထွက်သွားသည်။ သူမ မငြင်းဆန်မိ။

ထိုနေရာတွင် အုန်းပင်ရိပ်များနှင့် အေးအေးလူလူ ရှိသည်။ ပင်လယ်လေကလည်း အတားအဆီးမရှိ တိုက်ခတ်နေသဖြင့် ပို၍ကောင်းပါသည်။ လွတ်လွတ်လပ်လပ်နှင့် စိတ်လန်းဆန်းစေသည်။

"ပထမဆုံးပြောချင်တာက ငါရောက်လာတဲ့အတွက် မင်းမှာစိတ်အနှောင့်အယှက် ဖြစ်နေတယ်ထင်တယ် . . . ဟုတ်လား"

သူမ၏မျက်နှာကို တည့်တည့်စူးစူးကြည့်ပြီး မေးလာသည်။

"ဘာဖြစ်လို့ ကျွန်မက မကျေမနပ်ဖြစ်ရမှာလဲ၊ ဖေဖေ ဆုံးပြီး

http://www.cherrythitsar.org


ကတည်းက ကျွန်မရဲ့အစ်ကို . . . ကိုနိုင်ဇော်ကို လိုက်ပြီး စုံစမ်းနေတာပဲ၊ အခုလို မထင်မှတ်ဘဲ တွေ့ရလိမ့်မယ်လို့ မထင်ဘူး၊ ကျွန်မအမှန်အတိုင်း ပြောတာ၊ ဖေဖေ ရှိတုန်းကတော့ ဖေဖေပဲ စုံစမ်းခဲ့တာလေ၊ ရှင်က ဘာဖြစ်လို့ ဖေဖေ့ကို အဆက်အသွယ် မလုပ်ခဲ့တာလဲ"

"ငါ့အဖေအကြောင်း ငါသိလို့ မဆက်သွယ်ခဲ့တာ၊ အဖေနဲ့ ငါကသဘောကွဲလွဲပြီး အကြီးအကျယ် စကားများခဲ့ကြတယ်၊ အဲဒီတုန်းကအဖေ ငါ့အပေါ် အရမ်းစိတ်ဆိုးသွားတာ ငါသိတယ်၊ ဖေဖေက မာနကြီးတဲ့ လူတစ်ယောက် ပဲ၊ ဟိုအရင်တုန်းက ဖေဖေဟာ မေမေကြောင့်ဆွေမျိုးတွေနဲ့ ရှင်ခန်းသေခန်း ဖြတ်တောက်ခဲ့တာ ဘယ်တော့မှပြန်လှည့် မကြည့်ခဲ့ဘူး၊ ဖေဖေဆုံးတဲ့အချိန်ထိ ဒီအတိုင်းပဲ နေခဲ့တယ်လို့ ငါသိရတယ်"

"ဖေဖေဆုံးတဲ့အချိန်ထိ ဆွေမျိုးတွေကို မခေါ်ခဲ့ဘူးဆိုတာ ရှင်ဘယ်လိုလုပ်သိသလဲ"

"ဒီအကြောင်းကတော့ လေးလေးပြောလို့ သိရတာပေါ့၊ ဒါပေမယ့် ငါ ငယ်ငယ်ကတည်းက လေးလေးကလွဲပြီး ဘယ်ဆွေမျိုးကိုမမြင်ခဲ့ဖူးဘူး . . . လှလွန်းဆွေ၊ အဲဒါတွေကြောင့် ဖေဖေ့စိတ်ကို ငါနားလည်တယ်လို့ ပြောခဲ့တာပဲ၊ ခြွင်းချက်အနေနဲ့ လေးလေးကိုတော့ဖေဖေက ချစ်ပုံရပါတယ်"

သူမ သဘောတူသည့်အနေဖြင့် ခေါင်းညိတ်လိုက်ရင်း . . .

"ဟုတ်တယ်၊ လေးလေးကို ဖေဖေချစ်ပါတယ်၊ ဒါပေမယ့် ဖေဖေရဲ့အမွေပစ္စည်းတွေ ဘယ်လောက်ရှိပြီး ဘယ်လို လွှဲအပ်ခဲ့တယ်ဆိုတာလေးလေး လုံးဝ မသိပါဘူး"

"မင်းတစ်ယောက်ပဲ သိတယ်လို့ ငါယုံကြည်ပါတယ် . . .

http://www.cherrythitsar.org


လှလွန်းဆွေ . . .”

သူက မျက်နှာလွှဲဖယ်ပြီး ကမ်းခြေဘက်သို့ လှမ်းကြည့်သည်။

“ရှင် နားလည်သဘောပေါက်တယ်နော်၊ ဒီကိစ္စဟာ ကျွန်မရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ လုံးလုံးမူတည်နေပါတယ်၊ ကျွန်မအနေနဲ့ ပေးချင်တယ်ဆိုရင် ပေးလို့ရတယ်၊ မပေးချင်ဘူးဆိုရင်လည်း မပေးဘဲ နေနိုင်တယ်”

တမင်ရည်ရွယ်၍ ပြောလိုက်သည့်စကား။

“မင်းက အမွေအကြောင်းချည်းပဲ ပြောနေပါလား၊ ဒီအမွေ ပစ္စည်းတွေကို မင်း တော်တော် မက်မောနေပုံရတယ်”

“ကျွန်မ မက်မောလို့ ဒီစကားပြောနေတာ မဟုတ်ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေက လုံးဝ တာဝန်ပေးသွားတယ်ဆိုတာ ရှင် သိစေ ချင်လို့ ဒီစကားပြောလိုက်တာ၊ ဒီအမွေနဲ့ တကယ်ထိုက်တန်တဲ့ လူဆိုရင် ကျွန်မ အကုန်လုံး ပေးပစ်လိုက်မယ် . . .”

သူ ခေါင်းကိုမော့ကာ တဟားဟား ရယ်လိုက်သည်။

“ငါကလည်း ဒီကိစ္စကို သိပ်ဂရုမစိုက်ပါဘူး၊ မင်းဘက်က ဘယ် လိုစည်းကမ်းပဲရှိရှိ သက်သေပြဖို့ ငါမကြိုးစားဘူး၊ ငါ သိချင်တာက ငါ့အဖေရဲ့အကြောင်းပဲ၊ နောက်ဆုံးအချိန်မှာ အဖေ ဘာတွေဖြစ်ပျက် ခဲ့သလဲ၊ ဘာတွေ ပြောခဲ့သလဲ၊ ပြီးတော့ အဖေနဲ့ပတ်သက်တဲ့ ဓါတ်ပုံ တွေ မှတ်တမ်းမှတ်ရာတွေ၊ အမှတ်တရပစ္စည်းတွေ ငါလိုချင်တယ်၊ အဖေ့ဆီမှာ ရှိမယ်ထင်တဲ့ အမေ့ပစ္စည်းတွေကိုလည်း လိုချင်တယ်၊ ဒီလောက်လေးတော့ မင်းပေးနိုင်မှာပါ”

ဖေဖေ့ အမှတ်တရပစ္စည်းများကို သူမ သေချာစွာ သိမ်းဆည်း ထားပါသည်။ အဆိုပါပစ္စည်းများသည် တစ်စုံတစ်ယောက်အတွက်

http://www.cherrythitsar.org


သက်သေခံပစ္စည်းအဖြစ် မခံနိုင်ပါ။ ဥပမာ . . . နိုင်ဇော်ဆိုသည့် လူအတွက်။

"ကျွန်မပစ္စည်းတွေ အသိမ်းလွန်နေတယ် . . . ကိုနိုင်ဇော်၊ ကျွန်မ ပြန်ရှာကြည့်ရဦးမယ်၊ ဒါပေမယ့် ရှင်လိုချင်တာ ဘယ်ပစ္စည်းဆိုတာ တိတိကျကျ ပြောနိုင်ရင် ရှာရလွယ်ပါလိမ့်မယ်"

"မင်း ငါ့ကို စစ်ဆေးနေတုန်းပါပဲလား၊ သူတို့ရဲ့ကိုယ်ပိုင်ပစ္စည်းတွေကို ငါ ဘယ်သိနိုင်ပါ့မလဲ . . . လှလွန်းဆွေ"

သူမ၏ စစ်ဆေးမှုကို သူကလည်း ရိပ်မိနေသည်။

"ဒီလိုဆိုရင် ရှင် အချိန်ယူပြီး ပြန်စဉ်းစားလိုက်ပါဦး၊ ကိုယ့်အဖေအမေရဲ့ပစ္စည်းကို အားလုံးမဟုတ်တောင် တချို့တစ်ဝက်တော့ ရှင်မြင်ဖူးခဲ့မှာပါ . . . ၊ ဒီနေ့တော့ မိုးချုပ်သွားပြီ၊ နောက်နေ့တွေကျမှာ ကျွန်မတို့ ဆက်ပြီး ဆွေးနွေးကြတာပေါ့"

သူ စိတ်ပျက်အားလျော့စွာဖြင့် ခေါင်းကို ညိတ်လိုက်သည်။

ဆည်းဆာ၏ နီစွေးသောအရောင်တို့ လုံးဝ ပျောက်ကွယ်သွားခဲ့လေပြီ။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၂၁ ■

"လေးလေးကြောင့် ဒီမှာ ပြဿနာဖြစ်နေပြီ၊ လေးလေး အရက်သောက်နေတာကို သမီးက ချစ်တဲ့သံယောဇဉ်ကြောင့် ခွင့်လွှတ်သည်းခံနေတာ၊ ဘာဆိုဘာမှကို မပြောခဲ့ဘူး၊ အခုတော့ သမီးမပြောလို့ မရတော့ဘူး၊ ပြောကိုပြောမှ ဖြစ်တော့မယ်"

လေးလေးသည် တုန်ရီနေသောလက်ကို ထိန်းချုပ်ရင်း မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် သူမကို ကြည့်နေ၏။

"လေးလေး ဒီနေ့ကစပြီး အရက် လုံးဝ မသောက်ရဘူး"

"အဲဒီလို မလုပ်ပါနဲ့သမီးရယ်၊ လေးလေးဘဝမှာ ဒီတစ်ခုတည်းနဲ့ အသက်ရှင်နေရတာပါ၊ လျှော့သောက်ဆိုရင် သောက်ပါ့မယ်၊ လေးလေး ကတိပေးပါတယ်"

"မရဘူး၊ လုံးဝ မသောက်ရဘူး၊ လေးလေး ဒီလိုလူမှန်း မသိအောင်မူးနေလို့ တစ်ဖက်က အခွင့်အရေး ရသွားတာ၊ ဒီလူက လေးလေးကို အရက်လေးတိုက်၊ ပိုက်ဆံလေးပေးပြီး သူ သိချင်တာတွေအားလုံး နှိုက်ယူသွားတယ်၊ လေးလေးကတော့ လေးလေးရဲ့တူ . . . နိုင်ဇော်လို့ ထင်နေမှာပေါ့၊ လေးလေး ဒီလို လူမှား, မှားနေတာ ကြာပြီ၊ သမီးလာလို့တောင် လေးလေးက သမီးမှန်း မသိအောင်ဖြစ်နေတာပဲ၊

မဟုတ်လား”

“လေးလေးမျက်လုံးတွေက သိပ်မကောင်းတော့ဘူးကွယ်၊ တစ်ခါတလေကျ လူလုံးတောင် မသဲကွဲချင်ပါဘူး”

“အဲဒါကြောင့် ခက်ကုန်တာ၊ ဖေဖေရဲ့သားအရင်း နိုင်ဇော်ကို သမီးမြင်ဖူးတာ မဟုတ်ဘူး၊ ဒီမှာရှိတဲ့ လူအားလုံးကလည်း မြင်ဖူးကြတာ မဟုတ်ဘူး၊ လေးလေးတစ်ယောက်ပဲ မြင်ဖူးတာ၊ အဲဒါတောင် လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်က မြင်ခဲ့ဖူးတာ၊ အဲဒီတုန်းက သူက လူပျိုပေါက် ခပ်ငယ်ငယ်ပဲ ရှိဦးမယ်၊ အခု လေးလေးတွေ့ရတဲ့လူက အသက်ကြီးနေပြီ၊ အဲဒါနဲ့ လေးလေးရဲ့တူလို့ ဘယ်လိုပြောနိုင်တာလဲ”

လေးလေးသည် ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း . . .

“လေးလေး စပြီး မပြောမိဘူးထင်တယ်၊ သေချာ မမှတ်မိတော့ဘူး၊ ဘာဖြစ်လို့လဲ၊ သူက နိုင်ဇော် မဟုတ်ပါဘူးလို့ သမီးကို ပြောလိုက်လို့လား”

စကားတွေက မှုမမှန်။ ဤသို့သော လူတစ်ယောက်၏ အသိအမှတ်ပြုရုံနှင့် သူ့ကို နိုင်ဇော်ဟု လက်ခံဖို့မဖြစ်နိုင်ပါ။ ပြီးတော့ လေးလေးနှင့်စကားပြောရသည်မှာ လက်ပေါက်ကတ်သည်။ စိတ်ညစ်ရသည်။ သို့ရာတွင် ဤသို့နံနက်အချိန်က လေးလေးကို စကားပြောလို့ အကောင်းဆုံးအချိန် ဖြစ်သည်။

“ဒီမယ် . . . လေးလေးပဲ စဉ်းစားကြည့်၊ ဒီလူ့ကို သမီး ရန်ကုန်မှာ အမှတ်မထင် သတိထားမိခဲ့တယ်၊ သူက ကားပွဲစားတွေနဲ့ ပေါင်းသင်းနေတဲ့လူ၊ ဒီတော့ သူ ရန်ကုန်မှာပဲ နေတယ်ဆိုတာ သေချာတယ်၊ ဒီလောက် ရှိနေပါလျက်နဲ့ ဘာဖြစ်လို့ ဖေဖေဆုံးတာ သူ မသိရမှာလဲ၊

http://www.cherrythitsar.org


ဖေဖေဆုံးတာ ခုဆိုရင် တစ်နှစ်ကျော်တောင် ကျော်သွားပြီ၊ သူ မသိဘူးဆို တာ ဖြစ်နိုင်ပါ့မလား၊ တကယ်လို့ သူဟာ သမီးတို့ရဲ့အစ်ကို ကိုနိုင်ဇော် တကယ်ဟုတ်ခဲ့ရင် ဖေဖေတို့ သမီးတို့ အမြဲပဲ စုံစမ်းရှာဖွေနေတာ မတွေ့ဘဲနေပါ့မလား၊ သေချာတာက ကိုနိုင်ဇော်ဟာ ဒီမှာ မရှိဘူး၊ နိုင်ငံခြားကို ထွက်သွားတာ"

လေးလေး အားစိုက်၍နားထောင်နေရဟန် တူ၏။ မျက်နှာတွင် ချွေးသီးချွေးပေါက်များပင် ထွက်နေ၏။

လက်က တုန်တုန်ရီရီနှင့် ခွက်အလွတ်ကို လှမ်းကိုင်သည်။ "သမီး နည်းနည်းသောက်မယ်နော်၊ ရင်တုန်လို့ . . . "ဟု တောင်းပန် ရှာ၏။ နည်းနည်းမှ မသောက်ရလျှင် ဆက်ပြီး နားထောင်နိုင်လိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် သဘောမကျသော်လည်း ခွင့်ပြုလိုက်ရ၏။

"အေး . . . ဆက်ပြောပါဦး . . . သမီး"

"ဒီစကားတွေ လေးလေး သေသေချာချာ နားထောင်နော်၊ အရမ်း အရေးကြီးတယ်၊ သမီးရဲ့ကားကို လိုက်ပို့တုန်းက သူလည်း ပါတယ်၊ သူသာ ကိုနိုင်ဇော်ဆိုရင် အဲဒီကတည်းက သမီးဆီလာပြီး ပြောပြသင့်တာပေါ့၊ သမီးရဲ့ အိမ်ခြံထဲကို ရောက်တောင်ရောက်နေပြီပဲ၊ သူ ဘာမှမပြောခဲ့ဘူး၊ တကယ်တော့ ဒီအိမ်ဟာ သူ့ရဲ့အိမ်ပဲ . . .၊ သူ ဘာဖြစ်လို့ မတည်းခိုနိုင်ရမှာလဲ၊ ခုတော့ ပုန်းလျှိုးကွယ်လျှိုးနဲ့ သမီးတို့ အိမ်အနီးနားက ဟိုတယ်မှာ တည်းခိုတယ်၊ ဒါက ဘာ သဘောလဲ သူ သမီးတို့အခြေအနေကို တစ်နည်းနည်းနဲ့ စုံစမ်းချင် လို့ပဲ ဖြစ်ရမယ်"

"အင်း . . . ဒါဆိုရင် သူက ဘယ်သူလဲသမီး"

"သမီး ဘယ်သိပါ့မလဲ၊ ဒါပေမယ့် သူ့လက်ထဲမှာ ကိုနိုင်ဇော်ရဲ့

http://www.cherrythitsar.org


မှတ်ပုံတင်က တစ်နည်းနည်းနဲ့ ရောက်နေတာ ထူးဆန်းနေတယ်၊ သူ ဘယ်လိုရလာတာလဲ၊ သမီးတို့ရဲ့ အစ်ကိုက ဘယ်မှာလဲ၊ ဘာတွေ ဖြစ်နေလဲ၊ ဒါကို သူပဲ သိလိမ့်မယ်၊ ဒီအတိုင်း တည့်တည့်မေးလို့က တော့ အမှန်ကို သိရလိမ့်မယ် မထင်ဘူး၊ သူရဲ့ဘဝက ဘူးပေါ်သလို ပေါ် သွားရင် ချက်ချင်း ခြေရာဖျောက်ပြီး ပျောက်သွားနိုင်သေးတယ်၊ ဒီအချက်ကိုလည်း ထည့်သွင်းစဉ်းစားထားရမယ်၊ အဲဒါကြောင့် နည်းနည်းအချိန်ဆွဲပြီး သူ့ကို ဖမ်းမိအောင် ကြိုးစားရလိမ့်မယ် . . . လေးလေး"

"အေး . . . " ဟု လေးလေးက ခေါင်းညိတ်လိုက်၏။ ထို့နောက် နောက်တစ်ခွက်ယူပြီး တစ်ကျိုက်မော့သောက်လိုက်ပြန်၏။ သူမ မသိ ကျိုးကျွံပြုနေလိုက်ရ၏။

"ဒီတစ်ခါ လေးလေးရဲ့အလှည့်ရောက်လာပြီ၊ အခုချိန်ကစပြီး လေးလေး အဲဒီလူဆီ မသွားရဘူး၊ အဲဒီလူတိုက်တဲ့ အရက်ကိုလည်း မသောက်ပါနဲ့၊ ပိုက်ဆံပေးရင်လည်း ယူဖို့ မစဉ်းစားပါနဲ့၊ အကယ်၍ လေးလေးသမီးရဲ့စကားကို နားမထောင်ဘူးဆိုရင် လေးလေးနဲ့သမီး အပြတ်ပဲ၊ လေးလေးကို လုံးဝ လှည့်မကြည့်တော့ဘူး"

"အဲဒီလို မလုပ်ပါနဲ့ သမီးရယ်"

"မရဘူး၊ ဒါ . . . နောက်ဆုံးစကားပဲ . . . "

ဟု ပြောလိုက်သည့်အခါ လေးလေး၏မျက်နှာသည် ငိုမဲ့မဲ့ ဖြစ်သွားသည်။

❖ ❖ ❖ ❖

# ▪ ၂၂ ▪

"ကျွန်မ ကိုစိုးစိုးကို အကူအညီတစ်ခုလောက် တောင်းချင်လို့" ဟု ပြောလိုက်သည်နှင့် ဖုန်းထဲမှ ကိုစိုးစိုး၏ရယ်သံကို ကြားလိုက်ရသည်။

"မဆွေ ဖုန်းမှားနေပြီ ထင်တယ်၊ ကျွန်တော် အကျိုးဆောင် ကုမ္ပဏီ မဖွင့်ထားပါဘူး"

သူမ မထိန်းသိမ်းနိုင်ဘဲ ရယ်မောလိုက်မိသည်။

"ကျွန်မကလည်း အကူအညီတောင်းမယ်ဆိုရင် ကိုစိုးစိုးကိုပဲ သတိရတယ်"

"ကျွန်တော်ကလည်း မဆွေဆိုရင် တစ်ခါမှ မငြင်းပါဘူး"

"ဟုတ်တယ် . . . ကိုစိုးစိုးကို ကျေးဇူးတင်စကားပြောရမှာ တောင် ရှက်, ရှက်လာတယ်၊ ခဏ ခဏ ကျေးဇူးတင်နေရလို့"

"စိတ်ချပါ . . . ကျွန်တော်တို့အကျိုးဆောင်ကုမ္ပဏီက အခမဲ့ ကူညီနေတာပါ၊ ကဲ . . . ပြော၊ ကျွန်တော် ဘာကူညီရမလဲ"

ဤသို့ နောက်ပြောင်ပြောဆို ရယ်မောရသဖြင့် စိတ်တင်းကျပ်မှု များ တစ်ခဏ လျော့ပါးသက်သာသွားသည် ထင်၏။ သို့ရာတွင် ခေါင်းထဲတွင် ပြဿနာကတော့ အနည်းငယ်မျှ လျော့ပါးခြင်း မရှိချေ။

"ဒီတစ်ခါ အကူအညီတောင်းရမှာက ကျွန်မအတွက် အရမ်း

http://www.cherrythitsar.org


အရေးကြီးပါတယ် . . . ကိုစိုးစိုး၊ ကျွန်မဆီကို နိုင်ဇော်ဆိုတဲ့ လူ တစ်ယောက် ရောက်နေတယ်၊ သူ့လက်ထဲမှာ ကျွန်မအစ်ကိုရဲ့ မှတ်ပုံ တင်လည်း ပါလာတယ်၊ အဲဒီလူက တခြားတော့မဟုတ်ဘူး၊ ကျွန်မတို့ ကားဝယ်တဲ့ ကိုကျော်ဦးရဲ့ သူငယ်ချင်းပဲ၊ ကျွန်မဆီကို ကားလာပို့တဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ပါပဲ . . . ကိုစိုးစိုး"

"ဟာ . . . အဲဒီလူကို ကျွန်တော်သိပြီ၊ ကိုကျော်ဦးရဲ့ သူငယ်ချင်း . . . နိုင်ကြီးဆိုတဲ့လူပဲ၊ သူ့နာမည်အပြည့်အစုံတော့ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ကိုကျော်ဦးတို့ ကိုဂျင်မီတို့က သူ့ကို နိုင်ကြီးလို့ပဲ ခေါ်ကြတယ်"

"ဟုတ်တယ် ကိုစိုးစိုး၊ သူပဲ . . ." ဟု သူမ အလျင်အမြန် ထောက်ခံလိုက်သည်။

"သူက ဘယ်လိုဖြစ်ပြီး နိုင်ဇော်ဖြစ်နေရတာလဲ၊ ကျွန်တော် ကားကို ရိုးမအထက်ထိ လိုက်ပို့ခဲ့တာလေ၊ အဲဒီလမ်းတစ်လျှောက်မှာ သူတို့နဲ့အတူတူ စားကြသောက်ကြနဲ့ စကားပြောဆိုလာကြတာပဲ"

"အခု . . . သူ ဒီမှာ ရှိနေတယ်၊ ကျွန်မအစ်ကိုရဲ့ မှတ်ပုံတင်ကို ပြပြီး ကျွန်မရဲ့အစ်ကိုပါလို့ ပြောနေတယ်"

"ဖြစ်နိုင်ပါ့မလား . . . မဆွေရယ်၊ သူတို့က ကားဝယ်ရောင်း၊ ပွဲစားလုပ်နေတဲ့လူတွေပဲ၊ တစ်အုပ်စုတည်းပဲ"

"အဲဒါကြောင့် ကိုစိုးစိုးကို အမြန်ဆုံး လှမ်းပြီး အကူအညီ တောင်းတာပါ။ ကျွန်မ ဒီလူ့အကြောင်းကို သေသေချာချာ သိချင်တယ်၊ ပြီးတော့ အဲဒီမှတ်ပုံတင် သူ့လက်ထဲ ဘယ်နည်းနဲ့ရောက်နေရသလဲ သိချင်တယ်၊ အဲဒါမှ ကျွန်မရဲ့ အစ်ကိုအကြောင်း သိရမှာ၊ ကိုစိုးစိုးကို ကျွန်မ တစ်ခုတော့ သတိပေးချင်တယ်၊ အခုစုံစမ်းတဲ့ကိစ္စကို

http://www.cherrythitsar.org


သူတို့ မရိပ်မိအောင် အတတ်နိုင်ဆုံး လုပ်ဖို့ပါပဲ၊ တော်ကြာ သူတို့ ကွယ်ဝှက်ကြလိမ့်မယ်ထင်တယ်”

“မဆွေပြောတဲ့အတိုင်းဆိုရင် သိပ်စိတ်ဝင်စားစရာ ကောင်းနေပြီ၊ ကျွန်တော် ရုတ်တရက် အံ့သြမိတယ်၊ ဘယ်လိုဖြစ်ပြီး ဒီလိုလုပ်ကြတာလဲ”

“ကျွန်မ ဖေဖေထားခဲ့တဲ့ အမွေပစ္စည်းတွေကြောင့်ပေါ့ ကိုစိုးစိုး”

“ကျွန်တော် သဘောပေါက်ပါပြီ၊ ကျွန်တော် အမြန်ဆုံး စုံစမ်းပေးပါ့မယ်၊ စိတ်ချပါ၊ ပြီးတော့ အမြန်ဆုံး အကြောင်းကြားပေးပါ့မယ်၊ လောလောဆယ် မဆွေ သတိထားပြီး နေပါ၊ အန္တရာယ် ရှိနိုင်တယ်”

“ဟုတ်ကဲ့၊ ကျွန်မ အရေးကြီးရင် သက်ဆိုင်ရာကို တိုင်ကြားမှာပါ၊ ကိုစိုးစိုးသာ အမြန်ဆုံး စုံစမ်းပေးပါနော် . . . ကျေးဇူးပါပဲ . . . ”

ဟု ပြောပြီး ဖုန်းကိုချလိုက်သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ▪ ၂၃ ▪

အိပ်ခန်းချင်း လဲလှယ်ပြီး ရှိသမျှပစ္စည်းတွေအားလုံး ပြောင်းရွှေ့ကြရသဖြင့် အိမ်ဖော်ကောင်မလေးနှင့် ခြံစောင့်လင်မယားနှစ်ယောက်တို့ မသက်သာလှ။ ချွေးများ စို့ရွှဲသည်အထိ ပင်ပန်းသွားကြသည်။ အိမ်ဖော်ကောင်မလေးက နားမလည်စွာဖြင့် . . . "မမ . . . ဘဘကြီး အခန်းကို ဘာကြောင့် ပြောင်းရတာလဲ၊ ညွှန့်သည် လာမှာမို့လား" ဟု စပ်စုသည်။

"ဖေဖေမှ မရှိတော့တာပဲ၊ ဖေဖေ့အခန်းက လေဝင်လေထွက်ကောင်းလို့ ပြောင်းနေမလို့" ဟု သူမ အကြောင်းပြလိုက်သည်။

ယခုတော့ . . . ဖေဖေ တစ်သက်လုံးနေသွားခဲ့သည့် အခန်းသည် သူမ၏အခန်း ဖြစ်သွားလေပြီ။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၂၄ ■

အုန်းပင်ကို မှီပြီး သူ ရပ်စောင့်နေသည်။ ထုံးစံအတိုင်း ဧည့်ခန်းထဲသို့ မဝင်။ မည်သည့်အတွက်ကြောင့် အိမ်ထဲသို့ မဝင်ခြင်းကို ဤနေ့တော့ သိရပေတော့မည်။

"ရှင်က အချိန်တိကျသားပဲ ကိုနိုင်ဇော်" ဟု စတင်ပြီး ပြောလိုက်သည်။

"သိပ်ပြီး အချိန်မှန်ချင်လို့ မဟုတ်ပါဘူး၊ မင်းက လုပ်ငန်းနှစ်ခုကို တစ်ပြိုင်နက် ဦးစီးပြီး လုပ်နေရတဲ့လူပဲ၊ မင်းအတွက် အချိန်က အရေးကြီးပါတယ်၊ အလုပ်များတဲ့ကြားက ပေးလာတဲ့အချိန်အတိုင်း ရောက်ဖို့ကြိုးစားတာပါ"

မှတ်ပုံတင်ကိုကြည့်ပြီးသည့်နောက် ချိန်းထားတာရှိလို့ ဟုဆိုကာ ထွက်သွားခဲ့သည့်အဖြစ်ကို သူ မှတ်ထားဟန်တူသည်။

"ရှင် စကားပြောရင် ရိုးရိုးမပြောတတ်ဘူးထင်တယ်၊ အမြဲတမ်း ရိသလိုခနဲ့သလိုနဲ့ မပြောပါနဲ့"

"မင်းထင်သလို မဟုတ်ပါဘူး၊ တို့ မင်းကို မရိဘူး၊ မခနဲ့ဘူး၊ တို့စိတ်ထဲ ရှိတဲ့အတိုင်း ပြောလိုက်တာ၊ မင်းက ဟန်ဆောင်လိမ်ညာပြီး အဆင်ပြေအောင် ကြည့်ပြောတာကိုမှ ရိုးသားတယ် ထင်နေပုံ

http://www.cherrythitsar.org


ရတယ်”

“ရှင်က ဘယ်လောက်ရိုးသားလို့လဲ”

“မင်းလောက်တော့ တို့ရိုးသားနိုင်လိမ့်မယ် ထင်တယ်”

“ရှင်. . . ကျွန်မလို ရိုးသားတယ်ဆိုရင် အခု . . . ကျွန်မရှိတဲ့ နေရာမှာ ရှင် ရှိနေရမှာပေါ့၊ အခုတော့ ကျွန်မဆီမှာ ပစ္စည်းတွေ လာတောင်းယူနေရတယ်မဟုတ်လား”

အပြင်းထန်ဆုံး ထိုးနှက်ချက်။ သူ ဘာမှ မတုံ့ပြန်နိုင်ပါ။

“မင်းပြောတာ အမှန်ပါပဲ၊ တို့ မငြင်းနိုင်ပါဘူး၊ မင်းဟာ အဖေ့ရဲ့သွေးတွေ စီးဆင်းနေတဲ့လူတစ်ယောက်ဆိုတာ ငါ အသိအမှတ်ပြုပါတယ်၊ အဖေရှိရင်လည်း ဒီစကားမျိုးပဲ ပြောလိမ့်မယ်၊ မင်းဟာ အဖေနဲ့ အရမ်းတူတဲ့သမီးပါပဲ၊ ငါ မင်းကို လက်ခံလိုက်ပါပြီ . . .”

“ရှင်လည်း ဖေဖေရဲ့သားဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်”

သူ နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး ကြည့်နေ၏။

❖ ❖ ❖ ❖

■ ၂၅ ■

"ရှင့်ကို ကျွန်မ သတိထားမိတာ သုံးကြိမ်ရှိပြီ၊ ဒီခြံဝင်းထဲ ဝင်လာပေမယ့် ဘယ်တော့မှ အိမ်ထဲမဝင်ဘူး၊ အပြင်မှာပဲ ရပ်နေတတ်တယ်၊ ကျွန်မ ခေါ်ရင်လည်း ရှင်ငြင်းပယ်တယ်၊ ဘာဖြစ်လို့ အိမ်ထဲ မဝင်ချင်တာလဲ"

ယခုလည်း သူ အိမ်ရှေ့က ရပ်စောင့်နေခြင်းဖြစ်သည်။

"တို့ အိမ်ထဲဝင်ရမှာ လိပ်ပြာမလုံဘူး . . . လှလွန်းဆွေ၊ ဖေဖေမရှိမှန်း သိပေမယ့် ဖေဖေ့ရဲ့အရိပ်တွေက တို့ကို ခြောက်လှန့်နေသလိုပဲ . . . ၊ တို့ဟာ ဖေဖေ့အတွက် တာဝန်မကျေတဲ့ သားတစ်ယောက်ပါ၊ ဖေဖေ့ကို နားမလည်နိုင်ခဲ့တဲ့ လူပါ . . . အဲဒါတွေကြောင့် အပြစ်ရှိသလို ခံစားရတယ်"

သူသည် အိမ်ကို တစ်ချက်မော့ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ သာမန်အနေဖြင့် တစ်ဖက်သားကို အရည်ပျော်ကျသွားစေနိုင်သည့်စကား။ အင်မတန် လှပသည်။ သို့ရာတွင် လိမ်ညာသူများက ယုံအောင်ပြောတတ်သည်ကို သူမ ကြုံဖူးပေါင်းများခဲ့ပါပြီ။

"ဒီလို ရှောင်ပြေးတတ်တာမျိုး ဖေဖေမကြိုက်ဘူးဆိုတာ ကိုနိုင်ဇော် သိမှာပါ၊ ကိုယ်မှားရင်လည်း မှားတဲ့အကြောင်း ပြောရဲရတယ်၊

http://www.cherrythitsar.org


အပြစ်ကို ခံယူရဲရတယ်၊ အဲဒါမှ ဖေဖေက သဘောကျတယ်လေ၊ ရှင် သတ္တိရှိရှိ ဝင်ပြီးရင်ဆိုင်စမ်းပါ။ ဖေဖေရဲ့ကိုယ်စား သက်မဲ့ပစ္စည်းတွေက ရှင့်ကို ခွင့်လွှတ်မှာပါ။ လာပါ . . . ကိုနိုင်ဇော်"

"လှလွန်းဆွေက ဖေဖေရဲ့စိတ်ကိုလည်း သိနေတာပဲ၊ ကောင်းပြီ . . . တို့ ဝင်ပါ့မယ်"

ထို့နောက် သူမ၏ခေါ်ဆောင်ရာနောက်မှ သူ လိုက်ပါခဲ့သည်။

ဧည့်ခန်းထဲ ရောက်သည့်အခါ သူ့မျက်နှာ ပျက်ယွင်းသွားသည်။ နံရံပေါ်တွင် ရှိနေသည့် ဖေဖေ၏ဓါတ်ပုံကို သူ တစ်ချက် စူးစူးကြည့်သည်။ ပြီးမှ ရှိုးကေ့စ်ထဲရှိ မှတ်တမ်းဓါတ်ပုံများကို သေသေချာချာ ငုံ့ကြည့်ပြန်သည်။

"ရှင်လိုချင်တဲ့ဓါတ်ပုံရှိရင် ကျွန်မကိုပြပါ ကိုနိုင်ဇော်"

"အားလုံးပေါ့. . ."

"ဟုတ်ပြီလေ၊ ဒါပေမယ့် ကျွန်မ ခုတစ်ခါတည်း မပေးလိုက်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပုံတွေမှာ နောက်ထပ် တစ်ပုံမရှိကြလို့ပဲ၊ ကျွန်မအားလုံး ပြန်ရိုက်ပြီး ကူးယူထားရဦးမယ်၊ ကျွန်မအတွက်လည်း ဒါတွေ တစ်ပုံစီ လိုတယ်လေ"

"တို့ နားလည်ပါတယ်. . . လှလွန်းဆွေ၊ မင်းရဲ့ စေ့စပ် သေချာမှုကို ချီးကျူးပါတယ်၊ မင်း ဒီဓါတ်ပုံတွေကို အလေးအနက်ထားတာကိုလည်း တို့ လေးစားပါတယ်"

"ကဲ . . အပေါ်ထပ်က ဖေဖေ့အိပ်ခန်းကို သွားကြည့်ရအောင်"

ဟု သူမ မမေ့မလျော့ တိုက်တွန်းလိုက်သည်။

သူ သဘောတူသည့်အနေဖြင့် ခေါင်းညိတ်လိုက်သော်လည်း နေရာက မရွေ့။ ရပ်မြဲ ရပ်နေသည်။

http://www.cherrythitsar.org


"တက်ကြည့်ပါ" ဟု ထပ်မံတိုက်တွန်းလိုက်သည်။

"ဒီအိမ်က မင်းရဲ့အိမ်ပဲ၊ မင်းလိုက်ပြမှ ဖြစ်လိမ့်မယ်၊ နို့မဟုတ်ရင် တို့တက်ကြည့်လို့ တစ်ခုခုပျောက်ရှသွားရင် မကောင်းဘူး"

သူကလည်း လိမ္မာပါးနပ်သည်။ သူကိုယ်တိုင် အခန်းများပြီး ကြည့်မိမှာ စိုးရိမ်သည်ထင်၏။ ဤအမှားကို သူမ စောင့်ကြည့်နေခြင်း ဖြစ်၏။

"ရပါတယ် . . . ကျွန်မ ယုံပါတယ်"

"အဲဒီလို မလုပ်ပါနဲ့ . . . လှလွန်းဆွေ၊ အခု လောလောဆယ် အထင်မှားမခံချင်ဘူး၊ တို့က ဧည့်သည်လိုဖြစ်နေတာ တို့နားလည်ပါ တယ် . . ."

နောက်ဆုံး မည်သို့မှ တိုက်တွန်း၍ မရသဖြင့် သူမဦးဆောင်ပြီး၊ ရှေ့မှ တက်လာခဲ့ရသည်။ အခန်းပြောင်းထားသည့်ဘက်သို့ သူမ ခြေဦးလှည့်လိုက်သည်။ သူ့ထံမှ တားဆီးသည့်စကား မကြားရ။ ဖေဖေနေသည့်အခန်းက ဒီအခန်း မဟုတ်ပါဘူးဟု သူ, မပြောဘဲ လိုက်ဝင်ခဲ့သည်

သေချာပါသည်။ ဤလူသည် ဖေဖေအမြဲနေသည့်အခန်းကိုပင် မသိ။ မနေ့က သူမပြောင်းရွှေ့ထားသည့် အခန်းကိုပင် ဖေဖေ့အခန်း ဟု ထင်နေသည်။ စင်စစ် ဤအခန်းက သူမ၏အခန်း၊ ယခင် နိုင်ဇော် နေခဲ့သည့်အခန်းဖြစ်သည်။

သူက အခန်းထဲကို ပစ္စည်းများနှင့် အိပ်ရာခုတင်၊ စားပွဲ၊ ကုလား ထိုင်တို့ကို တစ်ခဏရပ်ကြည့်ပြီး ပြတင်းပေါက်ဆီသို့ လျှောက် သွားသည်။

ထို့နောက် အပြင်ဘက်အုန်းခြံနှင့် ကမ်းစပ်ကို လှမ်းကြည့်နေ၏။

❖ ❖ ❖ ❖

# ■ ၂၆ ■

နေ့လယ်စာစားရန် အကြော်ထွက်ဝယ်သည့် အရောင်းစာရေးမလေး က "မမ . . . ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တယ်"ဟု ရောက်လျှင်ရောက်ချင်း လှမ်းပြောသည်။

"ဘယ်သူ့ကို တွေ့ခဲ့တာလဲ"

"မမဆီ လာလည်နေတဲ့ ဧည့်သည်လေ" ဟု ပြောတော့မှ သူမ၏မျက်နှာက ရှက်ရွံ့ခြင်းကြောင့် နီမြန်းမြန်း ဖြစ်သွားသည်။ ထိုအခါမှ ကိုနိုင်ဇော်ဆိုသည့်လူကို မြင်တွေ့လာခြင်းဖြစ်ကြောင်း သိရှိလိုက်သည်။

"နေစမ်းပါဦး၊ ညီမက ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

သူမ မလုံမလဲနှင့် မေးလိုက်မိသည်။

"အော် . . . ဒီလိုပဲ ကြားနေတာပေ့ါ၊ ညီမတို့ လက်ဖွဲ့ ရတော့ မယ် ထင်တယ်"

ဟု ပြန်ပြောသည့်အခါ ကျန်သည့်စာရေးမလေးများကပါ ဝိုင်း၍ ရယ်ကြသည်။ လက်စသတ်တော့ သူတို့တစ်တွေက သတင်းကြား ရုံနှင့် သူမကို အထင်မှားနေကြခြင်းဖြစ်သည်။ ဤသတင်းကို နောက်ထပ်မည်သူတွေ သိရှိနေသည် မသိ။ ယခုမှ သတိထားမိသည်။

http://www.cherrythitsar.org


သူမက ကိုယ့်အပူနှင့်ကိုယ်မို့ ဘာကိုမှ ဂရုမစိုက်နိုင်ခဲ့ပါ။

"ညီမတို့က ဘယ်လိုသတင်းတွေ ကြားနေလို့လဲ၊ မမကို ပြောစမ်းပါဦး"

"အဲဒီလူက မမရဲ့အစ်ကိုဆိုတာ ဟုတ်လား၊ ညီမတို့က မမမှာ အစ်ကိုရှိတယ်လို့ ကြားတောင်မကြားဖူးဘူး"

သူမ မည်သို့ဖြေကြားရမည် မသိ။

"ပုံစံက အရမ်းခေတ်မီတယ်၊ ချောလည်း ချောတယ်နော်" ဟု တစ်ယောက်က ဝင်ပြောသည်။နောက်တစ်ယောက်က "နီလာမေးတာ ဟုတ်လား မမ၊ သူက မမရဲ့ အစ်ကိုလို့ ပြောတယ်" ဟုထပ်ပြီး မေးသည်။ အထည်ဆိုင်တွင် နေ့လယ် လူရှင်းသည့်အချိန်ဖြစ်သဖြင့် အချင်းချင်း အေးအေးဆေးဆေး စကားပြောခွင့် ရနေကြသည်။

"ကျွန်မတို့ ဒီမှာအငြင်းအခုံဖြစ်နေကြတယ်၊ နီလာတို့က မမရဲ့ အစ်ကိုလို့ ပြောတယ်၊ ကျွန်မတို့က မဖြစ်နိုင်ဘူး၊ မမရဲ့ဧည့်သည်ပဲ ဖြစ်ရမယ်၊ ဧည့်သည်မှာတောင် အရမ်း အရေးကြီးတဲ့ ဧည့်သည်ပဲ ဖြစ်ရမယ်လို့၊ ဟုတ်တယ်နော်" ဟု ရယ်ဖွဲ့၍ ဝိုင်းမေးကြသည်။

"ညီမတို့ ထင်တာတွေ တစ်ခုမှ မဟုတ်ပါဘူး"

❖ ❖ ❖ ❖

# ▪ ၂၇ ▪

တစ်နေ့လုံး တအုံနွေးနွေးဖြစ်နေသည့်စိတ်က သူ့ကို တွေ့သည်နှင့် ပေါက်ကွဲသွားလေသည်။

"ရှင် . . . နေ့လယ်က ဈေးကိုရောက်လာတယ် မဟုတ်လား" ဟု ဒေါသနှင့်မေးလိုက်သည်။

သူမ၏မျက်နှာကို အံ့အားတသင့်နှင့် ကြည့်ပြီး . . . "ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲ လှလွန်းဆွေ . . ." ဟု နားမလည်သလို ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ ရှင်ဟာ ကျွန်မရဲ့အစ်ကိုပါလို့ ဘယ်သူတွေကို လျှောက်ပြောနေသလဲ၊ ဈေးထဲမှာ လူတွေ သိကုန်ကြပြီ . . ."

"ငါ ဘာမှမပြောပါဘူး၊ ငါ ဈေးကို လာတာကလည်း ဝယ်ခြမ်းစရာရှိလို့ပါ"

"ရှင် မညာနဲ့၊ ရှင် တမင် လျှောက်ပြောနေတာ မဟုတ်လား"

"အရမ်း မစွပ်စွဲပါနဲ့ . . . လှလွန်းဆွေ၊ ငါဟာ မင်းရဲ့ အစ်ကိုအဖြစ် ကြွားစရာ ဘာအကြောင်းမှ မရှိဘူး၊ ကြွားတယ်ဆိုတာ ချစ်သူရည်းစားတွေရဲ့ အလုပ်ပဲ၊ အဲဒါ . . . ငါ့ချစ်သူ၊ ငါ့ကိုကြိုက်နေတဲ့ ကောင်မလေးလို့ပြောတာပဲ ကြွားဖူးပါတယ်"

http://www.cherrythitsar.org


"ဒါဖြင့် ရှင်က အဲဒီသဘောမျိုး ပြောတယ်ပေါ့" ဟု သူမ ဒေါသတကြီးနှင့် အော်ထည့်လိုက်သည်။

အမှန်ပင်။ တချို့တစ်ဝက်ကလည်း ချစ်သူရည်းစား ဖြစ်မည်ဟု ထင်နေကြ၏။

ထိုအခါတွင် သူက ဖွေးလက်ညီညာသည့်သွားများ ပေါ်သည်ထိ ရယ်လိုက်သည်။ သူမနှင့်တွေ့ဆုံသည့်ကာလ တစ်လျှောက်၌ သူ၏ ပွင့်ပွင့်လင်းလင်းအရယ်ကို ပထမဆုံး တွေ့မြင်ရခြင်းဖြစ်သည်။

"ရှင် ဘာရယ်တာလဲ၊ ဒါ . . . ရယ်စရာမဟုတ်ဘူး"

"ငါ မင်းကို မရယ်ပါဘူး၊ လူတွေကို ရယ်တာပါ၊ လူတွေက သူတို့စိတ်ဝင်စားပြီဆိုရင် ပြောချင်ရာ ပြောတော့တာပဲ၊ လူတွေ ပြောတိုင်းယုံရရင် ကြမ်းပိုးတွေ လိပ်ဖြစ်ကုန်လိမ့်မယ်"

"ဒီမယ် ကျွန်မက လူပြောတိုင်းယုံတဲ့လူ မဟုတ်ဘူး၊ ဒါပေမယ့် ဒီစကားတွေ ရှင်မပြောဘဲ ဘယ်သူမှမသိနိုင်တဲ့ကိစ္စပဲ၊ ဒီလို ဟိုပြော ဒီပြော လျှောက်ပြောနေတာ မရိုးသားဘူး ထင်တယ်"

"ဒုက္ခပါပဲ . . . ငါက မင်းကို ချစ်နေတယ်လို့ မင်းထင်နေလို့လား"

သူမ၏မျက်နှာသည် ရှက်သွေးတို့ကြောင့် နွေးခနဲ ဖြစ်သွား၏။

"ကိုနိုင်ဇော် . . . ရှင်စကားပြောရင် စည်းမကျော်ပါနဲ့၊ ကျွန်မ မကြိုက်ဘူး"

"ချစ်တဲ့စကား မပြောရလို့ ဥပဒေမရှိပါဘူး လှလွန်းဆွေ၊ ငါ ပြောချင်ရင် အချိန်မရွေး ပြောလို့ရပါတယ်"

"ရှင်ဟာ မရိုးသားရုံတင်မကဘူး၊ ရိုင်းလည်း တော်တော်ရိုင်းတဲ့ လူပဲ၊ ဒီစကား ဒီအချိန်မှာ မပြောရဘူးဆိုတာ ရှင် နားမလည်ဘူးလား၊

http://www.cherrythitsar.org


တကယ်လို့ ရှင်သာ ကိုနိုင်ဇော်ဖြစ်ခဲ့ရင် ကျွန်မနဲ့ ဘာတော်မလဲ"

"ဘာမှ မတော်ပါဘူး၊ မင်းကို ငါက ညီမအဖြစ် မွေးစားခဲ့တာမှ မဟုတ်ဘဲ" ဟု သူက မပြုံးမရယ်ဘဲ ပြောလိုက်သည်။ ဤစကားက အမှန်ဖြစ်သော်လည်း သူမအတွက် ခါးသီးပြင်းထန်လွန်းသည် ထင်၏။

"ဖေဖေ ကျွန်မကို မွေးစားခဲ့တာကို ရှင် အသိအမှတ် မပြုတဲ့ သဘောလား"

"လုံးဝ သံသယမရှိပါနဲ့၊ ငါ လုံးဝ အသိအမှတ်ပြုပါတယ်၊ ဒီခြံဒီဝင်းထဲကိုတောင် မင်းရဲ့ခွင့်ပြုချက်မရဘဲ ငါ မဝင်ခဲ့ပါဘူး"

"ကျွန်မ ခွင့်မပြုဘဲ ဝင်ရင်လည်း မရပါဘူး ကိုနိုင်ဇော်"

သူ ဘာမှမပြောဘဲ မချိပြုံး ပြုံးသည်။

"ကဲ . . . စကားပြတ်သွားတယ်၊ ရှင် ဈေးထဲဝင်ပြီး သက်န်း ပရိက္ခရာတွေ ဝယ်သွားတယ်၊ ရှင် ဘာလုပ်မလို့လဲ . . . "

"မင်း သတင်းအတိအကျ ရနေပါလား"

"ဒီမြို့ဟာ ကျွန်မမြို့ဆိုတာ ရှင် မမေ့ပါနဲ့"

"ဟုတ်တယ်၊ မနက်ဖြန် ရွှေစေတီကျောင်းမှာ အရဟ်ဆွမ်းကျွေး ပြီး လှူဒါန်းမလို့၊ မင်းလည်း လာစေချင်တယ်၊ အဖေနဲ့အမေတို့ကို ရည်စူးပြီး လုပ်တဲ့အလှူပါ . . . "

နိုင်ဇော်အဖြစ် ရပ်သိရွာသိဖြစ်အောင် လုပ်နေခြင်း ဖြစ်မည်။ သို့ဆိုလျှင် ဤလူကို လျှော့တွက်၍မရ။ အင်မတန် အကွက်စေ့လှ၏။ မလှူပါနှင့် တားဆီးပိတ်ပင်၍ ကောင်းသည်မဟုတ်ပါ။ သူမအနေနှင့် စိတ်ဆိုး အမျက်ထွက်ရုံမှတစ်ပါး ဘာမှမလုပ်နိုင်။

"ရှင့်ဘာသာရှင် လွတ်လွတ်လပ်လပ် လုပ်ပါ၊ ကျွန်မ မလာချင်

http://www.cherrythitsar.org


ပါဘူး”

“မင်းနဲ့လည်း သက်ဆိုင်ပါတယ် လှလွန်းဆွေ”

“ကျွန်မအဖေအတွက် အမြဲတမ်း ကုသိုလ်လုပ်နေတာ ပဲ၊ ကျွန်မ ဘယ်တော့မှ မမေ့ဘူး၊ ဒါပေမယ့် ရှင်နဲ့တွဲပြီး မလုပ်ချင်ဘူး”

ဟု အပြတ်ငြင်းပစ်လိုက်သည်။ မနက်ဖြန်ဆိုလျှင် ဤအလှူ၏ သတင်းက အနည်းနဲ့အများ ပျံ့နှံ့လာတော့ မည်ထင်၏။

# ■ ၂၈ ■

"မဆွေ . . . ကျွန်တော်စုံစမ်းနေတာ နည်းနည်း ကြာသွားတယ် . . . ဆောရီးနော်" ဟု ညနေတွင် ကိုစိုးစိုးဆီမှ ဖုန်းဝင်လာသည်။ ရုတ်တရက် တစ်ကိုယ်လုံး အေးခဲ တောင့်တင်းသွားသည်။ ဒီလူ၏ သတင်းက အကောင်းလား၊ အဆိုးလား။ ဆယ်တန်းအောင်စာရင်း ထွက်သည့်အချိန်က ရင်ခုန်လှုပ်ရှားသည်ထက် ပိုလွန်းသည်။

"ကျွန်မ အမြန်ဆုံး သိချင်ပါတယ် . . . ကိုစိုးစိုး"

"ကျွန်တော် ကိုကျော်ဦးဆီကတစ်ဆင့် ကြားသိရတာကို ပြောပြမယ်၊ ဟုတ်တယ် . . . ဒီလူရဲ့နာမည်က နိုင်ဇော် ပါပဲ . . . မဆွေ"

"ရှင် . . ."

ခေါင်းကို မိုးကြိုးပစ်ချခံရသကဲ့သို့ ထူပူသွားသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောတဲ့စကားက မဆုံးသေးပါဘူး၊ အကြောင်းစုံက ဒီလိုပါ . . . ကိုကျော်ဦးနဲ့ ကိုနိုင်ဇော်က သင်္ဘောသား သင်တန်းအတူတက်ရင်း သူငယ်ချင်း ဖြစ်ခဲ့ကြတယ်၊ သူတို့သင်တန်းမှာ နိုင်ဇော်ဆိုတဲ့အမည်နဲ့ လူနှစ်ယောက် ရှိတယ်၊ တစ်ယောက်က နယ်ကတဲ့၊ ဒီ . . . ကိုနိုင်ဇော်က ရန်ကုန်ကပဲလို့ ပြောတယ်" သူမ လုံးဝ မမျှော်လင့်ထားသည့် အဖြစ်အပျက်။ အံ့အားသင့်မှုကြောင့်

http://www.cherrythitsar.org


ပါးစပ်ဟောင်းလောင်း ဟ, သွားသည်။ နိုင်ဇော် နှစ်ယောက်တဲ့ . . .။

"ဒီတော့ အခုကိုနိုင်ဇော်ကို သူတို့က နိုင်ကြီးလို့ခေါ်ပြီး . . . နောက်တစ်ယောက်ကို နိုင်လေးလို့ ခေါ်လိုက်ကြတယ်၊ အဲဒါမှ လူချင်းကွဲမှာ မဟုတ်လား"

"ဟုတ်ကဲ့ . . . နိုင်ကြီးလို့ ခေါ်ကြတာ ကျွန်မ သိတယ်"

"ကျွန်တော်လည်း အဲဒီလိုခေါ်ကြတာ ကြားပါတယ်"

"အဲဒါနဲ့ ဆက်ပြောပါဦး . . . ကိုစိုးစိုး" ဟု အလောတကြီး ပြောလိုက်သည်။

"နောက် . . . သင်္ဘောလိုက်ဖို့ ကြိုးစားကြတော့ နိုင်ဇော် နှစ်ယောက်စလုံး ထူးထူးခြားခြား သင်္ဘောတစ်စီးတည်း အတူတက်သွားကြတယ်တဲ့၊ သူက နောက်မှ တခြားလိုင်းနဲ့ သင်္ဘောတက်ဖြစ်တယ်၊ အဲဒီမှာ နိုင်လေးက မတော်တဆ အမှားအယွင်းတစ်ခုကြောင့် သေဆုံးသွားတယ်လို့ သူတို့ သတင်းကြားလိုက်ရတယ်တဲ့၊ အဲဒီနောက် နိုင်ကြီးက နှစ်ပြည့်တာတောင် ပြန်မလာဘဲ နောက်တစ်စီး ကူးသွားတယ်လို့ သိရတယ်တဲ့ . . ."

"သင်္ဘော နောက်တစ်စီး . . ." ဟု သူမ သတိလက်လွတ် ပြောလိုက်မိသည်။

ကိုနိုင်ဇော်သည် နှစ်များစွာကတည်းက လူ့လောကမှာ မရှိတော့ပြီပဲ။ ကံတရားက ဆိုးဝါးလွန်းလှသည် ထင်၏။

"ဟုတ်တယ် . . . မဆွေ၊ ဒီလိုပဲ ကြားခဲ့တယ်တဲ့၊ ကိုကျော်ဦးက သင်္ဘောလိုက်တာနားပြီး ပွဲစားလုပ်နေတာ ကြာပါပြီ၊ နိုင်ကြီးက သင်္ဘောလိုက်တုန်းပဲတဲ့"

"အဲဒီလူ အခု ဘယ်မှာနေတာလဲ"

http://www.cherrythitsar.org


"နိုင်ကြီးက ရန်ကုန်မှာပဲ၊ တိုက်ခန်းတစ်ခန်း ဝယ်ထားပြီး တစ်ယောက်တည်းနေတယ်၊ ဟိုးအရင် သင်္ဘောမလိုက်ခင်က သူက ဦးလေးအိမ်မှာ နေတာတဲ့"

"ဒါဖြင့် သူ့မိဘတွေကရော . . ."

"ဟင့်အင်း . . မရှိပါဘူး၊ ဟိုးအရင် ကိုကျော်ဦးနဲ့ စသိကတည်းက သူ့မိဘတွေ မရှိကြတော့ဘူး၊ ဆုံးသွားကြပြီ . . .၊ ဒါနဲ့ ကျွန်တော်လည်း ဆက်ပြီး မစုံစမ်းတော့ဘဲ မဆွေဆီ ဖုန်းဆက်လိုက်တာပဲ၊ ဘယ်လိုလဲ၊ ဒီသတင်းတွေ က မဆွေအတွက် လုံလောက်ရဲ့လား"

အသေအချာပင် လုံလောက်ပါပြီ။

"ဒီလောက်ဆိုရင် ရပါပြီကိုစိုးစိုး၊ အခုလို အမြန်ဆုံး စုံစမ်းပေးတဲ့အတွက် ကျေးဇူးပါပဲ၊ နောက်မှ အကြောင်းထူးရင် ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

ဟု ပြောကာ ဖုန်းချလိုက်သည်။ ထိုမှ တုန်ရီနေသည့် မိမိ၏ လက်များကို သတိပြုမိ၏ စိတ်နှလုံးသည် နာကြည်း ဒေါသတို့ကြောင့် တုန်ခါ၍နေ၏။

❖ ❖ ❖

တော်တော့်ကို ဆင်တူနေသည့် လူနှစ်ယောက်။ ပြီးတော့ သင်္ဘောက တစ်စီးတည်း။ သင်တန်းလည်း အတူ တက်ခဲ့ကြသူတွေ။

ထို့ကြောင့် နိုင်ကြီးသည် နိုင်လေး၏အကြောင်းကို အတော်များများ သိခဲ့လိမ့်မည်ထင်သည်။ ထို့အပြင် ကျန်ရစ်ခဲ့သည့် နိုင်လေး

http://www.cherrythitsar.org


၏ပစ္စည်းတွေထဲမှ မှတ်ပုံတင်တို့၊ တခြား အတိုအထွာပစ္စည်းတွေ သိမ်းဆည်းရင်း ယူထားလိုက်နိုင်သည်။ သို့ရာတွင် အမှန်တရားကို မည်သူက ကြာရှည်ဖုံးအုပ်ထားနိုင်မည်နည်း။

ဤသည်ကို နိုင်ကြီး သိဖို့ကောင်းပါသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၂၉ ■

တစ်ညလုံး နှစ်ခြိုက်စွာ အိပ်မပျော်နိုင်ဘဲ၊ ခေါင်းတွေ ထူပူလေးလံစွာဖြင့် နံနက်ခင်းကို ကြိုဆိုလိုက်ရသည်။ ပထမဦးစွာ ဖြူလွလွ အရုဏ်ဦးမှသည် ရဲရဲနီသော အလင်းရောင်က အရှေ့ကောင်းကင်ကို လိမ်းခြယ်လိုက်လေပြီ။

နံနက်ခင်း၏သာယာလှပဖွယ်ကောင်းသည့် အရာဟူသမျှ ဤနေ့တွင် ဆိတ်သုဉ်းနေသည် ထင်၏။ ကျေးငှက်သံတို့ကိုပင် နာပျော်ဖွယ်မဖြစ်။ တသွဲ့သွဲ့တိုက်ခတ်သည့် လေနုအေးပင် ရင်ကို ချမ်းမြေ့သွားအောင် မစွမ်းဆောင်နိုင်ချေ။

ဤအချိန်ဆိုလျှင် သူသည် ရွှေစေတီကျောင်း၌ ဆွမ်းကပ်လှူနေလိမ့်မည်။ ထို့နောက် အလှူတွင် ဝိုင်းကူကြသည့်သူများကို သူသည် ဦးနိုင်ထွန်း၏သား နိုင်ဇော်ပါဟု ကြော်ငြာနေပေလိမ့်မည်။

သူမ အရုဏ်ဦးကောင်းကင်ကို ခပ်စူးစူးကြည့်နေမိသည်။

❖ ❁ ❖

http://www.cherrythitsar.org


နံနက်ခင်း ငွေသိမ်းရန်အတွက် စားသောက်ဆိုင်သို့ ရောက်သွားသည့် အခါ တစ်ဆိုင်လုံး ငြိမ်သက်တိတ်ဆိတ်နေပြီး၊ တံခါးများကိုလည်း ပိတ်ထားသည်။

ထူးဆန်းသလို စိတ်ထဲ အောက်မေ့ရင်း တံခါးကို ခေါက်လိုက်သည်။ မည်သည့်အသံမှ မကြားရ။ ထို့ကြောင့် ထပ်ပြီး ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

ထိုအခါမှ အိပ်ချင်မူးတူးနှင့် စားပွဲထိုးကောင်လေးတစ်ယောက် တံခါးကို လာဖွင့်သည်။

"ဘယ်လိုဖြစ်နေကြတာလဲ၊ တံခါးကို ဖွင့်ပေးမယ့်လူတောင် မရှိဘူး"

"အားလုံး အလှူသွားကြတယ် . . . မမ၊ ကျွန်တော်တောင် ဆိုင်စောင့်မရှိလို့ နေခဲ့ရတာ"

"ဘာ . . . အလှူ . . . ဟုတ်လား"

ဟု သူမ အံ့အားတသင့်နှင့် ရေရွတ်လိုက်သည်

"ဟုတ်ကဲ့၊ ဒီအလှူက မမတို့အလှူဆို၊ မနက်အစောကြီး လာခေါ်လို့ ဦးလေးခင်တို့ လိုက်သွားကြတယ်လေ၊ ဆိုင်က အလုပ်သမားတွေ အားလုံးကိုခေါ်တာ"

လက်စသတ်တော့ ဒီလူရဲ့ လက်ချက်ဖြစ်နေပါလား။ ကြောက်လန့်ဖွယ်ကောင်းလောက်အောင် ခြေလှမ်းကျဲနေသည်ပဲ။ စိတ်ထဲ၌ ဒေါသတို့ ထောင်းခနဲ ထသွားသည်။

"ဒါနဲ့ . . . လေးလေးဘယ်မှာလဲ"

"အားလုံး လိုက်သွားကြတာလေ၊ လေးလေးလည်း ပါတယ် မမ"

http://www.cherrythitsar.org


လဲသေပစ်လိုက်ဖို့ ကောင်းသည်။ လေးလေးကို အသေအချာ ရှင်းပြထားပါလျက်နှင့် သူက ရှေ့ဆုံးက လိုက်သွားရသည်တဲ့။ ဒုက္ခ ပါပဲ . . . လေးလေးကို မည်သို့မှ အားကိုး၍ရတော့မည် မဟုတ်။

"မမက အလှူက ပြန်လာတာ မဟုတ်လား၊ ဦးလေးခင်တို့ လေးလေးတို့ကို အဲဒီမှာ မတွေ့ခဲ့ဘူးလား"

"ဘယ်သူက ငါ့အလှူလို့ ပြောလဲ၊ ဦးလေးခင်ပြန်ရောက်ရင် ပြောလိုက်၊ ငါ့ဆီ အမြန်ဆုံး ဖုန်းဆက်ပါလို့ . . . ဒါပဲ"

ဟုပြောပြီး သူမ ချာခနဲ လှည့်ထွက်ခဲ့သည်။

❖ ❁ ❖

တစ်ကိုယ်လုံးရှိ သွေးဆဲလ်များ လောင်မြိုက်တုန်ခါနေသည် ထင်၏။ သို့ရာတွင် သူမသည် နေရာတွင် ခိုင်မြဲစွာ ရပ်နေ၏။ လက်ကို ပိုက်ထားပြီး၊ အတတ်နိုင်ဆုံး စိတ်ကို ချုပ်တီး၍ စောင့်နေ၏။ မလှုပ်မယှက်။

သူသည် သူမရပ်နေသည့်နေရာသို့ ဦးတည်၍ လျှောက်လာရင်း တင်းမာမှုကို သတိထားမိသည့်အသွင် တစ်ချက်လှမ်းကြည့်သည်။

ပင်လယ်ပြင်ထဲ နစ်မြုပ်နေသည့် နေဝန်းနီကို တစ်စိတ်တစ်ပိုင်းသာ မြင်ရတော့၏။ ရွှေဝါရောင်တောက်သော နေခြည်တန်းက အုန်းပင်ဖျားကို နှုတ်ဆက်နေကြလေပြီ။

သူက မျက်နှာချင်းဆိုင်တွင် ရပ်လိုက်ပြီး . . .

"လှလွန်းဆွေ . . . ဟိုတယ်ကို ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ်၊ ကျွန်မ ဖုန်းဆက်တယ်"

သူမ၏အသံက အက်ကွဲခြောက်ကပ်နေမည်လား မသိ။ ရင်အပူကြောင့် စကားလုံးတို့သည်ပင် ကွဲကွဲအက်အက်နှင့် ရှိနေသည်ထင်၏။

"တို့ အခုပဲ ဟိုတယ်ကို ပြန်ရောက်တယ်"

"ရှင် ဒီနေ့တစ်နေ့လုံး အလုပ်များနေတယ်ဆိုပါတော့"

သူက သံသယနှင့် တစ်ချက်ကြည့်လိုက်သည်။

"တစ်နေ့လုံးတော့ မဟုတ်ပါဘူး၊ နေ့လယ်က ဘုရားပေါ်မှာသွားနေတာပါ။ ကဲ . . . ဆို၊ လှလွန်းဆွေ ဖုန်းဆက်တာ ဘာကိစ္စလဲ . . ."

သူမ ဒေါသပေါက်ကွဲသွားပြီး . . .

"ဒီနေ့တစ်နေ့လုံး ရှင် ဘာတွေ လျှောက်လုပ်နေတာလဲ၊ ကျွန်မမသိဘဲ ဆိုင်ကလူတွေကို ခေါ်သွားတယ်၊ လေးလေးကိုလည်း ခေါ်သွားတယ်၊ အဲဒါ ကျွန်မကို ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား၊ ဒါမှမဟုတ် ရှင့်ကိုယ်ရှင် ကြော်ငြာချင်လို့လား . . . ပြောစမ်းပါဦး"

"မင်းပြောတဲ့အဓိပ္ပာယ်ကို ငါ နားမလည်ဘူး လှလွန်းဆွေ၊ ငါသူတို့ကို ခေါ်သွားတာ မင်းရဲ့အလုပ်ချိန်ကို မထိခိုက်ပါဘူး၊ ငါ မင်းကိုလည်း ခေါ်ခဲ့ပါသေးတယ်"

သူမ မုန်းတီးစွာဖြင့် ကြည့်နေရင်း . . .

"ရှင် သူတို့ကို လှည့်စားလို့ရချင်ရမယ်၊ ကျွန်မကို မရဘူး၊ တကယ်တော့ ရှင်ဟာ ကျွန်မအစ်ကို နိုင်ဇော်အဖြစ် လိမ်ညာနေတဲ့လူပဲ . . ."

သူ မျက်နှာတစ်ချက် ပျက်ယွင်းသွားသည်။ ထို့နောက် ရုတ်ခြည်းပင် ဒေါသနှင့်တင်းမာစွာ ပြန်ကြည့်ပြီး . . .

http://www.cherrythitsar.org


"မင်း ဒီစကားပြောဖို့ ခေါ်တာဆိုရင် ငါ ပြန်ရုံပါပဲ၊ ငါ မင်းကို ဖြေရှင်းဖို့လာခဲ့တာ မဟုတ်ဘူး"

"ရှင် ဒီလိုပြန်လို့ ဘယ်ဖြစ်မလဲ၊ ဒီကိစ္စကို အပြတ်ရှင်းပြီးမှ ပြန်ရမယ်၊ ရှင့်ကို ကျွန်မမေးမယ်၊ ရှင် . . . ဘယ်သူလဲ"

သူ ခြေလှမ်းပြင်ပြီးမှ ဆတ်ခနဲ လှည့်ကြည့်သည်။

"ရှင် ဘယ်သူလဲ"

ရင်ထဲတွင် ဆူပွက်နေသည့်ဒေါသကြောင့် သူမ၏ လေသံက မာကျောပြင်းထန်နေ၏။ ကမ်းခြေအား မရပ်မနား အရှိန်ပြင်းစွာ ရိုက်ပုတ်နေသည့်လှိုင်းသံ၊ ပင်လယ်လေ တိုးဝှေ့နေသဖြင့် အုန်းလက်တို့ အချင်းချင်း ရိုက်ခတ်သည့် အသံတို့ကိုပင် ကျော်လွှန်သွားသည်။

❖ ❖ ❁ ❖ ❖

■ ၁ ■

"ရှင် အဖေ့အကြောင်းကို လုံးဝဆွေးနွေးစရာ အကြောင်းမရှိဘူး၊ ဒီဟာက ကျွန်မတို့မိသားစု အတွင်းရေးပါ။ ရှင်က ဒီအားနည်းချက်ကို အသုံးချဖို့ ကြံစည်နေတဲ့လူ၊ ရှင့်ရဲ့ယုတ်မာလွန်းတဲ့ အကြံအစည်ကို ရပ်တန်းက ရပ်လိုက်ပါ။ အရှက်မရှိတဲ့ လူညာတစ်ယောက်နဲ့ ကျွန်မ ဆက်ပြီး စကားမပြောချင်တော့ဘူး"

သူ့မျက်နှာက တစ်ချက် ပျက်ယွင်းသွားပြီး . . .

"မင်းရဲ့စကားတွေက သိပ်စော်ကားလွန်းနေပြီ . . . လှလွန်းဆွေ၊ ငါ ဘာတွေ လုပ်ခဲ့သလဲ၊ ငါ နိုင်ဇော် မဟုတ်ဘူးလို့ မင်း ဘာကြောင့် ထင်နေတာလဲ၊ အဲဒါ ငါ သိချင်တယ်၊ ငါ့ကို ရှင်းပြစမ်းပါဦး"

"ဒီအချိန်မှာ ရှင်ပြဿနာမဖြစ်ဘဲ အေးအေးဆေးဆေး လှည့်ပြန်သွားရင် ကောင်းလိမ့်မယ်၊ အခွင့်အရေးပေးတဲ့အနေနဲ့ ကျွန်မ နည်းနည်းပဲ ရှင်းပြမယ်၊ ရှင်ဟာ နိုင်ဇော် တကယ်ဖြစ်ရိုးမှန်ခဲ့ရင် ဒီမြို့ရောက်ကတည်းက ဘာဖြစ်လို့ မပြောတာလဲ၊ ကျွန်မရဲ့အိမ်ကို ကားလာပို့ရင်း ရောက်လာတာ ရှင်မငြင်းပါနဲ့၊ ရှင်က ကျွန်မတို့ရဲ့ အခြေအနေနဲ့ ဝန်းကျင်ကို လေ့လာဖို့ အချိန်ယူရသေးတယ်၊ ကံကောင်းချင်တော့ လေးလေးနဲ့ ရှင်တွေ့သွားတယ်၊ လေးလေးက

အရက်အသောက်များပြီး ခပ်ကြောင်ကြောင်ဖြစ်နေတော့ ရှင့်အတွက် အကွက်ကောင်းဖြစ်သွားတယ်၊ လေးလေးကို တစ်နေကုန်တစ်နေခန်း ခေါ်ပြီး အရက်တိုက်ပြီး သိချင်တာမှန်သမျှ မေးမြန်းခဲ့တယ် မဟုတ်လား၊ အဲဒီနောက်တော့ ကျွန်မဆီကို ရှင် တဖြည်းဖြည်းချင်း ချဉ်းကပ်လာတယ်၊ ကျွန်မ ယုံကြည်အောင် သွေးတိုးစမ်းလာတယ်၊ ကျွန်မကို လွယ်လွယ်ကူကူ ချုပ်ကိုင်လို့မရဘူးဆိုတာ ရှင်နားလည်နေတယ်လေ၊ ဒီတော့ ရှင်က နောက်ထပ်မြားတစ်စင်း ပစ်ဖို့ကြံစည်လာတယ်၊ အဲဒါက သိပ်ကိုအောက်တန်းကျတဲ့ အချစ်ဆိုတဲ့အရာနဲ့ပေါ့၊ ရှင် ငြင်းလို့ မရဘူး၊ ရှင့်မျက်လုံးတွေထဲမှာ ပေါ်လွင်နေတယ်”

သူက မကျေမနပ်နှင့် နှုတ်ခမ်းမဲ့လိုက်ပြီး . . .

“မင်း မဆိုးပါဘူး၊ အဲဒါကိုလည်း မင်းသိသားပဲ” ဟု ခနဲ့လိုက်သေးသည်။

“အဲဒါလောက်နဲ့ ရှင့်ကို ကျွန်မ ထောင်ထဲပို့လိုက်လို့ ရနေပါပြီ၊ ဒါထက် သေချာတာက ရန်ကုန်က ကျွန်မမိတ်ဆွေဆီက စုံစမ်းသိရှိရတာပဲ၊ ရှင်နဲ့ သင်္ဘောတစ်စီးတည်း တက်သွားတဲ့၊ ရှင်နဲ့နာမည်တူတဲ့ နိုင်ဇော်ဆိုတာ ကျွန်မရဲ့အစ်ကိုပါပဲ၊ အဲဒီသင်္ဘောမှာပဲ မတော်တဆ ဖြစ်ပြီး သေဆုံးခဲ့တယ်လို့ ကျွန်မ သိရပါပြီ၊ ကဲ . . . ရှင် ငြင်းချင်သေးလား”

“အဲဒီသတင်းက သိပ်သေချာတယ်ပေါ့၊ ဟုတ်လား”

“ရှင် ခုချိန်ထိ လက်မလျှော့ချင်သေးဘူးလား၊ ကောင်းပြီ . . . ဒါဖြင့် ကျွန်မ လုပ်သင့်တာလုပ်ရလိမ့်မယ်၊ ရှင် သေချာပါတယ်ဆိုရင် ဒီနေရာက ထိုင်စောင့်နေ၊ လုံးဝ နေရာမရွှေ့နဲ့၊ ကျွန်မ သက်ဆိုင်ရာ စခန်းရုံးကို ဖုန်းဆက်လိုက်မယ်၊ ရှင်က အချုပ်ခန်းထဲရောက်မှ

http://www.cherrythitsar.org


သဘောပေါက်မယ့် လူစားမျိုးပဲ . . . ”

ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ဧည့်ခန်းထဲမှ ဖုန်းဆီသို့ သူမ လှမ်းဝင်ခဲ့သည်။ အမှောင်ရိပ်ကျလာပြီဖြစ်သဖြင့် ဧည့်ခန်းထဲတွင် မီး ဖွင့်ထားချေပြီ။

မိသားစုသဖွယ် ရင်းနှီးကျွမ်းဝင်သည့် ဒု-ရဲအုပ် ကိုမြင့်ဝေဆီသို့ အရင်ဦးဆုံးပြောကြားမည်ဟု စိတ်ကူးသည်။ ထို့နောက်မှ လိုအပ် သလို အရေးယူသွားရမည်။

❖ ❁ ❖

တကယ့်အားပြိုင်မှု တစ်ခုပါပဲ။ သူ့ဘက်က မိုက်မဲမှုနှင့် မယုံကြည်မှု တို့ကို လောင်းကြေးထပ်ထားပြီး၊ သူမဘက်က ရင်ဆိုင်ဝံ့ခြင်းနှင့် ယုံကြည်ခြင်းတို့ကို အခိုင်အမာ ပြသရမည်ဖြစ်သည်။

သူက သူမသည် သက်ဆိုင်ရာရဲဌာနသို့ မတိုင်ကြားရဲဟု မိုက်မဲ စွာ ယုံကြည်နေဟန်တူ၏။ သူမကဲ့သို့ ငယ်ရွယ်၍ တစ်ကိုယ်တည်း နေရသည့် မိန်းကလေးကို အထင်သေးခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဒု-ရဲအုပ်ကိုမြင့်ဝေတို့ ရောက်လာသည့်အချိန်ထိ သူ နေရာ တွင် ထိုင်စောင့်နေ၏။ အုန်းပင်ကို ကျောမှီပြီး ပင်လယ်ပြင်ဆီ ငေး ကြည့်နေခြင်း ဖြစ်သည်။

“ကျွန်တော်တို့နဲ့ စခန်းကို ခဏလိုက်ခဲ့စေချင်တယ်၊ ဒီက တိုင်ကြားမှုနဲ့ပတ်သက်ပြီး . . . စစ်ဆေးမေးမြန်းစရာ ရှိလို့ပါ”

ဟု ကိုမြင့်ဝေက အေးဆေးစွာခေါ်သည့်အခါ ငြင်းဆန်ခြင်း

http://www.cherrythitsar.org


မရှိဘဲ . . . "ဟုတ်ကဲ့ . . . ကျွန်တော် လိုက်ခဲ့ပါ့မယ်" ဟု ပြောပြီး အသင့်ပါလာသည့်ကားပေါ်သို့ လေးကန်စွာပင် တက်သွားသည်။ သူ အသည်းအသန် ငြင်းဆန်လိမ့်မည်။ သို့မဟုတ် ထွက်ပြေးကောင်း ထွက်ပြေးနိုင်သည်ဟု ထင်ထားခဲ့သည်။

သို့ရာတွင် ထွက်ပြေး၍လည်း လွတ်မည်မဟုတ်ဟု သူ သိနေပုံရသည်။ နောက်ထပ်အကြံအစည်ရှိ၍လည်း ဖြစ်ချင်ဖြစ်မည်။ မသေချာ။

အခြေအနေက ရှန်းရင်းဆန်ခတ်မဖြစ်ဘဲ ချောချောမွေ့မွေ့ ပြီးပြတ်သွားသည့်အတွက် သူမ စိတ်သက်သာရာရ၏။ သို့ပေမယ့် ရင်ထဲတွင် အမျက်ဒေါသတို့ မပျက်ပြယ်နိုင်သေးပါ။ ဆူပွက်နေဆဲပင် ရှိသည်။

ငြိမ်သက်နေသည့် ကန်ရေပြင်ပေါ်သို့ ခဲတစ်လုံး ကျလာသည့်အဖြစ်မျိုး။ လှိုင်းဂယက်တွေက သူမဘဝ၏ အေးချမ်းမှုကို ယာယီနှောင့်ယှက်ဖျက်ဆီးသွားသည်။

❖ ❖ ❖ ❖

# အခန်း ( ၂ )

■ ၁ ■

"ခင်ဗျားရဲ့နာမည်က ကိုနိုင်ဇော် . . . ဟုတ်လား"

ဒု-ရဲအုပ်ကိုမြင့်ဝေက မှတ်ပုံတင်ကတ်ကို ကြည့်ပြီး မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် ဒီမှတ်ပုံတင်ဟာ ခင်ဗျားရဲ့မှတ်ပုံတင်လား"

ထိုမှတ်ပုံတင်ကတ်ကို ဟိုတယ်မှ သိမ်းဆည်းခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများက သူ့ကို မယုံသင်္ကာနှင့် ကြည့်ကြခြင်းကို ပြန်လည်မြင်ယောင်မိသည်။ ရင်ထဲတွင် ယခုအချိန်ထိ တင်းကျပ်နေသကဲ့သို့ ခံစားရ၏။

"ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော်ရဲ့မှတ်ပုံတင်ပါ"

"မလှလွန်းဆွေက ဒီမှတ်ပုံတင်ဟာ ခင်ဗျားရဲမှတ်ပုံတင် မဟုတ်ဘူး၊ သူ့အစ်ကိုရဲ့ မှတ်ပုံတင်လို့ အသေအချာ ပြောလိုက်တယ် . . . "

"သူ ကျွန်တော့်ကို မယုံပါဘူး"

"ဒီတော့ ကိုနိုင်ဇော်မှာ နောက်ထပ်ခိုင်လုံတဲ့ အထောက်အထားတွေ ပြနိုင်သေးလား၊ ကျွန်တော်ကြည့်ချင်ပါတယ် . . . "

"ကျွန်တော့်မှာ ရှိပါတယ်" ဟုပြောပြီး သိမ်းဆည်းလာခဲ့သည့်

http://www.cherrythitsar.org


အိတ်ထဲမှ ဖိုင်တွဲကို ထုတ်ယူသည်။ "ဒီဖိုင်ထဲမှာ အလုပ်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ရှိပါတယ်" ဟု ပြောရင်း လှမ်းပေးလိုက်သည်။

ဒု-ရဲအုပ်ကိုမြင့်ဝေက ဖိုင်တွဲကို သေချာစွာ လှန်လှောကြည့်ရှုလိုက်သည်။ အတန်ကြာမျှ စားပွဲခင်းကို အကြောင်းမဲ့ ငေးစိုက်ကြည့်ပြီး စောင့်နေလိုက်၏။

ဒု-ရဲအုပ်ကိုမြင့်ဝေက မျက်နှာထားပြောင်းသွားပြီး၊ အံ့အားတသင့်နှင့် မော့ကြည့်၏။

"ဘယ်လို ဖြစ်ကြတာလဲ၊ ကိုနိုင်ဇော်က သင်္ဘော ပထမအရာရှိ တစ်ယောက်ပဲ၊ ပြီးတော့ ဦးနိုင်ထွန်းရဲ့သား . . . ကိုနိုင်ဇော်ဆိုတာ သေချာနေတယ်၊ ဒါတွေကို မလှလွှန်းဆွေ မသိဘူးထင်တယ်၊ ကိုနိုင်ဇော် သူ့ကို မပြခဲ့ဘူးလား"

"ကျွန်တော် သူ့ကိုပြဖို့ ယူလာတာမှ မဟုတ်ဘဲ၊ ကျွန်တော်က တစ်ကိုယ်တည်းသမား၊ ဒီစာရွက်စာတမ်းနဲ့ ဖိုင်က ကျွန်တော်သွားတဲ့ နေရာတိုင်း ပါတယ်၊ ကျွန်တော့်မှာ တခြား သိမ်းဆည်းထားရမယ့် နေရာ မရှိပါဘူး"

ဒု-ရဲအုပ်ကိုမြင့်ဝေက နားလည်သည့်အနေဖြင့် ခေါင်းညိတ်ပြီး . . .

"ဒီစာရွက်စာတမ်းတွေက အခိုင်အလုံပဲလေ၊ ဒီမှာ ကျွမ်းကျင်မှု လက်မှတ်တွေ သင်တန်းအောင်လက်မှတ်တွေ၊ နိုင်ငံကူးစာအုပ်၊ သင်္ဘောသားစာအုပ်နဲ့ ကတ်၊ နောက် . . . အမြတ်ခွန် ဆောင်ထားတာတွေ၊ ဘဏ်စာရင်းတွေအားလုံး အပြည့်အစုံပါပဲ၊ ခင်ဗျားရဲ့ ဆယ်တန်းအောင်လက်မှတ်တောင် ပါသေးတယ်၊ ပြီးတော့ မိသားစု ဓါတ်ပုံတွေ . . ."

http://www.cherrythitsar.org


သူ ဘာမှ မပြောဘဲ ကြည့်နေလိုက်သည်။

"ကျွန်တော် မရှင်းလို့ နည်းနည်းမေးကြည့်ချင်တယ်၊ ကိုနိုင်ဇော်ဟာ ကိုယ့်မြို့ကိုယ့်အိမ်ကို ပြန်လာပါလျက်နဲ့ မလှလွန်းဆွေဆီမှာ မတည်းခိုဘဲ၊ ဘာကြောင့် ဟိုတယ်မှာ တည်းခိုနေရတာလဲ"

"အဲဒီအိမ်မှာ မတည်းခိုဖြစ်တာက ဟိုးအရင်တုန်းက ကျွန်တော်တို့သားအဖချင်း ဖြစ်ခဲ့ကြတဲ့ ပြဿနာတွေကြောင့်ပါ၊ လှလွန်းဆွေနဲ့ မပတ်သက်ပါဘူး၊ ကျွန်တော် သူ့ကို တစ်ခါမှ မတွေ့ဖူးပါဘူး"

"ကျွန်တော့်ကို ပြောပြပါလား ကိုနိုင်ဇော်"

❖ ❁ ❖

"ကျွန်တော့်အသက် ဆယ့်တစ်နှစ်မှာ အမေဆုံးပါတယ်၊ အဲဒီနောက် တစ်နှစ်လောက်မှာ ဖေဖေက ကျွန်တော့်ကို ရန်ကုန်ပို့ပြီး ကျောင်းတက်စေခဲ့တယ်၊ ကျွန်တော် ခြောက်တန်းကျောင်းသားပဲ ရှိသေးတယ်၊ ကျွန်တော် အိမ်ကခွဲပြီး ရန်ကုန်မှာ တစ်ယောက်တည်း ကျောင်းဘယ်တက်ချင်ပါ့မလဲ၊ အသက်ကလည်း ငယ်သေးတယ်၊ အမေကလည်း မရှိတော့ဘူး၊ အဖေနဲ့လည်း အတူမနေရတော့ စိတ်အားငယ်ပြီး ကြောက်တာပေါ့၊ ဒါပေမယ့် ဖေဖေ့ကို ကျွန်တော် ဘယ်လိုမှ ပြောလို့မရခဲ့ဘူး၊ တောင်းပန်လို့ မရခဲ့ဘူး၊ မင်းက ယောကျ်ားလေးပဲ၊ သတ္တိရှိရမယ်၊ ပြီးတော့ . . . မင်း ပညာတတ်ဖို့ စီစဉ်တာလို့ပြောပြီး ရက်ရက်စက်စက် ထားရစ်ခဲ့တယ်။

ကျွန်တော် ငယ်ငယ်တုန်းကတော့ ဒီကိစ္စကို တကယ် နာကြည်း

http://www.cherrythitsar.org


ခဲ့တယ်၊ ဖေဖေ့ကို မချစ်သလို ဖြစ်သွားတယ်၊ ရှင်းရှင်းပြောရရင် မုန်းသွားတယ်ပေါ့၊ ဒီမှာ ပိုဆိုးတာက . . . နွေရာသီကျောင်းပိတ်လို့ အိမ်ပြန်လာတော့ အိမ်မှာ အမေတစ်ယောက် ရောက်နေပြီ၊ ဖေဖေရဲ့ နောက်မိန်းမပေါ့၊ အဲဒီမိန်းမကို ကျွန်တော်သိပါတယ်၊ မေမေဆုံးပြီးကတည်းက ဖေဖေနဲ့ တွဲသွားတွဲလာ လုပ်နေကြတာ၊ အိမ်ကိုလည်း ဝင်ထွက်နေကြပါပဲ။

ဘာကြောင့်လဲ မသိဘူး၊ အဲဒီအမျိုးသမီးကို ကျွန်တော် နည်းနည်းမှ ကြည့်မရခဲ့ဘူး၊ သူကတော့ ကျွန်တော့်ကို ခင်မင်ရင်းနှီးအောင် လိုက်လျောပြီး ဆက်ဆံရှာပါတယ်၊ ဖေဖေရဲ့မျက်နှာကြောင့်ဖြစ်မယ်လို့ ထင်တယ်၊ ကျွန်တော့်ကို ချစ်ခင်မှုမပြသရင် ဖေဖေက သူ့ကို လက်ထပ်ချင်မှ လက်ထပ်လိမ့်မယ်၊ ဒါပေမယ့် ဖေဖေ နောက်အိမ်ထောင်ပြုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဘာတစ်ခွန်းမှ ကြိုပြီး သတိမပေးခဲ့ပါဘူး။

အဲဒီနှစ် နွေရာသီဟာ ကျွန်တော်ရဲ့နောက်ဆုံးအိမ်ပြန်တဲ့ခရီးပါပဲ။

ကျွန်တော် ဆယ်တန်းရောက်တဲ့နှစ်မှာ ဖေဖေ အဲဒီအမျိုးသမီးနဲ့ ကွာရှင်းလိုက်ကြတယ်၊ ဘာကြောင့်ဆိုတာ ဖေဖေက မပြောပါဘူး၊ ဒါပေမယ့် လေးလေးက ကျွန်တော့် ကို တိတ်တိတ်လေးပြောပြတယ်၊ လေးလေးဆိုတာက အခု လှလွန်းဆွေနဲ့ အတူနေတဲ့ ဦးလေးပါ၊ သူက ကျွန်တော့်အမေရဲ့မောင်ပါ၊ အမေအိမ်ထောင်ကျကတည်းက မေမေနဲ့ အတူ လိုက်နေတာပါ။

လေးလေးဟာ မေမေရှိတုန်းက အရက်မသောက်တတ်ခဲ့ဘူး၊ အိမ်ပေါ်ကို အဲဒီအမျိုးသမီး ရောက်လာတာရယ် . . . ၊ ကျွန်တော်နဲ့

http://www.cherrythitsar.org


ခွဲနေရတာရယ်၊ အဲဒီအမျိုးသမီးက လေးလေးအပေါ် နိုင်ထက်စီးနင်း ဆက်ဆံတာရယ်ကြောင့် စိတ်ညစ်ပြီး အရက်သောက်တတ်သွားတာ၊ အခုတော့ မြင်တဲ့အတိုင်းပဲ၊ လေးလေးရဲ့ဘဝက အရက်ဖြစ်နေပါပြီ။

လေးလေးပြောပြလို့ အဲဒီအမျိုးသမီးကို ငွေကြေး တော်တော်များများပေးပြီး ကွာရှင်းလိုက်ရတယ်ဆိုတာ ကျွန်တော်သိရတယ်၊ တကယ်တော့ စည်းစိမ်ဥစ္စာနဲ့ ငွေကို မက်ပြီး ဖေဖေ့ကို ယူခဲ့တာပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်က အိမ်ကိုမပြန်တဲ့အကျင့်က ရသွားပြီ၊ အဲဒီ အမျိုးသမီး မရှိတော့ပေမယ့် ကျွန်တော် အိမ်မပြန်ခဲ့ပါဘူး။

ပြဿနာက ဆယ်တန်းအောင်တဲ့နှစ်မှာ ဖြစ်တာပါ။

ကျွန်တော်က ခြောက်ဘာသာစလုံး ဂုဏ်ထူးနဲ့အောင် မြင်တော့ ကျွန်တော့်ဆီကို ဖေဖေဝမ်းသာအားရနဲ့ ရောက်ချလာတယ်။

❖ ❖ ❖

"သားကို ဂုဏ်ပြုတဲ့အနေနဲ့ ကားတစ်စီး ဝယ်ပေးမယ်၊ ကားနဲ့ တက္ကသိုလ်တက်ပေါ့ကွာ၊ ထူးချွန်တဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ကို ဖြစ်ရမယ်၊ သားရဲ့အရည်အချင်းကို ဖေဖေယုံကြည်တယ်"

သူ လက်မခံသည့်အနေဖြင့် ခေါင်းကိုခါယမ်းပြီး . . .

"ကျွန်တော် ဆရာဝန်လုပ်မယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး"

သူ၏စကားကြောင့် ဖေဖေ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားဟန်တူသည်။ ရုတ်တရက် ကိုယ်ကို မတ်ပစ်လိုက်သည်။

http://www.cherrythitsar.org


"ဟ . . . သားကြီးရဲ့အမှတ်က ဆေးတက္ကသိုလ် ရနိုင်တာပဲ၊ ဘာဖြစ်လို့ မတက်ချင်ရတာလဲ"

"ကျွန်တော် ဝါသနာမပါဘူး"

"ဟေ့ကောင် . . . ဝါသနာပါတာ မပါတာတွေ ပြောမနေနဲ့၊ ကိုယ် အမြင့်ဆုံးရသင့်တဲ့အခွင့်အရေးကို လက်မလွှတ်တမ်း ယူရမယ်၊ မင်းကို ဒီရန်ကုန်ပို့ပြီး ကျောင်းထားတာ ဒီလို ထူးချွန်စေလို့၊ ပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်လို့၊ အလကားထားတာ မဟုတ်ဘူး"

"ကျွန်တော် ရန်ကုန်မှာ ကျောင်းနေချင်တယ်လို့ ပြောခဲ့ဖူးလို့လား၊ ကျွန်တော် ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး ထင်တယ်၊ ဖေဖေ နောက်မိန်းမယူချင်လို့ ကျွန်တော့်ကို သက်သက်မဲ့ ဒီကို ပို့ထားတာ"

စကားပင် မဆုံးလိုက်။ ဖေဖေသည် ထိုင်နေရာမှ ဒေါသတကြီး ထရပ်လိုက်ပြီး . . .

"မင်း ဘာစကားပြောတာလဲ နိုင်ဇော်"

"ကျွန်တော် အမှန်ပြောတာပဲ ဖေဖေ၊ အခု . . . ကျွန်တော် ဆယ်တန်းအောင်တော့မှ ဖေဖေက ဆရာဝန်လုပ်ရမယ်၊ ဆေးတက္ကသိုလ်တက်ရမယ်လို့ လာပြီး ပြောနေတယ်၊ ဖေဖေ မိန်းမယူတုန်းက ငါ မိန်းမယူတော့မယ်လို့ ကျွန်တော့်ကို လာပြီးအသိပေးဖူးသလား"

"အဲဒီကိစ္စ မင်းနဲ့မဆိုင်ဘူး နိုင်ဇော်၊ ငါ့ကိစ္စကို ငါ ကြိုက်သလို ဆုံးဖြတ်ခွင့်ရှိတယ်၊ မင်းက ပညာသင်နေတဲ့ အရွယ်ပဲ ရှိသေးတယ်၊ ဒီတော့ ငါဖြစ်စေချင်တဲ့အတိုင်း တက္ကသိုလ် ဆက်တက်ရမယ်"

"ကျွန်တော် မတက်ချင်ဘူး၊ ကျွန်တော် နိုင်ငံခြားထွက်ချင်တယ်" ဟု သူက အလျှော့မပေးဘဲ ငြင်းဆိုလိုက်သည်။

http://www.cherrythitsar.org


"ငါ လက်မခံဘူး . . . နိုင်ဇော်"

"ကျွန်တော် ဖေဖေရဲ့သဘောထားကို တောင်းခံနေတာ မဟုတ်ဘူး၊ ကျွန်တော် သဘော်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီဆိုတာ အသိပေးနေတာ၊ ကျွန်တော် ဒီနေ့ကစပြီး သဘော်လိုက်ဖို့ ကြိုးစားတော့မယ် . . . တစ်နည်းနည်းနဲ့ နိုင်ငံခြားကို ထွက်မယ်"

"နေစမ်းပါဦး၊ မင်းက ငါ့ကို ပခုံးချင်းယှဉ်နေတာလား"

ဖေဖေက ဒေါသတကြီးနှင့် မျက်လုံးပြူးပြီးကြည့်သည်။ သူ ဘာမှမပြောဘဲ ပြန်ကြည့်နေသဖြင့် ပို၍စိတ်ဆိုးသွားဟန်တူ၏။

"မင်းက ငါ့ကို စိန်ခေါ်တယ်ဆိုရင်လည်း ရတယ် . . . နိုင်ဇော်၊ ငါ့ဘက်က ငါဖြစ်စေချင်တာက နည်းနည်းမှ လျှော့ပေးမှာမဟုတ်ဘူး၊ မင်းလုပ်ချင်ရင် ဒီနေ့ကစပြီး မင်းဘာသာလုပ်ပေါ့၊ ငါ့ကို လုံးဝ အားကိုးမနေနဲ့၊ ငါ့ဆီက ဘာတစ်ခုမှ မမျှော်လင့်နဲ့တော့၊ ကုန်ကုန်ပြောရင် ငါ့ဆီက အမွေကိုတောင် မင်း မမျှော်လင့်နဲ့ . . . ဟုတ်လား"

"ကျွန်တော် အမွေကို စကတည်းက မမျှော်လင့်ခဲ့ပါဘူး ဖေဖေ၊ မိန်းမယူကတည်းက ကျွန်တော် မစဉ်းစားဘူး၊ ဖေဖေ နောက်ထပ်အိမ်ထောင်ပြုချင်လည်း ပြုဦးမှာပဲ မဟုတ်လား"

"အေး . . . ငါ ပြုချင်ပြုမယ်၊ မင်းက မကြိုက်လို့လား"

သူ သဘောကျစွာ တစ်ချက်ရယ်မောလိုက်ပြီး . . .

"ဖေဖေ ကြိုက်သလို လုပ်နိုင်ပါတယ်၊ ကျွန်တော် ဘာမှ ဝင်မစွက်ပါဘူး၊ ကျွန်တော့်ဆုံးဖြတ်ချက်ကိုလည်း ဖေဖေ ဝင်မစွက်ပါနဲ့"

"ဒီလိုလား . . . ရပါတယ်၊ ငါတို့တွေက ယောက်ျားတွေပဲ၊ ဒီတော့ ကိုယ်ဖြစ်ရင်ကိုယ်ခံကြစတမ်းပေါ့၊ ဒီနေ့ကစပြီး ငါ မင်းကို အဆက်အသွယ် မလုပ်တော့ဘူး၊ ဒါပေမယ့် မင်းရဲ့ရွေးချယ်မှု မှားပါပြီ

http://www.cherrythitsar.org


လို့ လာပြောမယ့်အချိန်ကို ငါ စောင့်ကြည့်နေပဲ့မယ် နိုင်ဇော်”
ဟု ပြောပြီးသည်နှင့် ဖေဖေလှည့်ထွက်သွားတော့ သည်။

❖ ❁ ❖

“ဖေဖေရဲ့စိတ်ဓါတ်ဟာ ဖေဖေရဲ့ခန္ဓာကိုယ်လိုပဲ အင်မတန် မာကြော ပါတယ်၊ ပြောရင်ပြောတဲ့အတိုင်း ပြတ်ပြတ်သားသား လုပ်တတ်တယ်၊ ဒီအချိန်မှာတော့ ကျွန်တော် ရေးရေးလောက် နားလည်ခဲ့ပါပြီ၊ ဖေဖေ ဟာ အဲဒီလိုစိတ်ဓါတ်အင်အားတွေနဲ့ သာမန်အလုပ်သမားဘဝက နေပြီး ဒီဘဝအထိရောက်အောင် ကြိုးစားလာနိုင်ခဲ့တယ်ဆိုတာပါပဲ။

ဖေဖေ့ဘဝမှာ ခါးသီးပြင်းထန်တဲ့ ဒဏ်ရာဒဏ်ချက်တစ်ခုက မေမေ့လို ခေတ်ပညာတတ် ဘွဲ့ရအမျိုးသမီးနဲ့ ချစ်ကြိုက်ကြတုန်းက . . . မေမေ့ရဲ့အသိုင်းအဝိုင်းတွေက သဘောမတူခဲ့ကြတာပါပဲ၊ အဲဒါ ကြောင့်လည်း တစ်နယ်တစ်ကျေး ခိုးပြေးခဲ့ကြပြီး ကိုယ့်ဘဝကိုယ် ထူထောင်ခဲ့ကြတယ်၊ ဒီစိတ်နဲ့ ကျွန်တော့်ကို ပညာတတ်ဆရာဝန်ကြီး တစ်ယောက် ဖြစ်စေချင်ခဲ့တာပါ၊ ဖြစ်လည်း ဖြစ်လောက်တဲ့ အနေ အထားမို့ ဖေဖေ အတင်းအဓ္ဓမ တိုက်တွန်းခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော်ကလည်း ဖေဖေ့ကို စိတ်နာနေတယ်၊ အဲဒီခံစားချက်နဲ့ လုံးဝ လှည့်မကြည့်ခဲ့ဘူး။

ဖေဖေက ကျွန်တော်နဲ့လေးလေး အဆက်အသွယ် ရှိတာကို သိတယ်၊ လေးလေးကို လုံးဝအဆက်အသွယ် မလုပ်ရဘူးလို့ တား မြစ်ခဲ့တယ်၊ အဲဒါတွေကြောင့် လုံးဝ ပြတ်တောက်သွားတယ်၊ ကျွန်တော် သဘော်လိုက်ပြီး သုံး နှစ်အကြာ ရန်ကုန်ကို စာမေးပွဲဖြေဖို့

http://www.cherrythitsar.org


တစ်ခေါက်ရောက်သေးတယ်၊ အဲဒီနောက်ပိုင်း မရောက်ဖြစ်တော့ဘူး၊ တခြားနိုင်ငံတစ်ခုမှာ သင်္ဘောက ဆင်းနေရစ်ပြီး စာမေးပွဲတွေ ထပ်ဖြေတယ်၊ ပြီးရင် ထပ်လိုက်တယ်၊ နှစ်တွေက ဘယ်လောက်ကြာသွားပြီလဲ . . . ကျွန်တော် မစဉ်းစားဘူး။

နောက်ဆုံးလိုက်တဲ့သင်္ဘောမှာ တခြားသင်္ဘောက လူတွေဆီက တောင်းယူခဲ့တဲ့သတင်းစာကို ဖတ်ကြည့်တော့မှ မမျှော်လင့်ဘဲ ဖေဖေရဲ့နာရေးကို တွေ့လိုက်ရတယ်၊ အဲဒီတော့မှ ကျွန်တော် ခံစားရတော့တယ်၊ ကျွန်တော်စိတ်ထဲမှာ ဖေဖေ ဒီအသက်အရွယ်နဲ့ သေလိမ့်မယ်လို့ထင်မှ မထင်ခဲ့တာပဲ၊ သေခြင်းတရားကို အိုမင်းခြင်းနဲ့တွဲပြီး တွက်ချက်ထားတယ်လေ။

ဖေဖေ့ကို အသက်ခြောက်ဆယ်ကျော်၊ ခုနှစ်ဆယ်လောက်မှာမှ မသေခင် တွေ့ကောင်းတွေ့မယ်လို့ ကျွန်တော် ထင်မှတ်ထားတာ။

❖ ❁ ❖

ဒု-ရဲအုပ်ကိုမြင့်ဝင်းက သူ၏စကားကို နားထောင်ပြီး . . .

"ကိုနိုင်ဇော်တို့သားအဖတွေ စိတ်ချင်းတူကြတယ် ထင်တယ်၊ ကိုနိုင်ဇော့်အဖေနဲ့ ကျွန်တော် ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ပါတယ်၊ တစ်ကြိမ်တစ်ခါမှ ကိုနိုင်ဇော့်အကြောင်း ပြောဆိုသံ မကြားဖူးဘူး၊ ကျွန်တော်တို့က မလှလွန်းဆွေကိုပဲ သမီးအဖြစ်နဲ့ သိကြတာလေ၊ ဒါပေမယ့် . . . မိသားစုအတွင်းမှာတော့ ကိုနိုင်ဇော့်အကြောင်း ပြောချင်ပြောပါလိမ့်မယ်"

ဟု ဖေးဖေးမမ မှတ်ချက်ချလိုက်သည်။ သူ မည်သို့မှ စိတ်

http://www.cherrythitsar.org


မကောင်းမဖြစ်မိပါ။ ဤသည်မှာ ကိုယ့်အမှားအတွက် ကိုယ် ပေးဆပ်ရခြင်းဟု အောက်မေ့ပါသည်။

"ကျွန်တော့်အဖေအကြောင်း ကျွန်တော်သိပါတယ်၊ ဒီအချိန် အဖေရှိနေမယ်ဆိုရင် ကျွန်တော် ခုလို လာဖြစ်ချင်မှ ဖြစ်လိမ့်မယ်၊ အဝေးကပဲ ကျွန်တော့်အမှားအတွက် လှမ်းပြီး တောင်းပန်မှာပါပဲ၊ အဖေက အေး . . . ခွင့်လွှတ်တယ်၊ လာခဲ့လို့ မပြောမချင်း ကျွန်တော် လာရဲမှာ မဟုတ်ဘူး၊ ဒီဟာ ကျွန်တော့်စိတ်ထဲ ရှိတဲ့အတိုင်း ပြောတာပါ"

"ကျွန်တော် နားလည်နိုင်ပါတယ် . . . ကိုနိုင်ဇော်၊ ဒီ ပြဿနာတွေကြောင့် ကိုနိုင်ဇော်က ဟိုတယ်မှာ သွားတည်းနေတာကိုး"

"ဟုတ်ပါတယ်၊ ကျွန်တော့်လာရင်းရည်ရွယ်ချက်က အဖေ့အုတ်ဂူကို တွေ့ချင်လို့၊ ကန်တော့ပြီး တောင်းပန်ချင်လို့ပါ၊ ပြီးတော့ အဖေခေါင်းချခဲ့တဲ့ ဒီမြို့မှာပဲ အဖေ့အတွက် ကုသိုလ်ကောင်းမှုလေး လုပ်မယ်၊ ပြီးရင် ကျွန်တော် ပြန်ဖို့ ပါပဲ၊ အခုလည်း ဒါတွေ ပြီးသွားပါပြီ"

"ဒါပေမယ့် ရောက်,ရောက်ချင်း ကိုနိုင်ဇော် မလှလွန်းဆွေကို သွားတွေ့သင့်တယ်၊ ဘာဖြစ်လို့ မတွေ့တာလဲ"

"ကျွန်တော် လှလွန်းဆွေကို မသိဘူးဗျ၊ နာရေးကြော်ငြာထဲမှာ ကျွန်တော့်နာမည်နောက်က သူ့နာမည်ပါလာတယ်၊ အဲဒီတော့မှ တွေ့တာ၊ အဲဒီတုန်းက သူ့ကို ဖေဖေရဲ့ နောက်မိန်းမတစ်ယောက်ရဲ့သမီးဖြစ်လိမ့်မယ်လို့ ထင်ထားတာ၊ ကျွန်တော့်စိတ်အထင် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်လေး ငယ်ငယ်လေးပဲ ထင်မှတ်ထားတယ်၊ တကယ်ဗျာ . . . ပြောပြရင်တော့ ရယ်စရာကောင်းနေမယ်၊ ကျွန်တော် ကားကြုံလိုက်ပို့ရင်း သူ့ကိုတွေ့တော့ ဒါ . . . ဖေဖေရဲ့

http://www.cherrythitsar.org


နောက်မိန်းမလို့ အောက်မေ့သေးတယ် . . .”

ထိုအခါတွင် ဒု-ရဲအုပ်ကိုမြင့်ဝေက သဘောကျစွာ တဟားဟား ရယ်လေသည်။

“ဖြစ်မှ ဖြစ်ရလေဗျာ”

“အင်း . . . ကျွန်တော်လည်း ကိုယ့်အဖြစ်ကိုယ် ရယ်ချင်မိတယ်၊ နောက်မှ လှလွန်းဆွေဆိုတာ သူပဲလို့ သိရတော့ ကျွန်တော် ဘယ်လိုမှ နားမလည်တော့ဘူး၊ ဒါနဲ့ ဒီအကြောင်းတွေကို ပြောပြနိုင်မယ့် လူတစ်ယောက်ကို ရှာရတယ်၊ အဲဒါက လှလွန်းဆွေရဲ့ဦးလေး . . . ကျွန်တော့်ရဲ့ လေးလေးပေါ့၊ ဖြစ်ချင်တော့ လေးလေးကလည်း စကားတွေက ဟိုရောက်ဒီရောက်နဲ့ အဆက်အစပ်မရှိဘူး၊ လေးလေးမှတ်ဉာဏ်က နည်းနည်းအောက်ချင်နေတယ်၊ ကျွန်တော့်မှာ ဇာတ်ရည်လည်ဖို့ လေးလေးကို တစ်နေ့လုံး ခေါ်သွားပြီး မေးမြန်းယူရတယ်၊ ဒီကြားထဲက သူက မူးပြီး အိပ်ပျော်သွားသေးတယ်ဗျာ”

ဒု-ရဲအုပ်ကိုမြင့်ဝေက သူ့အဖြစ်ကို ရယ်မောရှာသာ နေတော့သည်။

“တကယ်ပါ၊ ကျွန်တော့်ဒုက္ခက မသေးပါဘူး၊ ဒီကြားထဲ အဖေ၊ အမေတို့ရဲ့ဓါတ်ပုံတွေနဲ့ အမှတ်တရပစ္စည်းတွေ သွားတောင်းတော့ လှလွန်းဆွေက ကျွန်တော့်ကို မသင်္ကာပြန်ဘူး၊ ဖေဖေ့အမွေတွေကို ညာယူဖို့ ကြိုးစားတယ် ထင်ပြန်တယ်၊ နောက်ဆုံး ကျွန်တော်ဟာ နိုင်ဇော် မဟုတ်ပါဘူးဆိုပြီး ရဲအုပ်တို့ရဲ့စခန်းကို ရောက်လာတာ ကြည့်ပေါ့ဗျာ”

“အင်း . . . ခင်ဗျားအဖြစ်က တကယ့်ကိုအံ့ဩဖို့ ကောင်းတယ်၊ မယုံနိုင်စရာပါပဲ”

http://www.cherrythitsar.org


"ကျွန်တော်လည်း တခြားလူတွေ ဘာတွေထင်ပြီး၊ ဘာတွေ မြင်နေတယ်ဆိုတာ မသိဘူး၊ ကျွန်တော့်လာရင်းကိစ္စ ပြီးပြတ်အောင် လုပ်နေမိတယ်၊ ကျွန်တော်တို့ သဘော်အလုပ်က နေ့ရက်အတိအကျ နဲ့ နားနေလို့ရတာ မဟုတ်ဘူး၊ ကုမ္ပဏီက လူလိုပြီ ချက်ချင်းလှမ်း ခေါ်တာနဲ့ ထလိုက်သွားရတတ်တာ၊ ခန့်မှန်းလို့ မရပါဘူး၊ အဲဒါကြောင့် အမြန်ဆုံး ပြီးပြတ်အောင် လုပ်ပြီးအမြန်ဆုံး ပြန်ဖြစ်အောင် ကြိုးစားမိ တယ်"

"ကိုနိုင်ဇော်တို့ရဲ့အလုပ်သဘောက တခြားအလုပ်နဲ့ မှမတူဘဲ၊ ကိုယ်က အမြဲအဆင်သင့် ဖြစ်နေရမယ်ပေါ့"

"ဟုတ်ပါတယ်၊ အခုကိစ္စနဲ့ပတ်သက်ပြီး ရဲအုပ်နားလည်တယ် ဆိုရင် ကျွန်တော်ပြန်ချင်ပါတယ်၊ ဟိုမှာ ရုံးကိစ္စတွေ မရှင်းလင်း၊ မပြီး ပြတ်သေးပါဘူး၊ တစ်ဝက်တစ်ပျက်နဲ့ အချိန်ရတုန်း ဒီကိုလာခဲ့တာပါ"

"မလှလွန်းဆွေ အကူအညီတောင်းလို့ ကျွန်တော် ဆောင် ရွက်ရတာပါ။ အခု . . . ကျွန်တော့်အနေနဲ့ ကိုနိုင်ဇော်ဟာ ဦးနိုင်ထွန်း ရဲ့သား ဟုတ်တယ်ဆိုတာ သိပါပြီ၊ ကျွန်တော့်အနေနဲ့ ဘာမှ လုပ်စရာ မရှိတော့ပါဘူး၊ ကိုနိုင်ဇော် ပြန်ချင်ရင် ပြန်လို့ရပါပြီ၊ ကျွန်တော် ဟိုတယ်ကို ပြန်လိုက်ပို့ပေးပါ့မယ် . . ."

"ကျေးဇူးတင်ပါတယ်" ဟု သူ ကျေနပ်စွာ ပြောလိုက် သည်။

"ကျွန်တော့်ဘက်က ဝတ္တရားအရ ဆောင်ရွက်ရတာကို စိတ် မရှိပါနဲ့ဗျာ"

"ကျွန်တော် နားလည်ပါတယ်၊ ကိစ္စမရှိပါဘူး"

ကုလားထိုင်ပေါ်တွင် တင်ထားသည့် အိတ်ကြီးထဲသို့ ဖိုင်တွဲကို ထည့်လိုက်သည်။ ထိုစဉ် ဒု-ရဲအုပ်ကိုမြင့်ဝေက သူ့ပခုံးကို လှမ်းပုတ်ပြီး

http://www.cherrythitsar.org


. . .

"ခဏလေး . . . ကိုနိုင်ဇော်၊ ကျွန်တော် မလှလွန်းဆွေဆီ ဖုန်းရလို့ရခြား ဆက်ကြည့်ဦးမယ်၊ အခု ညဆယ်နာရီ ကျော်နေပြီ ရမလား မပြောတတ်ဘူး၊ အမှတ်တမဲ့နဲ့ ကျွန်တော်တို့ စကားကောင်းနေလိုက်ကြတာ အချိန်တောင် မေ့သွားတယ်"

ဟု သတိတရနှင့် လှမ်းပြောသည်။

"ဒီကိစ္စ ကျွန်တော့်အတွက် အရေးမကြီးပါဘူး၊ နောက်မှ ရဲအုပ်ရှင်းပြချင် ရှင်းပြလိုက်ပါ၊ ကျွန်တော်က မနက်ဖြန် ပြန်မှာပဲ"

"ဘာဖြစ်လို့လဲ . . . ကိုနိုင်ဇော်"

သူက အိတ်ကြီးကို ဆွဲမပြီး လွယ်လိုက်သည်။ ထို့နောက် . . .

"ကျွန်တော် သူနဲ့ မတွေ့ချင်တော့ဘူး"

❖ ❖ ❖ ❖

■ ၂ ■

မရောက်သည်မှာ ကြာမြင့်ပြီဖြစ်သဖြင့် စိမ်းမည်ဟု ထင်ရသည့် မြို့က ယခုတော့လည်း မျက်ရည်ငွေ့များနှင့် နှုတ်ဆက်နေသယောင်ပင်။ နံနက်တွင် တစ်ခဏ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်ခဲ့သည့် မြူငွေ့များဆီမှ ရေစက်ရေပေါက်တို့ သစ်ပင်နှင့် မြေပြင်ပေါ်တွင် တင်ကျန်ရစ်ခဲ့ကြသည်။

ဤမြို့တွင် အဖေရောအမေပါ ခေါင်းချခဲ့ကြသည်ပဲ။

ယှဉ်တွဲလျက် တွေ့ခဲ့ရသည့် အုတ်ဂူနှစ်လုံးကို မျက်ဝန်းထဲမှ မြင်ယောင်မိဆဲ။ ကမ်းခြေတွင် အမေနှင့်အတူ ပြေးဆော့ကစားနေခဲ့ခြင်းကိုလည်း သတိရသည်။ ရန်ကုန်တွင် ကျောင်းမတက်ချင်၍ မျက်ရည်စို့နေသည့် မိမိကို လေယာဉ်ပေါ်သို့ အတင်းဆွဲတင်ခဲ့သည့် အဖေ၏ပုံရိပ်ကိုလည်း ယခုအခါတွင် ခါးသီးမှုမရှိဘဲ ပြန်လည်စဉ်းစားနိုင်ခဲ့ပါပြီ။

မည်သို့ဖြစ်စေ ဤနေရာသည် တစ်ချိန်တစ်ခါက မိမိ ပျော်ရွှင်မွေ့လျော်ဖူးသည့် နေရာဖြစ်ခဲ့သည်ပဲ။ အရာအားလုံးသည် အသစ်ပြန်ဖြစ်နေ၏။

နောက်တစ်ခါတော့ လာဖြစ်ချင်မှဖြစ်တော့မည်ဟု သူ

http://www.cherrythitsar.org


ထင်မြင်ပါသည်။ ဤမြို့တွင် သူမ, ရှိနေသရွေ့ မလာချင်တော့။

ငဲ့ကြည့်စရာ လေးလေးတစ်ယောက် ရှိပေမယ့် အဝေးကပဲ လှမ်း၍ကူညီတော့မည်။

သူသည် မြို့ပြ၏ အဆောက်အအုံများကို ကျော်လွန်ပြီး၊ ညို့မှိုင်းနေသည့်တောင်တန်းဆီသို့ လှမ်းမျှော်ကြည့်မိသည်။

ကားပေါ်သို့ တက်ကြရန် ခေါ်သည့်အသံ ကြားရ၏။

ခုနစ်နာရီပင် ထိုးသွားချေပြီ။

❖ ❖ ❖ ❖

# ■ ၃ ■

နံနက်စောစော ဖုန်းတစ်ခါခေါ်သည်ဟု အိမ်ဖော် ကောင်မလေးက ပြောသည်။ သူမ မနိုးသေးပါဟု ဆိုသဖြင့် ဖုန်းချသွားသည်။ မည်သူ ဟု မသိလိုက်ရ။ အိမ်ဖော်ကောင်မလေးက ဖုန်းဆက်သူကို မမေးမြန်း လိုက်ပါ။ ဒုတိယအကြိမ် ဖုန်းဆက်တော့မှ သူမ ကောက်ကိုင်မိသည်။ နံနက်က ဖုန်းဆက်သည့်သူမှာ ဒု-ရဲအုပ်ကိုမြင့်ဝေပင် ဖြစ်နေ၏။

"ကျွန်တော် ညက ညဥ့်နက်နေလို့ ဖုန်းမဆက်တာ . . . မလှ လွန်းဆွေ"

"အော် . . . ဟုတ်ကဲ့ရှင့်၊ ဒီလူနဲ့ပတ်သက်ပြီး ဘာအကြောင်း ထူးများ ရှိလို့လဲ" ဟု သူမ ချက်ချင်း ပြန်မေးကြည့်လိုက်သည်။

"ကျွန်တော် ကိုနိုင်ဇော်ကိစ္စပဲ ပြောချင်လို့ပါ"

"ဒီလူ ငြင်းနေတုန်းပဲလား ကိုမြင့်ဝေ"

"မဟုတ်ဘူး . . . မလှလွန်းဆွေ၊ ဒီလူက ကိုနိုင်ဇော်အစစ်ပါပဲ၊ မလှလွန်းဆွေထင်သလို နာမည်တူတစ်ယောက် မဟုတ်ပါဘူး"

သူမ လန့်ဖျပ်သွားပြီး . . . "ဟုတ်မှဟုတ်ရဲ့လား . . . ကိုမြင့်ဝေ ရယ်၊ ဒီလူက အရမ်း လိမ်ညာတတ်တယ်" ဟု ကမန်းကတန်း ပြော ချလိုက်သည်။

"ကျွန်တော် သေသေချာချာ စစ်ဆေးခဲ့ပါတယ်၊ သူ့မှာ မှတ်ပုံ

http://www.cherrythitsar.org


တင်တစ်ခုတည်း မဟုတ်ဘူး၊ သင်္ဘောလိုက်တဲ့ အထောက်အထား စာရွက်တွေလည်း ပါတယ်၊ သူက ပထမအရာရှိတစ်ယောက်ပါ၊ သူ ဒီကိုပြန်ရောက်တာ နှစ်ပတ်တောင် မပြည့်သေးပါဘူး၊ အားလုံး အတိအကျပါပဲ၊ သူက မလှလွန်းဆွေ အရမ်းတွေ့ချင်နေတဲ့လူပါပဲ”

သူမ၏ရင်ထဲတွင် ဆို့နင့်မွန်းကျပ်သွားသည်။ အပြစ်တစ်ခု ကျူး လွန်မိသူကဲ့သို့ တုန်လှုပ်ခြောက်ခြားသွားသည်။

ခပ်ထွေထွေအပြုံးနှင့် သူ့မျက်နှာကို ဖျတ်ခနဲ မြင်မိ၏။

“မလှလွန်းဆွေ . . . ” ဟု တစ်ဖက်မှ ခေါ်လိုက်တော့မှ သတိ ဝင်လာ၏။

“ရှင် . . . ”

“ကျွန်တော်အနေနဲ့ မလှလွန်းဆွေတို့ မိသားစုအရေးကိစ္စကို ဝင်မပြောချင်ဘူး၊ အဲဒါက မလှလွန်းဆွေတို့အချင်းချင်း ရှင်းရမယ့် ကိစ္စပါ၊ ကျွန်တော်က ဒီလူဟာ ကိုနိုင်ဇော် တကယ်ဖြစ်ကြောင်း ပြော နိုင်တယ်၊ ပြီးတော့ သူ ဒီနေ့ ပြန်လိမ့်မယ်၊ သူပြောတဲ့စကားအရဆိုရင် ဒီမနက်ပဲ ကားနဲ့ပြန်လိမ့်မယ်၊ ကဲ . . . ဒါပါပဲဗျာ”

“ဟုတ်ကဲ့ . . . ” ဟု ပြောလိုက်သည့်အခါ တစ်ဖက်မှ ဖုန်းချ သွားတော့သည်။

ဒုရဲအုပ်ကိုမြင့်ဝေအား ကျေးဇူးတင်သည့်စကားပင် မပြောလိုက် ရကြောင်း နောက်မှ သတိရသည်။ လောလောဆယ် သူမ ဘာလုပ်ရ မည်မသိ။ သူတည်းခိုနေသည့် ဟိုတယ်ကို အမြန်ဆုံး သွားရမည် ထင်၏။

သို့ရာတွင် သူမမှာ ဘာမှ မပြင်ဆင်၊ မဝတ်စားရသေး။

❖ ❖ ❖ ❖

## ■ ၄ ■

ရန်ကုန်သို့ထွက်သည့် ကားဂိတ်သို့အရောက်တွင် မနက်စောစော ထွက်သည့် ကားနှစ်စီးက ထွက်သွားကြလေပြီ။ နောက်ထွက်မည့်ကားနှစ်စီးက ဂိတ်ထိုးထား၏။ သူမ တစ်နာရီသာသာလောက် နောက်ကျသွားသည်။

ထွက်သွားသည့်ကားများ၏ ခရီးသည်စာရင်းတွင် သူ့ နာမည်ကိုတွေ့ရသည်။

ဤအချိန်တွင် မည်သည့်နည်းနဲ့မှ လိုက်မီတော့မည် မထင်။

မြို့အပြင်သို့ထွက်သည့် ကားလမ်းအတိုင်း ဟိုးအဝေးဆီသို့ သူမ လှမ်း၍ ကြည့်မိသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ▪ ၅ ▪

ဖေဖေ အိပ်ရာထဲလဲပြီဆိုသည်နှင့် မည်သို့မှ အခြေအနေမကောင်းတော့ကြောင်း သူမ ရိပ်မိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝေဒနာပြင်းထန်နေသည့် အချိန်တစ်လျှောက်လုံး ဖေဖေ မညီးမညူနှင့် အံကြိတ်ပြီး သွားသွားလာလာ လုပ်နေခဲ့၍ဖြစ်သည်။

"သမီး . . . အမွေကိစ္စနဲ့ပတ်သက်ပြီး ဖေဖေပြောခဲ့ပြီးသားပါ၊ ဒါပေမယ့် သားကြီးရဲ့စိတ်ကို ဖေဖေသိတယ်၊ ဘယ်တော့မှ လက်ဖြန့်ပြီး အမွေတောင်းမှာ မဟုတ်ဘူး၊ တကယ်လို့ သားကြီးကို သမီး ရှာတွေ့ခဲ့ရင် ဖေဖေ့အမှားအတွက် ဖေဖေတောင်းပန်ခဲ့တယ်၊ ဖေဖေကို ခွင့်လွှတ်တယ်ဆိုရင် ဒီအမွေပစ္စည်းကို လက်ခံပါဆိုပြီး ပေးပါကွယ်၊ ဒီတစ်ခုတော့ သမီးကျေပွန်အောင် ဆောင်ရွက်ပေးစေချင်တယ်"

"စိတ်ချပါ ဖေဖေ၊ ဒီအတွက် ဘာမှ စိတ်ပူမနေပါနဲ့၊ သမီး သူ့ကို နားလည်အောင်ရှင်းပြပါ့မယ်၊ ဖေဖေ့အပေါ် သူ နားလည်ရပါစေ့မယ်"

ဖေဖေ ဝမ်းသာစွာဖြင့် ခပ်ယဲ့ယဲ့ ပြုံးသည်။

"ခုချိန်ထိ သားကြီးရဲ့သတင်းကို ဘာမှမကြားရသေးဘူးနော်"

"သမီး စုံစမ်းနေပါတယ်ဖေဖေ"

"ဖေဖေဆုံးပြီးရင် သမီး သူ့ကို လိုက်ရှာပါကွယ်၊ သူ ဒီကို လာမှာ

http://www.cherrythitsar.org


မဟုတ်ဘူး”

သူမ ဘာမှမပြောနိုင်တော့ဘဲ ကျိတ်၍ငိုနေမိသည်။

“သားကြီး လူ့လောကထဲမှာ အသက်ရှင်လျက်နဲ့ ရှိပါစေလို့ ဖေဖေ အမြဲပဲ ဘုရားမှာဆုတောင်းခဲ့ပါတယ်၊ သားကြီး ကျန်းမာ ချမ်းသာပါစေကွယ်”

ဤစကားကို ဖေဖေ နောက်ဆုံးပြောခဲ့ခြင်းဖြစ်သည်။

သူမ၏ဘဝတွင် ဖခင်နှစ်ယောက်၏ ချစ်ခြင်းမေတ္တာကို ရင်နှင့်စွာဖြင့် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ တစ်ယောက်က ဖခင်ရင်း။ နှစ်ယောက်စလုံးပင် နောက်ဆုံးထွက်သက် အမျှင်တန်းသည့်အချိန်ထိ သားသမီးတို့အတွက် စဉ်းစားပြီး၊ စီစဉ် ဆောင်ရွက်ပေးသွားကြပါသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၆ ■

"ဦးလေးခင် . . . ကျွန်မ ရန်ကုန်သွားမလို့၊ ဒီနေ့ပဲ လေယာဉ်လက်မှတ်ဝယ်ဖို့တင်မယ်၊ လက်မှတ်ရတဲ့နေ့ သွားမယ်၊ ဆိုင်ကိစ္စကို ဦးလေးခင်ပဲ တာဝန်ယူလိုက်ပါ"

ဟု ငွေသိမ်းရင်း သူမ, ပြောလိုက်သည်။

"ဘာကိစ္စနဲ့သွားမှာလဲ . . . မဆွေ"

"ကျွန်မကိုယ်ရေးကိုယ်တာကိစ္စပါ။ အလုပ်ကိစ္စ မဟုတ်ဘူး"

"ဘယ်လောက်ကြာမှာလဲ"

"အဲဒါတော့ မပြောတတ်ဘူး၊ မြန်ချင်လည်း မြန်မယ်၊ ကြာချင်လည်း ကြာမယ်၊ ဟိုရောက်တော့မှ ဖုန်းဆက်မယ်လေ၊ ဒါနဲ့ လေးလေးရော ဘယ်မှာလဲ၊ လေးလေးကို ဦး လးခင် ဂရုစိုက်ကြည့်လိုက်ပါဦး၊ ထုံးစံအတိုင်း အပ်ထားခဲ့မယ်"

ဦးလေးခင်က ယခုမှ သတိရသည့်အသွင်ဖြင့် . . .

"မဆွေရဲ့လေးလေးကို ခဏကြည့်လိုက်ပါဦး၊ သူ ဘာဖြစ်နေသလဲဆိုတာ . . ."

ဟု ရယ်ရယ်မောမောနှင့် ပြန်ပြောသည်။"လေးလေး . . . ဘာဖြစ်နေလို့လဲ" ဟု သူမ စိုးရိမ်စွာဖြင့် ပြန်မေးလိုက်သည်။ ဦးလေး

http://www.cherrythitsar.org


ခင်က အရယ်အမောမပျက်ဘဲ . . . "ခဏ . . . လာကြည့်လေ၊ မဆွေ အရမ်းအံ့ဩသွားမယ်" ဟု ပြောကာ ရှေ့မှ ဦးဆောင်ပြီး ခေါ် သွားသည်။

ဆိုင်၏နောက်ဖေးဘက် ထမင်းစား,စားပွဲတွင် ထိုင်နေသည့် လေးလေးကို မြင်ရသည့်အခါ ဦးလေးခင်ပြောသည့်အတိုင်း အံ့အား သင့်သွားမိသည်။

လေးလေးသည် ကြောင်ကြောင်ကျားကျား ပါတိတ်အကျီနှင့် ခေတ်ဆန်လွန်းသည့် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ လေးလေး တစ်ခါမှ ဤသို့ မဝတ်စားခဲ့ပါ။ အမြဲတစေ လုံချည်နှင့်အကျီလက်တို ရိုးရိုးပဲ ဝတ်တတ်သည်။ ဘယ်လိုဖြစ်တာပါလိမ့်။

"လေးလေး . . . ဒါက ဘယ်လိုဖြစ်နေတာလဲ" ဟု ပြုံးစိစိနှင့် မေးလိုက်သည်။ ဝတ်ထားသည့်ပါတိတ်အကျီ ကို ဆွဲကိုင်ပြီး လှုပ်ခါ လိုက်၏။

လေးလေးက ရေချိန်မှန်နေသည့်မျက်နှာနှင့် . . .

"ဟေ . . ." ဟု ရေရွတ်ပြီး ပြန်ကြည့်သည်။

"လေးလေး . . ."ဟု ထပ်ခေါ်လိုက်တော့မှ သူမကို မှတ်မိသွား သည်။

"သမီး . . တူကြီး မရှိတော့ဘူး ပြန်သွားပြီ၊ တူကြီးက လေးလေး တို့ကို အရမ်းချစ်တယ်တဲ့၊ သမီးကိုလည်း ချစ်တယ်တဲ့ . . ."

ဟု ပြောကာ လေးလေး ကလေးငယ်လို ရှိုက်ငိုတော့သည်။ ဤအကြောင်းတွေကို လေးလေး မည်သို့သိနေသနည်း။ ကိုနိုင်ဇော် . . . လေးလေးကို တွေ့သွားသေးလား။ ဤအဝတ်အစားများကို ကိုနိုင်ဇော်ပေးသွားခြင်း ဖြစ်မည် ထင်၏။

http://www.cherrythitsar.org


"လေးလေး . . . သူနဲ့ တွေ့လိုက်လို့လား"

"တူကြီးက လေးလေးတို့အပေါ် အရမ်းကောင်းပါတယ် . . .၊ တူကြီးက စိတ်ကောင်းရှိတဲ့ ကလေးပါ . . . သမီးရယ်" ဟု ပြော ချင်ရာ ပြောနေတော့သည်။ ထိုအခါတွင် ဦးလေးခင်က ကြားမှဝင်ပြီး . . .

"မဆွေ . . . သူအိတ်ကပ်ထဲမှာ စာတစ်စောင်ရှိတယ်၊ မနက်က ဆိုက္ကားသမားတစ်ယောက် လာပေးသွားတာ၊ ဘယ်သူ့ကိုမှ ပေးမပြ ဘူး၊ ဘာလဲ မသိဘူး"

ဟု ပြောသဖြင့် သူမက စာကိုတောင်းသည်။ လေးလေးက အိတ်ကပ်ကို လက်နှင့်တင်းကျပ်စွာဆုပ်ကိုင်ပြီး ခေါင်းကို တွင်တွင် ခါယမ်းနေ၏။

"လေးလေးက သမီးကို မယုံဘူးပေါ့၊ မချစ်ဘူးပေါ့ . . . ဟုတ် လား၊ ဒီစာလေးကိုတောင် သမီးကို ပေးမပြချင်ဘူးပေါ့"

"ဟင့်အင်း . . . သမီးကို လေးလေးချစ်ပါတယ်ကွယ်"

"ဒါဖြင့် အဲဒီစာကိုပေး . . ." ဟု ခပ်ဆတ်ဆတ် ပြောလိုက် တော့မှ ထုတ်ပေးသည်။

စာက ဆုပ်ကိုင်ထားသဖြင့် နွမ်းကြေ၍နေပေပြီ။

**လေးလေး ...**

**ကျွန်တော် ဒီမနက်ပဲ ပြန်သွားပြီ။ လေးလေးကို ချစ်ပေမယ့် အဖေ့ရဲ့သမီးကို ကြည့်မရတော့ဘူး။ ကျွန်တော် ဒီကိုပြန်လာတာ အမွေတောင်းဖို့မဟုတ်ဘူး၊ ဒါပေမယ့် အဖေရဲ့သမီးက ကျွန်တော့် ကို မယုံသင်္ကာဖြစ်ပြီး အချုပ်ထဲပို့တယ်။ ကံကောင်းလို့ အချုပ်ထဲ**

http://www.cherrythitsar.org


**မှာ မအိပ်လိုက်ရတာ။ လေးလေးလည်း သတိထားပြီးနေပါ။ ကျွန်တော်က သဘောပေါက်သွားပြီ။**

**ကျွန်တော်တို့ ဒီတစ်သက် ပြန်ဆုံချင်မှ ဆုံပါလိမ့်မယ်။ ကျွန်တော် သင်္ဘောပေါ် ပြန်တက်တော့မယ်။ လေးလေး ငွေလိုအပ်ရင် ကျွန်တော့်သူငယ်ချင်း ကျော်ဦးဆီကို လှမ်းတောင်းပါ။ ကျွန်တော် သူ့ကို ပြောထားခဲ့မယ်။**

**လိပ်စာကို ရေးပေးလိုက်တယ်။ မပျောက်စေနဲ့။ ဒီစာကို အသေအချာ သိမ်းထားပါ။ ဘယ်သူ့မှ မပြပါနဲ့။**

**နိုင်ဇော်**. . . ဟု အောက်တွင် လက်မှတ်ထိုးထားသည်။

ကျော်ဦး၏လိပ်စာကို အပြည့်အစုံရေးပေးထားသည်။

စာရွက်ထဲမှ ပူပြင်းတောက်လောင်မှုတို့ ရင်ဆီသို့ ပြေးဟပ်သကဲ့သို့ ခံစားလိုက်ရသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# အခန်း (၇)

http://www.cherrythitsar.org

■ ၁ ■

ခရီးစဉ်တစ်လျှောက်လုံး မည်သည့်နေရာကမှ စိတ်နှလုံးကို သိမ်းကျုံး ယူငင်နိုင်ခြင်း မရှိ။ စိမ်းမြသည့်လှိုင်းတွေ အလိပ်လိပ် တက်နေသည်ဟု ထင်ရသော ရိုးမတောင်တန်းတွေကလည်း မိမိနှင့် မဆိုင်သကဲ့သို့ သီးခြားဖြစ်နေသည် ထင်၏။

ခြောက်သွေ့သည့်မြေပြန့်လွင်ပြင်ကိုလည်း တစ်နေ့လုံး ဖြတ်သန်းခဲ့ရပေမယ့် ခပ်စိမ်းစိမ်းပင် ရှိသည်ထင်၏။ ညနေခင်း လေနုအေးနှင့်အတူ ဆီးကြိုနေသည့် ရန်ကုန်မြို့ကိုလည်း စိတ်လှုပ်ရှားခြင်းမရှိဘဲ ငေးကြည့်မိသည်။

ဟိုးယခင်က အဖေနှင့် လူချင်းအဆက်အသွယ် မရှိပေမယ့် စိတ်ထဲက အဖေရှိသည်ဟူသည့်အမှတ်နှင့် ထိုမြို့ကို မကြာခဏ သတိရသည်။ မမြင်ရသော သံယောဇဉ်ဖြင့် ငြိတွယ်နေသည် ထင်၏။ ယခုတော့ အဖေ့အုတ်ဂူကိုလည်း မြင်ခဲ့ပြီးပြီ။ ထို့အပြင် ဟောင်းနွမ်းအိုမင်းနေသည့် အမေ့အုတ်ဂူကိုလည်း ပြန်လည်၍တွေ့ခဲ့ပါပြီ။ မိဘနှစ်ပါးစလုံး တကယ်ပင် မရှိတော့။ မျက်မြင်အသိက သံယောဇဉ်ကြိုးကို ဖြတ်တောက်လိုက်သကဲ့သို့ ရှိ၏။

ဤအချိန်၌ မိမိ၏နှလုံးဝယ် ဆွဲငြိခေါ်ဆောင်နိုင်သည့် ကြိုးတို့

http://www.cherrythitsar.org


မရှိကြတော့ပြီ။ ထို့ကြောင့် မည်သည့်အရပ်ကိုမှ မိမိ၏ အရပ်ဒေသဟု မထင်မှတ်နိုင်ပြီ။ စင်စစ် သံယောဇဉ်တို့ တည်ရှိရာသည်ပင် မိမိ၏ အရပ်ဒေသ ဖြစ်သည်။

■ ၂ ■

ကားကို အရှိန်လျှော့မောင်းခိုင်းပြီး စားသောက်ဆိုင်ထဲကို လှမ်းကြည့်လိုက်သည်။

ထင်မှတ်သည့်အတိုင်းပင် စားပွဲတစ်လုံးတွင် ဂျင်မီတစ်ယောက်တည်း ဘီယာထိုင်သောက်နေသည်ကို တွေ့လိုက်ရ၏။ "ရပြီ . . . ဒီမှာပဲ ရပ်လိုက်" ဟု ကားသမားကို အလျင်အမြန် ပြောလိုက်သည်။ ကားက ချက်ချင်းပင် ထိုးရပ်လိုက်သည်။

"ကျေးဇူးပဲ" ဟု ဆိုကာ ကားခကိုရှင်းပေးပြီး နောက်ခန်းတွင် ထည့်ထားသည့် ခရီးဆောင်အိတ်ကြီးကို ဆွဲချလိုက်သည်။

ထို့နောက် အိတ်ကိုဆွဲမ၍ ဆိုင်ဘက်သို့ လှည့်လိုက်သည်။

ဂျင်မီက ယခုမှ မှတ်မိသည့်အသွင်ဖြင့် ကပျာကယာ ပြေးထွက်လာပြီး . . .

"ကျွန်တော်ကြည့်နေတာ ဆိုင်ဘက်လှည့်လိုက်တော့မှ ကိုနိုင်ကြီးမှန်း သိတယ်၊ ပေး . . . ကျွန်တော့်ကို အိတ်ပေး"

"ရတယ် ဂျင်မီ . . . နေပါစေ"

"ပေးပါ . . . ကိုနိုင်ကြီးကလည်း ကျွန်တော်သယ်ပါ့မယ်"

ဂျင်မီက သူ့လက်ထဲမှ အိတ်ကို ဆွဲယူလိုက်သည်။

http://www.cherrythitsar.org


"မင်းတစ်ယောက်တည်းပါလား . . . ဂျင်မီ"

"ဟုတ်တယ် . . . ကိုကျော်ဦးက ဘယ်မှာ ခွင်တွေ့နေလဲ မသိဘူး၊ ဒါနဲ့ ကိုနိုင်ကြီး အခုမှ ပြန်လာတာပေါ့"

"အေး . . . ကားဂိတ်ကနေပြီး ဒီကို တန်းလာခဲ့တာပဲ၊ ဒီအချိန်ဆို ဒီဆိုင်မှာ တစ်ယောက်ယောက်တွေ့လိမ့်မယ် ထင်တာ၊ ထင်တဲ့အတိုင်းပဲ . . ."

ဂျင်မီက ဖြူဖွေးသောသွားများပေါ်အောင် တဟဲဟဲ ရယ်သည်။ "နေညိုပြီလေ . . ." ဟု အရက်သမားစကားကို ပြောပြီး နောက်သည်။ "ကိုနိုင်ကြီး ဘာချမလဲ" ဟု မေးသည်။ ဘီယာပဲ လှမ်းမှာလိုက်ပြီး အကြောဆန့်လိုက်သည်။ နှစ်ရက်နှင့်နှစ်ညတိတိ ကားပေါ်တွင် ထိုင်လာခဲ့ရသဖြင့် ညောင်းညာနေသည်။

"ကျွန်တော်တို့က ကိုနိုင်ကြီးပြန်လာမယ် မထင်ကြဘူး"

"ဘာဖြစ်လို့လဲ . . ."

"အော် . . . ကျွန်တော်တို့ သွားပို့တဲ့ ကားပိုင်ရှင်အမျိုးသမီးက ချောတယ်လေ"

ထိုအခါမှ သူသဘောပေါက်သွားပြီး ပြုံးရယ်မိသည်။ တစ်ဆက်တည်းပင် လှလွန်းဆွေ၏မျက်နှာကိုလည်း ဖျတ်ခနဲ မြင်ယောင်မိ၏။ ရင်ထဲတွင် ဖွဲမီးကဲ့သို့ တငွေ့ငွေ့ လောင်ကျွမ်းခဲ့ရသည့်အဖြစ်ဆိုးကို ဂျင်မီတို့မှ မသိဘဲ။

"ဒီမှာ ကျွန်တော်နဲ့ ကိုကျော်ဦးက ကိုနိုင်ကြီးအကြောင်း ပြောနေကြတာ၊ ကိုနိုင်ကြီးက အရမ်းကို ဖြောင့်တယ်ဗျာ၊ ကားပိုင်ရှင် အမျိုးသမီးက ကျွန်တော်တို့ ကားလာပို့တာ ကားကို စိတ်မဝင်စားဘဲ၊ ကိုနိုင်ကြီးကိုပဲ မေးတယ်၊ သူ ဘယ်သူလဲတဲ့၊ ကျွန်တော်လည်း ခရီးပန်းလာ

http://www.cherrythitsar.org


တော့ သတိမထားမိဘဲ ရိုးရိုးပဲ ဖြေလိုက်မိတယ်၊ နို့မဟုတ်ရင် . . . ကျွန်တော့်ဆရာ . . . လူပျို၊ သဘော်ဂက ပထမအရာရှိ၊ ရည်းစား တောင် မရှိဘူး၊ အရမ်းသဘောကောင်းတာ . . . ဘာညာနဲ့ ထည့်ပေး လိုက်ပါတယ်”

“ငါက မင်းနဲ့ အဆင်ပြေတယ် ထင်နေတာ၊ ငွေငါးထောင်အပို ပေးလိုက်သေးတယ် မဟုတ်လား”

ဟု သူ စိတ်မဝင်စားသလို ပြန်၍နောက်ပြောင်လိုက်သည်။

“ကျွန်တော့်မျက်နှာကြည့်ပြီး အာဖရိက,က အငတ်ဘေး ဆိုက်လာတယ်ထင်ပြီး ထမင်းဖိုးထပ်ပေးတာပါ”

ထိုစကားကြောင့် နှစ်ယောက်သား ပြိုင်တူရယ်မောမိသည်။

ဂျင်မီနှင့်တွေ့တော့မှ စိတ်တင်းကျပ်မှု၊ ပင်ပန်းနွမ်းနယ်မှုတို့ လျော့ပါး သက်သာသွားတော့သည်။

# ■ ၃ ■

တံခါးကို တဒုန်းဒုန်းထုနေသဖြင့် အိပ်ရာမှ သူနိုးသွားသည်။

နိုးလျှင်နိုးချင်း ဟိုတယ်မှာ အိပ်နေသည်ဟု စိတ်မှာ ထင်၏။ နောက်မှ သစ်လွင်သည့် ဆေးသားရောင်ကို သတိထားမိပြီး၊ မိမိ၏ တိုက်ခန်းဟု သိလိုက်ပါသည်။ တစ်ဆက်တည်းပင် ညက ဂျင်မီနှင့် အတူသောက်ပြီးမှ ဤအခန်းသို့ လာခဲ့သည်ကို အမှတ်ရ၏။

အိပ်ရာမှလူးလဲထပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

"နိုင်ကြီး . . . မင်း ညက ပြန်ရောက်တယ်ဆို . . . "

ဟု ပြောပြောဆိုဆိုနှင့် ကျော်ဦးဝင်လာ၏။ စူးရဲသည့် နေရောင်ကို တစ်ချက်ကြည့်ပြီး နေအတော်မြင့်နေပြီဟု သိလိုက်သည်။

"အေး . . . ဟုတ်တယ်၊ မင်း ဂျင်မီနဲ့တွေ့ပြီးပြီ ထင်တယ်"

"ငါနဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေကြတာ၊ မင်းကို စောင့်တယ်၊ ဒီအချိန်ထိ မနိုးသေးတာနဲ့ သေများသေနေပြီလားဆိုပြီး တက်ကြည့်တာ . . . "

"ငါ အိပ်ရေးပျက်လာလို့ အိပ်ကောင်းကောင်းနဲ့ အိပ်နေတာ"

တကယ်ပင် ခရီးစဉ်တစ်လျှောက်လုံး ကောင်းကောင်း အိပ်မပျော်ခဲ့။ သူမကို တစ်ချိန်လုံးနီးပါး နှိပ်စက်နေခဲ့သည်။ အတွေးထဲက

http://www.cherrythitsar.org


မောင်းထုတ်၍မရ။ ညကတော့ မူးအောင်သောက်ပြီး မှေ့ပစ်လိုက်သည်။ ထို့ကြောင့် အိပ်ရာအထတွင် မှားမှားယွင်းယွင်း ဖြစ်နေခြင်း ဖြစ်သည်။

"ကဲ . . . ရေမိုးချိုးပြီး တစ်ခုခု စားရအောင်၊ ဒါနဲ့ ငါတို့နဲ့ လိုက်မလား၊ ဒါမှမဟုတ် အိမ်မှာပဲ နားနေမလား"

"ငါ မင်းတို့နဲ့ လိုက်ခဲ့မယ်၊ ဒါပေမယ့် ငါ ကုမ္ပဏီရုံးကို သွားမှာနော် . . .၊ ငါ ပြန်ထွက်ဖို့ သွားလုပ်ရဦးမယ် . . ." ဟု ပြောရင်း ရေချိုးရန် အဝတ်အစားလဲလိုက်သည်။

"ရောက်တာမှ တစ်လမပြည့်သေးဘူး၊ ပြန်ထွက်မလို့ . . . ဟုတ်လား နိုင်ကြီး"

"အေး . . ." ဟု သူ ပြောလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ မင်းပြန်ရောက်တုန်းက အေးအေးဆေးဆေး နားမယ်ဆို၊ နောင် . . . ဘာလုပ်ရမလဲလို့ အလုပ်လေးဘာလေး လေ့လာမယ်ဆို၊ အခု . . . ချက်ချင်း စိတ်ပြောင်းသွားရအောင် မင်း ဘာတွေ ပြဿနာတက်လာခဲ့လဲ"

"ငါက ဘာပြဿနာတက်ရမှာလဲ၊ ငါ ပျင်းလာလို့ ထွက်မှာ . . . ကျော်ဦး"

ဟု သူ မလုံမလဲနှင့် ငြင်းလိုက်မိသည်။

"မင်း . . . အလကား လျှောက်ပြောမနေနဲ့ . . . နိုင်ကြီး၊ ငါလည်း သင်္ဘောလိုက်ခဲ့တဲ့လူပါကွ၊ ဘယ်သူမှ ငွေမကုန်မချင်း ရေထဲ မဆင်းကြပါဘူး၊ ကုန်းပေါ်တက်ရတုန်း နေနိုင်သရွေ့ ကပ်သပ်ပြီး နေကြတာချည်းပဲ၊ မင်းမှာ ရှာဖွေကျွေးရမယ့် သားမယားရှိတာလည်း မဟုတ်ဘူး"

"ဟော့ကောင် . . . စကားများမနေနဲ့၊ ငါ ရေချိုးလိုက် ဦးမယ်"

ဟု စကားစဖြတ်ကာ လှည့်ထွက်ခဲ့သည်။ ကျော်ဦးက သူ့ကို မကျေမနပ်နှင့် ဧည့်ခန်းထဲတွင် ကျန်နေရစ်သည်။

❖ ❖ ❁ ❖ ❖

# ■ ၄ ■

ကုမ္ပဏီရုံးခန်းမှ လူများကလည်း သူပြန်ထွက်မည်ဆိုသဖြင့် တအံ့တသြဖြစ်ကြသည်။ ပထမ . . . နောက်နေသည်ဟု ထင်ကြသေး၏။ နောက်တော့မှ အမှန်တကယ်ပြောနေခြင်းဖြစ်ကြောင်း သိသွားကာ လက်ခံလိုက်ကြသည်။ ထို့နောက် ချက်ချင်းပင် နိုင်ငံခြားရှိ ပင်မကုမ္ပဏီဆီသို့ ဖက်(စ်) လှမ်းပို့ကြသည်။

ရုံးတင်စရာရှိသည့် စာရွက်စာတမ်းများကို စာရေးတစ်ယောက်ကယူပြီး ထွက်သွားသဖြင့် သူ ထိုင်စောင့်နေရ၏။

ထိုစဉ် ကုမ္ပဏီရုံးခန်းထဲသို့ မမျှော်လင့်ဘဲ ဂျင်မီရောက်ချလာ၏။

သူ့ကို လှမ်းမြင်သည်နှင့် တိတ်တိတ်လှမ်းခေါ်သည်။

သူ အခန်းပြင်သို့ထွက်လိုက်ရင်း . . . "မင်း မလာစဖူး လိုက်လာပါလား၊ ဘာကိစ္စအရေးကြီးလို့လဲ" ဟု ဂျင်မီကို ခပ်တိုးတိုး မေးကြည့်လိုက်သည်။

"ကိုကျော်ဦး လွှတ်လိုက်တာ၊ ကျွန်တော် ဒီရုံးလိပ်စာကို သိတောင်မသိဘူး"

"ကျော်ဦးက ဘာကြောင့် မင်းကို လွှတ်လိုက်တာလဲ"

ဂျင်မီက သူ့အမေးကို မဖြေသေးဘဲ ဘာကိုသဘောကျသည်

http://www.cherrythitsar.org


မသိ၊ ဖွေးဖြူသောသွားများ အကုန်ပေါ်အောင် တဟီးဟီး ရယ်လိုက်သည်။ ဂျင်မီကြည့်ရသည်မှာ အတော့်ကို အူမြူးနေဟန်တူ၏။

"မနေ့ညက ကျွန်တော်တို့ ဘီယာသောက်ရင်း ပြောကြတာလေ . . . ကိုနိုင်ကြီး မှတ်မိတယ်မဟုတ်လား၊ ဟို . . . ကားပိုင်ရှင် အမျိုးသမီးက ကိုနိုင်ကြီးကို မြင်, မြင်ချင်း စိတ်ဝင်စားပြီး မေးတာလေ၊ သူ့အမည်က လှလွန်းဆွေတဲ့၊ ဒီကို ရောက်နေပြန်ပြီ . . ."

သူ မျက်မှောင်ကျုံ့ပြီး ကြည့်လိုက်သည်။

"အဲဒါနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ ဂျင်မီ . . ."

"လုံးဝ ဆိုင်လာပြီ၊ ခုလေးတင် ကိုကျော်ဦးဆီ သူတို့ ရောက်လာကြတယ်၊ အဲဒါ အစ်ကိုနဲ့တွေ့ချင်တယ်လို့ ပြောတယ်၊ အဲဒါနဲ့ ကိုကျော်ဦးက ကျွန်တော့်ကို လွှတ်လိုက်တာ၊ ကံကောင်းချင်တော့ ကိုနိုင်ကြီးကို ဒီမှာ တန်းတွေ့တာပဲ၊ ကဲ . . . ကျွန်တော့်ကို ရှင်းပြစမ်းပါဦး၊ ဘယ်လိုတွေ ပတ်သက်လာလို့လဲ၊ အမျိုးသမီးက ဒီအထိ လိုက်လာခဲ့တာနော်"

ရင်ညွှန့်အလယ်မှ စူးခနဲ ပူသွားသည်။ ငုပ်နေသည့် အမျက်ဒေါသက ရင်တွင် ဆူး,စူးသကဲ့သို့ မြက်နေသည် ထင်၏။ ဖျတ်ခနဲ သူ့မျက်နှာ တင်းသွားပြီး . . .

"ဘာဖြစ်လို့ လိုက်လာတယ်မသိဘူး၊ တောက် . . . ငါ အဲဒီမိန်းမနဲ့ မတွေ့ချင်ဘူးကွာ၊ တွေ့စရာအကြောင်းလည်း မရှိဘူး"

"ဟာ . . . ဘာတွေဖြစ်လို့လဲ" ဟု ဂျင်မီက အံ့အားတသင့်နှင့် မေးသည်။

"ဘာတွေဖြစ်ဖြစ် နောက်မှထားကွာ၊ လောလောဆယ် ငါနဲ့ မတွေ့ခဲ့ဘူးလို့ ပြန်ပြောလိုက်၊ ဒါနဲ့ ဒီကုမ္ပဏီရုံးကို မင်း လိုက်လာတယ်

http://www.cherrythitsar.org


ဆိုတာ သူသိသွားလား"

"ဟင့်အင်း . . မသိဘူးထင်တယ်၊ ကိုကျော်ဦးပဲ ကျွန်တော့်ကို ပြောပြီး လွှတ်လိုက်တာ"

"အေး . . . ဘာမှ မသိစေနဲ့၊ ကျော်ဦးကိုလည်း မင်း ပြောထား လိုက်. . . ငါ့အကြောင်းနဲ့ပတ်သက်ပြီး ဘာမှ မပြောပါနဲ့၊ မသိဘူး ဆိုပြီး ငြင်းလို့၊ နောက်လည်း အတွေ့မခံနဲ့ကွာ၊ ကဲ . . . မင်းလစ်တော့ ဂျင်မီ၊ မြန်မြန် . . ."

ဂျင်မီသည် သူ့ကို နားမလည်စွာ ကြည့်ပြီး . . .

"ကျွန်တော် အပြတ်ပြောလိုက်ရမလား"

"ပြောလိုက်ကွာ . . . ပြောချင်တာပြောလိုက်" ဟု သူ စိတ်တိုတို နှင့်အော်လိုက်တော့မှ ဂျင်မီလည်း လှစ်ခနဲ ပြန်ဆင်းသွားတော့သည်။

သူ ရုံးခန်းထဲသို့ ပြန်မဝင်နိုင်သေးဘဲ လှေကားလက်တန်းကို ကိုင်ကာရပ်နေမိသည်။ သူ၏လက်များက ဒေါသကြောင့် တုန်ရီနေ၏။

သူမသည် သူ့အား နိုင်ဇော်ဟု အသေအချာသိသွားသည်မှာ သေချာပါသည်။ ထို့ကြောင့် နေ့ရက်ဆိုင်းမနေတော့ဘဲ ချက်ချင်း နောက်က လိုက်လာခြင်းဖြစ်သည်။ ခရီးက နှစ်ရက်နှင့်နှစ်ည ကား စီးရသည်။ ဤမျှမြန်ဆန်စွာ လိုက်လာနိုင်ပုံထောက်လျှင် ကားနှင့်တော့ မဖြစ်နိုင်ပါ။ ကောင်းကင်ပေါ်မှလေယာဉ်နှင့် လိုက်လာခဲ့ခြင်း ဖြစ်နိုင် ပါသည်။

ဤအမွေပစ္စည်းများက သူမအား စားမဝင်အိပ်မပျော်နိုင် အောင် ခြောက်လှန့်နေသည်ထင်၏။

❖ ❖ ❁ ❖ ❖

# ■ ၅ ■

တစ်နေကုန် စိတ်အိုက်အိုက်နှင့် ချွေးထွက်ပြီး စေးကပ်ကပ်ဖြစ်နေသောကြောင့် အိမ်ပြန်ရေမိုးချိုးပြီးမှ ဆိုင်သို့ သွားမည်ဟု စိတ်ကူးလိုက်သည်။ ထို့ကြောင့် အငှားကားအား တိုက်ခန်းဘက်သို့ မောင်းခိုင်းလိုက်သည်။

နေညိုးစ ညနေခင်းနှင့်အတူ မြို့ပြ၏ သက်ဝင်လှုပ် ရှားမှုများကို ငေးမောကြည့်ရင်း မိမိ၏တိုက်အနီးသို့ ရောက်မှန်းမသိ ရောက်လာသည်။ မသိစိတ်၏ စေစားမှုကြောင့်လား မသိ။ မျက်လုံးက မိမိ၏ တိုက်ရှေ့သို့ အမှတ်မထင် လှမ်းကြည့်မိပါသည်။ ဤသည်ပင် ကံကောင်းမှုတစ်ခု ဖြစ်သွား၏။ နို့မဟုတ်လျှင် သူမနှင့်ပက်ပင်း တွေ့တော့မည်။

တိုက်အောက်တွင် သူမနှင့် နောက်လူတစ်ယောက် ရပ်စောင့်နေကြသည်ကို မြင်လိုက်ရ၏။ သူမက ကားလမ်းဘက်သို့ မျှော်စောင့်နေသည့်အသွင်။ နောက်တစ်ဦးက သူ မြင်ဖူးသည့်လူဟု ထင်သည်။ ရုတ်ခြည်း ခေါင်းကို အလုပ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အချက်အလက်များက တသီတတန်းကြီး ထွက်လာတော့သည်။

ထိုလူမှာ သူမ ကားဝယ်စဉ် လိုက်ပါဆောင်ရွက်ပေးသူ ဖြစ်၏။

http://www.cherrythitsar.org


စားသောက်ဆိုင်တစ်ဆိုင်တွင် ကျော်ဦးဆီ သူ လာစဉ်က တွေ့ခဲ့ခြင်း ဖြစ်သည်။

"ကားဆရာ . . . မရပ်နဲ့တော့၊ ဆက်ပြီး မောင်း၊ ညာဘက်ကို ကွေ့မယ်" ဟု အလျင်အမြန် သတိပေးလိုက်ပြီး ခေါင်းကိုလည်း ကွယ်ထားလိုက်သည်။ ကားက သူမတို့၏အနီးမှ ကပ်ပြီးမောင်းသွားသည်။ သူမတို့ မြင်လိုက်ဟန်မရှိ။

"ကျွန်တော် ဆိုင်တစ်ဆိုင်သွားမလို့၊ လမ်းကို ကျွန်တော် ပြောမယ်"

သူ ဆက်လက်ပြီး ညွှန်ကြားလိုက်သည်။

လက်စသတ်တော့ သူမက သူ့အိမ်အပြန်ကို အမိဖမ်းဖို့ စောင့်နေခြင်း ဖြစ်သည်။ သူမနှင့်အတူ ပါလာသည့်သူက သူမ၏ရည်းစားများလား။ ကားဝယ်စဉ်ကတည်းက ဒီနှစ်ယောက်ကို တတွဲတွဲ မြင်ဖူးခဲ့သည်ပဲ။ စိတ်ထဲက အကြောင်းမဲ့ ဒေါသဖြစ်ချင်နေ၏။ သူမ၏နှလုံးသားကို ထိုလူပိုင်ဆိုင်နေခြင်းက သူ၏အလုပ်မှ မဟုတ်ဘဲ။ သူမအနေနှင့် မည်သူ့ကိုမဆို လွတ်လပ်စွာ ချစ်ပိုင်ခွင့်ရှိပါသည်။ မနာလိုစရာ အကြောင်း မရှိ။

သို့ရာတွင် အမွေကိစ္စက ကြားဝင်၍နှောင့်သဖြင့် အခက်အခဲ ဖြစ်နေဟန် တူ၏။ မျိုးချခါနီးမှ လည်ချောင်းတွင် အရိုးနင်သကဲ့သို့ ဖြစ်သွားသည်ထင်၏။

❖ ❖

http://www.cherrythitsar.org


သူ ဆိုင်ထဲသို့ ဝင်လာသည်ကို ဂျင်မီနှင့်ကျော်ဦးတို့က တစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်ကို ကြည့်သကဲ့သို့ ပြူးပြူးပျာပျာ လှမ်းကြည့်ကြသည်။

သူက မထိုင်သေးဘဲ . . . "ငါ့တိုက်ခန်းကို မင်းက ဘာဖြစ်လို့ ပြောလိုက်ရတာလဲ" ဟု မကျေမနပ်နှင့် ပြောချလိုက်သည်။ ထို့နောက် . . . နောက်ကျောမလုံသကဲ့သို့ တစ်ချက်လှည့်ကြည့်ပြီး ထိုင်ချလိုက်သည်။

"ငါ မပြောရပါလား၊ ဘာဖြစ်လို့လဲ၊ မလှလွန်းဆွေတို့ မင်းအခန်းကို ရောက်လာကြလို့လား" ဟု ကျော်ဦးက သိလိုဇောနှင့် ကမန်းကတန်း ပြန်မေးသည်။

"အေး . . ရောက်နေတယ်၊ ငါ့တိုက်ရှေ့မှာ စောင့်နေကြတယ်"

"တကယ်ပါကွာ၊ ဂျင်မီ လာပြီးသတိပေးကတည်းက ငါ ဘာမှကို မပြောတော့ပါဘူး၊ သူတို့ကလည်း လူအ, တွေမှ မဟုတ်ဘဲ၊ ငါတို့ မပြောတာကို ရိပ်မိကြမှာပါ. . ."

ထိုအခါတွင် ဂျင်မီက ကြားထဲမှဝင်ပြီး . . .

"ကိုကျော်ဦး . . . ဘာမှမပြောပါဘူး" ဟု ထောက်ခံလိုက်သည်။ သူက လက်မခံသည့်သဘောဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"မင်းတို့ မပြောရင် ဘာမှသိစရာ အကြောင်းမရှိဘူး"

"မင်း တကယ်မယုံဘူးလား နိုင်ကြီး"

"ငါ မယုံတာက အကြောင်းမဟုတ်ဘူး၊ သူတို့ ဘာဖြစ်လို့ ငါ့တိုက်ရှေ့ ရောက်နေရတာလဲ"

ကျော်ဦးသည် တစ်ချက် တွေခနဲ စဉ်းစားလိုက်ပြီး . . .

http://www.cherrythitsar.org


"မင်းအကြောင်းကို ကိုစိုးစိုး တစ်ခါတော့ ငါ့ဆီမှာ မေးဖူးတယ်၊ မင်းခရီးသွားနေတုန်းက၊ အဲဒါ ကိုစိုးစိုးသိတာ ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ကွာ . . . လူတစ်ယောက်နေတဲ့နေရာကို သိချင်ရင် စုံစမ်းလို့ လွယ်ပါတယ်၊ ဒါက ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ၊ အေး . . . ဒါပေမယ့် ခက်နေတာက မင်းပဲ၊ မင်းတို့ ဘာဖြစ်လာကြလဲ၊ သူက မင်းနဲ့ ဘယ်လိုပတ်သက်လို့ တွေ့ချင်နေရတာလဲ"

ဂျင်မီက ဘီယာပင်မသောက်နိုင်ဘဲ စိတ်ဝင်တစားနှင့် နားစွင့်နေသည်။

"ငါက မင်းတို့ကို အရင်ဦးဆုံး ပြန်မေးရဦးမယ်၊ မင်း တို့ကို အဲဒီအမျိုးသမီးက ဘာတွေလာမေးပြီး၊ ဘာတွေ ပြောသလဲ"

ကျော်ဦးက "ကောင်းပြီ" ဟူသည့်အဓိပ္ပာယ်နှင့် ခေါင်းတစ်ချက်ဆတ်လိုက်သည်။

❖ ❁ ❖

"ထုံးစံအတိုင်း ကားပွဲစားတန်းမှာ တခြားလူတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဝိုင်းဖွဲ့စကားပြောနေကြတုန်း ငါ့ဆီကို ကိုစိုးစိုး ရောက်လာတယ်၊ ပြီးတော့ "ခဏ" ဆိုပြီး လက်ကုပ်ပြီး ခေါ်ထုတ်သွားတယ်၊ မင်းသိတဲ့အတိုင်းပဲ၊ ကိုစိုးစိုးက ကားဝယ်မယ့်ကိစ္စ နှစ်ယောက်ချင်းတိုးတိုးတိတ်တိတ်ပြောမယ် ထင်တာပေါ့။

အဲဒါနဲ့ ငါလည်း သူ့နောက်က အသာလေး ထလိုက်သွားတယ်၊ ခပ်လှမ်းလှမ်း . . . အပြင်ဘက်လောက်က မလှလွန်းဆွေက စောင့်

http://www.cherrythitsar.org


နေတယ်၊ ငါလည်း ကားရောင်းထားတဲ့လူဆိုတော့ ဘာများ ပြဿနာဖြစ်ပါလိမ့်ဆိုပြီး တွေးပူသွားသေးတယ်၊ ဒီကားရောင်းလိုက်တုန်းက ပိုင်ရှင်ရဲ့သားကြောင့် ငါတို့ နည်းနည်း အဖုအထစ်ဖြစ်ခဲ့ကြသေးတယ် မဟုတ်လား။

ဒါပေမယ့် ငါထင်တာ မဟုတ်ဘူး၊ သူက မင်းကို တွေ့ချင်တယ်တဲ့၊ ဘယ်မှာ တွေ့ရမလဲ ငါ့ကိုမေးတယ်၊ ငါကလည်း ဘာကိစ္စရှိလို့လဲပေါ့ ပြန်မေးရတယ်၊ တော်ကြာ ငါ့လူက ဘာတွေ လျှောက်လုပ်ထားမှန်း မသိဘူး၊ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ၊ ဒါတွေ ငါ နည်းနည်းသိထားရမယ်လေ၊ ဒီတော့ မလှလွန်းဆွေက ပြောတယ်၊ သူ့ကိုယ်ရေးကိုယ်တာကြောင့်ပါတဲ့၊ တခြားကိစ္စ မဟုတ်ပါဘူးတဲ့၊ မိသားစုအရေးဖြစ်နေလို့ မပြောပြစေနဲ့တဲ့၊ ဒါပေမယ့် မင်းဟာ သူ့ အစ်ကိုတော်ပါတယ်လို့ ပြောတယ်။

အဲဒီမှာ ငါလည်း အံ့သြသွားတာပဲ၊ သူ့ကား ဝယ်ရောင်းလုပ်တုန်းက မင်းနဲ့ တစ်ခါ ဆုံကြသေးတာပဲ မဟုတ်လား၊ အဲဒီတုန်းက မင်းတို့ သိကျွမ်းကြတယ်၊ မောင်နှမတော်တယ်ဆိုတာ အရိပ်အယောင်တောင် မမြင်ရဘူး၊ နှုတ်လည်း မဆက်၊ စကားလည်း မပြော၊ တစ်ယောက်နဲ့တစ်ယောက် လှည့်တောင် ကြည့်ကြရဲ့လားမသိဘူး၊ နောက်တစ်ချက်က ဂျင်မီနဲ့အတူ မင်း ကားသွားပို့တုန်းက သူနဲ့ တွေ့ခဲ့ကြတာပဲ မဟုတ်လား၊ အဲဒီအကြောင်းကို ဂျင်မီက ခုလေးတင် ငါ့ကို ပြောပြတယ်၊ ဒါပေမယ့် အဲဒီအချိန်က ဒါတွေ ငါ မသိသေးဘူး။

ငါက မင်း ကုမ္ပဏီရုံး သွားတယ်ထင်တယ်၊ အဲဒီမှာ ရှိမလား မပြောတတ်ဘူးလို့ ပြောလိုက်တော့ သူတို့က ချက်ချင်းပဲ လမ်းညွှန်ပါ၊ သူတို့ လိုက်သွားပါ့မယ် ပြောကြတယ်၊ ငါလည်း မသေချာဘူးလေ၊

http://www.cherrythitsar.org


တော်ကြာ မင်းက ကုမ္ပဏီရုံးကနေတစ်ဆင့် ဘယ်ကို ခြေရှည်နေမယ် မှန်းမှ မသိတာ၊ ကဲ . . . ခုချက်ချင်း တွေ့မှဖြစ်မယ်ဆိုရင် ကျွန်တော် ကြည့်ခိုင်းလိုက်မယ်ဆိုပြီး ဂျင်မီ့ကို လွှတ်လိုက်တာပဲ။

ဂျင်မီပြန်ရောက်လာတော့ ဒီကောင်က ခပ်လှမ်းလှမ်းကနေပြီး ငါ့ကို မျက်နှာရိပ်မျက်နှာကဲနှင့် လှမ်းအသိပေးတယ်၊ ဘာလဲ မသိဘူး၊ ပြီးတော့မှ မတွေ့ခဲ့ဘူး၊ တခြားရုံး သွားတယ်လို့ ငါတို့ကို လာပြော တယ်၊ ငါကလည်း ဒါဖြင့် ပြီးရော . . . နောက်နေ့ လာခဲ့ကြပေါ့၊ ကျွန်တော် ပြောထားလိုက်မယ်ဆိုပြီး ပြန်လွှတ်လိုက်ရတယ်။

သူတို့က လိပ်စာနဲ့ ဖုန်းနံပါတ်ပေးသွားတယ်၊ ဘယ်အချိန်ပဲ ဖြစ်ဖြစ် သူတို့ဆီ ဆက်သွယ်ပြီး အကြောင်းကြားပါတဲ့၊ ပြီးတော့ သူတို့ လာတွေ့တာ တောင်းပန်ချင်လို့၊ ကျေးဇူးအေးချင်လို့ပါ၊ အားလုံး မင်းရဲ့ ဆန္ဒအတိုင်း ဖြစ်စေရမယ်လို့ ပြောပေးပါဆိုပြီး စကားကြုံမှာကြသေး တယ်။

ကဲ . . . ငါ သူတို့နဲ့ ပြောဆိုခဲ့တာ ဒါ . . . အကုန်ပဲ”

❖ ❁ ❖

“မင်းက ဘာကြောင့် မတွေ့ချင်ရတာလဲ၊ ပြောစမ်းပါဦး” ဟု ကျော်ဦး က စိတ်ဝင်တစားနှင့် မေးမြန်းသည်။ သူ ကားလမ်းဘက်သို့ မျက်နှာ မူထားရင်း . . .

“သူက ငါ့အဖေရဲ့ မွေးစားသမီး”

ဟု ပြောလိုက်သည့်အခါ ဂျင်မီ မျက်လုံးပြူးသွားသည်။ ကောက်

http://www.cherrythitsar.org


ကွေးနေသည့်ဆံပင်များက ထောင်ထသွားသကဲ့ သို့ ဖြစ်သွားသည်။

"ငါ ဟိုအရင်တုန်းက မသိပါဘူး၊ မြင်လည်း မမြင်ဖူးပါဘူး၊ ဟိုကိုရောက်တော့မှ မွေးစားသမီးမှန်း သိရတာ၊ အဲဒါနဲ့ ငါကလည်း ငါ့အဖေ၊ အမေတို့ အမှတ်တရပစ္စည်းလေးတွေ သွားတောင်းမိတယ်၊ သူက အမွေလာတောင်းတယ် ထင်နေပုံရတယ်၊ ငါ့ကိုလည်း နိုင်ဖော် လို့ မယုံဘူးလေ၊ အဲဒါနဲ့ ရဲတွေခေါ်ပြီး ဖမ်းခိုင်းတယ် . . ."

"မင်း အခု ခရီးသွားရင်း ဖြစ်လာတာလား"

"အေး . . . ကံကောင်းလို့ အချုပ်ထဲ မရောက်တာကွ၊ ငါ့မှာ ထားစရာနေရာမရှိဘဲ ယူ, ယူသွားတတ်တဲ့ အလုပ်ဖိုင်တွဲကြောင့် လွတ် လာတာ"

"မင်းမှာ အဖေအမေ မရှိကြတော့ဘူးဆို၊ ငါသိတာက မင်း ဒီမှာ ပဲ နေတာ မဟုတ်လား"

"ပြောရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပါကွာ၊ ဟော့ . . . ဂျင်မီ ဟိုမှာကြည့်စမ်း . . . အဲဒါ သူတို့ကား မဟုတ်လား" ဟု သူက ကားလမ်းဘက်ဆီ လက်ညှိုးထိုးပြီး မေးလိုက်သည်။ ညအမှောင်နှင့် လမ်းမီးရောင်၏အောက်တွင် သဲသဲကွဲကွဲ မမြင်ချေ။ ဂျင်မီက အသေ အချာ လှမ်းကြည့်ပြီး . . . "ဟုတ်တယ် . . . ကိုနိုင်ကြီး၊ ကျွန်တော် ကောင်းကောင်း သိတယ်၊ ဒီကိုလာနေတယ် ထင်တယ်" ဟု အလော တကြီး သတိပေးသည်နှင့် သူ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး . . . "ငါ ရှောင်နေလိုက်မယ်၊ မင်းတို့ ကြည့် ပြောလိုက်" ဟု ပြောကာ ချက်ချင်းပင် ဆိုင်၏နောက်ဘက် သန့်စင်ခန်းသို့ ပြေးဝင်ခဲ့သည်။

ကျော်ဦးတို့ အမြဲထိုင်နေကျဆိုင်ကိုပင် သူတို့သိနေ ကြသည်ပဲ။

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၆ ■

**ကိုနိုင်ဇော် ...,**
**ကျွန်မ ဖြစ်ခဲ့သမျှ တောင်းပန်ချင်တယ်၊**
**ပြီးတော့ အားလုံး ကိုနိုင်ဇော်စိတ်တိုင်းကျ ဖြစ်စေရမယ်၊**
**ကျွန်မကို တွေ့ခွင့်ပေးပါ၊**
**ကျွန်မဖုန်းနံပါတ်နဲ့ လိပ်စာကို ကိုကျော်ဦးဆီ ပေးထားတယ်၊**
**ကျေးဇူးပြု၍ ...**

**လှလှွန်းဆွေ**

ကျော်ဦးထံတွင် ပေးသွားခဲ့သည့်စာ။ သူမ ဆိုင်ထဲသို့ မဝင်ဘဲ ကားပေါ်က စောင့်နေသည်ဟု ပြောသည်။ သူမနှင့် အတူပါလာသည့် ကိုစိုးစိုးဆိုသည့်လူကို ပေးခိုင်းလိုက်ခြင်း ဖြစ်သည်။

သူ စာရွက်ကို လုံးခြေပြီး အဝေးသို့ လွှတ်ပစ်လိုက်၏။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၇ ■

ယခင်နေ့များကလို စိတ်လွတ်ကိုယ်လွတ်နှင့် အိပ်ချင်သလောက် အိပ်နေ၍မဖြစ်။ ခပ်စောစောပင် ထပြီး မျက်နှာသစ် ရေမိုးချိုးလိုက်သည်။ ထို့နောက် အဝတ်အစားလဲနေစဉ် . . . တံခါးခေါက်သံ ကြားရသည်။ နာရီကိုကြည့်တော့ ခုနစ်နာရီပင် မထိုးသေး။

ကုမ္ပဏီရုံး ဖွင့်သည်၊ မဖွင့်သည် အပထား။ ခပ်စောစော လစ်ထွက်ဖို့လိုသည်။ ဤအခန်းသည် စိတ်ချရသောနေရာ မဟုတ်တော့။ အချိန်မရွေး အခါမရွေး သူ ရောက်လာနိုင်သည်ဟူသည့်အသိက စိတ်ထဲတွင် ကြီးစိုးနေ၏။ ထို့ကြောင့် စာရွက်စာတမ်းနှင့် ဖိုင်တွဲပါသည့် ကျောပိုးအိတ်ကို ကောက်လွယ်လိုက်ပြီး တံခါးကို သွားဖွင့်လိုက်၏။

"အော် . . . " ဟု ရေရွတ်ရင်း သူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

တံခါးလာခေါက်သူမှာ ကျော်ဦးလည်း မဟုတ်၊ ဂျင်မီလည်း မဟုတ်။ တစ်ခါမှ စကားမပြောဖူးသည့် ကိုစိုးစိုးဆိုသည့်လူ ဖြစ်နေသည်။

"ဒီက ကိုနိုင်ဇော်ဆိုတာ ဖြစ်မယ်ထင်တယ်"

သူ ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်၏။

http://www.cherrythitsar.org


"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော် ကိုနိုင်ဇော်နဲ့တွေ့ရအောင် လာခဲ့တာပါ။ ကျွန်တော့်နာမည် စိုးစိုးပါ။ မလှလွန်းဆွေရဲ့ မိတ်ဆွေပါ . . ."

ဟု သူ့ကိုယ်သူ မိတ်ဆက်ကာ ယဉ်ကျေးမှုအရ လက်ကို ကမ်းပေးသဖြင့် လက်ဆွဲ နှုတ်ဆက်လိုက်ရသည်။ သို့သော် အိမ်ထဲ ဝင်ပါဦး၊ ဘာကိစ္စရှိလို့လဲဟု မမေးမိပါ။ မည်သည့်အကြောင်းကြောင့် လာသည်ကို သူသိနေသည်ပဲ။

သူ စိုးရိမ်တကြီးနှင့် လှေကားအတက်အဆင်းဘက်ကို လှမ်းကြည့်လိုက်သည်။

"မလှလွန်းဆွေ မပါ, ပါဘူး၊ ကျွန်တော်တစ်ယောက်တည်းပါ"

ထိုအခါမှ ဒုတိယအကြိမ် "အော်" ဟု ရေရွတ်လိုက်သည်။

"ကိုနိုင်ဇော် အပြင်သွားမလို့ ထင်တယ်"

"ဟုတ်တယ်၊ ရုံးခန်း သွားမလို့"

"ဒါဆိုရင် အထဲမဝင်တော့ပါဘူး၊ အတူတူ ဆင်းကြတာပေါ့၊ အချိန်ရသေးတယ်မဟုတ်လား၊ ဒီနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာ နည်းနည်းစကားပြောရအောင်"

"အချိန်တော့ သိပ်မရဘူးဗျ၊ ကျွန်တော် ချိန်းထားတာရှိလို့ . . . ကုမ္ပဏီကို ပြေးရဦးမယ်" . . . ဟု လစ်ထွက်ရန် ဆင်ခြေပေးလိုက်သည်။

"ဒီလိုဆိုရင်လည်း ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ကားပေါ်မှာ စကားပြောသွားလို့ရတာပဲ၊ ကျွန်တော့်မှာ ကားပါ, ပါတယ် . . ."

အခြေအနေက သိပ်မကောင်းတော့။ သူ အငှားကားနှင့် သွားလာနေခြင်းကို သတိထားပုံရသည်။ ထို့ကြောင့် အငှားကားစီးမည့်အစား ကိုစိုးစိုးက လိုက်ပို့ပေးမည်ဟု ဆိုခြင်းဖြစ်သည်။ ကားပေါ်

http://www.cherrythitsar.org


ရောက်မှ ဒီနားခဏ ဝင်ကြရအောင်ဆိုလျှင် သေပြီ။ မတွေ့ချင်သည့်သူမနှင့် လှလှပပကြီး တွေ့ရပေတော့မည်။

"အချိန်နည်းနည်း ရပါသေးတယ်၊ လက်ဖက်ရည်ဆိုင် ထိုင်ကြတာပေါ့"

ဟု နည်းနည်းလျှော့ပေါ့ပေးလိုက်ရသည်။

လောလောဆယ်တွင် ကိုစိုးစိုးနှင့်အတူ လှလွန်းဆွေ လိုက်ပါမလာကြောင်းသိရသည့်အတွက် သိပ်ပြီးမစိုးရိမ်ပါ။

သူတို့ထိုင်နေကျ လမ်းဆုံမှ လက်ဖက်ရည်ဆိုင်သို့ လျှောက်သွားလိုက်သည်။

❖ ❁ ❖

"ကျွန်တော် မနက်ကပဲ စားပြီးသောက်ပြီးခဲ့ပြီ၊ ဒါပေမယ့် လက်ဖက်ရည်တစ်ခွက်တော့ မှာမယ်၊ ကိုနိုင်ဇော်က ကြိုက်တဲ့ဟာ စားပါ"

စားပွဲဝိုင်းတွင် နေရာယူပြီး ထိုင်သည်နှင့် ကိုစိုးစိုးက ပြောလိုက်ခြင်းဖြစ်သည်။ ကိုစိုးစိုးကို တစေ့တစောင်း အကဲခတ်မိသည်။ လူပုံကမဆိုး။ ရုပ်ရည်သန့်ပြန့်ပြီး မိကောင်းဖခင်သားသမီးပီသကာ ရည်ရည်မွန်မွန်ရှိ၏။ အသက်က လှလွန်းဆွေနှင့်ရွယ်တူလောက်ပဲ ရှိမည်ဟုခန့်မှန်းရသည်။

သူက ကိုစိုးစိုးနှင့် နှိုင်းယှဉ်လိုက်လျှင် အများကြီးကြမ်းတမ်းနေသည် ထင်၏။ ပင်လယ်ရေ ပင်လယ်လေနှင့် ပင်လယ်နေတို့ကြောင့် သူ့အသားရောင် ပိုပြီး ညိုမည်းနေသည် ထင်၏။ မျက်နှာထား

http://www.cherrythitsar.org


ကလည်း ကိုစိုးစိုးလောက် ကြည်ကြည်သာသာ ရှိမည်မထင်။ သဘော ပေါ်မှာ လူပေါင်းစုံနှင့် ပေါင်းသင်းလာရသဖြင့် အနည်းငယ် မာထန် ထန် ဖြစ်နေမည်ထင်၏။

"ကျွန်တော်တို့နဲ့ မဆွေက မိသားစုလို ရင်းနှီးနေကြပါတယ်၊ မဆွေ ရန်ကုန်ရောက်တဲ့အခါတိုင်း ကျွန်တော်တို့အိမ်မှာပဲ တည်းခိုပါ တယ်၊ မဆွေပါလာတဲ့ အလုပ်တွေကိုလည်း ကျွန်တော်တို့က ဝိုင်း ကူပြီး လုပ်ပေးကြတာပဲ၊ အထူးသဖြင့် မဆွေနဲ့ ကျွန်တော့်အမေက အလုပ်ချင်းဆက်သွယ် ပတ်သက်နေပါတယ်၊ မဆွေဖွင့်ထားတဲ့ အထည်ဆိုင်က ကျွန် တော့်အစ်မဆီက အမြဲပဲ ဖေါက်သည်အနေနဲ့ အထည်တွေ ဝယ်ယူတာပါ၊ ဒီတော့ ခုကိစ္စမှာလည်း ကျွန်တော်ပဲ ကူညီ ဆောင်ရွက်ပေးရတာပါ"

လှလွန်းဆွေက ကိုစိုးစိုးတို့မိသားစုနှင့် ရင်းနှီးကျွမ်းဝင်ပြီး အမြဲတည်းခိုနေကျ ဆိုပါလား၊ ဤအကြောင်းကို သူ ဘာမှ မသိသေး။ သူ့အကြောင်းတွေကိုတော့ လှလွန်းဆွေက အပ်ကျသည်ထိ လိုက်လံ စုံစမ်းပြီး သိရှိနေသည်။ တစ်ဖက်သတ်ဖြစ်နေသည် ထင်၏။

ထို့ကြောင့် လှလွန်းဆွေအကြောင်း ပြန်လည်၍ စုံစမ်းသင့် သည်။ သို့ပါမှ တစ်ဖက်နှင့်တစ်ဖက် ချိန်ခွင်လျှာ ညီမျှသွားပေလိမ့် မည်။

"မနေ့က တစ်နေ့လုံးပဲ မဆွေ ကျွန်တော်နဲ့အတူ လိုက်ပြီး ရှာကြ ပါတယ်၊ ဒီတိုက်ခန်းကိုလည်း နေ့လယ်နဲ့ညနေ နှစ်ခေါက်တောင် ရောက်ပါတယ်၊ ဒီမနက်လည်း မဆွေက လိုက်မယ်လို့ လုပ်ပါသေး တယ်၊ ကျွန်တော်က သူ ပင်ပန်းမှာစိုးလို့ ပြီးတော့ တွေ့မယ်၊ မတွေ့ ဘူး မသေချာတာကြောင့် တမင်ချန်ထားခဲ့ရတယ်၊ သူက ကိုနိုင်ဇော်နဲ့

http://www.cherrythitsar.org


အရမ်း တွေ့ချင်နေတာ”

“ကျွန်တော့်ဘက်က တွေ့စရာအကြောင်း သိပ်မရှိပါဘူး . . . ကိုစိုးစိုး၊ သူက ဘာကြောင့် တွေ့ချင်နေရသလဲ မသိဘူး”

ဟု မသိချင်ဟန်ဆောင်ပြီး မေးကြည့်လိုက်သည်။

“ဟာ . . . ကိုနိုင်ဇော်ကလည်း . . . ကိုယ့်ညီမ တစ်ယောက်ကို ဒီလို မပြောသင့်ဘူး ထင်တယ်၊ မဆွေဟာ ကိုနိုင်ဇော်ရဲ့အဖေ မွေးစားတဲ့သမီးဆိုတာ သူပြောပြတယ်၊ ကိုနိုင်ဇော် အထင်လွဲပြီး ဘာမှ မပြောမဆိုဘဲ ပြန်သွားတယ်တဲ့၊ အဲဒီကိစ္စ ရှင်းချင်လို့၊ အဲဒီကိစ္စ ဘာလဲ ကျွန်တော် မသိဘူး၊ ဒါပေမယ့် သေချာတာက မဆွေ အရမ်းတွေ့ချင် နေတယ်၊ ကိုနိုင်ဇော်ကို လိုက်ရှာနေတာလည်း ကြာလှပါပြီ”

အမွေကိစ္စကို လှလွန်းဆွေပြောပြမထားဟု ယူဆရပေလိမ့်မည်။ ဘာကြောင့် မပြောတာလဲ။ ကိုစိုးစိုးတို့က သူမအပေါ်တွင် အထင် အမြင်မှားမှာ ကြောက်၍ဖြစ်မည်။ သူက ရိုးသားသူတစ်ယောက် အသွင် ဟန်ဆောင်ထားပေလိမ့်မည်။

“ကျွန်တော် သူ့ကို ဘယ်တုန်းကမှ ရှောင်ပုန်းစရာအကြောင်း မရှိပါဘူး၊ ကျွန်တော် ဟိုးအရင်ပြန်မလာတာ ကျွန်တော့်အဖေနဲ့ ဖြစ်ခဲ့တဲ့ပြဿနာကြောင့်ပါ၊ သူနဲ့ မပတ်သက်ပါဘူး၊ အခု ကျွန်တော် သူနဲ့ တွေ့ဆုံပြောဆိုခဲ့ပြီးပါပြီ၊ ကျွန်တော့်မှာ နောက်ထပ်ပြောစရာ စကား မရှိတော့ဘူး၊ သူနဲ့ တွေ့စရာလည်း မလိုအပ်တော့ပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်တော် လုံးဝမတွေ့ချင်ဘူး၊ ကိုစိုးစိုးအနေနဲ့ သူ့ကို ပြန်ပြောလိုက်ပါ၊ ဘာမှ စိတ်မပူပါနဲ့၊ အေးအေးဆေးဆေး . . . အိမ်ပြန်သွားလိုက်ပါ၊ စိတ်ချလို့ . . . ကျွန်တော် ဘာတစ်ခုမှ မလိုချင် ဘူး၊ ဘယ်တော့မှ လာမတောင်းပါဘူးလို့ ပြန်ပြောလိုက်ပါ၊ ကျွန်တော်

http://www.cherrythitsar.org


လုံးဝ ကတိပေးပါတယ်”

ကိုစိုးစိုးက စိတ်ရှုပ်သည့်အသွင်ဖြင့် ခေါင်းကို ကုတ်လိုက်ရင်း . . .

“မဆွေပြောတာလည်း ကျွန်တော် နားမလည်ဘူး၊ အခု ကိုနိုင်ဇော်ပြောတာလည်း ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် ပြန်ပြောဆိုရင် ပြောလိုက်ရုံပဲ၊ ဒါပေမယ့် ဖြစ်နိုင်ရင် ကိုနိုင်ဇော်တို့ မျက်နှာချင်းဆိုင် ပြောကြရင်ကောင်းမယ် ထင်တယ်၊ အဲဒါဆို ရှင်းသွားမှာပဲ . . . ”

“ကျွန်တော် အဲဒီမျက်နှာကို မကြည့်ချင်တာ၊ ကျွန်တော်ပြောတဲ့အတိုင်းသာ ကိုစိုးစိုး ပြောပြလိုက်ပါ၊ သူ ပျော်သွားပါလိမ့်မယ်၊ ကျေနပ်သွားပါလိမ့်မယ်”

သူ အံကို ကြိတ်ထားလိုက်မိသည်။

❖ ❖ ❖ ❖

■ ၈ ■

ညနေငါးနာရီ ရှိပြီဖြစ်သဖြင့် ကျော်ဦးဆီဖုန်းဆက်ရန် ထထိုင်လိုက်သည်။ ခဏတာ အိပ်ရာထဲတွင် ကျောခင်းလိုက်ရသဖြင့် လူနည်းနည်းလန်းသွားသည်။

ကျော်ဦး၏ဟမ်းဖုန်းနံပါတ်ကို လှမ်းခေါ်လိုက်သည်။

"ကျော်ဦးလား . . . ငါ နိုင်ဇော်ပါ"

"အေး . . . ပြော . . . "

"မင်းတို့ ဘယ်ရောက်နေလဲ"

"ငါတို့ ဆိုင်ကိုသွားတဲ့လမ်းကြောင်းပေါ် ရောက်နေတယ်"

ကျော်ဦးတို့ ထိုင်နေကျ စားသောက်ဆိုင်သို့ သွားနေကြသည်ဟု သိလိုက်သည်။

"မင်းတို့ အလုပ်ပြီးသွားပြီပေါ့"

"ဒီနေ့ အိတ်စိုက်ပဲ၊ ဘာမှ အလုပ်မဖြစ်ဘူး၊ ဒါနဲ့ မင်း ဘယ်က ဆက်နေတာလဲ"

"ငါ . . . ဟိုတယ်က ဆက်နေတာ"

"ဟုတ်လား . . . ဘာသွားလုပ်နေတာလဲ နိုင်ကြီး"

"ငါ ဒီဟိုတယ်မှာ တည်းနေတာလေ"

http://www.cherrythitsar.org


"ဘယ်လိုဖြစ်လို့လဲ"

"မနက်က ငါ့အခန်းကို ကိုစိုးစိုးဆိုတဲ့လူ လာသွားတယ်၊ ကိစ္စက မင်းသိတဲ့အတိုင်းပဲ၊ ငါ မတွေ့ချင်တဲ့လူနဲ့ တွေ့ပေးမလို့ လာပြောတာပဲ၊ ငါမတွေ့ချင်ဘူးလို့ ပြောလွှတ်လိုက်တယ်၊ ဒီအချိန်လောက်ဆို သူတို့ ငါ့အခန်းကို ရောက်နေလောက်ပြီ၊ ငါ့အပြန်ကို စောင့်နေလောက်ပြီ၊ အဲဒါကြောင့် အခန်းမပြန်တော့ဘဲ ဟိုတယ်မှာတက်ပြီး တည်းနေလိုက်တာ"

"မင်းကလည်း အလကား ပိုက်ဆံကုန်မယ့် အပေါက်ပဲ၊ သူတို့ လာတော့ အဲဒီကိစ္စကို အပြတ်ရှင်းလိုက်ပေါ့၊ အပြတ် ပြောပစ်လိုက်ပေါ့"

"ငါ ကိုစိုးစိုးနဲ့ အပြတ်ပြောလိုက်ပါပြီ၊ ငါ့စကားကို သူ နားလည်ရင် လာတော့မှာမဟုတ်ပါဘူး၊ ဒါပေမယ့် လာလိုလာငြား ခဏ ရှောင်နေတာ၊ ဒီမှာ တစ်နေ့ခင်းလုံး စိတ်အေးလက်အေးနဲ့ အိပ်နေလိုက်တယ်၊ ခု တစ်ရေးတောင် ရလိုက်တယ်"

"အေးလေ . . . ဒါက မင်းကိစ္စပဲ နိုင်ကြီး၊ မင်းသဘောပေါ့၊ မင်းလုပ်ချင်သလို လုပ်နိုင်ပါတယ်၊ ဒါနဲ့ ငါ့ဆီ ဖုန်းဆက်တာက ဘာကိစ္စလဲ"

"မင်းတို့နဲ့ တွေ့ချင်လို့ပေါ့ကွာ၊ ဒါပေမယ့် အဲဒီဆိုင်တော့ ငါ မလာချင်ဘူး၊ တခြားဆိုင်တစ်ဆိုင်ရွေးပြီး ထိုင်ကွာ၊ ငါလာခဲ့မယ် . . ."

"အေး . . . ဖြစ်ပါတယ်"

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၉ ■

မနက်စောစောက ဖုန်းမြည်သံကြောင့် အိပ်ရာမှ ဖျတ်ခနဲနိုးသွားသည်။ ခဏအတွင်းပင် ကိုယ့်အခန်းကို လှည့်ပတ်ကြည့်ပြီး ဟိုတယ်အခန်းမှာရှိနေသည်ဟု သိလိုက်သည်။ ကုန်းပေါ်ပြန်ရောက်ကတည်းက နေရာအပြောင်းအရွှေ့ များလွန်းသဖြင့် တစ်ခါတစ်ရံ ဘယ်နေရာရောက်နေမှန်း မသိအောင် ဖြစ်, ဖြစ်သွားသည်။

ဖုန်းကောက်ကိုင်လိုက်မှ ဟိုတယ်တွင်း ဆက်သည့်ဖုန်းဟု သိလိုက်သည်။ ဧည့်သည် အောက်မှာ ရောက်နေတယ်ဟု ပြောသည်။ ဧည့်သည်မှာ ကျော်ဦးနဲ့ဂျင်မီကလွဲပြီး မည်သူမှ မဖြစ်နိုင်သဖြင့် လွှတ်လိုက်ပါဟု ပြန်ပြောလိုက်သည်။

ခန့်မှန်းသည့်အတိုင်းပင် ဂျင်မီရောက်လာ၏။

လက်ထဲတွင် ကျွတ်ကျွတ်အိတ်တစ်လုံး ကိုင်လာသည်။ အိတ်ကို စားပွဲပေါ် လှမ်းတင်ရင်း . . . "အဝတ်အစားနှစ်စုံ ကောက်ထည့်လာတယ်" ဟု ပြောသည်။ သူက ခန်းဆီးကို ဖွင့်နေရင်းက "ကျေးဇူးပဲ" ဟု လှည့်ပြောလိုက်၏။

ယခုမှ နံနက်ခင်း၏နေခြည်က အခန်းထဲသို့ ဝင်ရောက်လာ၏။

"ကိုနိုင်ကြီး ထင်တဲ့အတိုင်းပဲဗျာ၊ ကျွန်တော် မနက်က ကိုကျော်

http://www.cherrythitsar.org


ဦးဆီက သော့ယူပြီး ကိုနိုင်ကြီးအခန်းကိုသွားတော့ အခန်းရှေ့မှာ သူတို့ ရောက်နေကြတယ်”

“တစ်ယောက်တည်း မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ နှစ်ယောက်၊ ကိုနိုင်ကြီးရဲ့ညီမလည်း ပါတယ်”

“ဘယ်က ငါ့ညီမ ဖြစ်ရမှာလဲ” ဟု လှည့်ပြီးဟောက်ထည့်လိုက်သည်။ ထိုအခါမှ ဂျင်မီက “ဆောရီး” ဟု ဆိုကာ ရယ်ကျဲကျဲနှင့် . . .

“ဟိုအမျိုးသမီးလည်း စောင့်နေတယ်၊ ဒါနဲ့ ကျွန်တော် အသာလေးလစ်ပြီး ခဏစောင့်ကြည့်နေလိုက်တယ်၊ ခဏကြာတော့ သူတို့ ပြန်သွားကြတယ်၊ အခန်းက သော့ပိတ်ထားတာကိုး၊ အထဲမှာ မရှိဘူး ဆိုတော့ ပြန်သွားကြတယ်၊ အဲဒီတော့မှ ကျွန်တော်လည်း ပြန်တက်ပြီး ဒီအဝတ်အစားတွေ ကောက်ထည့်လာတာပဲ၊ အဆင်ပြေမယ် ထင်တယ်”

“ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ်ပါဘူး၊ မင်းတို့ကို သူတို့ တွေ့မသွားဖို့ပဲ အရေးကြီးတယ်၊ ငါ့အခန်းကို ဝင်တာထွက်တာတွေ့ရင် မေးနေဦးမယ်”

“အင်း . . . ဒီပုံအတိုင်းဆိုရင် သူတို့ ကိုကျော်ဦးဆီ သွားကြလိမ့်မယ်ထင်တယ်”

သူက ခေါင်းညိတ်လိုက်ပြီး . . . “သေချာပါတယ်၊ ကျော်ဦးကလည်း ငါ နိုင်ငံခြားထွက်သွားပြီလို့ ပြောမှာပဲ” ဟု ရယ်ပြုံးပြုံးနှင့် ပြန်ပြောလိုက်သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

## ■ ၁၀ ■

ယခုမှ သူလျှိုဇာတ်လမ်းတွေထဲက ဇာတ်ကောင်တစ်ကောင်လို ဖြစ်နေသည်။ ဟိုတယ်မှ အပြင်သို့ ထွက်သည့်အခါ၊ အငှားကား ငှားသည့်အခါ၊ ကုမ္ပဏီရုံးသို့ သွားသည့်အခါ အလျင်ဆုံး ရှေ့နောက်ဝဲယာ သတိထားပြီး ကြည့်ရှုရသည်။ သူမနှင့် ပုံသဏ္ဍာန်တူသည့် အရိပ်အယောင် တို့ကို မြင်လျှင်ပင် ခြေလှမ်းတွေ မှားယွင်းချင်နေ၏။

တစ်နေရာရာ လမ်းကွေ့တစ်ခုခုမှ ဘွားခနဲ ပေါ်လာမည်လား။ အမြဲတမ်း စိုးရိမ်နေရ၏။ မသွားမဖြစ်သဖြင့် ကုမ္ပဏီရုံးနှင့် ရုံးချုပ်သို့ နေ့စဉ် သွားနေရသည်။ ကိစ္စများ ပြီးပြတ်သည်နှင့် ဟိုတယ်သို့ တန်းပြန်ခဲ့သည်။ ထို့နောက် လမ်းဘေးမှဝယ်ယူလာခဲ့သည့် ဂျာနယ်ငါးစောင်နှင့် ကော်ဖီတစ်ခွက်ဖျော်ပြီး တစ်နေ့ခင်းလုံး အခန်းအောင်းနေမိသည်။ ယခု ရန်ကုန်မြို့လယ်ခေါင်တွင် သဘော်လိုက်နေသကဲ့သို့ စိတ်ထဲက ထင်မြင်ခံစားနေရ၏။

❖ ❖ ❁ ❖ ❖

■ ၁၁ ■

ထုံးစံအတိုင်း မနက်ရှစ်နာရီခန့်တွင် ဧည့်ကောင်တာမှ ဖုန်းဆက်၍ အကြောင်းကြားသည်။ အဝတ်အစားပို့ရန် ဂျင်မီလာသည်ဟု ထင်ပြီး၊ အပေါ်သို့ လွှတ်လိုက်ပါဟု ပြန်ပြောလိုက်သည်။

ရေမိုးချိုးပြီး ဂျင်မီနှင့်အတူ အပြင်ထွက်မည်ဟု စိတ်ကူးလိုက်သည်။

ခဏအကြာတွင် တံခါးခေါက်သံ ကြားရသည်။

သူ ထပြီး ဖွင့်ပေးလိုက်သည်။

ဂျင်မီမဟုတ်ဘဲ သူ မတွေ့ချင်ဆုံးလူဖြစ်သည့် လှလွန်းဆွေကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။ ရုတ်ခြည်းပင် ရင်ထဲတွင် ဒေါသများ ဆူပွက်သွားသည်။

သူမသည် စိုးရွံ့ရွံ့စိတ်ကြောင့် မဝံ့မရဲနှင့် မျက်နှာက နီမြန်းမြန်း။

"မင်း ဘာလာလုပ်တာလဲ"

နှုတ်ခမ်းဖျားမှ အပြင်းထန်ဆုံး ပေါက်ကွဲသွားသည်။

"ကျွန်မ ကိုကြီးနဲ့ တွေ့ချင်လို့ပါ . . ."

"ငါ မင်းနဲ့ မတွေ့ချင်ဘူး၊ မင်း ပြန်တော့" ဟု ပြောပြီး တံခါးကို ဝုန်းခနဲ ပြန်ပိတ်ပစ်လိုက်သည်။ ထို့နောက် ခုတင်ပေါ်တွင် ချထား

http://www.cherrythitsar.org


သည့် တဘက်နှင့်လုံချည်ကို ကောက်ယူပြီး တစ်ခဏ ရပ်စောင့်ကြည့်သည်။

နောက်တစ်ခါ တံခါးခေါက်ဦးမည် ထင်၏။ သူ အံကြိတ်ပြီး တံခါးကိုထွင်းဖောက်မတတ် စူးစူးဝါးဝါး ကြည့်လိုက်သည်။ အတန်ကြာသည်ထိ မည်သည့်အသံမှ မကြားရ။ ထပ်စောင့်သည် မထူးခြားပါ။ ထိုအခါမှ ရေမိုးချိုး အဝတ်အစားလဲသည်။

ဂျင်မီကို စောင့်ဦးမည်လား သို့မဟုတ် ကုမ္ပဏီရုံးသို့ တစ်ခါတည်း သွားရမည်လား စဉ်းစားလိုက်သေးသည်။ ဤအချိန်လောက် ဘာသံမှမကြားရလျှင် သူမ ပြန်သွားလောက်ပြီ ထင်၏။ သူမ သဘောပေါက်လောက်ပါသည်။ ထို့ကြောင့် ကုမ္ပဏီရုံးသို့ သွားတော့မည်ဟုဆုံးဖြတ်ပြီး ကျောပိုး အိတ်ကို ကောက်လွယ်လိုက်သည်။

❖ ❁ ❖

တံခါးကို အသာဖွင့်ပြီး အပြင်သို့ ထွက်လိုက်သည်။

တောက် . . . ခုချိန်ထိ လှလွန်းဆွေ မပြန်သေး။ နံရံတွင် ကျောမှီပြီး ရပ်စောင့်နေသည်။ ဝင်းစိုသော အသားအရေ၊ ပခုံးကျော်ရုံ ဆံပင်ရှည်ဖြောင့်တန်းတန်းနှင့် မျက်ခုံး၊ မျက်လုံး ကောင်းကာ တစ်ခါတုန်းက ချစ်စရာကောင်းသည်ဟု ထင်ခဲ့မိသည်။ ယခုတော့ မကြည့်ချင်၊ မမြင်ချင်ဆုံး ဖြစ်သည်။

"နေစမ်းပါဦး၊ မင်း မပြန်သေးဘူးလား . . . လှလွန်းဆွေ၊ မင်းက ဘာတွေ အရေးကြီးနေလို့ ဒီမှာ လာစောင့်နေရတာလဲ"

http://www.cherrythitsar.org


ဟု မျက်နှာချင်းဆိုင်ရပ်ပြီး အော်မေးလိုက်မိသည်။

"ကျွန်မ ဒီလို ရပ်စောင့်နေမှဖြစ်မယ်၊ နို့မဟုတ်ရင် ကိုကြီးကို ကျွန်မ နောက်ထပ် လိုက်ရှာနေရဦးမယ်"

"ငါက မင်းကိုကြောက်လို့ ထွက်ပြေးနေတယ်ထင်လား၊ ငါက မင်းကို မတွေ့ချင်လို့၊ မမြင်ချင်လို့၊ မင်း နားမလည်ဘူးလား"

"ဟုတ်ကဲ့ . . . ကျွန်မ နားလည်ပါတယ်"

"နားလည်ရင် ပြန်တော့လေကွာ၊ ငါ မင်းနဲ့ စကားမပြောချင်ဘူး၊ ငါပြောချင်တဲ့စကားတွေ ကိုစိုးစိုးနဲ့ ပြောလိုက်တာပဲ၊ သူက မင်းကို မပြောပြဘူးလား"

"ကိုစိုးစိုး ပြောပြပါတယ်၊ ဒါပေမယ့် ကျွန်မဘက်က ဘာမှ မပြောရသေးဘူး၊ ကျွန်မ ကိုကြီးကို ပြောစရာတွေ ရှိသေးတယ်"

"နေစမ်းပါဦး ငါက ဘယ်လိုလုပ်ပြီး ကိုကြီးဖြစ်နေရတာလဲ၊ မင်း တော်တော်တတ်နိုင်တဲ့ လူပဲ၊ ငါ့နာမည်က နိုင်ဇော်လေ၊ ဘာမှ အပြောင်းအလဲမရှိဘူး၊ မင်းခေါ်ချင်ရင် အရင်တိုင်းပဲခေါ် . . . "

သူမ လက်မခံချင်သည့်အသွင်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်မ တောင်းပန်ပါတယ် ကိုကြီးရယ်၊ ကျွန်မ တကယ် ရိုးရိုးသားသား မှားခဲ့တာပါ"

"ငါက မရိုးသားလို့ ခံလိုက်ရတယ်ပေါ့ ဟုတ်လား"

"အဲဒီတုန်းက ကျွန်မ တကယ်မသိလို့ပါ" ဟု သူမ ထပ်၍ တောင်းပန်သည်။

"အခု . . . ငါ့ကို သိပြီဆိုတော့ ဘာလုပ်ချင်လို့လဲ၊ ပြောစမ်းပါဦး လှလွန်းဆွေ"

http://www.cherrythitsar.org


"ကိုကြီး နားလည်မှုလွဲနေတာကို ဖြေရှင်းချင်တယ်၊ ကျွန်မ ဒီအမွေတွေကို မမက်မောဘူး၊ အဲဒါတွေက ကိုကြီးအတွက် ဖေဖေချန်ထားရစ်ခဲ့တာပါ၊ ပြီးတော့ ဖေဖေမှာခဲ့တာတွေလည်း ပြောပြချင်တယ်၊ ကိုကြီး ကျွန်မကို အချိန် နည်းနည်းပေးပါလား"

သူ သဘောကျစွာဖြင့် လှောင်ပြောင်ရယ်မောလိုက်ပြီး . . .

"နားရှုလို့သာ ကြားရတာ၊ ယုံနိုင်စရာ မရှိဘူး၊ ဒီစကားတွေ တခြားတစ်ယောက်ယောက်ကို မင်းသွားပြောရင် ကောင်းမယ်၊ အဲဒါဆို ယုံချင်ယုံလိမ့်မယ်၊ ငါက လုံးဝမယုံဘူး လှလွန်းဆွေ၊ ဘာကြောင့်လဲဆိုတော့ ငါက မင်းနဲ့တွေ့ဖူးတဲ့ လူဖြစ်လို့ . . . မင်းဆီက အဖိုးမတန်တဲ့ အမှတ်တရပစ္စည်းတွေတောင် တောင်းလို့မရခဲ့ပါဘူး၊ မင်းမေ့သွားပြီလား"

"ကိုကြီး ကြိုက်သလိုပြောပါ၊ ကျွန်မ ခံရမှာပါပဲ"

သူမ၏မျက်ဝန်းများ၌ မျက်ရည်စများ တလက်လက် တောက်ပနေသည်ကို မြင်ရ၏။ အင်မတန် ဟန်ဆောင်ကောင်းသည့်မိန်းမပဲ။

"မင်းနားထောင်ချင်လည်း ငါ မင်းကို စကားပြောနေဖို့ အချိန်မရှိပါဘူး၊ ငါအလုပ်ကိစ္စကို သွားရဦးမယ်" ဟု ပြောကာ ခြေလှမ်းပြင်လိုက်သည်။

ထိုအခါတွင် သူမကလည်း သူနှင့်အတူ လိုက်မလို့ ဟန်ပြင်သည်။

"ဒါက ဘာလုပ်တာလဲ"

"ကိုကြီးနောက်က လိုက်မလို့" ဟု တိုးတိုးမျှ ပြန်ပြောသည်။

"မင်းလိုက်စရာ အကြောင်းမရှိဘူး၊ မင်းပြန်တော့၊ နောက်လည်း ငါ့ဆီကို ဘယ်တော့မှ မလာနဲ့ . . . ဒါပဲ"

http://www.cherrythitsar.org


"ကျွန်မရင်ထဲက ပြောစရာတွေ မပြောသေးဘဲနဲ့ မပြန်နိုင်ဘူး၊ ကိုကြီး မကျေနပ်လို့ သတ်ချင်ရင်လည်း သတ်ပါ၊ ကျွန်မ ခေါင်းငုံ့ခံမယ်"

ဟု ပြောကာ သူ၏နောက်မှ ဆင်းလိုက်လာသည်။

❖ ❁ ❖

ဧည့်ခန်းတွင် ထိုင်စောင့်နေသော ကိုစိုးစိုးက သူနှင့် လှလွန်းဆွေတို့ လှေကားမှ အတူတူဆင်းလာကြသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် စိုးရိမ်ပူပန်စွာဖြင့် ထရပ်လိုက်သည်။

"မဆွေ . . . ဘယ်သွားမလို့လဲ" ဟု သူမကို လှမ်း၍ မေးတော့သည်။

ကိုစိုးစိုးသည် သူ့ကို ဂရုမစိုက်နိုင်အား။ သူက နှုတ်ဆက်သည့် အနေနှင့် ပြုံးပြလိုက်ခြင်းကိုပင် မြင်ဟန်မတူချေ။

"ကျွန်မ ကိုကြီးနဲ့အတူ လိုက်သွားမလို့"

ဟု သူမက ခပ်တည်တည်ပင်ပြန်ဖြေသည်။

"ကျွန်တော် သူ့ကိုမခေါ်ဘူး . . . ကိုစိုးစိုး၊ ကျွန်တော်က ရုံးသွားမှာ၊ ဒီနေ့ လုပ်စရာတွေ အများကြီးရှိတယ်" ဟု ကြားထဲမှ ဝင်၍ အလျင်အမြန် ဖြေရှင်းလိုက်ရသည်။

တော်ကြာ ကိုစိုးစိုးအနေနှင့် နားလည်မှုလွဲသွားနိုင်သည်။ သူမက သူ့အကြောင်းနှင့်ပတ်သက်၍ မည်သို့ပြောကြားထားသည်ကို တော့ မသိပါ။ သူမကို သိပ်ပြီး ယုံကြည်ရသည်မဟုတ်။ အချုပ်ထဲသို့

http://www.cherrythitsar.org


တစ်ခါပို့ခဲ့ဖူးသည် မဟုတ်လား။

"ကိုစိုးစိုး လုပ်စရာရှိသေးရင် ပြန်ပါတော့၊ ကျွန်မ နေရစ်ခဲ့မယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ကိုကြီးနဲ့ လိုက်သွားလို့ရတယ်၊ ကိစ္စမရှိပါဘူး"

"မင်း လိုက်လို့မဖြစ်ပါဘူး၊ ငါတို့အလုပ်ကိစ္စက ပြောလို့ရတာ မဟုတ်ဘူး၊ တစ်နေကုန် စောင့်ချင်စောင့်ရမယ်၊ မင်း ပြန်တော့"

"ဟင့်အင်း . . . မပြန်ဘူး၊ ကိုကြီးနဲ့ ပြောစရာစကားတွေ ရှိသေးတယ်"

"ဘာမှ မရှိတော့ပါဘူးကွာ၊ မင်းလုပ်ချင်တာလုပ်လို့ ငါ ပြောထားပြီပဲ"

"ကျွန်မလုပ်ချင်သလို လုပ်လို့မရဘူး၊ ဖေဖေပြောသွားတာတွေ ရှိတယ်၊ ဖေဖေပြောတဲ့အတိုင်း ဖြစ်အောင် ဆောင်ရွက်ပေးရဦးမယ်"

"အဖေမှ မရှိတော့တာ"

"အဖေမရှိတာနဲ့ အဖေ့စကားကို မေ့ပစ်လို့မရဘူး၊ အဖေ့စကားကို နားထောင်ရလိမ့်မယ်"

ကိုစိုးစိုးသည် သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေသည်ထင်၏။

ကိုစိုးစိုးရှေ့မှာဖြစ်သဖြင့် ဒေါသမပေါက်ကွဲစေရန် အတတ်နိုင်ဆုံး ထိန်းချုပ်ထားရသည်။ မည်သို့ပင်ဖြစ်စေ သူ့မျက်နှာက အနည်းငယ်တင်းမာနေမှာ သေချာပါသည်။

"ကဲ . . . လောလောဆယ် မင်းပြန်တော့ ကိုစိုးစိုး သူ့ကို ခေါ်သွားလိုက်စမ်းပါ"

ဟု လှမ်း၍ အကူအညီတောင်းလိုက်သည်။

"ဟင့်အင်း . . . ကိုစိုးစိုး၊ ကျွန်မ မလိုက်ဘူး၊ တော်ကြာ ကိုကြီး

http://www.cherrythitsar.org


က နောက်တစ်နေရာကို ထွက်သွားလိမ့်မယ်၊ တစ်သက်လုံး ပြန်တွေ့ချင်မှတွေ့ရမယ့်လူ၊ ကိုကြီးအကြောင်းကို ကျွန်မ လုံးဝသိတယ်၊ ဖေဖေနဲ့တုန်းကလည်း ဒီလိုပဲ ထွက်သွားတာပဲ၊ ဖေဖေသေတဲ့အချိန်ထိ ကိုကြီးကို မတွေ့လိုက်ရဘူး”

တစ်ဖက်က သူမကလည်း အခိုင်အမာသက်သေများနှင့် ဖြေရှင်းချက်ပေးနေသောကြောင့် ကြားထဲက ကိုစိုးစိုးခမျာ မည်သို့ဆုံးဖြတ်ရမည်မသိ ဖြစ်နေသည်။ သို့ရာတွင် သူစိမ်းဖြစ်သော သူ့ဘက်ထက် လှလွန်းဆွေဘက်ကို လိုက်ရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

“ခင်ဗျားတို့ကိစ္စကို ကျွန်တော့်တော့ သိပ်နားမလည်ဘူးဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ ကိုနိုင်ဇော်ရဲ့နောက်ကို အသည်းအသန် လိုက်ရှာနေရတာအမှန်ပဲ၊ ကိုကျော်ဦးနဲ့ ကိုဂျင်မီတို့ကလည်း ဘာမှ မပြောဘူး၊ ဖုံးကွယ်ထားကြတယ်၊ ဒီတော့ မဆွေအနေနဲ့ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်သင့်တယ်၊ ကိုနိုင်ဇော်အနေနဲ့ တစ်ခုခုတော့ အာမခံပြီး ပြောသင့်တယ်ထင်တယ်”

“ကျွန်တော် ဘာကိုပြောရမှာလဲ ကိုစိုးစိုး”

“မဆွေမသိဘဲ တစ်နေရာရာကို ထွက်မသွားဖို့ပါ”

“ကျွန်တော် သူ့ကိုမတွေ့ချင်တာ မှန်ပါတယ်၊ ဒါပေမယ့် ဒီဟိုတယ်ပြောင်းလာတာ သူ့ကိုရှောင်ပြေးချင်လို့ မဟုတ်ပါဘူး၊ ကျွန်တော့်ကုမ္ပဏီရုံးခန်းနဲ့နီးလို့ တခြားနေရာတွေကို သွားရတာ လွယ်ကူလို့ ကျွန်တော် လာနေတာပါ”

ထိုသို့ပြောနေစဉ် လှလွန်းဆွေက ကြားထဲမှဝင်ပြီး . . .

“ကိုကြီးပြောတာ မယုံပါနဲ့ ကိုစိုးစိုး၊ တမင်ထွက်ပြေးနေတာပါ၊ ဒီဟိုတယ်ကို ကိုဂျင်မီတို့ ကိုကျော်ဦးတို့ နေ့တိုင်းလာကြတာပဲ၊ ဒါပေ

http://www.cherrythitsar.org


မယ့် ကျွန်မမေးတုန်းက နိုင်ငံခြား ထွက်သွားတယ်လို့ ပြောတယ်၊ မဟုတ်လား၊ အဲဒါ ကိုကြီးက ပြောခိုင်းတာပဲ ဖြစ်မယ်” ဟု ထပ်မံ၍ သက်သေတွေပြနေပြန်သည်။

ဤပုံအတိုင်းဆိုလျှင် သူ သေဒဏ်ကျခံရဖွယ်သာ ရှိတော့သည် ဟု စိတ်အချဉ်ပေါက်ပေါက်ဖြင့် တွေးလိုက်မိသေးသည်။

“ဒါလည်း . . . ဟုတ်တယ် ကိုနိုင်ဇော်၊ ဒီတော့ မဆွေ ဖြေရှင်းချင်တဲ့ပြဿနာ မပြီးမချင်း ဘယ်မှထပ်မပြောင်းပါဘူးလို့ ကတိပေးစေချင်တယ်”

“စိတ်ချပါ၊ ကျွန်တော် ဒီဟိုတယ်မှာ ရှိနေမှာပဲ”

“ကိုနိုင်ဇော် တကယ်ပြောတာနော်”

“ကျွန်တော် ယောကျ်ားပါ၊ ကျွန်တော် ကိုစိုးစိုးကို မညာပါဘူး၊ ကျွန်တော် မထွက်မချင်း ဒီဟိုတယ်မှာပဲ ရှိမယ်၊ ဒီမှာက အစစအရာရာ အဆင်ပြေတယ်လေ”

ထိုတော့မှ ကိုစိုးစိုးက သူမဘက်လှည့်ပြီး ချော့ရတော့သည်။

“ကဲ မဆွေ . . ဒီလောက်ဆိုရင် ကျေနပ်သင့်ပါတယ်၊ သူလည်း လူကြီးလူကောင်းတစ်ယောက်ပဲ၊ ကိုကျော်ဦးတို့လို မယုံရတဲ့လူတွေ ဟုတ်မယ်မထင်ပါဘူး၊ ဒီတစ်ကြိမ်တော့ လက်ခံမှကောင်းလိမ့်မယ်၊ မတော်လို့ တစ်စုံတစ်ခု အမှားအယွင်းဖြစ်တယ်ဆိုရင် ကျွန်တော့် တာဝန်ထားပါ၊ ကျွန်တော် မတွေ့တွေ့အောင် မြေလှန်ပြီး ရှာပေးပါ့ မယ်၊ ကျွန်တော်ပြောတာ ယုံပါ . . . မဆွေ”

“ကောင်းပြီလေ . . . ကိုစိုးစိုး အာမခံရင် ပြီးတာပါပဲ”

ဟု သူမ မကျေမနပ်နှင့် လက်ခံလိုက်ရသလို ပြောသည်။

ကိုစိုးစိုးကို သူမ လုံးဝ ယုံကြည်သည်ထင်၏။

http://www.cherrythitsar.org


သူ သက်ပြင်းကို ခိုးချလိုက်မိသည်။

❖ ❖ ❖

ကိုစိုးစိုးအား အလယ်တွင်ထားပြီး၊ ပို၍သေချာစေရန် ထပ်ပြီး ချည်နှောင်ခိုင်းပြန်သည်။

"ဒီဟိုတယ်မှာရှိနေတာက ဟုတ်ပါပြီ၊ ကိုကြီးနဲ့ တွေ့လို့ရမယ့်အချိန်ကိုလည်း သိချင်သေးတယ်၊ တော်ကြာ အလုပ်မအားလို့၊ အပြင်ထွက်နေလို့ဆိုပြီး ရှောင်နေရင် ဘယ်လိုလုပ်မလဲ၊ အချိန်လေး အတိအကျ မေးပေးပါဦး ကိုစိုးစိုး"

ဟု တိုက်တွန်းလိုက်သည့်အခါ မြားဦးက သူ့ဘက် လှည့်လာတော့သည်။

"ဟုတ်တယ် ကိုနိုင်ဇော်၊ ကျွန်တော်ကလည်း တခြားအလုပ်တွေနဲ့မို့ မဆွေနဲ့ တစ်နေ့လုံးအချိန်ပေးပြီး လိုက်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ကိုနိုင်ဇော် ဖြစ်နိုင်မယ့်အချိန်ကို ပြောပါ၊ ကျွန်တော် မဆွေဘက်က အကြိုအပို့ စီစဉ်နိုင်အောင်လို့"

မျက်နှာချင်းဆိုင် ထိုင်နေသည့် သူမနှင့် မျက်လုံးချင်း မဆုံမိအောင် လွှဲဖယ်ထားမိသည်။ သူမ၏မျက်နှာကို မြင်လေ စိတ်ကို မထိန်းချုပ်နိုင်လေ ဖြစ်, ဖြစ်နေ၏။ မိမိ၏ အမျက်ဒေါသကို ကြိုးစားပြီး ဖုံးကွယ်ထားချင်သည်။ ကိုစိုးစိုး မြင်တွေ့မသွားစေချင်ပါ။

"ကျွန်တော့်မှာ အချိန်က နည်းနည်းသွားပါတယ် ကိုစိုးစိုး၊ မနက်အိပ်ရာထပြီးတာနဲ့ ကုမ္ပဏီရုံး သွားရတယ်၊ အဲဒီမှာ ကိစ္စက

http://www.cherrythitsar.org


မပြတ်သေးဘူး၊ ဒါတောင် ခေါ်စာဝင်လာရင် ပို့ပြီးဆိုးမှာ သေချာတယ်”

“ညနေဆိုရင်တော့ အားမှာပေါ့ ကိုနိုင်ဇော်”

“ဟာ . . . အဲဒီအချိန်လည်း မအားဘူးဗျ၊ ညနေဆိုရင် သူငယ်ချင်းတွေက ရောက်ရောက်လာတယ်၊ ဒါနဲ့ သူတို့နဲ့ လိုက်သွားဖြစ်တယ်၊ ကျွန်တော်က ဒီမှာ ခဏနားနေတာဆိုတော့ သူတို့ကလည်း နေ့စဉ်လိုလို တွေ့ချင်နေကြတာ”

သူမ မကျေမနပ်နှင့် မျက်စောင်းထိုးကြည့်ပြီး . . .

“ကြည့် . . . ကိုစိုးစိုး၊ ကိုကြီးမှာ ကျွန်မအတွက်အချိန် နည်းနည်းတောင် မပေးနိုင်ဘူး”

ဟု ပြောလိုက်သည့်အခါ ကိုစိုးစိုးက လက်ကာပြပြီး . . .

“ကျွန်တော် မေးကြည့်ပါဦးမယ်၊ ကဲ . . . ကိုနိုင်ဇော် ညနေ မအားဘူးဆိုတာ ကျွန်တော်နားလည်တယ်၊ နေ့လယ်နေ့ခင်းကော အချိန်မရနိုင်ဘူးလား”

“ကျွန်တော် ရုံးကို သွားရတယ်လေ”

“အဲဒီရုံးကိစ္စက တစ်နေ့တစ်လေတော့ စောစောပြီးလိမ့်မယ် ထင်တယ်”

“အင်း . . . တစ်ခါတလေပေါ့” ဟု သူ မရေမရာနှင့် ဖြေလိုက်သည်။

“အဲဒီလို အားတဲ့အချိန်မှာ ကျွန်တော့်ဆီ ဖုန်းဆက် စေချင်တယ်၊ ကျွန်တော့်ဖုန်းနံပါတ်ကို ပေးထားခဲ့မယ်” ဟု ဆိုသည့်အခါ သူမက ကိုစိုးစိုး၏လက်ကို မသိမသာ လှမ်းကုတ်၍ သတိပေးလိုက်ခြင်းကို အမှတ်မထင် မြင်တွေ့လိုက်ရ၏။

http://www.cherrythitsar.org


သူမ၏မျက်နှာပေးက မဟုတ်သေးပါဘူးဟူသည့် အဓိပ္ပာယ်။

သူ ဖုန်းဆက်လိမ့်မည်မဟုတ်ဟု သဘောပေါက်ထင်မြင်ယူဆနေသည်။

“ဘယ်လိုမှ စိတ်မရှိပါနဲ့ ကိုနိုင်ဇော်၊ ကျွန်တော်က ကိုနိုင်ဇော်ကို မယုံကြည်လို့ မဟုတ်ပါဘူး၊ တစ်ခါတလေ မေ့နေမှာစိုးလို့ ကျွန်တော်ဘက်က မေးမြန်းစုံစမ်းလို့ရအောင် ကုမ္ပဏီရုံးဖုန်းနံပါတ်ကို ပေးစေချင်ပါတယ်”

သူ ငြင်း၍မရ။ ထို့ကြောင့် “ကျွန်တော် ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ခဏ, ခဏတော့ မဆက်နဲ့နော်၊ နေ့လယ် တစ်ခါ၊ နှစ်ခါလောက်ပဲ ဆက်စေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဖုန်းတွေပဲ လာနေတယ်ဆိုပြီး ရုံးက မကြည်မှာ စိုးလို့ပါ” ဟု သတိပေးစကား ပြောရသေးသည်။

“ကျွန်တော် နားလည်ပါတယ် . . . ကိုနိုင်ဇော်၊ နောက်ဆုံး ပြောချင်တာက စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်ဆိုရင်တော့ မဆွေကို မနက်ကတည်းက လာပို့ပေးလို့ရတယ်၊ အဲဒီနေ့ဆိုရင် အေးအေးဆေးဆေး ပြောလို့ရတာပေါ့”

သူ ဘာမှမတတ်နိုင်ဘဲ ခေါင်းညိတ်လိုက်ရသည်။

ကြိုးတွေက တစ်ကိုယ်လုံးချည်နှောင်ထားသကဲ့သို့ လှုပ်၍မရတော့။

❖ ❖ ❖ ❖

# ■ ၁၂ ■

"မင်း ဘယ်လှုပ်လို့ ရပ့်ါမလဲ၊ သူတို့နှစ်ယောက်စလုံးက စီးပွား ရေးသမားတွေ၊ ဘယ်စကားပြောရင် ဘယ်ရောက်မယ်ဆိုတာ သိ တယ်၊ မင်းက သဘော်သား၊ သဘော်သားမှာမှ တစ်သက်လုံး ရေထဲ က မတက်တဲ့သဘော်သား၊ ဒီတော့ မင်း ခံရမှာပေါ့"

ကျော်ဦးက ဘီယာအရှိန်လေးနှင့် အာသွက်နေသည်။ သူက တစ်နေ့လုံး မကျေနပ်သမျှကို ရင်ဖွင့်ပြလိုက်သဖြင့် ထိုသို့ အပြောခံ လိုက်ရခြင်း ဖြစ်သည်။

"ကိုကျော်ဦးပြောတာ ဟုတ်တယ်၊ ကိုစိုးစိုးက တစ်ခါတလေ အပေါ်လက်က အရောင်းအဝယ်ကို ဝင်လုပ်တတ်တယ်" ဟု ဂျင်မီက အားတက်သရော ထောက်ခံသည်။ သူတို့စကားအရ အပေါ်လက် ဆိုသည်မှာ တန်ဖိုးမြင့်သည့်ကားများ ဖြစ်သည်။

"မင်းကို လောလောဆယ် ချည်ရုံပဲ ချည်ထားကြတာ၊ နောက်မှ ကြိုးတင်းပစ်လိမ့်မယ် . . . သတိထား" ဟု ကျော်ဦးက ထပ်ပြီး သတိ ပေးပြန်သည်။

လှလွန်းဆွေတွင် ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်အကြံ အစည် ရှိနေသနည်း။ သူ သေသေချာချာ မသိရသေးပါ။ သို့ရာတွင်

http://www.cherrythitsar.org


မည်သည့်နည်းနဲ့မှ ကောင်းလိမ့်မည်မဟုတ်ဟု ထင်သည်။

"မင်းတို့ စေတနာနဲ့သတိပေးတာ ငါ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ငါ့ကို ဘာကြောင့် ဒီလောက်အသည်းအသန် ရှာနေရတာလဲ၊ ဘာလိုချင်လို့လဲ . . .၊ အဲဒါ ငါ မသိရသေးဘူး"

"ကိုနိုင်ကြီး မေးမကြည့်ရသေးဘူးလား"

"ငါ ဘာမှ မမေးရသေးဘူးကွ . . ."

"အဲဒါဆိုရင်လည်း မေးကြည့်လေ၊ သူနဲ့တွေ့ပြီး မေးကြည့်မှ သိရမှာပေါ့" ဟု ဂျင်မီက အကြံညာဏ်ပေးသည်။

"ဟုတ်တယ် ဂျင်မီ၊ သူ ဘာပြောမလဲ၊ ငါ နားထောင်ရဦးမယ်၊ ပြီးတော့မှ တစ်ခုခုကိုစဉ်းစားပြီး လုပ်ရမယ်၊ ဒီတစ်ခါ ရှုံးလို့ မဖြစ်ဘူး" ဟု ခပ်ဆဆ ပြောလိုက်သည်။ ရင်ထဲတွင် နာကြည်းခြင်းများနှင့် ခါးသီးနေသည်။

"ဒါနဲ့ ငါစုံစမ်းခိုင်းတာ ဘာထူးလဲ . . . ကျော်ဦး"

"အော် . . . ကိုစိုးစိုးနဲ့ လှလွန်းဆွေ ဘယ်လိုပတ်သက်နေသလဲ ဆိုတာလား"

"အေး . . . ဟုတ်တယ်" ဟု သူပြောလိုက်သည်။

"တိတိကျကျ ပြောလို့မရဘူးကွ၊ ဒါပေမယ့် အရိပ်ပြရင် အကောင်ထင်ရမှာပဲ၊ ဘာကြောင့်ဆိုတော့ လှလွန်းဆွေက ကိုစိုးစိုးတို့ အိမ်မှာ အမြဲပဲ တည်းခိုတတ်တယ်၊ အတူသွားတယ်၊ လာတယ်၊ ကြည့်ရတာတော့ လူကြီးတွေ သဘောတူထားတဲ့ အနေအထားမျိုးပဲ၊ ငါတို့ဆီက ကားဝယ်တုန်းက လှလွန်းဆွေရဲ့ကိုယ်စား သူပဲ ဆောင်ရွက်ပေးတာပဲ၊ အဲဒီတုန်းက ငါ့မှာ ကြားထဲကညပ်ပြီး ပြဿနာဖြစ်ဖို့ နည်းနည်းပဲ လိုတယ် . . ."

http://www.cherrythitsar.org


စကားက ဘေးသို့ရောက်သွားပြီဖြစ်သဖြင့် သူ စိတ်မဝင်စားတော့။

ကောင်းကင်ပေါ်မှ ပြိုကျလာသည့်ညကို ငေးမော ကြည့်လိုက်သည်။

# ■ ၁၃ ■

နေ့လယ်လက်ဖက်ရည်သောက်ပြီး ကုမ္ပဏီရုံးပေါ်သို့ အတက်တွင် စာရေးက "ခုနလေးတင် ခင်ဗျားဆီ ဖုန်းဆက်တယ်" ဟု လှမ်း၍ သတင်းပေးသည်။

"ဘယ်သူ ဆက်တာလဲ . . . ကိုငွေးဝင်း"

"ကျွန်မ ကိုနိုင်ဇော့်ညီမပါတဲ့၊ ကျွန်တော်က နာမည်မေးလို့ သေသေချာချာ ပြောသွားသေးတယ်၊ ကဲ . . . ခင်ဗျား ဘာတွေ လျှောက်လုပ်ထားတာလဲ၊ ဒီတစ်ခါတော့ မိပြီ၊ ခင်ဗျားရဲ့ပုံစံမှာ ဘယ် မောင်နှမမှ မပါဘူး၊ ခင်ဗျားတစ်ယောက်တည်းပဲ ပါတယ် . . . ဟဲဟဲ"

ရင်ထဲတွင် အောင့်သက်သက် ဖြစ်သွားသည်။

သူ ရောယောင်ပြီး မရယ်မောနိုင်။

လက်စသတ်တော့ လှလွန်းဆွေတို့က သူ့ကို အလစ်မပေးဘဲ ထက်ကြပ်မကွာ အရိပ်သဖွယ် ကပ်လိုက်နေကြသည်ပဲ။ ယခုလည်း ကုမ္ပဏီရုံးတွင် အမှန်တကယ် အလုပ်ကိစ္စ ရှိမရှိ စုံစမ်းမေးမြန်းခြင်း ဖြစ်သည်။ ပြီးတော့ သူ၏ညီမပါဟု ပြောသွားသေးသည်။

"နာမည်လေးကိုက လှပါတယ်ဗျာ . . . ဟဲ . . . ဟဲ"

စာရေးကိုငွေးဝင်းက ချက်ကောင်းမိနေသဖြင့် ထပ်ပြီး နောက်

http://www.cherrythitsar.org


နေသေးသည်။

"နေစမ်းပါဦး ကိုဌေးဝင်း . . . သူ ဘာတွေ မေးသွားသေးလဲ"

"အော် . . . ခင်ဗျား ဒီမှာ အလုပ်ကိစ္စရှိသေးလား၊ ဘယ်သွားနေလဲ၊ ထုံးစံအတိုင်း မေးတာပေါ့"

"ဒီတော့ . . ."

"ဒီတော့ ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ်လို့ ခုနလေးကတင် ကောင်မလေးတစ်ယောက်နဲ့ အပြင်ထွက်သွားတယ်လို့ . . . ဟဲ . . . ဟဲ . . . ဒီနေ့ ရုံးကိစ္စ ဘာမှမရှိပါဘူး၊ အဲဒါကြောင့် လျှောက်လည်ကြမယ်ထင်တယ်လို့ . . ."

"ပေါက်ကရတွေ မနှောက်စမ်းပါနဲ့ဗျာ၊ တကယ် အရေးကြီးလို့ပါ"

"ကျွန်တော် အမှန်အတိုင်း ပြောလိုက်တာပါခင်ဗျာ၊ မယုံရင် မှူးကြီးမတ်ကြီးများကိုလည်း မေးကြည့်ပါ၊ ကာယကံရှင်ကိုလည်း မေးမြန်းစုံစမ်းကြည့်တော်မူပါ . . . " ဟု ကိုဌေးဝင်းက ဇာတ်မင်းသား ရူးလေသံနှင့် နှောက်နေသေးသည်။

ဆက်ပြီးမေးနေလျှင် ဒီထက် ပိုဆိုးတော့မည်ဖြစ်သဖြင့် . . .

"တော်ပြီဗျာ . . . ကျွန်တော် မမေးတော့ဘူး"

ဟုဆိုကာ လှည့်ထွက်ခဲ့သည်။ လှေကားမှအဆင်းတွင် နောက်မှ အော်ပြောသံကို ကြားဖြစ်အောင်ကြားလိုက်ရသေးသည်။

"သမီးတော်လေးရဲ့နာမည်က လှလွန်းဆွေပါတဲ့ ဘုရား့"

❖ ❖ ❖ ❖

# ■ ၁၄ ■

စတိုးဆိုင်ထဲမှ ဖုန်းဖြင့် ကိုစိုးစိုးဆီ လှမ်းဆက်လိုက်သည်။ ကုမ္ပဏီရုံးပေါ်ကဖုန်းကို သုံး၍ရသော်လည်း ဆက်၍မဖြစ်။ တော်ကြာ တစ်ရုံးလုံး သိကုန်ကြပေလိမ့်မည်။

"ပြော ကိုနိုင်ဇော် . . . ဘာကိစ္စလဲ"

"တခြား မဟုတ်ပါဘူး . . . ကိုစိုးစိုး၊ ကျွန်တော် လှလွန်းဆွေနဲ့ စကားပြောချင်လို့ပါ'

"ရှိတယ် . . . ကျွန်တော် ခေါ်ပေးမယ်" ဟု ဆိုသဖြင့် စောင့်နေလိုက်၏။

တစ်ခဏလေးပဲ ကြာသည်။ စက္ကန့်ပိုင်းမျှပဲ ရှိမည်။ ဖုန်းကို လှလွန်းဆွေလာကိုင်သဖြင့် အနီးနားတွင် ရှိနေခြင်းဖြစ်သည်ဟု သတိထားမိသည်။

"ကိုကြီး . . . ဘယ်က ဆက်နေတာလဲ"

ထွက်နေသည့်ဒေါသစိတ်ကို ထိန်းရင်း . . . "ငါ ရုံးအောက်က ဆက်နေတာ၊ မင်း ကုမ္ပဏီကို ဖုန်းလှမ်းဆက်တယ်ဆို . . . " ဟု ပြန်မေးကြည့်လိုက်သည်။

"ဟုတ်တယ် ကိုကြီး၊ ဒီနေ့ အလုပ်ကိစ္စပြီးသွားပြီ မဟုတ်လား၊

ကျွန်မ ကိုကြီးနဲ့ တွေ့ချင်တယ်”

“ငါလည်း မင်းကို တွေ့ချင်ပါတယ်”

“အဲဒါဆိုရင် နေရာကိုပြောလေ၊ ကျွန်မ ကိုစိုးစိုးကို လိုက်ပို့ခိုင်းမယ်”

“အပြင်မှာတွေ့ဖို့ပြောနေတာ မဟုတ်ဘူး၊ ဖုန်းထဲမှာ တွေ့ဖို့ ပြောနေတာ၊ မင်း ဘာကြောင့် ကုမ္ပဏီရုံးကို ဖုန်းဆက်ပြီးစုံစမ်းရတာလဲ”

“ကိုကြီးပဲ ဖုန်းနံပါတ်ပေးထားတယ် မဟုတ်လား”

“ဒါက ကိုစိုးစိုးကို ပေးတာ၊ ကိုစိုးစိုးအနေနဲ့ မယုံရင် စုံစမ်းမေးမြန်းဖို့ ပေးထားတာ၊ မင်းကို ငါပေးတာ မဟုတ်ဘူး”

“ကျွန်မ တကယ်ရိုးရိုးသားသား မေးကြည့်တာပါ၊ ကျွန်မ ကိုကြီးအကြောင်း စုံစမ်းတာ မဟုတ်ပါဘူး၊ ကိုကြီး ဖုန်းပြောတဲ့လူကို ပြန်မေးကြည့်ပါဦး၊ ကျွန်မ ဒီနေ့ အလုပ်ကိစ္စရှိလားပဲ မေးခဲ့ပါတယ် . . . တကယ်ပါ”

ဤဖြေရှင်းချက်များကို သူ မယုံကြည်ပါ။

“ကောင်းပြီ . . . နောက်တစ်ခါဆို မင်းမဆက်နဲ့”

“ဟုတ်ကဲ့ . . . ဒါနဲ့ကိုကြီး ဒီနေ့ အားနေပြီ မဟုတ်လား၊ ကျွန်မ ကိုကြီးနဲ့ ခုချိန်ထိ ဘာမှ ရေရေရာရာ စကားမပြောရသေးဘူး၊ ကျွန်မ မြန်မြန်တွေ့ပြီး ရှင်းပစ်ချင်တယ်၊ ကျွန်မမှာ နောက်မှာ အလုပ်တွေက ကျန်နေရစ်ခဲ့ပါသေးတယ်၊ အဲဒါတွေ သူများနဲ့ အချိန်အကြာကြီး လွှဲထားခဲ့လို့ မကောင်းပါဘူး၊ တကယ်တောင်းပန်တာပါ . . ကိုကြီးရယ်”

“ဒီနေ့ ငါအားတယ်ဆိုတဲ့အကြောင်း မင်း ကိုစိုးစိုးကို ပြောလိုက်ပြီးပြီ မဟုတ်လား”

http://www.cherrythitsar.org


"ဟင့်အင်း . . . မပြောဖြစ်သေးပါဘူး"

"ဒါပေမယ့် ငါက တွေ့ခွင့်မပေးရင် မင်းပြောမှာပါ"

သူမ ဘာမှပြန်မဖြေ။ တိတ်တိတ်နေခြင်းသည် ဝန်ခံခြင်း မည်၏ဆိုသည့်စကား ရှိသည်။ သူ စိတ်ပျက်စွာဖြင့် ညည်းညူရင်း . . . "ကဲ . . . ငါ စောင့်နေမယ် . . . လှလွန်းဆွေ"

ဟု အလျှော့ပေးလိုက်ရတော့သည်။

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၁၅ ■

ကော်ဖီဆိုင်က သဘာဝနှင့် မှန်ချပ်ခြားပြီး သီးသန့်နယ်မြေ ဖွဲ့စည်းထားသည်။ အပြင်ဘက်မှ သဘာဝလေ၊ အပူချိန်နှင့် အငွေ့အသက်တို့ ဆိုင်ထဲတွင် မရှိ။ ဖန်တီးယူထားသည့်ရနံ့နှင့် အအေးငွေ့က ပျံ့ပျံ့လွင့်နေသည်။

ကော်ဖီတစ်ခွက်နှင့် အသားညှပ်ပေါင်မုန့်တစ်ပွဲ မှာယူထားပြီး၊ ဆိုင်အပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေမိသည်။

ဆိုင်ရှေ့ရှိ အရိပ်အောက်သို့ ကိုစိုးစိုး၏ကား မောင်းဝင်လာသည်။

ဆိုင်ထဲသို့လှမ်းအကြည့်တွင် သူ လက်ထောင်ပြလိုက်သည်။ ကိုစိုးစိုးက သူ့ကို မြင်သွားသည်။ ကားရပ်ပြီး သူမ ဆင်းလာ၏။ သူမ၏နောက်တွင် မိန်းကလေးအဖော်တစ်ယောက် ပါလာသည်။ ကိုစိုးစိုးက ကားပေါ်မှမဆင်းတော့ဘဲ တစ်စုံတစ်ခု လှမ်းပြောနေသည်ကို တွေ့ရ၏။

ထို့နောက် သူမသည် အဖော်မိန်းကလေးနှင့်အတူ လက်ချင်းတွဲပြီး ဝင်လာလေ၏။

နှစ်ယောက်ချင်း စကားပြောမည်ဟု အသေအချာ မှာထားပါ

http://www.cherrythitsar.org


လျက်နှင့် ဘာကြောင့်ခေါ်လာရသည်မသိ။ သူ သိပ်သဘောမကျချင်။ အဖော်မိန်းကလေးက သူ့ကို အသေအချာကြည့်ပြီး သိနေသယောင် ပြုံးနေသည်ကလည်း မဟုတ်သေး။

"မီးမီး . . . ဒါ . . . မီးမီး အရမ်းတွေ့ချင်နေတဲ့ မဆွေရဲ့ အစ်ကိုပဲ"

"ဟုတ် . . ." ဟု ထိုမိန်းကလေးက ခေါင်းညိတ်ပြီး နှုတ်ဆက်သည်။ သူလည်း လူမှုရေးအရ အလိုက်သင့် ပြုံးပြလိုက်ရသည်။

"ကိုကြီး . . . သူက ကိုစိုးစိုးရဲ့ညီမလေး မီးမီးတဲ့"

"အော် . . . ဟုတ်လား"

"သူက ကိုကြီးကို အရမ်းမြင်ဖူးချင်တယ်ဆိုပြီး လိုက်လာတာ၊ ဘယ်လိုလဲ . . . မဆွေအစ်ကိုက မဆွေပြောတဲ့အတိုင်း ချောရဲ့လား" . . . ဟု မီးမီးကို လှည့်ပြီး စနောက်နေသည်။

ဤသည်မှာ ခင်မင်ရင်းနှီးသည့်လူချင်း ပြောဆိုတတ်သည့် စကား။ မိသားစုအတွင်းမောင်နှမအချင်းချင်း ချစ်စရာကောင်းသည့် ဆက်ဆံမှုမျိုး။ ဤသို့သော မိသားစုဝိဉာဉ်မျိုး ပျောက်ဆုံးနေခဲ့သည်မှာ ကြာလှပြီကော။

အမှန်တကယ်မဟုတ်ပေမယ့် ရင်တွင် ပျော်ရွှင်မှုကို ကူးစက်ခံစားရသည် ထင်၏။

"ကဲ . . . ထိုင်ကြဦးလေ၊ တစ်ခုခု စားပေါ့" ဟု သူ ဖိတ်ခေါ်လိုက်မိသည်။ ထိုအခါတွင် မီးမီးက ခေါင်းကို သွက်လက်စွာ ခါယမ်းပြီး . . .

"ဟင့်အင်း . . . မီးမီး မထိုင်တော့ဘူး၊ ကိုစိုးက ဘာလိုက်ပြီး ရှုပ်တာလဲလို့ ဆူနေဦးမယ်၊ အခုတောင် မီးမီးကို ခေါ်ချင်တာ မဟုတ်

http://www.cherrythitsar.org


ဘူး၊ စကားများ ရန်ဖြစ်ပြီး အတင်းလိုက်လာရတာ"

"အော် . . ." ဟု သူ ရေရွတ်လိုက်သည်။

"မဆွေက မီးမီးရဲ့အစ်မလိုပဲ၊ အရမ်းခင်ကြတာ၊ နောက်ဆိုရင်တော့ တကယ် အစ်မတော်ရလိမ့်မယ် ထင်တယ်" ဟု သူမကို ကျီစယ်ပြောဆိုပြီး . . . "ပြန်မယ်" ဟု ပြောကာ ခပ်သွက်သွက်ပင် ပြန်လှည့်ထွက်သွားသည်။

မီးမီး၏ ကျီစယ်စကားထဲတွင် အမှန်တရားပါနေသည် ထင်၏။

လှလွန်းဆွေတို့အကြောင်းကို မီးမီးအသိဆုံး ဖြစ်ပါလိမ့်မည်။

❖ ❖ ❖

"ဒီတစ်ခါ ငါ ပြောရမယ့်အလှည့်ပဲ လှလွန်းဆွေ၊ ငါဟာ မင်းရဲ့အစ်ကိုလို့ ဘာရည်ရွယ်ချက်တွေနဲ့ လူတွေကို လျှောက်ပြော၊ မိတ်ဆက်ပေးနေရတာလဲ၊ ကုမ္ပဏီရုံးကိုလည်း ငါ့ညီမ,ပါလို့၊ မင်း ဖုန်းဆက်ပြောတယ်၊ အခုလည်း မီးမီးကိုခေါ်လာပြီး မိတ်ဆက်ပေးတယ်"

ရှင်လန်းနေသည့်မျက်နှာက ရုတ်ခြည်း ညှိုးနွမ်းသွားသယောင်ထင်ရ၏။ သူမသည် သူ့ကို စိုးရွံ့စွာဖြင့် လှမ်းကြည့်ပြီး . . .

"ကျွန်မမှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး ကိုကြီး၊ အခုလို ကိုကြီးနဲ့တွေ့ရတာကို ဝမ်းသာမိလို့ပါ" ဟု ချက်ချင်း ဖြေရှင်းချက်ပေးသည်။

"ငါ မယုံဘူး၊ မင်းဝမ်းသာတယ်ဆိုတာ ငါ မယုံဘူး"

"ဘာဖြစ်လို့လဲ ကိုကြီး"

"ငါက မင်းရဲ့အစ်ကိုရင်းမှ မဟုတ်ဘဲ၊ အဖေနဲ့ ပတ်သက်ပြီး

http://www.cherrythitsar.org


တော်စပ်ရတယ်ပြောရအောင် မင်းနဲ့ငါက အတူလည်း မနေဖူးဘူး၊ တွေ့လည်း မတွေ့ဖူးဘူး”

“ကိုကြီးကို ကျွန်မ မတွေ့ဖူးပေမယ့် ဖေဖေ အမြဲတမ်း ပြောပြော နေလို့ ရင်းနှီးခင်မင်ခဲ့မိတယ်၊ အစ်ကိုတစ်ယောက်လို စိတ်ထဲက အောက်မေ့ပါတယ်”

သူ မယုံသလို ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး . . .

“မင်း ယုံအောင်ပြောတတ်သားပဲ . . . လှလွန်းဆွေ၊ ဆိုစမ်းပါဦး . . . အဖေက ငါနဲ့ပတ်သက်ပြီး ဘာတွေပြောပြလဲ”

“ကိုကြီး မယုံရင်လည်း ခဏသည်းခံပြီး နားထောင်ပေးပါ၊ ကျွန်မ တောင်းပန်ပါတယ် . . . ”

“အင်း . . . ငါ တတ်နိုင်သရွေ့ နားထောင်မယ်လေ”

သူမ စိတ်ပျက်စွာဖြင့် မျက်နှာတော်ညိုသွားသည်။

“ကိုကြီး တစ်နေ့ပြန်လာမှာပဲလို့ ဖေဖေနောက်ဆုံး အချိန်ထိ မျှော်လင့်စောင့်နေခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဖေဖေကိုယ်တိုင် ကိုကြီးကို တောင်းပန်ချင်လို့ . . . သူ့အမှားတွေအတွက် နောင်တရ တယ်ဆိုတာ ပြောချင်လို့ပါ”

“အဖေ့အကြောင်း ငါသိပါတယ် . . . လှလွန်းဆွေ၊ အဖေ ဘယ်တော့မှ စောင့်မျှော်နေမှာ မဟုတ်ပါဘူး၊ အဖေက အင်မတန် စိတ်ဓါတ်မာကျောတဲ့လူပါ”

“မဟုတ်ဘူး၊ ကိုကြီးမရှိတော့တဲ့နောက်မှာ ဖေဖေ စိတ်တွေ အရမ်းပြောင်းလဲသွားပါပြီ၊ ကျွန်မနဲ့တွေ့တဲ့အချိန်မှာ ဖေဖေဟာ အတ္တ မာနကြီးတဲ့လူ မဟုတ်တော့ပါဘူး၊ ကိုယ် ဖြစ်စေချင်တာ ဖြစ်ရမယ် ဆိုတဲ့စိတ်မျိုး မရှိတော့ဘူး၊ ကျွန်မ ဆယ်တန်းအောင်တဲ့နှစ်မှာ

http://www.cherrythitsar.org


ကိုကြီးလိုအဖြစ်မျိုး ကျွန်မကိုယ်တိုင် ကြုံခဲ့ရပါတယ်၊ ဖေဖေက တက္ကသိုလ်တစ်ခုခုတက်ဖို့ ပြောပါတယ်၊ ကျွန်မစိတ်က မတက်ချင်ဘူး၊ ဖေဖေနဲ့ အတူနေပြီး စီးပွားရေးတစ်ခုခု လုပ်ချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက ဖေဖေမွေးထားလို့ ဖေဖေ့သမီးဖြစ်ပေမယ့် သမီးရင်းတစ်ယောက်လို အခွင့်အရေးမျိုး ကျွန်မ မယူချင်ဘူး၊ ကျွန်မ ကိုယ့်ဘ၀ကို ကိုယ်နားလည်ပါတယ် . . .”

အကြောင်းအရာအပေါ် သူ နည်းနည်းစိတ်ဝင်စားလာသည်။ ထို့ကြောင့် ဘာမှဖြတ်မမေးဘဲ အသာနားထောင်နေမိ၏။

“ဖေဖေတစ်ယောက်တည်း အပင်ပန်းခံ၊ ငွေရှာပြီး တက္ကသိုလ်ပို့ပေးတာကို ဇိမ်လေးနဲ့ မနေချင်ဘူး၊ ဖေဖေနဲ့ အတူ အေးအတူပူအမျှနေပြီး အဝေးသင်ပဲ တက်ချင်တယ်၊ ဒီလို ကျွန်မပြောမိတော့ ဖေဖေအကြာကြီး ငိုင်တွေသွားတယ်၊ နောက်မှ ဖေဖေက ဝမ်းနည်းကြေကွဲတဲ့အသံနဲ့ ပြောပြတယ်၊ အရင်စိတ်နဲ့ဆိုရင် အတင်းအကျပ်လုပ်ချင်လုပ်မိလိမ့်မယ်တဲ့၊ အဲဒီစိတ်မျိုးကြောင့် သားကြီးကို ဖေဖေဆုံးရှုံးလိုက်ရပြီတဲ့၊ ဒီတစ်ခါ သမီးရဲ့အလှည့်ပဲ၊ ဒီတော့ သမီးရဲ့ဆန္ဒကို ဖေဖေ မတားမြစ်တော့ပါဘူး၊ ခွင့်ပြုပါတယ်တဲ့၊ ဖေဖေနောင်တရပြီဆိုပြီး ကိုကြီးနဲ့ဖြစ်ခဲ့တဲ့ အကြောင်းတွေ ပြန်ပြောပြတယ်”

ဤမျှထိ အသေးစိတ်အချက်အလက်များကို လေးလေးပင်မသိပါ။ သူမ၏စကားထဲက ဖေဖေ၏အကြောင်းကိုမူ ယုံကြည်နိုင်ပါသည်။

“မင်းပြောတာ တကယ်ပဲလား လှလွန်းဆွေ၊ ဖေဖေ ဒီလောက်ထိ ပြောင်းလဲသွားလိမ့်မယ်လို့ ငါ မထင်ခဲ့ဘူး”

“ကိုကြီးကို ကျွန်မ မညာပါဘူး၊ ဖေဖေနောက်ဆုံး ပြောခဲ့တဲ့

http://www.cherrythitsar.org


စကားကို ကိုကြီး သိသင့်ပါတယ်၊ ကိုကြီး ဒီလောကမှာ ကျန်းမာချမ်းသာစွာနဲ့ အသက်ရှင်လျက်ရှိပါစေ . . . လို့ ဘုရားမှာ နေ့တိုင်း ဆုတောင်းခဲ့ပါတယ်လို့ မှာသွားခဲ့ပါတယ်”

နှလုံးသားသည် နာကျင်ဆို့နင့်ခြင်းနှင့်အတူ တုန်ခါသွားသည်။

“ကိုကြီး ဖေဖေ့ကို နားလည်ခွင့်လွှတ်စေချင်တယ်” . . . ဟူသည့်စကားက ရင်ကိုထပ်၍ ခွဲလိုက်သကဲ့သို့ပင်။

“ဒီအချိန်မှာ ခွင့်လွှတ်နားလည်စကားပြောဖို့ နောက်ကျသွားပြီ၊ ငါ မှားခဲ့ပြီးပြီ”

ခြေကုန်လက်ပန်းကျသွားသကဲ့သို့ပင် သူ နောက်ထပ် မပြောနိုင်တော့။ ဖေဖေ့အိမ်၏နောက်ဘက်ရှိ ကမ်းခြေမှ ပင်လယ်လှိုင်းပုတ်သံကို နားထဲက ကြားယောင်လာသည်။

“ဖေဖေရဲ့ဆန္ဒက ဒီလောက်နဲ့ မပြီးမပြတ်သေးပါဘူး ကိုကြီး၊ ကိုကြီးအတွက် ချန်ထားရစ်တဲ့ အမွေပစ္စည်းတွေကိုလည်း လက်ခံဖို့ မှာသွားပါသေးတယ်၊ အဲဒါတွေ လက်ခံဖို့ ကျွန်မနဲ့အတူ ပြန်လိုက်ခဲ့စေချင်တယ်၊ ဟိုမှာ . . . ရှေ့နေကြီးနဲ့ ဖေဖေ စီစဉ်ထားရစ်တယ်၊ တကယ်တော့ စာချုပ်စာတမ်းတွေနဲ့ အတွင်းပစ္စည်းတွေက ကျွန်မ ဆီမှာပါ၊ ကျန်တဲ့ငွေတွေနဲ့လုပ်ငန်းကိုလည်း စာရင်းနဲ့တကွ ရှင်းလင်းပေးပါ့မယ်၊ ကျွန်မ ဘာတစ်ခုမှ မချန်ထားဘူး၊ ဒါပေမယ့် အထည်ဆိုင်ကိုတော့ အကြွေးသဘောမျိုးနဲ့ ကျွန်မကို ပြန်ရောင်းပါ၊ ဒီတစ်ခုပဲ ကျွန်မ တောင်းဆိုပါတယ် ကိုကြီး”

အင်မတန် မဖြစ်နိုင်သည့်စကား။ သူမကဲ့သို့သော စီးပွားရေးသမားတစ်ယောက်က တစ်ပြားတစ်ချပ်မှ မယူဘဲ အားလုံး ပြန်ပေးမည်ဆိုသည်က ယုံနိုင်စရာမရှိ။ တစ်စုံတစ်ခု အကျိုးအမြတ်က မလွဲ

http://www.cherrythitsar.org


မသွေ ရှိကိုရှိရပေလိမ့်မည်။

"ဒါဖြင့်ရင် မင်းက ဒီအမွေတွေအကုန်လုံး ပြန်ပေးဖို့ ငါ့ကို အသည်းအသန် လိုက်ရှာနေရတာပေါ့ . . . ဟုတ်လား လှလွန်းဆွေ"

"ဟုတ်ပါတယ် . . . ကိုကြီး"

သူ မယုံနိုင်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ငါက အဖေ့အတွက် ဘာတာဝန်မှ မကျေခဲ့တဲ့လူပဲ၊ အဲဒါတွေ ငါ လက်မခံပါဘူး၊ ငါ မယူပါဘူး၊ မင်းပဲ ယူလိုက် ပါ . . . လှလွန်းဆွေ"

ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

## ■ ၁၆ ■

ဟိုတယ်၏ ဧည့်ခန်းတွင် ကျော်ဦးတို့စောင့်နေကြသည်ကို တွေ့ရ၏။

သူ့ကိုမြင်သည်နှင့် ဂျင်မီက ထရပ်ပြီး . . . 'ကျွန်တော်တို့ နောက်ထပ် ဆယ်မိနစ်စောင့်လို့မှမလာရင် ပြန်တော့မလို့၊ ကျွန်တော်တို့ရောက်နေတာကြာပြီ . . . တော်သေးတာပေါ့" ဟု ဆီးကြို၍ ပြောသည်။ သူက ဆိုဖာအလွတ်တစ်လုံးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

"အေးကွာ . . . ငါ့မှာ အဓိပ္ပာယ်မရှိတဲ့ဟာတွေ ရှင်းလင်းနေရလို့ ကြာသွားတယ်"

ကျော်ဦးက နဝေတိမ်တောင် ဖြစ်သွားသည့်အသွင်။

"ဘာကိစ္စလဲကွ . . . နိုင်ကြီး"

"မင်းတို့ပြော, ပြောနေတဲ့ လှလွန်းဆွေနဲ့ပေါ့ကွာ၊ အခုလေးတင် အိမ်ကိုလိုက်ပို့ပြီး ပြန်လာခဲ့ရတာ ၊ စိတ်ပျက်စရာကောင်းတယ်"

"ဘာလဲကွ . . . ဘာကိစ္စလဲ"

"မင်းတို့ မသိပါဘူးကွာ၊ နောက်မှ ငါ အေးအေးဆေးဆေး ပြောပြပါ့မယ်၊ အခုတော့ ငါ ရေချိုးချင်တယ်၊ တစ်နေကုန် ပင်ပန်းပြီး ဘာမှ မလုပ်ရသေးဘူး"

http://www.cherrythitsar.org


"မင်း ရေချိုးချင်ရင်လည်း မြန်မြန်လုပ်ကွာ၊ ငါတို့ စောင့်နေမယ်"
"သိပ်မကြာပါဘူး"
ဟုပြောပြီး သူ လေးကန်စွာ ထရပ်လိုက်သည်။
ဤနေ့တော့ သူ့ဘဝအတွက် အပင်ပန်းဆုံးနေ့တစ်နေ့ပါပဲ။

❖ ❖

လှလွန်းဆွေက သူ့ကို မည်သို့ထင်မြင်နေသည် မသိ။ အမွေပစ္စည်းဟူသည့်အသံကြားသည်နှင့် မငြင်းပယ်ဘဲ အပြေးအလွှား လက်ခံလိမ့်မည်ဟု ထင်နေဟန်တူသည်။ အဖေ ထားရစ်ခဲ့သည့်အိမ်၊ ခြံမြေ၊ စားသောက်ဆိုင်၊ ငွေတွေနှင့် အတွင်း . . . လက်ဝတ်ရတနာပစ္စည်းတွေက သူမ အတွက်တော့ အရှုံးအမှုးမက်မောစရာ ဖြစ်ပေလိမ့်မည်။ မငြင်းပယ်နိုင်သည့်အရာများ ဖြစ်ပေလိမ့်မည်။

သို့ရာတွင် လောက၌ ထို့ထက်တန်ဖိုးကြီးသော မာနနှင့် သိက္ခာတို့ ရှိသေးသည်ကို သူမ မည်သို့နားလည်မည်နည်း။

အိပ်ခန်းတွင်းမှ အလင်းရောင် ဝိုးတဝါးကျနေသည့် ဝရန်တာတွင် ရပ်ပြီး၊ မြို့ပြ၏ညရှုခင်းကို ငေးစိုက်ကြည့်နေမိသည်။ ဟိုးအဝေးမှာ လောက၏အငြိမ်းချမ်းဆုံးရာ . . . စေတီကြီးကို ရွှေရောင်ဝင်းလက်စွာ ဖူးမြင်ရ၏။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၁၇ ■

"ကျွန်တော် ဒီမှာ . . . မဆွေကို တားနေရတယ်၊ တစ်ယောက်တည်း ခင်ဗျားဆီ လာမလို့တဲ့၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ခင်ဗျားဆီ ဖုန်းဆက်ပြီး မေးကြည့်ဦးမယ်ဆိုတာတောင် မစောင့်နိုင်ဘူး ဖြစ်နေတယ်" ဟု ကိုစိုးစိုးက လှမ်း၍ ရှင်းပြနေသည်။

မနက်စောစောစီးစီး ဖုန်းဝင်လာကတည်းက စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ယခုလို စကားမျိုးကြားရသည့်အခါ ဒေါသတွေက အလိုလိုထွက်ချင်နေ၏။ သို့ရာတွင် ကြားလူတစ်ယောက်ဖြစ်သော ကိုစိုးစိုးကို အပြတ်ကြီးမပြောသင့်ဟု စိတ်ထဲက သိရှိနေသဖြင့် ဒေါသကို ထိန်းချုပ်ထားရ၏။

"ကျွန်တော် မနေ့ကတည်းက လှလွန်းဆွေကို ရှင်းရှင်းလင်းလင်း ပြောပြီးပြီပါပြီ၊ နောက်ထပ် ကျွန်တော့်ဘက်က ဘာမှပြောစရာ မရှိတော့ပါဘူး ကိုစိုးစိုး"

"ကျွန်တော် ကိုနိုင်ဇော်တို့မိသားစုကိစ္စကို ဘာမှ မသိပါဘူး၊ ကျွန်တော် ကြားထဲကလည်း ဝင်မပါချင်ပါဘူး၊ ကျွန်တော် အမှန်အတိုင်း ပြောတာပါ၊ ဒါပေမယ့် . . . အခု မဆွေက ခင်ဗျားနဲ့ တွေ့မယ်လုပ်နေတယ်၊ မနက်ကတည်းက ဟန်တပြင်ပြင် ဖြစ်နေတာ၊

ကျွန်တော်တို့ ကျွန်တော့်အဖေအမေတို့ ဝိုင်းပြီး ပြောကြဆိုကြလို့ . . . ဒီအချိန်ထိ မသွားဖြစ်သေးတာ”

ကိုစိုးစိုး၏စကားက သူ့ကို တိုက်ရိုက်အပြစ်တင်သည့်စကား မပါပေမယ့် သူ့ကြောင့် ဤသို့ဖြစ်နေသည်ဟု စွပ်စွဲချင်နေပုံရသည်။

လှလွန်းဆွေကလည်း သူ၏ညီမ, ပါ။ သူ့ကို လိုက်ရှာနေတာပါဟု ပြောထားသည်မဟုတ်လား။ နောက်ထပ် မည်သို့ ဟန်ဆောင်ပြနေမည်ကို မသိပါ။ ကိုစိုးစိုးတို့ သနားလာအောင် ငိုပြထားပြီလား . . . မပြောတတ်။

သူ မကျေမနပ်နှင့် အံကြိတ်လိုက်ပြီး . . .

“တကယ်ပါ . . . ကိုစိုးစိုး၊ ကျွန်တော် သူ နားလည်ပြီလို့ ထင်ထားတာ၊ ခုချိန်ထိ နားမလည်သေးဘူး၊ သဘောမပေါက်သေးဘူးဆိုရင် ကျွန်တော် ထပ်ပြီး ရှင်းပြလိုက်ပါ့မယ်”

“အဲဒီလိုဆိုရင် ကျွန်တော် မဆွေကိုခေါ်လာခဲ့မယ်၊ ကိုနိုင်ဇော် ဘယ်နေရာက စောင့်နေမလဲ”

သူ တွေခနဲ စဉ်းစားလိုက်သည်။ ယခုအချိန်ထိ လှလွန်းဆွေက သူရှိသည့်နေရာကို လာပြီးတွေ့နေရသည်။ သူက တစ်ခါမှ လှလွန်းဆွေဆီ သွား၍ မတွေ့ဖြစ်။ မခေါ်ဖြစ်။ ဤသည်မှာ ကြားထဲက ကြည့်မြင်နေရသော ကိုစိုးစိုး အတွက် အထင်အမြင်မှားစရာ ဖြစ်နေသည်။

လှလွန်းဆွေဘက်က ချစ်ခင်တွယ်တာသလောက် သူ့ဘက်က စိမ်းပြတ်လွန်းသည်ဟု မြင်နိုင်သည်။ လှလွန်းဆွေကချည်း အနစ်နာခံနေရသည်ဟုလည်း မြင်နိုင်၏။ တကယ့်ပြဿနာကို သူတို့မှ မသိကြသည်ပဲ။

ထို့ကြောင့် ဒီတစ်ခါတော့ သူ သွားခေါ်မှဖြစ်တော့မည်။

http://www.cherrythitsar.org


ဤသည်မှာ သဘောထားကြီးကြောင်း ပြချင်၍ မဟုတ်ပါ။ လှလွန်း ဆွေ၏ခြေလှမ်းကို မျက်မြင်တွေ့ချင်၍ ဖြစ်သည်။

"ကိုစိုးစိုးကချည်း ကျွန်တော်နဲ့တွေ့ဖို့ ခေါ်လာတယ်၊ ကျွန်တော် အားနာပါတယ်ဗျာ၊ ဒီနေ့ စနေနေ့ပဲ၊ ကျွန်တော် တစ်နေကုန်အားတယ်၊ ဒီတော့ လှလွန်းဆွေကို ကျွန်တော်ပဲ လာခေါ်ပါ့မယ်၊ ဟုတ်ပြီလား . . . ကိုစိုးစိုး"

"အဲဒီလိုဆိုရင် ကောင်းပါတယ် . . . ကိုနိုင်ဇော်"

သူ တစ်ချက် ခပ်မဲ့မဲ့ပြုံးလိုက်ပြီး . . .

"ဒီအတွက် ကိုစိုးစိုး ဘာမှမကန့်ကွက်ပါဘူးနော်"

ဟု တမင်မေးလိုက်သည်။ လှလွန်းဆွေနှင့်ပတ်သက်၍ ကိုစိုးစိုး မည်သို့သဘောထားသည်ကို သူသိချင်သည်။

"ဟာ . . . မရှိပါဘူး ကိုနိုင်ဇော်"

ကိုစိုးစိုးက အလျင်အမြန်ဖြေရှင်းသွားသည်။

❖ ❖ ❖ ❖

# ■ ၁၈ ■

ကိုစိုးစိုးလမ်းညွှန်လိုက်သည့်အတိုင်းပင် ကိုစိုးစိုးတို့ မိသားစု၏ အထည်ရောင်းဆိုင်ကို လွယ်လွယ်ကူကူပင် ရှာ၍တွေ့ပါသည်။ ဆိုင်က ထင်မှတ်ထားသည်ထက် ပို၍ ကြီးကျယ်သည် ခမ်းနားသည်။

ငှားလာသည့်ကားကို ခဏစောင့်နေခိုင်းပြီး ဆိုင်ရှေ့သို့ ဝင်လာခဲ့သည်။ အထဲသို့ မဝင်ချင်။ ထို့ကြောင့် အပေါက်ဝတွင်ပင် ရပ်တန့်လိုက်သည်။

ရှုပ်ထွေးနေသည့် ဝယ်သူများကြားမှ လှလွန်းဆွေကို လှမ်းမြင်လိုက်ရ၏။ သူမသည် အတွင်းဘက် ကောင်တာတစ်ခု၏ နောက်တွင် ရှိနေသည်။ အစကတည်းက အပေါက်ဘက်ဆီသို့ မျှော်ကြည့်နေသည်ထင်၏။ အပေါက်ဝတွင် သူရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်တွေ့သွားပြီး လက်နှင့် လှမ်းပြသည်။

သူမ၏မျက်နှာတွင် အရယ်အပြုံးမရှိဟု ထင်၏။

ခဏအကြာတွင် ကိုစိုးစိုးထွက်လာပြီး . . . "လာလေ ကိုနိုင်ဇော်၊ အထဲ ဝင်ပါဦး၊ ကျွန်တော့်အမေနဲ့ မိတ်ဆက်ပေးချင်လို့"ဟုခေါ်သည်။

"နေပါစေ ကိုစိုးစိုးရာ၊ ခင်ဗျားတို့ အလုပ်များနေတာကို နှောင့်ယှက်သလိုဖြစ်နေဦးမယ်၊ နောက်မှ အေးအေးဆေးဆေး တွေ့တာ

http://www.cherrythitsar.org


ပေါ့”

“ဘာမှ အနှောင့်အယှက် မဖြစ်ပါဘူး၊ မေမေက ကိုနိုင်ဇော်ကို မြင်ဖူးချင်နေတာ”

ဤသည်မှာ ထုံးစံအတိုင်း လှလွန်းဆွေလက်ချက်ပဲ ဖြစ်မည်ဟု ချက်ချင်း သဘောပေါက်သွားသည်။

ထိုသို့စကားပြောဆိုနေစဉ် လှလွန်းဆွေနှင့်အတူ မီးမီးလည်း ထွက်လာကြပြန်ကြ၏။ “ကိုကြီး လာလေ၊ ဘာမှ အားနာစရာ မရှိပါဘူး၊ ဒါတွေက ဆွေမျိုးတွေပဲ” ဟု အတင်းခေါ်တော့သည်။ မီးမီးက လှလွန်းဆွေခေါ်သကဲ့သို့ ကိုကြီးဟုပင်ခေါ်လိုက်ခြင်းကို သတိပြုမိသည်။

ဤအချိန်ခါမျိုး၌ နောက်ထပ်အသိအကျွမ်း မဖြစ်ချင်ပါ။ ဖြစ်နိုင်လျှင် လှလွန်းဆွေနှင့် နှစ်ယောက်တည်း ပြီးပြတ်သွားချင်သည်။ ထို့ကြောင့် သူ ငြင်းပယ်လိုက်သည်။ သူတို့ ပြန်ထွက်ကြစဉ် မီးမီးက လိုက်ချင်သည်ဟု ပူဆာသည်။

“ကိုကြီးတို့ ဘယ်သွားကြမလို့လဲ၊ မီးမီးလည်း လိုက်ချင်တယ်၊ ဒီနေ့ သင်တန်းမရှိလို့ ပျင်းနေတာနဲ့အတော်ပဲ” ဟု ပြောသည့်အခါ ကိုစိုးစိုးက . . .

“သူတို့မှာ ကိစ္စတွေရှိတယ်၊ မီးမီးလိုက်သွားလို့ မဖြစ်ဘူး”

ဟု အတင်းပြောကာ ဆွဲခေါ်ထားလိုက်သည်။

ထိုသို့ပြောဆိုနေသည့်တစ်ချိန်လုံး လှလွန်းဆွေသည် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ မျက်လွှာကိုပင့်ကာ အကဲခတ်သလို ကြည့်နေခဲ့သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၁၉ ■

သစ်ပင်ရိပ်များ၊ စိမ်းစိမ်းစိုစိုနှင့် အေးချမ်းသာယာသည့်နေရာသည် ယခုတော့ ပြိုပျက်သွားလေပြီ။

"မနေ့ကတည်းက ကိုကြီးရဲ့စကားကို ကျွန်မ မကျေနပ်ဘူး၊ တစ်ညလုံးလည်း စဉ်းစားပြီး အိပ်မရဘူး၊ မင်းပဲ ယူလိုက်ပါဆိုတာ စိတ်ဆိုးပြီး တမင်ရွဲ့ပြောတာပဲ၊ ဘာဖြစ်လို့ ဒီအမွေတွေကို ကျွန်မ ယူရမှာလဲ၊ ကျွန်မ မယူဘူး"

သူမ၏မျက်ဝန်းများက နာကြည်းမှုများနှင့် စူးရဲနေ၏။ တစ်လမ်းလုံး နှုတ်ဆိတ်ပြီး ငြိမ်သက်နေခဲ့ရာမှ ပေါက်ကွဲခြင်းဖြစ်သည်။

"ငါ မင်းကို စိတ်ဆိုးစရာအကြောင်းမရှိဘူး၊ မင်းက အဖေရဲ့ သမီးဆိုတာ လူတိုင်းသိတယ်၊ မင်းက အဖေ့အတွက် တာဝန်ကျေတဲ့ လူပဲ၊ တကယ့်သမီး ပီသပါတယ်၊ အဲဒါတွေကြောင့် မင်းယူသင့်တယ်၊ မင်းပဲ ရသင့်တယ်လို့ ထင်တယ်၊ ဒီအတွက် ငါက ပြောတာပါ၊ ငါ ဘာမှားနေလဲ လှလွန်းဆွေ"

သူမ၏တစ်ကိုယ်လုံး ဒေါသကြောင့် ဆတ်ခနဲ တောင့်တင်းသွားသလို ထင်ရ၏။

"ကျွန်မမှာ အဲဒီလိုစိတ်မျိုး လုံးဝမရှိဘူး၊ ဒီအမွေတွေကိုလည်း

http://www.cherrythitsar.org


မလိုချင်ဘူး”

နားရှိလို့သာ ကြားရသည့်စကား။

“အဲဒါက မင်းရဲ့သဘောပဲ၊ ဒီကိစ္စက ငါ့ခေါင်းထဲမှာ မရှိဘူး၊ မင်းပဲ ဒီအမွေတွေကို အတင်းလိုက်ပေးနေလို့ ပြောရတာပါ”

“ကျွန်မမှာ ဖေဖေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမယ့် ဝတ္တရားရှိတယ်၊ ကျွန်မကို ပြုစုစောင့်ရှောက်ပြီး ကျွေးမွေးလာခဲ့တာတွေ ဘယ်နည်းနဲ့မှ လျစ်လျူမရှုနိုင်ဘူး၊ ဒီအမွေတွေကို ကိုကြီး လိုက်ပြီး လက်မှတ်ထိုးယူပါ၊ ပြီးတော့မှ ကိုကြီးကြိုက်သလို လုပ် . . . ”

လက်စသတ်တော့ စာချုပ်စာတမ်းတွေမှာ လက်မှတ်ထိုးဖို့ လိုနေတာကိုး၊ ဒါမှ သူမလုပ်ချင်သမျှ တရားဝင်ဖြစ်ပေလိမ့်မည်။

“မင်းက ငါ့စကားကို သံသယဖြစ်နေတယ် ထင်တယ်၊ စိတ်ချပါ . . . လှလွန်းဆွေ၊ ငါ့စကားက မင်းရဲ့စာချုပ်စာတမ်းတွေထက် ပိုပြီးခိုင်မာပါတယ်”

“ကိုကြီး ဒီလိုအလွယ်လေး မပြောပါနဲ့၊ ဒီဟာတွေ ဟင်းရွက်ကန်စွန်းရွက်တွေ မဟုတ်ဘူး၊ အိမ်၊ ခြံမြေရယ်၊ ဆိုင်နဲ့ လုပ်ငန်းတွေနဲ့ တန်ဖိုးနည်းတာ တစ်ခုမှ မပါဘူး၊ ကစားပြီးသား အရုပ်တစ်ခုလို လွယ်လွယ်ပေးပစ်လို့မရဘူး”

“ဒီပစ္စည်းတွေ တန်ဖိုးကြီးတယ်ဆိုတာ မင်းပြောမှ သိတာ မဟုတ်ဘူး၊ ဟိုအရင်ကတည်းက ငါ သိသားပဲ၊ ဒါပေမယ့် ငါ့ကိုယ်ငါ ယုံကြည်တယ်၊ ငါ မင်းရဲ့အိမ်မှာ တစ်ညတောင် မအိပ်ခဲ့ပါဘူး၊ မင်းဆီက မိဘရဲ့အမှတ်တရပစ္စည်းဆိုလို့ အပ်တိုတစ်ချောင်းမှ မယူခဲ့ဘဲ ငါပြန်ခဲ့တာပါ . . . ၊ ငါ ဒီအမွေတွေကို တောင်းဆိုခဲ့ဖူးသလား၊ မင်းကသာ ငါ အမွေလာတောင်းတယ်လို့ ထင်ပြီး ကြောက်လန့်နေတာပါ”

http://www.cherrythitsar.org


"ကိုကြီး အဲဒီလို အရမ်းမစွပ်စွဲနဲ့၊ ကျွန်မ ဘာကိုမှ မကြောက်ခဲ့ဘူး၊ ဒီအမွေတွေ ကိုကြီးအတွက် ကျွန်မ တမင် ထိန်းသိမ်းနေရတာ၊ ကျွန်မမှာ အရမ်းတာဝန်ကြီးတယ်၊ မဟုတ်တဲ့လူကို မှားပြီးပေးမိမှာ အရမ်းစိုးရိမ်တယ်"

"မင်း ပြန်ပါတော့ . . . လှလွန်းဆွေ၊ မင်း စိတ်ချလက်ချ နေပါ၊ မင်းသာ ဒီလိုလိုက်မရှာရင် ငါ့ကိုတွေ့မှာ မဟုတ်ပါဘူး၊ ငါ သေရင် သေသွားမယ်၊ မင်းဆီကို ခြေဦးလှည့်မှာ မဟုတ်ဘူး၊ ငါ ကတိပေးပါတယ်"

သူမသည် စိတ်ပျက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းများစွာနှင့် လှမ်းကြည့်သည်။ ဤသည်မှာ သူ့အတွက် မဖြစ်နိုင်ပါ။ သူမကိုယ်သူမ သနားနေခြင်းဖြစ်မည် အမွေနှင့်ပတ်သက်ပြီး စိတ်မအေးနိုင်သည့် အသွင် ရှိ၏။

"ဒီအကြောင်းအားလုံးကို ကိုကြီးနားလည်အောင် ဘယ်လိုရှင်းပြရမလဲ မသိတော့ဘူး၊ ကိုကြီးဟာ ဖေဖေပြောတဲ့အတိုင်း အရမ်းခေါင်းမာတဲ့ လူတစ်ယောက်ပဲ၊ ဘယ်သူ ဘာပဲပြောပြော ကိုယ်ထင်ရာကို တစ်ဇွတ်ထိုးလုပ်တတ်တဲ့ လူပဲ၊ တကယ်တော့ ကိုကြီးမှာ မယုံကြည်တာထက် ချစ်တတ်တဲ့စိတ် မရှိဘူးဆိုတာ ထင်ရှားတယ်၊ ကိုကြီးမှာ သူတစ်ပါးအပေါ် ချစ်တဲ့စိတ်ရော ရှိရဲ့လား"

သူ ဘာမှမဖြေချင်။ ထို့ကြောင့် အဝေးဆီမှ မြက်ခင်းစိမ်းစိမ်းသို့သာ လှမ်းကြည့်နေသယောင် မျက်နှာလွှဲထားလိုက်သည်။

"ကိုကြီး ဖေဖေ့အပေါ်မှာ ချစ်ရောချစ်ခဲ့ရဲ့လား၊ ပြောစမ်းပါဦး"

အပြင်းအထန်ဆုံး စွပ်စွဲချက်ပါပဲ။

"ဒါဟာ မေးခွန်းတစ်ခု မဟုတ်ဘူး . . . လှလွန်းဆွေ၊ မင်း

မမေးသင့်ဘူး”

“ဟင့်အင်း . . . မမေးလို့ မရဘူး၊ ကိုကြီးကြည့်ရတာ အဖေရဲ့ အမွေပစ္စည်းတွေကိုတောင် မုန်းနေသလိုပဲ၊ ခါးခါးသီးသီး ငြင်းဆန်နေတယ်၊ ကိုကြီး မဖြေနိုင်ဘူးလား၊ ကိုကြီးမှာ ချစ်တယ်ဆိုတဲ့ခံစားမှုကို နားမလည်ပါဘူး”

“မင်းရဲ့စွပ်စွဲချက်တွေက သိပ်ပြင်းထန်လွန်းနေပြီ . . . လှလွန်းဆွေ၊ ဒီစကားကို ဆက်မပြောဘဲ ပြန်ရင်ကောင်းလိမ့်မယ်”

“ကျွန်မကို မခြိမ်းခြောက်ပါနဲ့ကိုကြီး၊ ကျွန်မ မကြောက်တတ်ဘူး”

“မင်းပြန်ပါတော့ . . . ”

“ဟင့်အင်း မပြန်ဘူး၊ ကျွန်မသိချင်တာတွေ မသိရဘဲနဲ့ မပြန်ဘူး၊ ဒီကိုထွက်လာကတည်းက ကျွန်မ ဆုံးဖြတ်ပြီးသား၊ ဒီနေ့ ဒီပြဿနာကို အပြတ်ရှင်းပြီးမှ ပြန်မယ်”

စိန်ခေါ်မှုတစ်ခုဆီသို့ ပြောင်းလဲသွားသည့်စကား။

ဤသို့ပင် ထိုမြို့၏ နောက်ဆုံးညတုန်းကလည်း သူမ စိန်ခေါ်ခဲ့ဖူးသည်။ ထိုစဉ်က နိုင်ဇော်ဟုတ်မဟုတ် ပြဿနာ ဖြစ်သည်။ ယခုက နှလုံးသားကိစ္စ။ ပင်လယ်ပြင်တွင် လှိုင်းမရှိပါဘူးဟု ဘယ်သူ ပြောသလဲ။

“လှလွန်းဆွေ . . . မင်း ဟိုမှာတုန်းကလည်း ငါဟာ နိုင်ဇော် မဟုတ်ဘူး၊ အရှက်မရှိတဲ့ လူလိမ်လူညာတစ်ယောက်ဆိုပြီး စွပ်စွဲခဲ့ပြီးပြီ၊ အခုလည်း ငါ့ကိုအရမ်းခေါင်းမာတဲ့ လူ၊ အဖေကိုမချစ်တဲ့ လူ၊ အချစ်ဆိုတာ နားမလည်တဲ့လူလို့ မင်း ရက်ရက်စက်စက် ပြောနေပြန်ပြီ၊ ဒီတော့ ငါလည်း ငါ့ရင်ထဲမှာရှိတာတွေ ပြောရတော့မယ်၊ မင်း

http://www.cherrythitsar.org


သေချာနားထောင်ပါ”

“ကျွန်မ ကိုကြီးလို ထွက်မပြေးတတ်ဘူး၊ ဘာမဆို ပွင့်ပွင့်လင်းလင်းပဲ ရှင်းချင်တယ်၊ ကိုကြီးရဲ့စကားကို ကျွန်မ လုံးဝ နားထောင်နေတယ်၊ ပြောပါ . . . ”

မျက်လုံးချင်း မလွှဲဖယ်စတမ်းဆိုသည့်သဘောနှင့် တုံ့ပြန်ကြည့်နေသည်။

“ငါချစ်နေတဲ့လူဟာ တခြားမဟုတ်ဘူး၊ မင်းပဲ လှလွန်းဆွေ၊ ငါ့ရင်ထဲမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတဲ့အချစ်နဲ့ ချစ်ပြီး တစ်သက်တာအတွက် လက်ထပ်ချင်တယ်၊ ကဲ . . . မင်း ငါ့ကို လက်ထပ်နိုင်ပါ့မလား”

“ဒါက ကျွန်မကို လုံးဝ စော်ကားတာပဲ . . . ”

ဟု သူမ ဒေါသကို မထိန်းနိုင်ဘဲ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ မထင်မှတ်သည့် စကားကြားလိုက်ရသဖြင့် တုန်လှုပ်သွားဟန်တူသည်။

“ကဲ . . . ငါ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတော့ မင်းက လက်မခံဘူး၊ စိတ်ဆိုးတယ်၊ ဒီလို ငါမပြောရင်လည်း မင်းက မဟုတ်တာတွေချည်းပဲ စွပ်စွဲပြန်တယ်၊ အခုတော့ ငါ့စကားကို ငါ ပြန်ရုပ်သိမ်းလို့မရတော့ဘူး၊ မင်းအနေနဲ့ . . . လက်ခံမယ်၊ လက်မခံဘူး စဉ်းစားဆုံးဖြတ်ဖို့ပဲရှိတယ်”

“ကိုကြီးက ကျွန်မထင်တာထက် ရိုင်းတဲ့လူပဲ၊ ဒီစကား ပြောတဲ့လူဟာ တခြားတစ်ယောက်ဆိုရင် ကျွန်မ မညှာမတာ ပြောပစ်လိုက်မယ်၊ ဒါပေမယ့် ဖေဖေရဲ့မျက်နှာကို ထောက်ထားပြီး ကျွန်မ ဘာမှ မတုံ့ပြန်ချင်ဘူး”

http://www.cherrythitsar.org


သူ လက်ကာ၍ တားဆီးလိုက်ပြီး . . .

"ငါပြောချင်တဲ့စကားက မပြီးသေးဘူး၊ မင်းဆက်ပြီး နားထောင်ပါဦး၊ ငါက ဒီအမွေတွေကို လုံးဝ မလိုချင်ဘူး၊ တကယ်လို့ ဒီအမွေတွေကို ယူရမယ်ဆိုရင် မင်းကို လက်ထပ်ရမှုဖြစ်မယ်၊ ဒီအတွက် မင်းဘာမှစိတ်မပူနဲ့၊ မင်းကို ရက်စက်ချင်လို့ နှိပ်စက်ချင်လို့ မဟုတ်ဘူး၊ မင်းကို ချစ်လို့ ယူမှာ၊ အဲဒါ ငါ့ရဲ့နောက်ဆုံးအပေးအယူပါပဲ"

"ကျွန်မ လုံးဝမကြားချင်ဘူး၊ ဒီစကားကို ပြန်ရုပ်သိမ်းပါ . . . ကိုကြီး"

သူမ ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။

❖ ❖ ❖

အသက်ဝိညာဉ် ကင်းမဲ့သွားသကဲ့သို့ ငြိမ်သက်နေသည့် သူမကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး . . .

"ကဲ . . . ပြန်ကြရအောင် လှလွန်းဆွေ၊ နောက်ထပ် ငါ့ကို လာမတွေ့ပါနဲ့တော့၊ ကိုယ့်မြို့ကိုယ်ပြန်ပြီး စိတ်ချလက်ချ အေးအေးဆေးဆေး နေပါတော့"

ဟု ပြောကာ လာလမ်းဘက်ဆီသို့ မျက်နှာမူလိုက်သည်။

စိမ်းမြသည့်မြက်ခင်းအလယ်ကို ဖြတ်ဖေါက်ထားသည့် ကားဝင်လမ်းဖြစ်သည်။ ကန်စပ်အနီးရောက်မှ ကွေ့၍ ညာဘက်သို့ ချိုးသွားသည်။ ဤလမ်းအတိုင်းပြန်မည်ဟု စိတ်ကူးလိုက်သည်။

"ကျွန်မ မပြန်သေးဘူး၊ တစ်ခုခုပြောဖို့ စဉ်းစားဦးမယ်"

http://www.cherrythitsar.org


"မင်း ဘာမှမစဉ်းစားပါနဲ့၊ ငါ့ဆုံးဖြတ်ချက်ကို ပြင်ဆင်မှာ မဟုတ်ဘူး၊ မင်းဟာ အဖေရဲ့သမီးဖြစ်လို့ အဖေ့အပေါ် ဘယ်လောက်ချစ်သလဲ၊ ဘယ်လောက်ထိ စွန့်လွှတ်အနစ်နာခံပြီး ချစ်နိုင်သလဲ၊ ခုချိန်မှာ မင်း နားလည်လောက်ပါပြီ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ကိုကြီး"

"အသေအချာ ပတ်သက်ပါတယ်၊ မင်းကို အခုလို ပြောနေတဲ့လူ . . . ဘယ်သူလဲ၊ သေသေချာချာ ကြည့်စမ်းပါဦး၊ ငါက ဦးနိုင်ထွန်းနဲ့ ဘာတော်သလဲ၊ သူ့ရဲ့သား မဟုတ်ဘူးလား၊ တခြားသူစိမ်းလို့ ထင်နေလို့လား . . . လုလွန်းဆွေ၊ လူဆိုတာက ပါးစပ်နဲ့ချစ်တယ်လို့ ပြောဖို့က လွယ်ပါတယ်၊ ဒါပေမယ့် လက်တွေ့နဲ့ သက်သေပြဖို့ ခက်တယ်ကွ၊ ဒါက လူ့သဘာဝပဲ"

"ကောင်းပြီ . . . ကိုကြီးရဲ့ဆုံးဖြတ်ချက်ကို ဘယ်လိုမှ မပြင်ဆင်နိုင်ဘူးဆိုရင် ကျွန်မ ဘာမှမတတ်နိုင်တော့ဘူး၊ ကျွန်မရဲ့ကြိုးစားမှုကို လက်လျှော့လိုက်ရုံပါပဲ၊ ကျွန်မ လုံး၀ လက်မထပ်နိုင်ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး စဉ်းစားစရာ မရှိ ဘူး"

သူ သဘောကျစွာ ခေါင်းညိတ်လိုက်သည်။

http://www.cherrythitsar.org

# ■ ၂၀ ■

မည်သည့်အနှောင့်အယှက်မှမရှိဘဲ စောစောနိုးထမိသည်။ ဤနေ့သည် တနင်္ဂနွေနေ့။ ကုမ္ပဏီရုံးပိတ်ရက်ဖြစ်သဖြင့် သွားစရာမလိုပါ။ ထို့အပြင် ညကတည်းက ဂျင်မီတို့နှင့်တွေ့ဆုံခဲ့ပြီး ဒီနေ့မနက် လာမည်မဟုတ်ဟု ကြို၍သိရှိခဲ့သည်။

နောက်ဆုံး လှလွန်းဆွေဆီက ဖုန်းလည်း ဝင်မလာ။

သေချာပါသည် . . . နောင်တွင်လည်း ဘယ်သောအခါမှ ဖုန်းဆက်တော့မည် မဟုတ်ပါ။

မနေ့က သူပြောလိုက်သည့်စကားများကြောင့် နားမလည်နိုင်အောင် တုန်လှုပ်ခြောက်ခြားသွားပြီး ခါးခါးသီးသီး နာကြည်းသွားဟန်တူသည်။ သို့မဟုတ် အမွေကိစ္စနှင့်ပတ်သက်၍ သောင်မတင်ရေမကျဖြစ်နေခြင်းကို မည်သို့ဖြေ ရှင်းမည်လဲဟုဆိုကာ ကျိတ်ပြီး စဉ်းစားနေပေလိမ့်မည်။ ဖြစ်နိုင်သည်မှာ ဤကိစ္စကို လက်လျှော့လိုက်ပြီး ပြန်ရန်ဖြစ်သည်။ သူမ၏အဖြစ်က ရှေ့တိုးလျှင် ထမ်းပိုး၊ နောက်ဆုတ်တော့လှည်းကျိုးဆိုသကဲ့သို့ ရှိမည်ထင်သည်။

သူ့မှာလည်း ဤနေ့တစ်ရက်ကို မည်သို့ကုန်ဆုံးရမည်လဲ မသိဘဲ ယောင်ချာချာဖြစ်နေသည်။ လူ့စိတ်ဆိုသည်က အခက်သား။ နံနက်

http://www.cherrythitsar.org


တိုင်း အနှောင့်အယှက်လို ဝင်လာတတ်သည့်ဖုန်းကို သဘောမကျခဲ့ပေမယ့် ဒီနေ့လို ဖုန်းမရှိပြန်တော့ ဖုန်းကိုပဲ မျှော်သလိုလို ဖြစ်နေပြန်သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၂၁ ■

ကုမ္ပဏီရုံးခန်းအတွင်း ဝင်လိုက်သည်နှင့် စာရေး ကိုဌေးဝင်းက . . . "မင်္ဂလာပါ" ဟု ဆီးကြိုနှုတ်ဆက်ပြီး သူ့လက်နှစ်ဖက်ကို ဝမ်းသာအားရနှင့် ဆွဲကိုင်၍ ဖြစ်ညှစ်လိုက်သည်။ သူက တုံ့ပြန်ပြီး . . . "မင်္ဂလာပါ ကိုဌေးဝင်း" ဟု နှုတ်ဆက်လိုက်သည်။

"တကယ်မင်္ဂလာရှိတာ ကိုနိုင်ဇော်၊ မနက်ကပဲ သဘော်ာတစ်စီးစာ ခုနစ်နေရာ ဝင်လာတယ်၊ အဲဒီအထဲမှာ ခင်ဗျားရဲ့ရာထူးနေရာလည်း ပါတယ်၊ ခပ်မြန်မြန်သာ ဆရာနဲ့ ဝင်တွေ့လိုက်၊ အထဲမှာ ဆရာရောက်နေပြီ . . ."

"ကျွန်တော့်ကို ခေါ်ထားလို့လား"

"ဟာ . . . ဒီလူတော့ ဒုက္ခပဲ၊ ခင်ဗျားကိစ္စကို ကျွန်တော် ကြိုပြောထားပြီးပြီ၊ အဆင်ပြေပါတယ်၊ သွား . . . မြန်မြန်တွေ့လိုက်ဦး" ဟု ဆိုကာ ကိုဌေးဝင်းက နောက်ကျောကို တွန်းလွှတ်လိုက်သည်။

"ဘယ်နေ့ကို သတ်မှတ်ထားလဲ"

"၂၈ . . . ရက်နေ့"

သူ ခေါင်းညိတ်ပြီး ကိုယ်စားလှယ်၏ရုံးခန်းထဲ လှမ်းဝင်လိုက်သည်။

❖ ❖ ❖ ❖

# ■ ၂၂ ■

"ဒီနေ့အတွက် ကိစ္စပြီးသွားပြီ၊ အားလုံး ပြန်လို့ရပြီ" . . ဟု စာရေး ဌေးဝင်းက သင်္ဘောသားအားလုံး ကြားအောင် အော်ပြောလိုက်သည်။ အသီးသီး ထိုင်စောင့်ကြည့်နေရာမှ ထပြီး ရုံးခန်းထဲမှ ထွက်ကြသည်။ သူက ကိုဌေးဝင်းအနီးသို့ ချဉ်းကပ်ပြီး "ကိုဌေးဝင်း" . . . ဟု ခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်၏။

ကိုဌေးဝင်းက မည်သူမှမမြင်အောင် လက်ကုတ် အချက်ပေးပြီး "အောက်က စောင့်" ကပ်ပြောသွားသည်။ ထိုအခါမှ သူ လှည့်ထွက်ခဲ့သည်။ ဒီနေ့ညနေ ကိုဌေးဝင်းအား ကောင်းကောင်းပြုစုမည်ဟု အချိန်းအချက် လုပ်ထားကြသည်။

ခပ်သော့သော့ဆင်းလာပြီး လှေကားမှအထွက်တွင် "ကိုကြီး . . . " ဟု လှမ်းခေါ်သံကြောင့် ရင်ထဲတွင် ထိတ်ခနဲ လန့်သွားသည်။

သူမသည် ပလက်ဖေါင်း၏သစ်ပင်ရိပ်တွင် ရပ်ပြီး စောင့်နေ၏။ အမွေကိစ္စနှင့်ပတ်သက်၍ လက်မလျှော့ချင်သေးဟန်တူ၏။ နောက်ထပ် မည်သည့်နည်းလမ်းကို သုံးမည်မသိ။ သတိထားပြီး အကဲခတ်လိုက်သည်။

"မင်း ဘာလာလုပ်တာလဲ"

http://www.cherrythitsar.org


"ကိုကြီး ပြန်ထွက်ရတော့မယ်ဆို . . ." ဟု သူ့အမေးကို မဖြေဘဲ သူမ, သိချင်သည်ကိုသာ ပြန်မေးသည်။

"မင်းက ဒီရုံးကို အမြဲဖုန်းဆက်ပြီး စုံစမ်းနေတဲ့လူပဲ၊ ငါထွက်ရမယ့်နေ့ကို မင်းက ငါ့ထက်ပိုပြီးတော့တောင် သိနေမှာပါ၊ ငါ ဖြေစရာလိုမယ် မထင်ဘူး လှလွန်းဆွေ"

"ကျွန်မ မသိဘဲ ကိုကြီးထွက်သွားမှာကို စိုးရိမ်လို့ပါ၊ ဒီတစ်ခါသွားရင် နောက်တစ်ခါ ပြန်ဆုံဖို့က လွယ်မယ်မထင်ပါဘူး၊ ကိုကြီး ကျွန်မအပေါ်မှာ အမွေကိစ္စနဲ့ပတ်သက်ပြီး အထင်လွဲနေတာ ကျွန်မ သိပါတယ်၊ ကျွန်မ ဘယ်လိုပဲ ရှင်းပြပါစေ၊ ကိုကြီးက လက်ခံမှာ မဟုတ်ဘူး၊ ကိုကြီး နားလည်အောင် ဘာလုပ်ရမှန်း ကျွန်မ တကယ် မသိတော့ဘူး"

"ဒီအကြောင်းတွေ ငါ ထပ်ပြီး မဆွေးနွေးချင်ပါဘူး လှလွန်းဆွေ၊ ငါ့မှာ အချိန်သိပ်မရှိဘူး၊ ပြန်ထွက်ဖို့ကိစ္စတွေ လုပ်ရဦးမယ်" ဟု ဆိုကာ ခြေလှမ်းပြင်လိုက်သည်။

"နေပါဦး . . . ကိုကြီး"

သူ လှမ်းလက်စခြေကို ရပ်တန့်လိုက်ပြီး . . . "ဘာလဲ . . . မင်းက လက်ထပ်ဖို့ကိစ္စကို သဘောတူလက်ခံတယ်လို့ ပြောမလို့လား" ဟု ခပ်တည်တည်နှင့် တမင်တကာ မေးလိုက်သည်။ သူမ တွေခနဲဖြစ်သွားပြီး ချက်ချင်းပင် ခေါင်းကို ခါယမ်းလိုက်သည်။

"အဲဒီအကြောင်း မဟုတ်ဘူးဆိုရင် ဘာမှ ဆက်ပြောမနေပါနဲ့၊ မင်းနဲ့ငါ့အကြားမှာ တခြားပြောစရာစကား မရှိဘူး၊ မင်းက ငါ့ကို မယုံကြည်သလို ငါကလည်း မင်းကို မယုံကြည်ပါဘူး . . . လှလွန်းဆွေ၊ အတူတူပါပဲ . . . မထူးပါဘူး"

http://www.cherrythitsar.org


"ဟုတ်တယ် . . . ကျွန်မ ကိုကြီးကို မယုံကြည်ရုံတင် မကဘူး၊ မုန်းလည်း မုန်းပါတယ်"

"ငါ သဘောပေါက်ပါတယ်"

"ကျွန်မ ဒီကိုလာမိတာ မှားသွားပြီ၊ ကျွန်မ ပြန်မယ်"

ဟုပြောကာ ကားရပ်ထားရာဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။

တိုက်နံရံကို ရိုက်ခတ်ပြီး အလင်းပြန်သည့် ကျနေ၏ နီကျင်ကျင်အရောင်ဟပ်နေသဖြင့် သူမ၏မျက်နှာသည် ပို၍ လှနေသည်ထင်မိ၏။ ဤမျက်နှာကို မြင်ရခြင်းမှာ ဤတစ်ခါ နောက်ဆုံး ဖြစ်လိမ့်မည် ထင်သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၂၃ ■

အမူးပြေသွားအောင် မျက်နှာကို ခပ်ကြာကြာသစ်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက် ကြည့်မှန်ထဲမှ ကိုယ့်ကိုယ်ကိုယ် အသေအချာ ပြန်ကြည့်မိသည်။ ထင်ယောင်ထင်မှားနှင့် ခဏအိပ်မိပြီး အိပ်မက်, မက်နေသည်လား။

ပြန်လည် စဉ်းစားကြည့်သည်။ ယခု ညနေပဲ။ စာရေး ကိုဌေးဝင်းနှင့် အပျော်လွန်ပြီး သောက်မိသဖြင့် မူးသွားသည်။ ဆိုင်ထဲက ထွက်လာချိန်က ဆယ်နာရီလား မသိ။ တော်တော့်ကို ညဉ့်နက်ပြီး ကားငှားရခက်သည်ကို အမှတ်ရသည်။ ထို့နောက် ဟိုတယ်ပြန်ရောက်သည့်အခါ ဧည့်ကောင်တာမှတစ်ယောက်က ဆီးကြို၍ သတင်းပေးသည်။

ဖုန်းနံပါတ်တစ်ခုတည်းက သူ့ဆီသို့ ဖုန်းခေါ်သည်မှာ သုံးလေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ပြန်ရောက်လျှင် အသိပေးပါဟုဆိုကြောင်း ရှင်းပြပါသည်။ ဖုန်းနံပါတ်ကိုကြည့်ပြီး မည်သူ့ဖုန်းဟု စဉ်းစား၍မရ။ ထို့ကြောင့် ကျွန်တော်ပြန်ရောက်ပြီလို့ပြောလိုက်ပါဟုဆိုကာ အိပ်ခန်းသို့ တက်လာခဲ့သည်။ ဤမျှထိ ကောင်းကောင်းမှတ်မိသေးသည်။

နောက်ပိုင်း အိပ်ပျော်သွားသည်လား၊ နိုးနေသည်လား မသိ။

http://www.cherrythitsar.org


ဖုန်းဝင်လာသဖြင့် ကိုင်လိုက်သည်။

တစ်ဖက်မှ ဖုန်းပြောသူက လှလွန်းဆွေဖြစ်နေသဖြင့် အံ့အားသင့်သွားသည်။

"ကိုကြီး သိပ်မူးနေတယ် ထင်တယ်၊ ကျွန်မပြောတာတွေကို သိရော သိရဲ့လား၊ မသိဘူးဆိုရင် မနက်ကျမှ ဖုန်း ပြန်ဆက်မယ်"

"ငါ သိပါတယ် လှလွန်းဆွေ . . . ဘာပြောချင်လို့လဲ"

"ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ ကိုကြီးရဲ့ကမ်းလှမ်းချက်ကို လက်ခံတယ်"

နားကြားမှားသွားနိုင်သည့် စကား။ ထို့ကြောင့် သေသေချာချာ ထပ်မေးမိသည်။

"မင်း ဘာကို ဆုံးဖြတ်လိုက်တာလဲ၊ ငါနဲ့ လက်ထပ်ဖို့ကိစ္စလား"

"ဟုတ်တယ် . . . သဘောတူတယ်၊ ကိုကြီး ကျွန်မ ပြောတာ ကြားတယ်နော် . . . "

"ငါ ကြားပါတယ် . . . လှလွန်းဆွေ"

"ဒါဆိုရင် မနက်ဖြန် စီစဉ်စရာရှိတာ စီစဉ်ပြီးရင် လာခေါ်ပါ၊ ကျွန်မ အိမ်ကပဲ စောင့်နေမယ်၊ ကိုကြီး နားလည်တယ်နော် . . . "

ဟုပြောကာ ဖုန်းချသွားသည် ထင်၏။ ဖြစ်နိုင်ပါ့မလား။ ညနေကပဲ ရုံးခန်းအောက်တွင် သူမနှင့် တွေ့ဆုံခဲ့သေးသည်။ ဇဝေဇဝါနှင့် ဖုန်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၂၄ ■

အချစ်ကို မရေရာသည့်စွဲငြိခြင်းတစ်ခုနှင့် စတင်ခဲ့သည်ဟု ပြော ချင်ပါသည်။

တကယ်ပင် မရေရာ မသေချာခဲ့။ နံရံပေါ်တွင် အိမ်ဖွဲ့တတ် သည့် ပင့်ကူ၏ ပထမဦးဆုံး ပိုးချည်မျှင်လိုပင် . . သေးသေးမွှားမွှား။ မြင်ပင်မမြင်ရအောင် သေးငယ်ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ် ရန်ကုန်သို့ပြန်ရောက်ခါစ။ သူငယ်ချင်းဖြစ်သည့် ကျော်ဦး နှင့်တွေ့ဆုံရန် ချိန်းဆိုထားပြီး၊ ညစျေးတန်းတစ်နေရာတွင် စောင့် ဆိုင်းနေစဉ်ကဖြစ်သည်။ ကားရပ်ရန်နေရာ ရှာဖွေနေသည့် ကား တစ်စီးပေါ်မှ သူမကို အမှတ်မထင် မြင်တွေ့ခဲ့သည်။ ကားကလည်း သူရပ်နေသည့်နေရာမှ ရှေးချယ်ပြီး နောက်ဆုတ် . . . ထိုးရပ်၏။

ကားပေါ်မှ အဆင်းတွင် အကြည့်ချင်းဆုံသည်။

ဒါပါပဲ။

သူမ ဘယ်ကလဲ၊ ဘယ်သူလဲ မသိ။ လွတ်လပ်သူ တစ်ယောက် လား . . . မရေရာ။ သို့ရာတွင် မြို့ပြ၏ ပျားပန်းခတ်မျှ များပြား သည့်လူအုပ်ထဲမှ သေချာမှုတစ်ခုတော့ ရှိသည်။ မဖြစ်စဖူး စွဲမက် ရင်ခုန်မှုကို ခံစားလိုက်ရ၏။

http://www.cherrythitsar.org


ပင့်ကူသည် ဆက်လက်ပြီး ယက်လုပ်ပြန်၏။

နောက်တော့ သူမကို လှလွန်းဆွေ၊ ဖခင်၏ မွေးစားသမီး၊ ပို့ပေးခဲ့ရသည့်ကား၏ပိုင်ရှင်ဟု တစ်စတစ်စ သိလာခဲ့သည်။ ယခုတော့ ထိုမရေရာမှုများက အိမ်ဖွဲ့ပြီး အချစ်တစ်ခု ပီပီပြင်ပြင် ဖြစ်လာလေ၏။ ယခုတော့ ပင့်ကူအိမ်တွင် ဝင်တိုးမိသည့်သူကဲ့သို့ ပြန်လမ်းမရှိတော့ပြီ။ အချစ်၏စေးကပ်ခြင်းများနှင့် ရုန်းထွက်၍မရတော့။

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၂၅ ■

ဂျင်မီက အဝတ်အစားထည့်ယူလာသည့် ကျွတ်ကျွတ်အိတ်ကို လှမ်းပေးရင်း . . . "ကျွန်တော့်ကို ရခိုင်လုံချည် ယူလာခိုင်းတာ ဘာကြောင့်လဲ ကိုနိုင်ကြီး" ဟု နားမလည်သလို မေးလိုက်သည်။

ဘောင်းဘီအမြဲဝတ်နေကျဖြစ်သဖြင့် ယနေ့မနက်မှ ရခိုင်လုံချည် ယူလာခိုင်းသည်ကို အထူးအဆန်းဖြစ်နေဟန်တူသည်။

"သိပ်ပြီး အမေးအမြန်း မထူစမ်းပါနဲ့ကွာ၊ ငါ့မှာ ကိစ္စတစ်ခုရှိလို့ပါ၊ ဒါနဲ့ မင်းယူလာတဲ့ကားကို ငါ သုံးလို့ရမလား"

"ကိုနိုင်ကြီး ဘယ်အချိန်ထိ သုံးချင်လို့လဲ"

"ဒီမနက်လေးတင်ပါ"

"ဒီလိုဆိုရင် ဖြစ်ပါတယ်၊ ကားကိုနေ့လယ်မှာ သွားထိုးလည်း ဖြစ်ပါတယ်"

"ဒီနေ့ မင်းဆီက အကူအညီတောင်းရလိမ့်မယ်၊ မင်း လက်ထပ်စာချုပ်တွေ လုပ်တဲ့နေရာကို သိတယ်မဟုတ်လား ဂျင်မီ"

"ကျွန်တော်တို့ ကားအရောင်းအဝယ်လုပ်နေကျရုံးခန်း ရှိတယ်လေ၊ အဲဒီမှာလည်း လက်ထပ်စာချုပ် လုပ်လို့ရတယ်၊ ကျွန်တော်နဲ့ ရင်းနှီးပါတယ် ကိုနိုင်ကြီး"

http://www.cherrythitsar.org


"ဒီလိုဆိုရင် အဆင်ပြေတာပေါ့" ဟု ပြောကာ ရခိုင်လုံချည် ကောက်ဝတ်ပြီး လဲလိုက်သည်။ ဂျင်မီကိုပဲ ခေါ်သွားပြီး၊ အစအဆုံး ကူညီခိုင်းရမယ်ဟု စိတ်ကူးလိုက်သည်။

# ■ ၂၆ ■

ကိုစိုးစိုး၏ကားကို သူ မှတ်မိပါသည်။ ခပ်လှမ်းလှမ်းကတည်းက မြင်သည်။

သူတို့ထိုင်စောင့်နေသည့် လက်ဖက်ရည်ဆိုင်ကို အဖြတ်တွင် ကိုစိုးစိုး တစ်ချက်ကြည့်သွားသည်။ ထို့နောက် မနီးမဝေးတွင် ရပ်တန့်လိုက်၏။ ကားပေါ်တွင် လှလွန်းဆွေ ပါလာသည်ကိုမြင်သည်နှင့် ရင်ထဲတွင် လှုပ်ခတ်သွားသည်။ နာကျင်ခြင်းတစ်ခု ဖြစ်မည်ထင်၏။ မည်သည့်အတွက် နာကျင်မှုဖြစ်သည်ကို မသိပါ။

"သူတို့လာပြီ . . . " ဟု ဂျင်မီကိုပြောပြီး သူ ထရပ်လိုက်သည်။

လှလွန်းဆွေသည် ကားပေါ်မှဆင်းပြီး ရပ်နေသည်။ ဒီနေ့တွင် ရိုးရိုးယဉ်ယဉ် ဝတ်စားထားသည်။ သို့ရာတွင် ပွဲဝင်သည့် သတို့သမီးကဲ့သို့ ဆံထုံးတွေ၊ သဇင်ပန်းတွေနှင့် မဟုတ်ချေ။ သာမန်အလှူပွဲတစ်ခု သွားသကဲ့သို့ ဝတ်စားထားခြင်းဖြစ်သည်။ ဤပုံစံနှင့်လည်း သူမသည် ကြည့်ကောင်းပြီး လှနေသည်။

လှလွန်းဆွေသည် သူ့ကိုမြင်သည်နှင့် မျက်နှာက ယောင်ယောင်လေး တင်းသွားသည်။ မနှစ်မြို့သည့်မျက်လုံးများဖြင့် ဝေ့ခနဲ တစ်ချက်ကြည့်သည်။ မျက်နှာတွင် ရှက်ရွံ့ခြင်းထက် ဒေါသဖြစ်နေခြင်းက

http://www.cherrythitsar.org


ပိုကဲနေသည် ထင်၏။

"ကိုနိုင်ဇော် . . . ကျွန်တော် ဘာကူညီရမလဲ" ဟု နံဘေးတွင် ရပ်နေသည့်ကိုစိုးစိုးက ဆီးပြောသည်။

"ဘာမှ မလိုအပ်ပါဘူး . . . ကိုစိုးစိုး၊ ကျွန်တော် အားလုံး ပြော ထားပြီးပြီ၊ လက်ဖက်ရည်ဆိုင်ကပဲ စောင့်နေပါ၊ လက်မှတ်ထိုးခါနီးမှ ကျွန်တော် လှမ်းခေါ်လိုက်မယ်၊ ကိုစိုးစိုး ဖြစ်ပါတယ်နော်" ဟု သူက အားနာသည့်အသွင်ဖြင့် ရှင်းပြလိုက်သည်။

"ကျွန်တော့်ကို ဘာမှအားမနာပါနဲ့ ကိုနိုင်ဇော်၊ အေးအေးဆေး ဆေး လုပ်ကြပါ" ဟုပြောပြီး ဆိုင်ဘက်သို့ ထွက်သွားသည်။ ကိုစိုးစိုး၏ မျက်နှာက ပြုံးပြုံးရွှင်ရွှင်ပင် ဖြစ်နေသည်။ စိတ်ပျက်ခြင်း၊ နာကြည်း ခြင်းတို့ကို အလျဉ်းမတွေ့ရ။ ဤသည်မှာ ဟန်ဆောင်မှုတစ်ခုဟု ဆိုပါက အင်မတန် ချီးကျူးရပေလိမ့်မည်။

"ကဲ . . . လှလွန်းဆွေ၊ မင်း ဒီအချိန်မှာ နောက်ဆုံး တို့ကို ဘာများပြောချင်သေးလဲ"

သူမဘက်သို့ မျက်နှာမူပြီး လှည့်မေးလိုက်သည်။ သူမ နားမလည်သလိုဖြင့် ပြန်ကြည့်ပြီး . . .

"ဟင့်အင်း . . . ပြောစရာမရှိပါဘူး ကိုကြီး၊ ဒါပေမယ့် ပြောထား ချင်တယ်၊ ကိုကြီး အရက်လျှော့သောက်ဖို့ ကောင်းတယ်၊ လုံးလုံး မသောက်ပါနဲ့ တားလို့ရမှာ မဟုတ်တာကြောင့် ဒီစကားကို ပြောရတာ ပါ၊ ကျွန်မနဲ့အတူနေတဲ့ အချိန်တွေမှာ မသောက်စေချင်ဘူး၊ ဒါပါပဲ"

သူ အံ့အားသင့်မိသည်။ လှလွန်းဆွေသည် ဤကိစ္စနှင့် ပတ် သက်၍ မကျေနပ်ကြောင်း ပြောလိမ့်မည်ဟု ထင်ထားခဲ့သည်။ ယခု တော့ ခင်ပွန်းဖြစ်လာမည့်သူတစ်ယောက်ကို ပြောသကဲ့သို့ ရိုးရိုးပင်

ပြောနေ၏။

"ကိုစိုးစိုးက အသိသက်သေအဖြစ် လက်မှတ်ထိုးရမှာ ကျေနပ်ရဲ့လား"

"ကိုကြီး ဘာကို မေးတာလဲ"

"ကိုစိုးစိုးက မင်းနဲ့ပတ်သက်တဲ့လူလို့ ငါထင်တယ်" . . . ဟု တည့်တည့်မေးလိုက်ရတော့သည်။ ထိုအခါတွင် သူမက ဆတ်ခနဲ မျက်စောင်းထိုးလိုက်ပြီး . . .

"ကိုစိုးစိုးနဲ့ ကျွန်မက ဘာမှမပတ်သက်ပါဘူး၊ ရိုးရိုးသားသား ခင်မင်ကြတဲ့ မိတ်ဆွေတွေပါ၊ ဒီအချိန်မှာ ဒီအကြောင်းကို ဘာဖြစ်လို့ မေးရတာလဲ"

"အော် . . . တော်ကြာ မင်းရဲ့ချစ်သူဖြစ်နေရင် စိတ်ဆင်းရဲနေမှာ စိုးလို့၊ ဘာမှမဟုတ်ရင် ပြီးတာပါပဲ" ဟု ပြောရင်း အကဲခတ် စောင့်ကြည့်လိုက်သည်။

သူမက ဒေါသတကြီးနှင့် ပြန်ကြည့်ပြီး . . . "ကျွန်မမှာ ဘာ ချစ်သူမှ မရှိဘူး၊ ဘယ်သူ့ကိုမှလည်း မချစ်ဘူး" . . . ဟု မာထန်စွာ ပြန်ပြောသည်။

သူ သဘောကျစွာ ပခုံးကို တွန့်လိုက်မိသည်။

"ဒီလိုဆိုရင် ပြီးတာပဲ၊ ကဲ . . . သွားကြရအောင်"

❖ ❁ ❖

လျှောက်လွှာစာရေးက နံရံတွင် ချိတ်ဆွဲထားသည့် လက်ထပ်စာချုပ်

http://www.cherrythitsar.org


များကိုသာမက အံဆွဲထဲတွင် ထည့်သိမ်းထားသည့် စာချုပ်များကိုပါ ထုတ်ပြသည်။ ဂျင်မီက မိတ်ဆက်ပေးထားသဖြင့် ပို၍ ဂရုတစိုက် ရှိသည်။

"မင်း ဘယ်စာချုပ်ကို သဘောကျသလဲ . . . လှလွန်းဆွေ၊ မင်း ကြိုက်တာ ရွေးပါ၊ နောက်ကျရင် မင်းသိမ်းဆည်းထားရမှာ မဟုတ်လား"

သူမ၏မျက်နှာကို အသေအချာ အကဲခတ်ကြည့်ရင်း မေးလိုက်သည်။ သူမ၏မျက်နှာတွင် ချွေးစို့စို့ ထွက်နေသည်ကို သတိပြုမိ၏။ မျက်လုံးများကလည်း အမည်မသိသည့် ခံစားမှုအရောင်တို့နှင့် လက်ခနဲ ပြေး၍နေ၏။

"ကိုကြီး သဘောကျတာ ယူပါ၊ ကျွန်မ မရွေးတတ်ဘူး"

"ဒီလို မပြောနဲ့လေ . . . တစ်ခုခုတော့ ရွေးမှပေါ့"

ထိုအခါတွင် သူမက စာချုပ်တစ်ခုကို လက်ညှိုးထိုးပြသည်။ "ဒါဆိုရင် ကောင်းမယ်ထင်တယ်နော်" ဟု အသံတုန်တုန်နှင့် ပြန်မေးသည်။

"မင်း ဒါကိုကြိုက်တာ သေချာတယ်နော် . . ."

"အင်း . . ." ဟု သူမ ခေါင်းညိတ်လိုက်သည်။

သူက ထိုစာချုပ်အား ရွေးယူပြီး လျှောက်လွှာစာရေးကို ပေးလိုက်သည်။ ထို့နောက် သူမအား အနီးဆုံးခုံတစ်လုံးတွင် ထိုင်လိုက်ပြီး . . .

"တို့ ဒီလိုလက်ထပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကိုစိုးစိုးတို့မိသားစုက ဘာတွေပြောကြသလဲ" ဟုမေးကြည့်လိုက်သည့်အခါ သူမက တွေခနဲ တစ်ချက်ငိုင်သွားသည်။

http://www.cherrythitsar.org


"ဘာမှ မပြောပါဘူး . . . ကိုကြီး၊ ဒါပေမယ့် ဒီလို ပြုန်းစားကြီး လက်ထပ်မယ်ဆိုတော့ အံ့ဩကြတာပေါ့၊ အန်တီတို့က သူတို့အိမ်မှာ လက်မှတ်ထိုးကြဖို့ ပြောပါသေးတယ်၊ သူတို့လည်း ဖြစ်မြောက်အောင် ကူညီချင်ကြပါတယ်၊ သူတို့က စိတ်ရင်းစေတနာကောင်းကြတဲ့သူ တွေပါ . . ."

သူ ခေါင်းညိတ်ပြီး၊ လက်နှိပ်စက် ရိုက်နေသည်ကို ပြန်လှည့် ကြည့်လိုက်သည်။ စာရေးက သူ့အလုပ်ကို သူကျွမ်းကျင်စွာ လုပ်ကိုင် နေသည်။ တဖြောက်ဖြောက် . . . လက်နှိပ်စက်သံနှင့်အတူ သူမ၏ မျက်နှာက ရှက်ရွံ့ခြင်းကြောင့် ပို၍ နီမြန်းလာသည်ထင်ရ၏။

"သတို့သားနာမည်နဲ့ မှတ်ပုံတင်နံပါတ် . . ." ဟု စာရေးက လှည့်မေးသည်။ သူက မှတ်ပုံတင်ထုတ်ပြီး လှမ်းပေးလိုက်သည်။ ထို့နောက် သတို့သမီး၏ ကွက်လပ်နေရာသို့ ရောက်လာသည်။ "သတို့သမီးနာမည် . . ." ဟု ထပ်မေးပြန်သည်။

"လှလွန်းဆွေ" ဟု သူမ အားယူပြီး ဖြေလိုက်သည်။

သူက ကြားထဲမှ "မင်းရဲ့မှတ်ပုံတင်ကို ပေးလိုက်လေ" ဟု ဝင် ပြောလိုက်သည်။ ထိုတော့မှ သူမ သတိရသည့်အသွင်နှင့် လက်ကိုင် အိတ်ထဲမှ မှတ်ပုံတင်ကို ထုတ်ယူသည်။ ထို့နောက် သူ့ကို လှမ်းပေး သည်။ မျက်နှာတွင် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ထားနိုင်ပါသော်လည်း လက်တွေကမူ ထိန်းချုပ်၍မရပါ။ မသိမသာ တဆတ်ဆတ် တုန်ရီနေ သည်။

သူက သူမ၏မှတ်ပုံတင်ကို အသေအချာ ကြည့်လိုက်ပြီး . . .

"ဒါ မင်းရဲ့မှတ်ပုံတင်ဆိုတာ သေချာပါတယ် . . ."

ထိုအခါမှ သူမ၏မျက်ဝန်းမှ ဒေါသအငွေ့အသက်ကို မြင်ရ

http://www.cherrythitsar.org


တော့သည်။

“ကျွန်မရဲ့မှတ်ပုံတင်မဟုတ်လို့ ဘယ်သူ့မှတ်ပုံတင် ဖြစ်ရမှာလဲ”

“မသိပါဘူးကွာ . . . တခြားတစ်ယောက်ဆီကများ ခိုးယူလာတာလားလို့ . . .” ဟု သူ ခနဲ့တဲ့တဲ့နှင့် ပြောလိုက်သည်။

“ဒီနေရာမှာ ကျွန်မ ရန်မဖြစ်ချင်ဘူး ကိုကြီး၊ အဲဒီတုန်းက ရိုးရိုးသားသားမှားခဲ့တာပါလို့ ကျွန်မ အကြိမ်ကြိမ်အခါခါ ရှင်းပြခဲ့ပါပြီ၊ ဒါကို ကိုကြီး ခုထိမကျေနပ်နိုင်သေးဘူးလား၊ ဒီမှာ ကျွန်မရဲ့ဘဝတစ်ခုလုံး ပေးအပ်ထားပြီပဲ၊ နောက်ထပ် ပေးဆပ်စရာ မရှိတော့ဘူးထင်တယ်”

“ဟုတ်ပါတယ်၊ တို့ရဲ့စကား မှားသွားတယ်”

ဟုပြောပြီး စာရေးဆီသို့ သူမ၏မှတ်ပုံတင်ကို လှမ်းပေးလိုက်သည်။

သူမ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး စာချုပ်ကိုသာ ကြည့်နေသည်။ ပြောချင်သည့်စကားလုံးများကို မျိုသိပ်ထားရဟန်တူ၏။ စိတ်လှုပ်ရှားမှုကြောင့် မျက်တောင်က ဖျတ်ခနဲ ဖျတ်ခနဲ မကြာခဏ ခတ်နေသည်ကို သတိပြုမိသည်။

အသိသက်သေ၏နေရာတွင် ဂျင်မီနှင့်ကိုစိုးစိုးတို့နှစ်ယောက်ကို ထည့်သွင်းလိုက်သည်။

ထို့နောက် စာရေးက ရိုက်ပြီးသွားသောစာချုပ်ကို ဆွဲယူပြီး . . .

“ခဏ စောင့်ရလိမ့်မယ်၊ ကျွန်တော် တရားသူကြီးကို အရင်အကြောင်းကြားမယ်၊ ပြီးရင် ကျွန်တော်လက်မှတ်ထိုးဖို့ ခေါ်လိုက်မယ်” ဟု လှည့်ပြီး ရှင်းပြသည်။

သူက သက်ပြင်းကို အသာချလိုက်ပြီး . . “တော်ပါပြီ၊ ဒီလောက်ပါပဲ . . .” ဟု ပြောကာ စာချုပ်ကို လှမ်းတောင်းလိုက်သည်။

http://www.cherrythitsar.org


စာရေးက နားမလည်နိုင်စွာဖြင့် ပြန်ပေးသည်။

ထို့နောက် သူက သူမ၏ခေါင်းကို ချစ်ခင်စွာဖြင့် ခပ်ဖွဖွ ပုတ်လိုက်ပြီး . . .

"မင်းကို ငါ ယုံကြည်ပါပြီ . . . လှလွန်းဆွေ၊ မင်းရဲ့စိတ်က အဖေနဲ့ပတ်သက်ရင် တကယ့်ကို ခိုင်မာပြတ်သားပါတယ်၊ ဒါကြောင့်လည်း အဖေက မင်းကို စိတ်ချလက်ချနဲ့ အမွေတွေအကုန်လုံး လွှဲအပ်ခဲ့တယ်ဆိုတာ တို့နားလည်ပါပြီ"

ဟု လှိုက်လှဲစွာ ချီးကျူးလိုက်မိသည်။ သူမနှင့်ပတ်သက်ပြီး မည်သည့်သံသယမှ မရှိတော့။ ရင်ထဲတွင် ရှင်းသွားခဲ့ပါပြီ။

"ကဲ . . . ထ၊ တို့ ပြန်ကြမယ်"

သူမက ဇဝေဇဝါနှင့် မော့ကြည့်နေသေးသည်။

"စိတ်ချပါ၊ ငါက မင်းထင်သလို တစ်ဇွတ်ထိုးလုပ်တတ်တဲ့လူ မဟုတ်ပါဘူး၊ ဒီကိစ္စကလည်း တကယ်မဟုတ်ပါဘူး၊ ဒီလောက်ထိ မမိုက်မဲပါဘူး၊ မင်း ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်နိုင်ပါပြီ . . . "

သူမ တစ်ခဏ ကြောင်နေသေးသည်။ လှောင်ချိုင့်တံခါးကို ရုတ်တရက် ဖွင့်ပေးလိုက်သည့်အခါ တစ်ခဏ မှင်တက်ပြီး ထမပျံသည့် ငှက်ငယ်နှင့် ဆင်တူသည်ထင်၏။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# အခန်း ( ၇ )

http://www.cherrythitsar.org

■ ၁ ■

"ကျွန်မ မီးမီးနဲ့အန်တီကို ဘယ်လိုရှင်းပြရမယ် မသိဘူး၊ ဒီက ပြန်သွားရင် မေးကြဦးမှာ . . . " ဟု သူမ ရှက်ရွံ့ မျက်နှာပူပူနှင့် ပြောလိုက်မိသည်။

ကိုစိုးစိုးက ကော်ဖီခွက်ကိုကိုင်ထားရင်း ရောယောင်၍ ပြုံးလိုက်သည်။

"ကျွန်တော်နဲ့ ကိုဂျင်မီက အသိသက်သေလက်မှတ် ထိုးဖို့ ထိုင်စောင့်နေကြတာ၊ အဲဒီတုန်းက ကျွန်တော် ကိုဂျင်မီ့ကို မေးကြည့်သေးတယ်၊ ကိုဂျင်မီလည်း ဘာမှမသိဘူး၊ ပြုန်းစားကြီး လက်ထပ်တော့မယ်ဆိုလို့ လိုက်ပြီးစီစဉ်ပေးရတာလို့ ပြောတယ်၊ ကိုနိုင်ဇော် လက်ထပ်မယ့်လူက မဆွေဖြစ်နေလို့ သူတောင် အံ့သြမိတယ်တဲ့၊ ဘယ်လိုက ဘယ်လို ဖြစ်သွားကြတာလဲဆိုတာ သူ စဉ်းစားမရဘူးတဲ့"

သူမ ကော်ဖီမသောက်နိုင်ဘဲ ရယ်လိုက်မိသည်။ ဤအဖြစ်က ယခုမှ ရယ်စရာကောင်းနေသော်လည်း ထိုအချိန်ကမူ ရင်မှာ မီးတောက်သလို ပူပြင်းနေခဲ့သည်။ မကျေမနပ် ခံပြင်းသည့်စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားနေရသည့်အချိန်ဖြစ်သည်။

"အခုလို ဆိုင်တစ်ဆိုင်ဝင်ထိုင်ပြီး မဆွေ မရှင်းပြဘူးဆိုရင်

ကျွန်တော် ရေရေလည်လည် ဘယ်သဘောပေါက်ပါ့မလဲ၊ ကိုနိုင်ဇော်က မဆွေကို တစ်ခါမှ မမြင်ဖူးတာကိုး၊ သူ့အဖေက မဆွေကို ခေါ်ယူပြီး မွေးစားတဲ့အချိန်ကစပြီး ဒီနေ့အထိ သူ့အဖေနဲ့ သူကလည်း အဆက်အသွယ်ပြတ်နေတာ မဟုတ်လား၊ ဒီကြားထဲ မဆွေကလည်း လူမှားပြီး ဖမ်းခိုင်းလိုက်သေးတယ်၊ အင်းလေ . . . ကိုနိုင်ဇော်ဘက်က ကြည့်တော့လည်း တော်တော်ခံစားရမှာပဲ၊ အဲဒါတွေကြောင့် မဆွေအပေါ်မှာ သူ သံသယအကြီးအကျယ်ဝင်သွားတာ ဖြစ်မယ်ထင်တယ်”

သူမ သဘောတူသည့်အနေနှင့် ခေါင်းညိတ်ပြလိုက်ပြီး . . .

“ဒါပေမယ့် ဒီလောက်ထိ ကိုကြီးလုပ်ဖို့မကောင်းပါဘူး ကိုစိုးစိုးရယ်၊ ကျွန်မမှာ လူတွေအားလုံး သိကုန်ကြပြီ၊ ဘယ်လို ရှင်းပြရမယ် မသိဘူး”

“ခုဆိုရင် ကျွန်တော် ဝိုင်းကူပြီး ရှင်းပေးလို့ရပါတယ်၊ ဒါနဲ့ မဆွေတို့ရိုက်ထားတဲ့ လက်ထပ်စာချုပ် ဘယ်မှာလဲ . . . ပြစမ်းပါဦး”

ကိုစိုးစိုးမေးတော့မှ သတိရသည်။ သူမ မွှန်ထူပြီး ဘာကိုမှ သတိမထားနိုင်ခဲ့။ သူမ မယူခဲ့တာတော့ သေချာပါသည်။

“ကျွန်မဆီမှာ မရှိဘူး ကိုစိုးစိုး၊ ကိုကြီး ယူသွားသလား မသိဘူး၊ တော်ကြာ အဲဒီရုံးခန်းထဲမှာ မေ့ကျန်ခဲ့ရင် ဒုက္ခပဲ”

“ဒီကအပြန် ဝင်ကြည့်မလား မဆွေ”

“နေပါစေတော့ ကိုစိုးစိုးရယ်၊ အဲဒါကြီးကို ယူထားလို့လည်း မဖြစ်ပါဘူး” ဟု သူမ စိတ်ရှုပ်ရှုပ်နှင့် ပြောလိုက်သည့်အခါ ကိုစိုးစိုး တဟားဟား . . . ရယ်တော့သည်။

“သံသယတွေရှင်းပြီး နားလည်သွားကြပြီဆိုတော့ မဆွေပြန်ဖို့ပဲ

ရှိတာပေါ့၊ ဘယ်နေ့ပြန်မှာလဲ၊ ကိုနိုင်ဇော်ကော လိုက်မှာလား”

“ကိုကြီး လိုက်ခဲ့မယ်လို့ ကတိပေးသွားပါတယ်၊ မနက်ဖြန် လေယာဉ်လက်မှတ်ဝယ်ဖို့ စိတ်ကူးထားတယ်၊ မြန်မြန် ပြန်ရမှာ၊ ကိုကြီးက သိပ်အချိန်မပေးနိုင်ဘူး၊ သူ သင်္ဘောပေါ်ပြန်တက်ဖို့ စီစဉ်ထားပြီးပြီလေ၊ သုံးလေးရက်ပဲ ရလိမ့်မယ်တဲ့၊ ဟိုပြန်ပြီး အမွေစာချုပ်တွေ လက်မှတ်လိုက်ထိုးပေးရုံပဲ လိုက်မှာပါ‥”

သူမ သွက်လက်စွာ ရှင်းပြလိုက်မိသည်။

❖ ❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၂ ■

လေယာဉ်သည် ပြေးလမ်းမှလွတ်ကာ တဖြည်းဖြည်း ထိုးတက်သွား
ခြင်းကို ပြတင်းမှတစ်ဆင့် သူမ, မြင်တွေ့နေရသည်။ အမြင်အာရုံ၏
ချိန်ဆမှားယွင်းမှုသဘာဝကြောင့် လေယာဉ်ကွင်း အဆောက်အအုံ
နှင့် မြေပြင်တို့က အောက်သို့ နိမ့်ဝင်သွားသကဲ့သို့ ထင်ရ၏။

သူမသည် မယုံကြည်နိုင်သလို နံဘေးထိုင်ခုံကို လှည့်ကြည့်မိ
သည်။ အသေအချာ သူပါလာကြောင်းသိပေမယ့် စိတ်ထဲက မယုံ
ကြည်နိုင်သလို ဖြစ်နေသည်။ ဤသည်မှာလည်း စိတ်၏ အထင်မှား
ယွင်းမှုတစ်ခုကြောင့် ဖြစ်ပါလိမ့်မည်။

သူသည် သူမ၏နံဘေးထိုင်ခုံတွင် ထိုင်လျက်ရှိနေ၏။ အတန်
အသင့် ရှည်သောဆံပင်နှင့် ချောမောပြေပြစ်သည့် သူ့မျက်နှာတွင်
တည်ငြိမ်မှုရှိနေသည်။ မည်သည့်သံသယမှ မရှိသည့်အသွင် စိတ်ချ
လက်ချ ယုံကြည်ထားသည့်ဟန်ပန်။ ဟိုယခင် သူမ မြင်တွေ့ခဲ့ရသော
မထီမဲ့မြင်အမူအရာမျိုး တစ်စက်မှ မရှိတော့။ လုံးဝ ပြောင်းလဲ၍ နေ
ပေပြီ။

ဤသို့ အပြန်ခရီးကို ခေါ်ဆောင်လာနိုင်ခြင်းမှာ သူမ၏ အောင်
မြင်မှုပဲ ဖြစ်ပါသည်။ ဖေဖေဆန္ဒရှိခဲ့သည့်အတိုင်း အမွေတွေကို

http://www.cherrythitsar.org


လက်ခံယူဖို့ လိုက်လာခဲ့ခြင်းဖြစ်သည်။ ဖေဖေသာ မြင်နိုင်ဦးမည်ဆိုလျှင် ဝင့်ကြွားစွာ ပြုံးလိုက်ချင်ပါသည်။ ဖေဖေ မအောင်မြင်ခဲ့သည့်ကိစ္စကို ယခု သူမ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါပြီ။

ထိုအောင်မြင်မှုအတွက် ပေးဆပ်လိုက်သည့် နှလုံးစိတ်ဝမ်းပင်ပန်းမှုနှင့် ထိုက်တန်သည်ဟု ထင်၏။ သူနှင့် တွေ့ဆုံချိန်မှ ယခုထိ ကာလသည် အိပ်မက်တစ်ခုလိုပင်။ မယုံကြည်နိုင်လောက်အောင် တွေ့ကြုံခံစားခဲ့ရပါသည်။

ယခုလည်း သူ့မျက်နှာကို ခိုးကြည့်လိုက်တိုင်း ရင်ထဲတွင် နွေးခနဲ ပူ၍သွားသည်။ ထိုခံစားမှုက မကျေနပ်ခြင်းပင် ဖြစ်သည်။ ယခုထိ စိတ်ဆိုးမပြယ်တတ်သေး။

သူမ၏ ခိုးခိုးအကြည့်ကို သတိထားသည့်အသွင်နှင့် . . .

"မင်း ဘာဖြစ်လို့ လှည့်, လှည့်ကြည့်နေတာလဲ၊ ငါ့ကို မယုံကြည်လို့လား"

ဟု ငဲ့စောင်းပြီး မေးလိုက်သည်။

"မယုံကြည်လို့ မဟုတ်ဘူး၊ မကျေနပ်လို့ . . ." ဟု ဆိုကာ ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်သည်။

"ငါ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ရှင်းပြခဲ့ပြီပဲ၊ ဒီကိစ္စကို မင်း နားလည်ခွင့်လွှတ်စေချင်တယ်၊ ငါ့ဘက်က မင်းကို ဘယ်လို သံသယမှ မရှိတော့ဘူး၊ နောက်ထပ် ငါ့ကြောင့် ဘာပြဿနာမှ မဖြစ်စေရပါဘူး ငါ ကတိပေးပါတယ်"

"ကျွန်မ ကိုကြီးဖြစ်လို့ ဒီလောက်သည်းခံနေတာ၊ အဲဒီအချိန်တုန်းက ဘယ်လောက်စိတ်ညစ်ခဲ့တယ် ထင်သလဲ၊ ဖြစ်နိုင်ရင် သေပစ်လိုက်ချင်တယ် သိလား"

http://www.cherrythitsar.org


"အဲဒီလို မလုပ်ပါနဲ့ကွာ၊ ဒီလောကထဲမှာ ငါ့မှာ တွယ်တာစရာဆိုလို့ မင်းတစ်ယောက်ပဲရှိတော့တယ်၊ တကယ်ပါ" ဟု သူက အလေးအနက် ပြောလိုက်သည်။

သူ့မျက်နှာတွင် နောက်ပြောင်ကျီစယ်လိုသည့် အရိပ်အယောင်လုံးဝမရှိချေ။ တကယ်စိုးရိမ်သည့်အကြည့်နှင့် ပြန်စိုက်ကြည့်နေသည်။

ထိုစကားက ရင်ကို နက်ရှိုင်းစွာ ထိုးဝင်လာသည် ထင်၏။

❖ ❖ ❖ ❖

http://www.cherrythitsar.org

■ ၃ ■

ရောက်, ရောက်ချင်းပင် အိမ်တွင် အထုပ်အပိုး၊ အိတ်များ ထားရစ်ခဲ့ပြီး၊ ရှေ့နေကြီးဆီသို့ အတူတူ ထွက်ခဲ့ကြသည်။ အဖေ ချန်ထားရစ်သည့် အမွေစာချုပ်ကိစ္စတို့ကို အပြီးအပြတ်လုပ်ဆောင်ပြီး ညနေစောင်းမှ အိမ်ပြန်ရောက်ကြသည်။

ထိုသို့ လုပ်ကိုင်နေသည့်တစ်ချိန်လုံး သူမ၏ ပြော စကားများကို သူ အာရုံစိုက်ပြီး နားထောင်ခဲ့သည်။ မည်သို့မှ ဝေဖန်ပြောဆိုခြင်း မရှိ။ မကန့်ကွက်။ မမေးမြန်း။ သူမ၏ သဘောဆန္ဒအတိုင်း လိုက်နာဆောင်ရွက်ပေးခဲ့သည်။ ဤသို့ ကျိုးနွံနေပြန်တော့လည်း သူ့အပေါ်တွင် သနားစိတ် ဝင်မိပြန်သည်။

ဧည့်ခန်းတွင် ခဏအနားယူပြီး ထိုင်နေစဉ် သူက သူမ၏ ပေါင်ပေါ်သို့ စာချုပ်စာတမ်းအားလုံးကို အသာအယာ လှမ်းတင်ပေးပြီး . . .

"ငါနဲ့အတူ ယူသွားလို့ မဖြစ်ဘူး . . . လှလွန်းဆွေ၊ မင်းပဲ သိမ်းဆည်းထားလိုက်ပါ"

"ကျွန်မ ဒါတွေ မယူချင်ဘူး ကိုကြီး၊ နောက်တစ်ကြိမ် သံသယ ဖြစ်ရင် ခက်လိမ့်မယ်" ဟု ပြောဆိုပြီး ငြင်းပယ်လိုက်သည်။

http://www.cherrythitsar.org


"မင်းကြိုက်သလို ပြောနိုင်ပါတယ်၊ ဒီအချိန်မှာ ငါ လုံးဝ စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ဒီစာရွက်စာတမ်းတွေကိုတော့ မင်းပဲ သိမ်းထားလိုက်ပါ၊ ဘာကြောင့်ဆိုတော့ တစ်စုံတစ်ခုဖြစ်လို့ ငါ သေဆုံးသွားခဲ့ရင် မင်းရဲ့ ပိုင်ဆိုင်မှုဖြစ်လာမှာမို့ပါ"

"ဟာ . . . ကိုကြီးက သိမ်းထားပါဆိုရင်လည်း ကျွန်မ သိမ်းထားပေးပါ့မယ်၊ ဒါပေမယ့် ဒီလိုမင်္ဂလာမရှိတဲ့စကားတော့ မပြောပါနဲ့"

သူမ စိုးရိမ်စွာဖြင့် တားဆီးလိုက်သည်။

"ပင်လယ်ဆိုတာက ပြောရခက်တယ် လှလွန်းဆွေ"

သူ ငေးငိုင်တွေးဆပြီး ပြတင်းဆီသို့ လှမ်းကြည့်နေသည်။

"ကိုကြီး သင်္ဘောပြန်မတက်ပါနဲ့လား၊ ဒီမှာပဲ စီးပွားရေးလုပ်လို့ရပါတယ်၊ ဒီလုပ်ငန်းတွေကို အရှုံးမပျက် လုပ်ကိုင်သွားရုံပါပဲ၊ မခက်ပါဘူး"

"ငါ ရှိနေရင် မင်း စိတ်ညစ်နေမှာပေါ့ . . . "

ရုတ်တရက် ပါးစပ်က စိတ်မညစ်ပါဘူးဟု ထွက်တော့မလို ဖြစ်သွားသေးသည်။ ချက်ချင်းပင် ပြန်ထိန်းလိုက်ရ၏။ တော်ကြာ တစ်မျိုးထင်မြင်ယူဆသွားပေလိမ့်မည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၄ ■

ညနေတွင် လေးလေးကို သွားခေါ်လာခဲ့ကြပြီး၊ ခြံဝင်းထဲတွင် ခုံများ ချခင်းကာ ဝိုင်းထိုင်ဖြစ်ကြသည်။ ထိုအခါ ဖေဖေရှိစဉ်ကာလများကို ပြန်လည်သတိရ အောက်မေ့မိသည်။ ဖေဖေလည်း ညနေတိုင်း ဤသို့ ထိုင်ရခြင်းကို သဘောကျသည်ပဲ။ ပင်လယ်ကမ်းခြေကို ငေးကြည့် ခံစားပြီး စကားစမြည်ပြောနေတတ်သည်မဟုတ်လား။

"တူကြီး . . . မင်း ချလေကွာ . . . " ဟု လေးလေးက ဘီယာ ဘူးကို ဖောက်ပြီး သူ့ကိုလှမ်းပေးသည်။ သူ မယူဘဲ ခေါင်းကို ခါ ယမ်းလိုက်သည်။

"ကျွန်တော် မသောက်ဘူး"

"မင်း မသောက်ဘူးလား၊ ငါ့စိတ်ထဲမှာ မင်းနဲ့ငါ အတူတူ သောက်ဖူးတယ် ထင်လို့"

လေးလေးက ထုံးစံအတိုင်း ဟိုမေ့ဒီမေ့နှင့်။ ယခင် သူတို့ နှစ်ယောက် သောက်ခဲ့ကြသည်ကို မေ့နေပြန်သည်။

"ကျွန်တော် သောက်တတ်ပါတယ် လေးလေး၊ ဒါပေမယ့် အခု သောက်လို့ မဖြစ်ဘူး၊ လှလွန်းဆွေကို ကျွန်တော် ပေးထားတဲ့ကတိ အတိုင်း စကားတစ်ခွန်းရှိလို့ပါ"

http://www.cherrythitsar.org


သူ့စကားကို လေးလေးက ဂရုမစိုက်ပေမယ့် သူမက ဂရုစိုက်မိသည်။

“ကိုကြီးပေးထားတဲ့ကတိက မဆိုင်တော့ဘူးလေ၊ အတူတူ နေဖြစ်တာမှ မဟုတ်ဘဲ” ဟု သူမ ရှက်ရွံ့စွာဖြင့် ဖြေရှင်းလိုက်ရသည်။

သူက သဘောကျစွာ ရယ်ပြုံးလိုက်ပြီး . . .

“ဘာပဲဖြစ်ဖြစ် မင်းဆီရောက်နေတဲ့အချိန်မှာ ငါ မသောက်ချင်ပါဘူး”

ဟု ပြန်၍ ပြောလေသည်။

❖ ❖ ❖ ❖

http://www.cherrythitsar.org

# ■ ၅ ■

နံနက်ခင်းတွင် မြို့ဦးစေတီကို ဖူးမြော်ကန်တော့ပြီးနောက် အဖေတို့ လဲလျောင်းရာအရပ်သို့ သတိတရနှင့် လှည့်ဝင်ဖြစ်ကြသည်။

ယှဉ်လျက်တည်ရှိနေသည့် အုတ်ဂူနှစ်လုံးသည် ဆေးရောင်များနှင့် သစ်သစ်လွင်လွင် ရှိနေကြ၏။ သူမ အမြဲတစေ ဂရုတစိုက်နှင့် ပြုပြင်ထားသဖြင့် အပြိုအပျက်နှင့် ဟောင်းနွမ်းခြင်း မရှိချေ။ ယူလာသည့် နှင်းဆီပန်းအိုးများကို အုတ်ဂူအပေါ်တွင် အသီးသီး တင်ပေးပြီးနောက် ထိုင်၍ကန်တော့လိုက်သည်။

ကန်တော့ပြီး ပြန်မော့အကြည့်တွင် အုတ်ဂူကိုလက်နှင့်ပွတ်သပ်နေသည့်သူ့ကို တွေ့လိုက်ရ၏။ သူ၏မျက်လုံးများက သတိရခြင်းနှင့် အတူ ရီဝေညို့မှောင်နေသယောင်ပင်။

"ဟိုတစ်ခေါက်ရောက်တုန်းကတည်းက ဖေဖေတို့အုတ်ဂူတွေကို ပြုပြင်စရာရှိရင် ပြုပြင်မယ်လို့ ဝင်ကြည့်ခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘာမှပြုပြင်စရာ မရှိပါဘူး၊ ဂရုတစိုက်နဲ့ မင်းကြည့်ရှုထားတယ်ဆိုတာ ငါသိရပါတယ်၊ ဒီအတွက် ကျေးဇူးတင်ပါတယ် လှလွန်းဆွေ"

သူမ ထိုင်နေရာမှ ထရပ်လိုက်ပြီး . . .

"ကျွန်မကို ကျေးဇူးတင်နေစရာမလိုပါဘူး ကိုကြီးရယ်၊ ဒါက

http://www.cherrythitsar.org


သားသမီးတွေရဲ့ ဝတ္တရားပါပဲ၊ ကျွန်မက ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေရဲ့ သမီးတစ်ယောက်လို့ ယူဆထားပါတယ်”

“ငါ မင်းကို ယုံကြည်ပါတယ်၊ ဒီအချိန်ဒီနေရာမှာ ငါ တကယ်ပဲ လေးလေးနက်နက် ထပ်ပြီး တောင်းပန်ပါတယ် . . . လှလွန်းဆွေ၊ မင်း စိတ်ဆိုးမနေစေချင်ဘူး”

“တောင်းပန်စရာလည်း မလိုတော့ပါဘူး၊ ကျွန်မဘက်က မှားခဲ့တာတွေလည်း ရှိခဲ့ပါတယ်၊ ကျွန်မတို့က တစ်ယောက်ကိုတစ်ယောက် မသိကြလို့ မှားခဲ့ကြတာပဲ၊ ကျွန်မ ကျေနပ်လိုက်ပါပြီ . . . ”

စိတ်ထဲတွင် မည်သို့မှ အမှတ်မထားချင်တော့။ ဤအချိန် ဤနေရာတွင် ကျေအေးငြိမ်းချမ်းခွင့် ရသင့်သည်ဟု ထင်၏။

နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေမိသည်။

❖ ❖ ❖ ❖

# ■ ၆ ■

ထပ်ခိုင်းထားသည့် လေယာဉ်လက်မှတ် ရပြီဟု ဖုန်းဆက်ပြီး အကြောင်းကြားလာသည်။ မနက်ဖြန်တဲ့။ သူ ရောက်နေခဲ့သည့် နှစ်ရက်တာအချိန်ကာလသည် တိုတောင်းလွန်းလှသည် ထင်၏။ ခဏလေးဟု ထင်မှတ်ရ၏။

မနက်ဖြန်။ ထို့နောက် နှစ်မည်မျှကြာအောင် ပျောက်ဆုံးနေမည်နည်း။ ခန့်မှန်း၍ မရ။ သူရောက်ရှိနေသဖြင့် မကျေမနပ်နှင့် စိတ်ကျဉ်းကျပ်သကဲ့သို့ ထင်မြင်နေမှုများ ဘယ်ဆီရာက်သွားပြီ မသိပါ။ ရင်ကို ဆို့နင့်ချင်သလို၊ တစ်ကိုယ်လုံး ထိုင်းမှိုင်းလေးလံသွားသလို၊ ငေးငိုင် တွေဝေနေမိသည်။

ထို့နောက် သူမသည် ဘာမှမဖြစ်သကဲ့သို့ ဟန်ဆောင်ပြီး သူ၏ အိပ်ခန်းဘက်သို့ လာခဲ့သည်။

အိပ်ခန်းတံခါးက ခပ်ဟဟ ပွင့်လျက်သား။ အထဲတွင် သူ မရှိချေ။ ဘယ်သွားပါလိမ့်ဟု အတွေးနှင့် အိပ်ခန်းထဲ လှမ်းဝင်လိုက်သည်။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ရှာဖွေကြည့်မိသည်။

http://www.cherrythitsar.org


သူ့ကို ကမ်းခြေအနီးတွင် တွေ့ရ၏။ အုန်းပင်တစ်ပင်ကို ကျောမှီ ထိုင်ပြီး အဝေးသို့ ငေးမောနေသည်။ ဟိုယခင် ဤခြံဝင်းထဲသို့ သူ လာလည်စဉ်ကလည်း ဤသို့ပင် ထိုင်နေတတ်သည်။ စိတ်ထဲတွင် တစ်စုံတစ်ခု ထိရိုက်ခံစားရသည့်အခါတိုင်း ဤသို့ပင် ထိုင်နေတတ် သည်ထင်၏။

ပြတင်းမှ နောက်ဆုတ်ပြီး ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

အကြည့်က အိပ်ရာပေါ်သို့ အမှတ်မထင် ရောက်သွားသည်။ အိပ်ရာပေါ်တွင် ဖြစ်သလိုတင်ထားသည့် ကျောပိုးအိတ်ကို တစ်ဝက် တစ်ပျက် ဖွင့်လျက်သား တွေ့ရသည်။ ထိုကျောပိုးအိတ်ထဲတွင် ဖိုင်တွဲရှိနေသည့်အတွက် ခပ်တောင့်တောင့်ဖြစ်နေသည်။

ရဲစခန်းတွင် သူ နိုင်ဇော်အစစ်ပါဟု ဤဖိုင်တွဲထဲမှ စာရွက် စာတမ်းများနှင့် သက်သေပြသွားသည်ဟု ကြားသိခဲ့ရသည်။ ထိုဖိုင်ကို သူမ တစ်ခါမှ မမြင်ဖူး။ ဤအခါတွင် ထိုဖိုင်အား ယူကြည့်ချင်စိတ်က တားဆီးမရအောင် ဖြစ်ပေါ်လာ၏။

တကယ်တော့ သူမသည် မိမိနှင့် မသက်ဆိုင်သည့် ပစ္စည်းကို ပိုင်ရှင်ခွင့်ပြုချက်မရဘဲ ယူကြည့်တတ်သည့်အကျင့် မရှိပါ။ သို့ရာတွင် ဒီတစ်ကြိမ်တော့ စည်းကမ်းကို ချိုးဖောက်မိသွားသည်။ ဖိုင်ထဲတွင် တွေ့ရသည်မှာ သူ၏ ကျွမ်းကျင်မှုလက်မှတ်များ၊ သင်တန်း အောင် လက်မှတ်များ၊ နိုင်ငံကူးစာအုပ်၊ သင်္ဘောသားစာအုပ်နှင့် တခြား မသိ သည့် စာရွက်စာတမ်းများအပြင် သူ၏ဆယ်တန်းအောင်လက်မှတ် ကိုလည်း တွေ့ရသည်။ ထို့နောက် မိဘနှစ်ပါးနှင့် သူ ငယ်စဉ်က ရိုက်ထားသည့်ဓါတ်ပုံများကို တွေ့ရသည်။

နောက်ဆုံးတွေ့ရှိရသည့်အရာက ရင်ကို လှပ်ခနဲ လှိုက်ဖိုသွား

http://www.cherrythitsar.org


စေသည်။

ထိုအရာမှာ တခြားမဟုတ်ပါ။ ရုံးခန်းတွင် ကျန်ရစ်ခဲ့သလား၊ သူပဲ ယူသွားသလား . . . မသေချာမသိရှိခဲ့သည့် လက်ထပ်စာချုပ် ဖြစ်သည်။

စာချုပ်ထဲတွင် သူမတို့နှစ်ယောက်၏နာမည်များ ပါဝင်နေသည်။ အသိသက်သေအဖြစ် ကိုဂျင်မီနှင့် ကိုစိုးစိုးတို့လည်း ပါဝင်နေသည်။ သို့ရာတွင် ဤစာချုပ်သည် အသက်ဝင်သည့် စာချုပ်မဟုတ်။ မည်သူ၏ လက်မှတ်မှ ရေးထိုးထားခြင်းမရှိဘဲ ကွက်လပ်များနှင့်။

သူ ဘာကြောင့် ဒီစာချုပ်ကို သိမ်းဆည်းထားရသလဲ။

ပြီးတော့ သူ့ရဲ့အရေးကြီးဆုံး စာရွက်စာတမ်းများထည့်သည့် ဖိုင်ထဲမှာ . . .၊ ဒီဖိုင်တွဲကို သူ ကိုယ်နှင့်မကွာ အမြဲယူဆောင်သွား တတ်သည်ပဲ။

သေချာပါပြီ။ သူမ သိလိုက်ပြီဟု ထင်သည်။

သူ၏လျှို့ဝှက်နှလုံးသားကို ဒီနေရာတွင် တွေ့လိုက်ရ ပါပြီ။

ထိုသို့ အသိနှင့်အတူ သူမ၏မျက်နှာက ရှက်ရွံ့ခြင်း ကြောင့် ထူပူရှိန်းမြသွားသည်။

လှိုင်းတွေလို ရင်ခုန်သံကို ကြားရသည်။

❖ ❖ ❖

ရှေ့တွင် သူမ ခြေစုံရပ်ပြီး . . . "ကိုကြီး မနက်ဖြန်အတွက် လေယာဉ် လက်မှတ်ရပြီ" ဟု ပြောလိုက်သည့်အခါ သူ စိတ်မဝင်စားသလို

http://www.cherrythitsar.org


"ဟုတ်လား" ဟု ရေရွတ်ပြီး၊ ထိုင်နေရာမှ သဲများကို ခါထုတ်ပြီး ထရပ်လိုက်သည်။

"ကျွန်မဘက်က ပြောတဲ့အတိုင်း ဖြစ်ပါတယ်နော်၊ ဒီ ခေါ်လာကတည်းက နှစ်ရက်သုံးရက်ပဲ ကြာမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

သူ ခပ်နွမ်းနွမ်း ပြုံးပြီးကြည့်သည်။

"ဒါနဲ့ ကိုကြီး ဘယ်တော့ပြန်လာမှာလဲ" ဟု သူမ သိချင်စိတ်နှင့် မေးလိုက်သည်။

"ငါ ဒီကို ပြန်လာရမယ်ဟုတ်လား၊ ဒီနေရာကို ငါ့ရဲ့နေရာလို့ ငါမထင်ဘူး၊ အေးလေ . . . စိတ်ချပါ၊ မင်းအတွက် ဝန်မလေးစေရပါဘူး၊ ငါ ကြိုးစားပြီး ပြန်လာပါ့မယ် . . ."

"အော် ဒါနဲ့ . . . ကိုကြီးကို ကျွန်မ တစ်ခုသတိရလို့ မေးကြည့်ရဦးမယ်၊ ဟို . . . လက်ထပ်စာချုပ်က ဘယ်မှာ မေ့ကျန်နေရစ်လဲ၊ အဲဒီတုန်းက ထူပူနေလို့ ဘာမှ သတိမထားမိဘူး၊ ပြန်စဉ်းစားကြည့်မှ တစ်နေရာရာမှာ မေ့ထားရစ်ရင် ရှက်စရာကြီး"

"ဘာမှ စိတ်မပူပါနဲ့၊ ငါ ဆွဲဖြဲပြီး လွှတ်ပစ်လိုက်ပါပြီ"

"တကယ်လား . . . ကိုကြီး"

"တကယ်ပါ . . . ဒီစာချုပ်က ဘာလုပ်ရမှာလဲ" ဟု အဖြေပေးရင်း သံသယဝင်လာသည့်အသွင်ဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။

"ကျွန်မ မညာချင်ဘူးကိုကြီး၊ ခုနလေးတင် လေယာဉ်လက်မှတ်ရတဲ့အကြောင်း ပြောချင်လို့ ကိုကြီးရဲ့အခန်းထဲ ဝင်ကြည့်မိတယ်၊ အဲဒီမှာ ကိုကြီးရဲ့ဖိုင်တွဲကို ယူကြည့်မိတယ်၊ ကိုကြီးမသိဘဲ ယူကြည့်မိတဲ့အတွက် ကျွန်မမှာ အပြစ်ရှိပါတယ်"

http://www.cherrythitsar.org


သူ ဟန်မဆောင်နိုင်ဘဲ မျက်နှာပျက်ယွင်းသွားသည်။

"ကိစ္စမရှိပါဘူး၊ မင်းကို ငါ အပြစ်မတင်ပါဘူး"

"ကိုကြီး ဘာဖြစ်လို့ သိမ်းထားရတာလဲ"

သူက သူမ၏မျက်လုံးများကို အဖြေရှာသလိုလို စူးစူးကြည့်ပြီး . . . "မင်းကရော ဘာဖြစ်လို့ ဒီမေးခွန်းကို လာမေးရတာလဲ" ဟု တုံ့ပြန်ပြီး မေးလိုက်သည်။

"ကျွန်မ သိချင်လို့ပေါ့ . . . " ဟု ဆိုသည်နှင့် ကိုကြီးသည် သူမ၏လက်မောင်းကို ရုတ်တရက် လှမ်းကိုင်၍ ဖမ်းလိုက်သည်။ "ငါ မင်းကိုချစ်လို့ အမှတ်တရ သိမ်းထားတာ၊ မင်းကရော ဘာဖြစ်လို့ သိချင်ရတာလဲ၊ မညာနဲ့" ဟု ပြုံးရယ်ပြီး မေးလေသည်။

ရှုန်းထွက်မရတော့သဖြင့် ရှက်ရှက်နှင့် ခေါင်းငုံ့ပစ်လိုက်သည်။

သူမ၏မျက်နှာသည် ဝင်လုဆဲနေကဲ့သို့ နီစွေးစွေး အရောင်ပြောင်းသွားလေသည်။

❖ ❁ ❖

ကိုကြီး၏လက်မောင်းကို တင်းကျပ်စွာ ပွေ့ဖက်ထားပြီး ပခုံးပေါ် ခေါင်းမှေးတင်ထားမိသည်။

"တို့ ဘယ်ကိုမှ မသွားချင်တော့ပါဘူး၊ ဒီနေရာပဲ နေချင်ပါတယ်၊ ဒီနေရာဟာ တို့နှလုံးသားဝိဉာဉ် ကိန်းဝပ်တဲ့ နေရာပဲ၊ ဒါပေမယ့် ဒီ တစ်ခေါက် သင်္ဘောပြန်လိုက်ဖို့ ပြောထားခဲ့ပြီ၊ ဖျက်ပစ်လို့ မကောင်း တော့ဘူး၊ ဒါပေမယ့် စာချုပ်ပြည့်တာနဲ့ အမြန်ဆုံးပြန်လာခဲ့မယ်၊

http://www.cherrythitsar.org


ပြီးတော့ စာချုပ်ထဲက ကွက်လပ်တွေကို ဖြည့်မယ်၊ ပြီးတော့ ဒီခြံထဲမှာပဲ မင်္ဂလာပွဲ ကျင်းပမယ် . . . နောက် . . . ဒီမှာပဲ တစ်သက်လုံး နေတော့မယ် . . .”

နားထောင်ရင်းက မျက်ရည်ဥွေများ ရိုက်ခတ်လာသည်။

မျက်ရည်များနှင့် မှုံဝါးဝါးကမ်းခြေကို ကြည့်နေမိသည်။

❖ ❖ ❖ ❖

**ကိုစစ**

**၀၂.၀၁.၂၀၀၂**

http://www.cherrythitsar.org

